MINISTRY OF INVESTMENT AND FOREIGN ECONOMIC RELATIONS

# ရင်းနှီး/စီးပွားသတင်းလွှာ

# “MIFER BULLETIN”

1/2022 (FEB, MARCH, APRIL)



GREEN MIFER

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ ၃ လတစ်ကြိမ်ထုတ်ဝေသည်။

# ရင်းနှီး/ စီးပွားသတင်းလွှာ

# MIFER BULLETIN

**နာယကများ**

| | |
|---|---|
| ဦးအောင်နိုင်ဦး | ပြည်ထောင်စုဝန်ကြီး |
| ဦးသန်းအောင်ကျော် | ဒုတိယဝန်ကြီး |

**အယ်ဒီတာချုပ်**

| | |
|---|---|
| ဒေါက်တာဝါဝါမောင် | အမြဲတမ်းအတွင်းဝန် |

**စီစဉ်ထုတ်ဝေသူ**

| | |
|---|---|
| ဦးမင်းဇော်အေး | လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) |

**စာတည်းအဖွဲ့**

| | |
|---|---|
| ဦးစိုင်းတင်အောင်သိန်း | လက်ထောက်အတွင်းဝန်၊ |
| ဒေါ်ခင်ထွေးသက် | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်နှင်းဇာလွှာ | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်ကေသီဆွေ | ဦးစီးအရာရှိ |
| ဦးအောင်ထက်ပိုင် | ဦးစီးအရာရှိ |
| ဒေါ်မေဝတ်ရည်ဖြိုး | ဒုတိယဦးစီးမှူး |

**မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်**

ဒေါ်နှင်းဇာလွှာ၊ ဒေါ်မေဝတ်ရည်ဖြိုး

e-Government ဌာနခွဲ

## ❁ MIFER သတင်းများ


| | | |
|---|---|---|
| ၁ | South Asia Future Investment Group Pte. Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်ထောင်စုဝန်ကြီးအား လာရောက်တွေ့ဆုံ | ၅၅ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို ပြည်ထောင်စုဝန်ကြီး မှ တွေ့ဆုံ | ၅၆ |
| ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၏ စိန်ရတု ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာပွဲတော်ကျင်းပ | ၅၇ |
| ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သဘောထားအမြင်စစ်တမ်း (MIFER Employee Perception Survey) ရှင်းလင်းဆွေးနွေးသည့် အစီအစဉ်ကျင်းပ | ၅၈ |
| ၅ | (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက် | ၅၉ |
| ၆ | ဥရောပအာရှ စီးပွားရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ | ၆၁ |
| ၇ | မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်အစိုးရ-ပုဂ္ဂလိက တာဝန်ရှိသူများပါဝင်သော ဆွေးနွေးပွဲကျင်းပ | ၆၂ |
| ၈ | မြန်မာ့စီးပွားရေး အသိုက်အဝန်း ပိုမိုကောင်းမွန်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ်များကို မိတ်ဆက်သည့် “Unboxing Investment Facilitation Toolkit 2022” အခမ်းအနား ကျင်းပ | ၆၄ |
| ၉ | မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီးမှ လက်ခံတွေ့ဆုံ | ၆၆ |

| | | |
|---|---|---|
| ၁၀ | မြန်မာနှစ်သစ်ကူးသင်္ကြန်အကြို စတုဒိသာ ကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပ | ၆၆ |
| ၁၁ | အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ပါဝင်တက်ရောက်ဆွေးနွေး | ၆၇ |
| ၁၂ | အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ | ၆၉ |

## DICA သတင်းများ


| | | |
|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီးအတွင်း စက်သုံးဆီ အရောင်းဆိုင်များ ဖွင့်လှစ်၍ ဓာတ်ဆီ၊ ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း | ၇၀ |
| ၂ | "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အစိုးရ – ပုဂ္ဂလိက စကားဝိုင်းဆွေးနွေးပွဲနှင့် ပုဂ္ဂလိကကဏ္ဍ အချင်းချင်း စီးပွားရေး ချိတ်ဆက်ပွဲ" အခမ်းအနားကျင်းပခြင်း | ၇၁ |
| ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော် ဦးစီးမှူးရုံးသို့ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် လာရောက် ကြည့်ရှုစစ်ဆေးခြင်း | ၇၂ |
| ၄ | နိုင်ငံတကာအရည်အသွေးမီ ပါရှီးငှက်ပျော စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ဖြန့်ဖြူးခြင်းလုပ်ငန်း၏ တာဝန်ရှိသူများကို တွေ့ဆုံ ဆွေးနွေးခြင်း | ၇၂ |
| ၅ | ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ တာဝန်ရှိသူ များကိုတွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၇၂ |

## FERD သတင်းများ


| | | |
|---|---|---|
| ၁ | အိန္ဒိယနိုင်ငံ၏ ချေးငွေ (Line of Credit–LOC) အမေရိကန်ဒေါ်လာ သန်း ၅၀၀ အောက်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေး ကျင်းပ | ၇၃ |
| ၂ | စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းပွဲ ကျင်းပ | ၇၄ |
| ၃ | အာဆီယံ–ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်ရှိ အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ အသုံးပြုခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်းစီမံချက်နှင့်စပ်လျဉ်း၍ အမျိုးသား အဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ | ၇၅ |
| ၄ | (၁၆) ကြိမ်မြောက် အာဆီယံ–ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးသို့ အမြဲတမ်း အတွင်းဝန် ပါဝင်တက်ရောက် | ၇၆ |

## ❁ နိုင်ငံတကာစီးပွားရေးသတင်းများ


| | | |
|---|---|---|
| ၁ | အီးယူက တရုတ်ရဲ့ BRI စီမံကိန်းကြီးနဲ့အပြိုင် ဘယ်လိုစီမံကိန်းကြီးမျိုးလုပ်မှာလဲ | ၇၇ |
| ၂ | ဩစတြေးလျ လယ်ယာထွက်ကုန်ထုတ်လုပ်မှု ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးမည် | ၇၉ |
| ၃ | ကမ္ဘာတစ်ဝှမ်းတွင် ဘက်ထရီထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လျက်ရှိ | ၈၀ |
| ၄ | ကမ္ဘာကြီးသည် နောက်ထပ်လာမည့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ထားမှုမရှိဟု လေ့လာတွေ့ရှိ | ၈၁ |
| ၅ | မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းမှုကို ၂၀၂၂ မတ်လ အထိ အိန္ဒိယအစိုးရက ထပ်မံသက်တမ်းတိုး | ၈၄ |
| ၆ | ထိုင်းနိုင်ငံကို အာရုံစိုက်လာကြတဲ့ အမေရိကန် မော်တော်ကားလုပ်ငန်းများ | ၈၅ |
| ၇ | အိန္ဒိယက သကြားပို့ကုန်အပေါ် ထောက်ပံ့ကြေးပေးခြင်းကိစ္စ WTO တွင် ဩစတြေးလျ အနိုင်ရရှိခြင်း | ၈၇ |
| ၈ | ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါနှင့်ပတ်သက်၍ စိုးရိမ်နေရဆဲ ဖြစ်သဖြင့် ဂျပန်၏ စီးပွားရေး အခြေအနေမှာ သတိထား စောင့်ကြည့်ရသည့်အခြေအနေတွင်ရှိ | ၈၈ |
| ၉ | မဲခေါင်မြစ်ဝှမ်းကော်မရှင်ကောင်စီက ရေအားလျှပ်စစ်စာချုပ် ချုပ်ဆိုရန် သဘောတူ | ၈၉ |
| ၁၀ | မြန်မာနိုင်ငံသို့ ဆက်သွယ်မည့် ရထားလမ်း တည်နေရာစစ်တမ်း အိန္ဒိယ အတည်ပြု | ၉၀ |
| ၁၁ | လုံးသွယ်ဆန်အပေါ် ကောက်ခံတဲ့သွင်းကုန်ခွန်ကို အီးယူကပယ်ဖျက်ပေးလိုက်တဲ့အတွက် မြန်မာ့ဆန်တင်ပို့မှု ပိုမိုအားကောင်းလာဖွယ်ရာရှိ | ၉၁ |

## ❁ နိုင်ငံတကာစီးပွားရေးသတင်းများ


| | | |
|---|---|---|
| ၁၂ | Electric Vehicle Industry အတွက် ထိုင်းနိုင်ငံ၏ မက်လုံးပေး ပက်ကေ့ချ် အသစ် | ၉၂ |
| ၁၃ | ကွမ်ရှီးဒေသတွင် တိမ်ကောနေသောတောင်မှ Photovolatic လျှပ်စစ်ဓာတ်အားပေးစက်ရုံအဖြစ် ပြောင်းလဲခြင်း | ၉၃ |
| ၁၄ | အာရှဒေသဆိုင်ရာဘိုဘောဖိုရမ် (Boao Forum for Asia) တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Xi Jinping ပြောကြားသည့် မိန့်ခွန်း | ၉၄ |
| ၁၅ | ၂၀၂၂ ခုနှစ် ပထမသုံးလပတ်၏ တရုတ်-လာအိုမီးရထားလမ်း ပို့ကုန်သွင်းကုန်အကြောင်း တစေ့တစောင်း | ၉၅ |
| ၁၆ | ဇီဝလုံခြုံမှုဆိုင်ရာ အထွေထွေစောင့်ကြည့်ရေးအစီအစဉ် လမ်းညွှန်ချက်များ (General Surveillance Program Guidelines) ထုတ်ပြန်ခြင်း | ၉၆ |
| ၁၇ | ကုန်ဈေးနှုန်းများ မြင့်တင်လာသည်နှင့်အမျှ ပြည်တွင်းစီးပွားရေး နှိုးဆွမှု အစီအမံသစ်များ ဖော်ဆောင်ကြရန် ဂျပန်ဝန်ကြီးချုပ်တိုက်တွန်း | ၉၇ |
| ၁၈ | ပြည်ပသို့ မော်တော်ကားတင်ပို့မှုအစီးရေ (၁) သန်းအထိတိုးပွားလာဖွယ်ရှိခြင်း | ၉၈ |
| ၁၉ | ဆော်ဒီဈေးကွက်သို့ ဟာလာကြက်သား တင်ပို့နိုင်ရေး အာရုံစိုက်လျက်ရှိ | ၉၉ |
| ၂၀ | ရုရှား - ယူကရိန်း စစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးအပေါ် စိုးရိမ်မှုများ မြင့်တက်လာ | ၁၀၁ |
| ၂၁ | ရုရှား-ယူကရိန်း ပဋိပက္ခက ဩစတြေးလျ၏ လယ်ယာစိုက်ပျိုးမှုစရိတ်များ တရှိန်ထိုးမြင့်တက်လာမှုအပေါ် ဖိအားများတိုးလာနိုင် | ၁၀၃ |
| ၂၂ | အပြုသဘောဆောင်သော အချက်များက ပို့ကုန်တိုးတက်မှုအတွက် တွန်းအားဖြစ်စေခြင်း | ၁၀၄ |

## ❁ နိုင်ငံတကာစီးပွားရေးသတင်းများ


| | | |
|---|---|---|
| ၂၃ | ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအတွက် “အထွက်နှုန်းမြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း” ဆောင်ရွက်လျက်ရှိ | ၁၀၅ |
| ၂၄ | ဩစတြေးလျစိုက်ပျိုးမွေးမြူရေးတန်ဖိုးသည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ ၈၁ ဘီလီယံ စံချိန်သစ် ရရှိနိုင် | ၁၀၆ |
| ၂၅ | စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၂.၃ ရာခိုင်နှုန်းရှိပြီး၊ ယင်းအရေအတွက်တွင် နိုင်ငံသား ၆၇,၉၀၀ ဦးခန့်ပါဝင် | ၁၀၇ |
| ၂၆ | တောင်ကိုရီးယားနိုင်ငံအခြေစိုက် Hyundai Motor ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၊ Deltamas စက်မှုဇုန်၌ မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံအသစ်ကို စတင်ဖွင့်လှစ်ခဲ့ | ၁၀၈ |
| ၂၇ | စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရန်အတွက် အစိုးရမှ စင်ကာပူဒေါ်လာ သန်း ၅၀၀ နီးပါး ဆက်လက်ပံ့ပိုးပေးမည်ဖြစ် | ၁၁၀ |
| ၂၈ | ဂျပန်မှ ရုရှားအပေါ် ချမှတ်လိုက်သည့် sanction များကြောင့် ဂျပန်ဆူရှီဆိုင်များအပေါ် သက်ရောက်မှုများဖြစ်စေခဲ့ | ၁၁၁ |
| ၂၉ | တရုတ်နိုင်ငံ၏ ကိုဗစ် ၁၉ ထိန်းချုပ်ရေးအစီအမံများကြောင့် အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံ စိုက်ပျိုးတင်ပို့သူများ အနေဖြင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိ | ၁၁၂ |
| ၃၀ | ပြည်ပဆန်တင်ပို့မှုအနေဖြင့် တန်ချိန် ၈ သန်းရှိမည်ဟု ခန့်မှန်းထား | ၁၁၄ |
| ၃၁ | စက်မှုထုတ်ကုန်အညွှန်းကိန်းအနေဖြင့် ၄-၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ခြင်း | ၁၁၅ |
| ၃၂ | အီးယူအနေဖြင့် စီးပွားရေးတိုးတက်မှုလမ်းကြောင်းမှ လွဲချော်သွားပါက ၎င်း၏ အဓိကကုန်သွယ်ဖက်ဖြစ်သော စင်ကာပူနိုင်ငံ၏ စီးပွားရေးအပေါ်လည်း ဂယက်ရိုက်ခတ်လာမည်ဟု စီးပွားရေး ပညာရှင်များက သုံးသပ် | ၁၁၆ |
| ၃၃ | ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာ သတင်းအတိုအထွာများ | ၁၁၇ |

## အမှာစကား



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် စီးပွားရေး အသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှု အသိုက်အဝန်း တို့မှ မိတ်ဖက်အားလုံးက ယုံကြည်စိတ်ချရသော မိတ်ဖက်ကောင်း ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်အတွက် ဝန်ကြီးဌာန၏ ဆောင်ပုဒ် Revitalize MIFER နှင့် Green MIFER ဟူသော ဦးတည်ချက်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားဆက်သွယ်ရေး ကိစ္စရပ်များအား လွယ်ကူချောမွေ့စေရန် ဝန်ဆောင်မှုများကို တာဝန်ယူဆောင်ရွက်ရသည့် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအား အများပြည်သူသိရှိနိုင်စေရန်အတွက် ဤစာစောင်ကို ၃ လ တစ်ကြိမ် ထုတ်ဝေခဲ့ရာ ယခုတစ်ကြိမ်သည် ၂၀၂၂ ခုနှစ် အတွက် ပထမအကြိမ်ထုတ်ဝေသည့် စာစောင်ဖြစ်ရုံသာမက မိမိတို့၏ ဦးစီးဌာနတစ်ခုဖြစ်သည့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ ရွှေရတုနှစ်ပတ်လည်နှင့် တိုက်ဆိုင်ထုတ်ဝေသည့် စာစောင်ဖြစ်ပါသည်။

ဤသတင်းလွှာတွင် ၂၀၂၂ ခုနှစ် နှစ်ဆန်းမှစ၍ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်တွင်းပြည်ပ စီးပွားရေးနှင့် ဆက်စပ်သည့် စိတ်ဝင်စားဖွယ်သတင်းများ၊ ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားပါသည်။

ဤသတင်းလွှာထုတ်ဝေနိုင်ရေးအတွက် ကဏ္ဍစုံတွင် ထည့်သွင်းဖော်ပြသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးကြသည့် ပြည်ထောင်စုဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

ဒေါက်တာဝါဝါမောင်
အယ်ဒီတာချုပ်

# "နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ် အထူးကဏ္ဍ"




**"A Trusted Partner of the Business and Development Community"**

**"Enhance Cooperation and Coordination for Socio-economic Development of our People"**

## နိုင်ငံခြားစီးပွားဆက်သွယ်ဆက်ဆံရေးအခန်းကဏ္ဍ ၏ ပစ္စုပ္ပန် နဲ့ အနာဂတ်

*******************************************************

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏
နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ်
အခမ်းအနားသို့ တက်ရောက်ရန်
ဖိတ်စာ ရရှိချိန်တွင် အတွေးများက
" နိုင်ငံခြားစီးပွားဆက်သွယ်ဆက်ဆံရေး
အခန်းကဏ္ဍ၏ ပစ္စုပ္ပန်နဲ့ အနာဂတ် " ဆီသို့
ပျံ့လွင့်လာခဲ့ပါတယ်။

ကမ္ဘာ့ရေးရာအခြေအနေဟာ ကိုဗစ်ကာလကစပြီး
နိုင်ငံတကာ ကူးလူးဆက်ဆံမှုနဲ့ စီးပွားရေး ဆက်ဆံ
ဆောင်ရွက်နေမှုများကို
ကန့်သတ်ပြောင်းလဲစေခဲ့သလို၊
လက်ရှိ ရုရှား-ယူကရိန်းစစ်ပွဲကလည်း ကမ္ဘာ့
အစီအစဉ်သစ် အလှည့်အပြောင်း
တစ်ရပ်ဆီသို့ ဦးတည်လာစေခဲ့တာကြောင့်
နိုင်ငံတကာဆက်ဆံရေးနဲ့
နိုင်ငံတကာ စီးပွားဆက်သွယ်ဆောင်ရွက်ရေး
အခြေအနေများက များစွာ
ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။

စာရေးသူတို့ခေတ်က တွေ့ကြုံခဲ့ဖူးသော
စိန်ခေါ်မှုများနဲ့မတူကွဲပြားသော
စိန်ခေါ်မှုမျိုးစုံကို ကြုံတွေ့နေရတဲ့ခေတ်
လို့ ဆိုနိုင်ပါတယ်။

စာမရေးဖြစ်သည်မှာကြာပြီဖြစ်သော်လည်း၊
ပျံ့လွင့်လာသောအတွေးများနဲ့အတူ
လက်ရှိပြည်တွင်းပြည်ပ စီးပွားဆက်သွယ်
ဆောင်ရွက်မှုအခက်အခဲများအကြားမှ
နိုင်ငံ့အကျိုး၊ ဌာနအကျိုး သစ္စာရှိစွာ ကြိုးပမ်း
ဆောင်ရွက်နေကြဆဲဖြစ်တဲ့
အရာထမ်း၊ အမှုထမ်းများကို
ကျေးဇူးတင် ဂုဏ်ပြုလို၍
ဤစာကို ရေးဖြစ်တာပါ။

အထူးသဖြင့် ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှု နဲ့
ပြည်တွင်းနိုင်ငံရေး
ပြည်ပနိုင်ငံရေး အခြေအနေများကြောင့် နိုင်ငံတကာ
စီးပွားဆက်ဆံရေး
စိန်ခေါ်မှုများစွာ ပေါ်ပေါက်လာချိန်မှာ
ပြည်တွင်းပြည်ပ စီးပွားဆက်သွယ်ဆောင်ရွက်နိုင်မှု
အကန့်အသတ်များအကြားမှ
မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက်
ကြိုးစား လုပ်ကိုင်ဆောင်ရွက်နေကြသူတို့၏ တာဝန်က
ရှေးယခင်ကာလများကထက်
ပို၍ စဉ်းစားကြရပေလိမ့်မယ် ---
ပို၍  စီမံကြရပေလိမ့်မယ် ---
ပို၍ ကြိုးစားကြရပေလိမ့်မယ် --လို့ ထင်ပါတယ်။
ကြိုးစားနေကြတာလည်း တွေ့မြင်နေရပါတယ်။

ထို့ထက်ပို၍ဆိုရလျှင်  နိုင်ငံတည်ဆောက်ရေး
(Nation Building)အတွက်
နိုင်ငံတော်က ငြိမ်းချမ်းရေးဆွေးနွေးရန်
ကြိုးပမ်းနေချိန်တွင်
တိုင်းပြည်တည်ဆောက်ရေး(State Building) အတွက်
စီးပွားရေးတည်ဆောက်ရမည့်
အစိုးရ+ပုဂ္ဂလိက ကဏ္ဍ ကလည်း
ကြိုးပမ်းကြရမဲ့အချိန်လို့ယူဆပါတယ်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနဟာ
နိုင်ငံတော်ကချမှတ်ထားတဲ့
နိုင်ငံခြားရေးမူဝါဒနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး
ဦးတည်ချက် မူဘောင်များအတွင်းမှ
မိမိတို့ကဏ္ဍရဲ့  ပစ္စုပ္ပန်နဲ့ အနာဂတ်
မျှော်မှန်းချက်နဲ့ လုပ်ငန်းစဉ် (Vision,Mission)ချမှတ်
ဆောင်ရွက်ရတဲ့အခါ
ပြည်တွင်း ပြည်ပအခြေအနေများနဲ့ မိမိတို့နိုင်ငံရဲ့
အစိုးရ-ပုဂ္ဂလိက စီးပွားရေး အခြေအနေများကို
ထည့်သွင်းသုံးသပ်တွက်ချက်
စီမံလုပ်ဆောင်ရတဲ့ ယန္တရားတစ်ခုဖြစ်ပါတယ်။
ယန္တရားတစ်ခုရဲ့ စက်၏ သာရည်၊ စက်စွမ်းရည် ကောင်းဖို့
ပါဝင်ကြသော ပင်နီယံအစိတ်အပိုင်းများ

ချောမွေ့စွာ လည်ပတ်ရေးက အဓိကကျနေပါတယ်။

ဤနေရာတွင်
ရုရှား-ယူကရိန်း ပဋိပက္ခကာလအတွင်း
ရုရှားကို ဝေဖန်ပိတ်ဆို့အရေးယူရန်
လေသံမဟ သည်သာမက
ရုရှားထံမှလောင်စာဆီဝယ်နေတဲ့
အိန္ဒိယကို အမေရိကန်က ခေါ်ပြီး၊
အိန္ဒိယယာဂုကို ရောမွှေကြိုချက်
ပညာပေးဖို့ကြိုးစားခဲ့ရာ၊
အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Jaishankar က
" ယာဂုကြိုချက်ရမဲ့အပူချိန် အတိုင်းအတာ
အချိန်အဆကို  အနောက်အုပ်စု က သိဖို့လိုတယ်၊
အိန္ဒိယက ယာဂုကို အပူချိန် မှန်ကန်စွာ
ကြိုချက်နေတယ်" လို့
Goldilocks Principle ကိုးကားပြီး
အမေရိကန်ကို ပညာပြန်ပေးခဲ့ကြောင်း
တွေ့ရပါတယ်။

အိန္ဒိယ အနေနဲ့ ၁၉၅၅ ခုနှစ် အာရှ-အာဖရိက
ညီလာခံတွင် လက်မှတ်ရေးထိုးခဲ့သော
Bandung ကြေညာစာတမ်းကစပြီး၊
ဘက်မလိုက်ခြင်း၏ အဓိကအခြေခံမှုကို
အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အဖြစ်
ဆက်လက်ရပ်တည်ထားသည်ကိုတွေ့နိုင်ပါတယ်။

နိုင်ငံတကာ စီးပွားဆက်ဆံရေးတွင်
အမျိုးသားအကျိုးစီးပွား လိုအပ်ချက်၊
ဦးတည်ချက်အရ အိန္ဒိယက နိုင်ငံတကာဆက်ဆံ
ရေးတုန့်ပြန်ပုံ နမူနာ ကို လေ့လာရန် လိုအပ်သကဲ့သို့၊
နိုင်ငံရေးအရ စီးပွားရေးဆက်ဆံဆောင်ရွက်ပုံ
ပြောင်းလဲလာတဲ့ နိုင်ငံအချို့နဲ့ စီးပွားရေး
ဆက်ဆံပုံကိုလည်း ပြန်လည်လေ့လာ
သုံးသပ်ရန်လိုအပ်လာတာတွေ့ရှိနိုင်ပါတယ်။

နိုင်ငံတကာဆက်ဆံရေးနဲ့ အနီးကပ်ဆုံး
ဆက်စပ်ပတ်သက်နေတဲ့
နိုင်ငံခြားစီးပွားဆက်ဆံရေးကဏ္ဍတွင်
နိုင်ငံခြားအကူအညီ အထောက်အပံ့များက
နှောင်ကြိုးပါရှိတတ်ခြင်း၊
အိမ်ရှင်နိုင်ငံ၏ အကျိုးစီးပွားထက်
၎င်းနိုင်ငံတို့၏ အကျိုးစီးပွား ဦးတည်ချက်များ
သွယ်ဝိုက်ပါရှိတတ်ခြင်းတို့ကြောင့်
သတိထား၍ ခွဲခြမ်းစိတ်ဖြာစိစစ်ရန် လိုအပ်ပါတယ်။
မိမိတို့ ပြည်တွင်းမှာလာပြီး
ယာဂုလာရောက်ကြိုချက်နေခြင်းမျိုး
အဖြစ်မခံရန် သတိထားကြရမှာဖြစ်ပါတယ်။
အပူ အအေး အချိန်အဆ သိရန်လိုပါတယ်။

မိမိတို့နိုင်ငံ
- ပြည်တွင်း ထုတ်လုပ်နိုင်မှု၊ စားသုံးမှုနှင့်
- ပြည်တွင်းပြည်ပ စီးပွားရေးဆက်သွယ်
ဆောင်ရွက်နိုင်မှု အချိန်အဆ ကို
မှန်ကန်စွာချိန်ဆစီမံနိုင်ရန် အရေးပါသကဲ့သို့
ထုတ်လုပ်ရောင်းချမှုကွင်းဆက်၊ တန်ဖိုးကွင်းဆက်တွေ
မှန်ကန်အောင်
ချိန်ဆပြီး၊ ပြည်ပစီးပွားဆက်သွယ်ဆောင်ရွက်မှုကို
ရွေးချယ်ထိုးဖောက်ပြင်ဆင်စီမံရမဲ့ ကာလတစ်ခုသို့
ရောက်နေပြီဖြစ်ပါတယ်။
ဖေါက်သည် အဟောင်း၊ ဖောက်သည် အသစ်များသို့
ဆက်သွယ်ဆက်ဆံ တည်ဆောက်ထားနိုင်မှုက စီးပွား
ရေး၌ အိန္ဒြေမပျက် တည်ငြိမ်စွာ
နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်
အဓိကကျတာကို မျက်မှောက်ကာလ
ရုရှား-ယူကရိန်းစစ်ပွဲကာလ နိုင်ငံတကာ
လောင်စာ၊ စားဆီ ဈေးကွက်အခြေအနေများက
ဖေါ်ပြလျက်ရှိပါတယ်။

နိုင်ငံတကာစီးပွားဆက်ဆံရာမှာ
အစိုးရချင်း ဆက်သွယ်ကူညီမှုထက်
နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင်
ပုဂ္ဂလိက ပြည်တွင်းပြည်ပစီးပွားဆက်ဆံဆက်သွယ်
ဆောင်ရွက်နိုင်မှုက ပို၍ ကျယ်ပြန့်ကြီးမားပြီး၊
တိုင်းပြည်စီးပွားရေးသာမက ပြည်သူတို့၏ လူမှုစီးပွား
ရေးအပေါ် သက်ရောက်မှု

ကြီးမားတာကြောင့် ပုဂ္ဂလိက ကဏ္ဍ က
နိုင်ငံတကာ ပြောင်းလဲလာသော စီးပွားရေး
ဆက်သွယ်ဆက်ဆံဆောင်ရွက်မှု
အခြေအနေ အရပ်ရပ်ပေါ်မူတည်၍
စိတ်ချစွာ ဆက်လက်ဆက်ဆံနိုင်မည့်
ဖောက်သည်ဟောင်းများကိုသာမက
အနာဂတ်တွင် ယုံကြည်စိတ်ချစွာ လက်တွဲနိုင်မည့်
ဖေါက်သည်အသစ်များ ရွေးချယ်ရှာဖွေ
ဆက်သွယ်ဆက်ဆံ၊ ရင်းနှီးမြှုပ်နှံ ကူးသန်း
ရောင်းဝယ်နိုင်ရန်ထိုးဖောက်လမ်းဖွင့်
ကြိုးပမ်းနိုင်ရေး လမ်းပြကူညီပေးရန်လိုမှာပါ။

လောင်စာဆီဖြစ်စေ၊ စားဆီဖြစ်စေ၊
ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သော
စက်မှုကုန်ကြမ်းဖြစ်စေ ပြည်တွင်း ထုတ်လုပ်
နိုင်ရေးနှင့် ထပ်မံလိုအပ်ချက်ကို ပြည်ပမှ
တင်သွင်းရာတွင် ရင်းနှီးမြှုပ်နှံသည့်
ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်စေ၊
ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဖြစ်စေ၊
ဝန်ဆောင်မှုလုပ်ငန်းများဖြစ်စေ၊ ပုံမှန်အတိုင်း
ထုတ်လုပ်ရောင်းချမှုကွင်းဆက်၊တန်ဖိုးကွင်းဆက်
(Supply Chain,Value Chain)အဆက်အသွယ်
အဆက်အဆံ မပြတ်ရန်လိုပါတယ်။
Logistics နဲ့ Supply Chain မပြတ်အောင်နဲ့
ခိုင်မာအောင်ကြိုးစားနေတဲ့ အိမ်နီးချင်းနိုင်ငံ အချို့ကို
လေ့လာပြီး မိမိတို့၏ အစိုးရဌာနများနဲ့ ပုဂ္ဂလိက
ကဏ္ဍ တို့ရဲ့ စဉ်းစားစီမံလုပ်ကိုင်ပုံ
တိုးတက်လာအောင် လေ့ကျင့်ထူထောင် ကြိုးပမ်းကြ
ရလိမ့်မယ်လို့ ယူဆပါတယ်။

အမြင်ကျယ်သောခေါင်းဆောင်မှုနှင့် လိုက်ပါ ကြိုးစား
ဆောင်ရွက်တတ်သော
အရာထမ်း၊ အမှုထမ်းများရှိနေသည့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အနေနဲ့
ပြည်တွင်းပြည်ပစီးပွား ဆက်သွယ်ဆက်ဆံ
ဆောင်ရွက်ရေးတာဝန်များကို
စိန်ခေါ်မှု အမျိုးမျိုးကြားမှ
ပစ္စုပ္ပန် နဲ့ အနာဂတ်မှာ အကောင်းဆုံး
ကြိုးပမ်းထမ်းဆောင်နိုင်လိမ့်မယ် လို့
အပြည့်အဝယုံကြည်ပါတယ်။

'နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏
နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုလျက်'

**(သုတနိုင်)**

## နောက်တန်း ပြည်တွင်းစီးပွားရေးကစားကွင်းတွင်ကစားနေကြသူများနှင့် ရှေ့တန်း စီးပွားရေးသံခင်းတမန်ခင်း(Economic Diplomacy)

**********************************************************

နိုင်ငံခြားစီးပွားဆက်သွယ်ဆက်ဆံရေး (International Economic Relations) အခန်းကဏ္ဍကို ပြောလျှင် စီးပွားရေးသံခင်းတမန်ခင်း (Economic Diplomacy) ကို ချန်လှပ်ထား၍မရပဲ၊ အရေးပါနေတာ တွေ့ရှိနိုင်ပါတယ်။
စီးပွားရေးသံခင်းတမန်ခင်းအကြောင်းပြောရင် အမျိုးသားစီးပွားရေး ဓလေ့စရိုက်လက္ခဏာ၊ စီးပွားရေးဝန်ကျင်နဲ့ စီးပွားရေးယဉ်ကျေးမှု (Business Culture) အထိ ကျယ်ပြန့်လာတတ်တဲ့အတွက် လိုရင်းကိုကောက်နှုတ်ဖော်ပြလိုပါတယ်။

စီးပွားရေးသံခင်းတမန်ခင်း(Economic Diplomacy) ဆိုတာ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား အတွက် ရင်းနှီးမြှုပ်နှံမှု၊ကုန်သွယ်မှု၊ ချေးငွေနှင့် အကူအညီများ
နှစ်နိုင်ငံနှင့် နိုင်ငံစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ အစရှိသည့် နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံတကာစီးပွားရေး လုပ်ဆောင်မှုများအားလုံး လွှမ်းခြုံပါဝင် ဆက်ဆံ ဆက်သွယ်ဆောင်ရွက်ခြင်း ဟူ၍ အဓိပ္ပါယ်ဖွင့်ပါတယ်။

လက်တွေ့နယ်ပယ်တွင် အမျိုးသားအကျိုးစီးပွားအတွက် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အလို့ငှါ မိမိတို့ ပစ်မှတ်ထားဆက်သွယ်ဆက်ဆံ ဆောင်ရွက်ရမည့်နိုင်ငံများသို့ သံခင်းတမန်ခင်းအရ စေလွှတ်ဆက်သွယ်ရန် ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို အစိုးရ၏မူဝါဒ၊ လုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်ခြင်းပင်ဖြစ်ပါတယ်။
နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေအရ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများက နိုင်ငံခြားရေးလုပ်ငန်းတာဝန်အပြင် စီးပွားရေးသံခင်းတမန်ခင်းတာဝန်ကိုပါ ဆယ်စုနှစ်များစွာ ဆောင်ရွက်ပေးခဲ့ကြပါတယ်။
စီးပွားရေးသံတမန်များဟာ နိုင်ငံတကာ စီးပွားရေး ဆက်ဆံရေး (International Economic Relations) မှာပါဝင်တဲ့ ကုန်စည်၊ ဝန်ဆောင်မှုများ၊ ပိုင်ဆိုင်မှုများ၊ အတွေးအမြင်များ၊
မက်ခရိုစီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအပြင် အကောက်ခွန်များ၊ ကုန်သွယ်မှု၊ နိုင်ငံတကာ အရင်းအနှီးစီးဆင်းမှုနှင့် ငွေလဲနှုန်းစနစ် တို့ကဲ့သို့ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများသိရှိ နေရန်လိုတဲ့အတွက်
၂၀၀၅-၂၀၀၆ ခုနှစ်ခန့် တပ်မတော်အစိုးရကာလ ကုန်သွယ်မှုမူဝါဒကောင်စီက သံအမတ်ကြီးများကို ခေါ်ယူသင်တန်းပေးပြီး၊ စီးပွားရေး သံတမန်များ အဖြစ်တာဝန်ယူရန် တာဝန်အပ်နှင်းခဲ့ဖူးပါတယ်။

စီးပွားရေးကို စိတ်ဝင်စားသော သံအမတ်ကြီးများက ကြိုးစားဆက်သွယ်သတင်းပေးပို့ တင်ပြမှုကို နိုင်ငံအကြီးအကဲများထံသို့ အလျဉ်းသင့်သလို ပေးပို့တင်ပြခဲ့ကြသော်လည်း၊
နိုင်ငံခြားရေးကိစ္စများနှင့် အလုပ်များကြသော နိုင်ငံခြားရေးဝန်ကြီး၊ ဒုဝန်ကြီးများက စီးပွားရေးသတင်းများအတွက် အချိန်ပေး၍ ဖတ်ရှုချိန်မရကြသဖြင့်
သမားရိုးကျ ရုံးလုပ်ငန်းစနစ်အတိုင်း ညွှန်ချုပ်ရုံးအဆင့် ဘီရိုများ၌ နိုင်ငံအတွက် အရေးပါသော တန်ဖိုးရှိသည့် စီးပွားရေးသတင်းများ ရောက်ရှိသွားတာက များပါတယ်။
သက်ဆိုင်သောစီးပွားရေးဝန်ကြီးဌာနများသို့ ဖြန့်ဝေနိုင်ခြင်းမရှိပဲ သံအမတ်ကြီးအချို့က တိုက်ရိုက်ပေးပို့မှသာ ရရှိခဲ့ကြပါတယ်။

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် မိမိတို့နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု အများဆုံး ဆက်ဆံဆက်သွယ်သည့်လုပ်ငန်းများရှိရာ နိုင်ငံများ၌ စီးပွားရေးသံမှူးများကို

ရက်သတ္တ နှစ်ပတ်သင်တန်းပေး ရွေးချယ်စေလွှတ်ခဲ့ပါတယ်။ စီးပွားရေးသံမှူးများက မိမိနိုင်ငံ အမျိုးသားအကျိုးစီးပွားတိုးတက်နိုင်ဘွယ်ရှိသည့် စီးပွားရေးလုပ်ငန်း နယ်ပယ်မှန်သမျှ သတင်းရယူ စုံစမ်း၍ Online မှ သိသင့်သိထိုက်၊ ဆက်သွယ်ဆောင်ရွက်ထိုက်သော ဆိုင်ရာဝန်ကြီးဌာနများ သိရှိဆက်သွယ် ဆောင်ရွက်နိုင်ရန်သာမက ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များကပါ ဆက်သွယ်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ထို့ကြောင့် အစိုးရဌာနများနဲ့ပုဂ္ဂလိက အသင်းအဖွဲ့များ ထံသို့ စီးပွားရေးသတင်းများနှင့် အဆက်အသွယ်များ အထိုက်အလျောက် ရရှိခဲ့ကြပါတယ်။

မျက်မှောက်ကာလမှာတော့ နိုင်ငံခြားစီးပွား ဆက်သွယ်ဆက်ဆံရေးအခန်းကဏ္ဍ၏ ပစ္စုပ္ပန် နဲ့အနာဂတ် ဆောင်းပါးတွင် ဖေါ်ပြခဲ့သလို နိုင်ငံတကာ ပြောင်းလဲလာသော စီးပွားရေးဆက်သွယ်ဆက်ဆံဆောင်ရွက်မှု အခြေအနေအရပ်ရပ်ပေါ်မူတည်၍ စိတ်ချစွာဆက်လက်ဆက်ဆံနိုင်မည့် ဖောက်သည်ဟောင်းများကိုသာမက အနာဂတ်တွင် ယုံကြည်စိတ်ချစွာ လက်တွဲနိုင်မည့် ဖေါက်သည်အသစ်များ ရွေးချယ်ရှာဖွေ ဆက်သွယ်ဆက်ဆံ၊ ရင်းနှီးမြှုပ်နှံ ကူးသန်းရောင်းဝယ်နိုင်ရန် ထိုးဖောက်လမ်းဖွင့်ကြိုးပမ်းကြရမှာဖြစ်လို့ စီးပွားရေးသံခင်းတမန်ခင်း အခင်းအကျင်းသစ်ကို စဉ်းစားကြံဆစီမံရန်လိုအပ်လိမ့်မယ်လို့ရှုမြင်မိပါတယ်။

အထိုင်ချထားသော စီးပွားရေးသံမှူးရုံးများက ကုန်ကျစရိတ်ကြီးမြင့်တာကြောင့် လှုပ်ရှား လှည့်လည်သွားရောက်နိုင်သည့် စီးပွားရေးသံခင်းတမန်ခင်းမျိုးကိုလည်း စီမံ စေလွှတ်ရန်စဉ်းစားကြရမှာဖြစ်ပါတယ်။

သို့ရာတွင် ရှေ့တန်းတိုက်စစ်မှူး စီးပွားရေးသံတမန်များ ထံသို့ နောက်တန်း ပြည်တွင်းစီးပွားရေး ကစားကွင်းတွင် ကစားနေကြသူများကစီးပွားရေး ဆန်ဆန် တည်ဆောက်ပေးပို့မှသာ ရှေ့တန်းတိုက်စစ်မှူး စီးပွားရေးသံတမန်များက ထိုးဖေါက်ဆက်သွယ် ဈေးကွက်ရှာဖွေ ပေးနိုင်ကြမှာဖြစ်ပါတယ်။

ပြည်တွင်း ဖေ့စ်ဘုတ်စာမျက်နှာတစ်ခုတွင် " စိန်တလုံးပေါ်တဲ့ရာသီရောက်ပါပြီ........ လိုင်းပေါ်မှာလည်း အသီးမှည့်အရောင်းပို့စ်တွေ ပလူပျံသကဲ့သို့ရှိနေသည်။ စိန်အသီးတွေက လှမှလှ ရှယ်ဆိုက်တွေနဲ့ export တန်းဝင်တွေပါ။ တရုတ်ဖက်လမ်းကြောင်းတွေက ဖွင့်နိုင်ပွင့်နိုင်ပါ့မလား။ မသေချာမရေရာပါ။ ဈေးကွက်မှာ ဝယ်လိုအားနဲ့ရောင်းလိုအားက မမျှတ။ တဖက်စောင်းနင်းဖြစ်နေ။ --အဘယ်မှာ စိန်မြန်မာ ဈေးကွက်အသာစီးရနိုင်ပါအံ့နည်း။ --အဘယ်မှာစိန်မြန်မာ ပြုံးပျော်နိုင်အံ့နည်း။ --အဘယ်မှာစိန်မြန်မာ စိုက်ပျော်ပါအံ့နည်း။ ပြည်တွင်းဈေးကွက်ဖူလုံသည့်အပြင်ပိုလျံနေသည်မှာကား အထင်အရှား။ နိုင်ငံခြားသရက်တစ်လုံးနှစ်ထောင်ခေါ်ရောင်းနေချိန် မြန်မာ့စိန်တလုံး ငါးရာအာပြဲသံသရာလည်လျက်ပါ။ နိုင်ငံတော်နှင့် စီးပွားလုပ်ငန်းရှင်ကြီးများမှ မကူညီလျှင် ရေသေမှာဒယ်အိုးရေနစ်သလိုပ၊ ကူရာမဲ့ အခြေအနေ" ဟု ဖတ်ရှုရပါတယ်။

ပြည်ပသတင်းတစ်ပုဒ်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်ကျိုးမြို့သို့ သစ်သီးတင်ပို့မှု တန်ချိန် ၃၀၀၀ ကျော် ရောက်ရှိသည့်သတင်း၌

- ဆိပ်ကမ်းမှ တာဝန်ရှိသူများက ဒူးရင်းနှင့်အခြားသစ်သီးများ တင်ပို့ရာတွင် ၎င်းတို့၏ လတ်ဆတ်မှုကို ထိန်းသိမ်းရန် တတ်နိုင်သမျှ အမြန်ဆုံး ပို့ဆောင် စီမံပေးခြင်း၊
- ထောက်ပံ့ပို့ဆောင်ရေးနှင့် လတ်ဆတ်သော သစ်သီးဝလံအကောက်ခွန် လုပ်ထုံးလုပ်နည်း များကဲ့သို့သော ပို့ဆောင်ချိန်ကို လျှော့ချရန်အတွက် လုပ်ငန်းလည်ပတ်မှုအစီအစဉ်များရေးဆွဲစီမံပေးခြင်း၊
- အအေးခန်း စီမံခန့်ခွဲမှု ထောက်ပံ့ပို့ဆောင်ရေး ပေါင်းစပ်ထားသော ထုတ်လုပ်ရောင်းချမှုကွင်းဆက် စီမံထားခြင်း၊

အစရှိသည်တို့ကို ဖေါ်ပြထားတာကို ဖတ်ရှုရတဲ့အတွက်

နောက်တန်း ပြည်တွင်းစီးပွားရေး ကစားကွင်းတွင်
ကစားနေကြသူများရဲ့ ပြည်တွင်းထုတ်လုပ်ရေး၊
အရည်အသွေးစစ်ဆေးထုပ်ပိုးရေး၊
ပို့ဆောင်ရေးတို့ကို ထုတ်လုပ်ရောင်းချမှုကွင်းဆက်
စီမံခန့်ခွဲမှု တည်ဆောက်မှသာ
ရှေ့တန်းတိုက်စစ်မှူး စီးပွားရေးသံတမန်များက
ဈေးကွက်ချိတ်ဆက်ရှာဖွေ ပေးနိုင်မှာ
သိသာထင်ရှားပါတယ်။

စိုက်ပျိုးရေးဌာနက GAP နည်းစဉ်နဲ့
ထုတ်လုပ်ကြရန်ပညာပေးနေတာတွေ့ရသလို
စီးပွားကူးသန်း ကလည်း အရည်အသွေး
စံချိန်စံညွှန်းမီထုတ်လုပ်နိုင်မှ ဈေးကွက်ရမည်ကို
ပညာပေးနေကြတာတွေ့ရှိရပါတယ်။

သို့ရာတွင်
စိုက်ပျိုးထုတ်လုပ်သည်မှ မရိတ်သိမ်းမီ-
ရိတ်သိမ်းချိန်လွန်အဆင့်များမှာ
သစ်သီးဝလံ သန့်စင် အရွယ်အစားနဲ့အရည်အသွေး
ရွေးချယ်ထုပ်ပိုးပြီး အအေးခန်းပို့ဆောင်ရေး
စနစ်အထိ လိုအပ်ချက်တွေဟာ
တည်ငင်းကုန်း နဲ့ စဉ့်ကိုင်ပလိပ် ကုန်စိမ်းဒိုင်တွေမှာ
ရင်းနှီးမြှုပ်နှံမှုမပီပြင်သေးသရွေ့
လိုအပ်ချက်ရှိနေလိမ့်မယ်လို့မြင်ပါတယ်။

တစ်ဌာနချင်း ကိုယ့်တာဝန်
ကိုယ်အာရုံစိုက်လုပ်တာထက် သက်ဆိုင်တဲ့
ဌာနအားလုံးစုပေါင်းပြီး ထုတ်ကုန်တစ်ခုချင်း
ထုတ်လုပ်သည် မှ ဈေးကွက်ရရှိတင်ပို့ရောင်းချ
သည်အထိ ကွင်းဆက်မိအောင် ပူးပေါင်း
လုပ်ဆောင်မှု ယန္တရားတစ်ရပ်
ထူထောင်လုပ်ကိုင်ရလိမ့်မယ်လို့ ယူဆပါတယ်။

နောက်တန်း ပြည်တွင်းစီးပွားရေး ကစားကွင်းတွင်
ကစားနေကြသူများနှင့်ရှေ့တန်းပြည်ပ စီးပွားရေး
ကစားကွင်းများရှိ စီးပွားရေးသံခင်းတမန်ခင်းတွင်
ပါဝင်နေကြသူများမှာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်
ဆက်စပ်စီးပွားရေးဝန်ကြီးဌာန အားလုံးသာမက
စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ် တင်ပို့ရောင်းချသူ
အားလုံးပါဝင်ပါတယ်။

ကျွန်တော်တို့မြန်မာတွေ --- မညံ့ပါ ---
တစ်ဦးချင်း ---တစ်ဌာနချင်း --တော်ကြပါတယ်။
ညီညီညွတ်ညွတ် --- အချိတ်အဆက်မိမိ
ကြိုးစားကြရန်သာ လိုပါတယ်။

**(သုတနိုင်)**

## “လက်တွဲလို့ခေါ်မည်”

တို့နိုင်ငံ တို့လူမျိုး

နည်းပညာတွေတိုး

ရှေ့သို့လှမ်းချီ တက်လှမ်းမည်

ဖူးပွင့်ဝေသီ အသီးအပွင့်များဆီ

စည်းလုံးမှုသည် ပဓာဏ ထုတ်ကုန်တိုးမြှင့်ကြ

ရည်မှန်းချက်ကိုယ်စီကြိုးစားမည်

အတူလက်တွဲညီ။

နိုင်ငံ့ယန္တရား လည်ပတ်ရေး

ရင်းနှီးကူညီပံ့ပိုးပေး

ရင်းနှီးစီးပွားတိုးတက်ရန် ပေါင်းစပ်ညှိနှိုင်းပေးကြအမှန်

တို့နိုင်ငံ တိုးတက်ရေး အတူပူးပေါင်းဆောင်ရွက်ပေး

အိပ်မက်ဆိုသောထိုအရာ အစဉ်ကြိုးစားဖော်ဆောင်ကာ

ပန်းတိုင်အရောက်ချီတက်ရေး

အတူလက်တွဲသွားစို့မနေး။

MIFER IT TEAM

# "Why Worry"

~~~~~~~~~~~~~~


* There are only two things to worry about;
* Either you are **well** or you are **sick**.
* If you are well, then there is nothing to worry about;
* But if you are sick, there are two things to worry about;
* Either you will get well or you will die.
* If you get well, there is nothing to worry about;
* But if you die, there are two things to worry about;
* Either you will go to **Heaven** or **Hell**.
* If you go to Heaven, there is nothing to worry about;
* But if you go to Hell, you'll be so busy shaking hands with friends.
* So, you won't have time to worry.

Anonymous
~~~~~~~~~~~~~~

## အနည်းစုရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် အနည်းစုအစုရှယ်ယာရှင်များအား အကာအကွယ်ပေးခြင်း

### အစုရှယ်ယာရှင်နှင့် ဒါရိုက်တာဘာတွေကွဲပြားသလဲ

ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာရှင်နှင့် ဒါရိုက်တာဟူသော လူပုဂ္ဂိုလ် ၂ ယောက်ရှိနိုင်ပါတယ်။ ဒါ့အပြင် အစုရှယ်ယာရှင်သည် ရံဖန်ရံခါ လူပုဂ္ဂိုလ်မဟုတ်ဘဲ အခြားကုမ္ပဏီတစ်ခု ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်နိုင်ပါသေးတယ်။ ဤဆောင်းပါးမှာတော့ အစုရှယ်ယာရှင်များနှင့် ပတ်သက်သော အခွင့်အရေးအကာအကွယ်များကို အဓိကရှင်းလင်းတင်ပြလိုရင်းဖြစ်ပါတယ်။




ကုမ္ပဏီမှာဘာကြောင့် လူပုဂ္ဂိုလ် ၂ ယောက်ရှိနိုင်တာလဲ၊ တစ်ယောက်ထဲနှင့် ကုမ္ပဏီတစ်ခုတည်ထောင်ပြီး အလုပ်လုပ်ရင် မရနိုင်ဘူးလားဟု မေးစရာရှိပါတယ်။ လူပုဂ္ဂိုလ် ၁ ယောက် (ဒါရိုက်တာ)၊ အစုရှယ်ယာတစ်စုဖြင့် မှတ်ပုံတင်နိုင်သည့် အခွင့်အရေးဟာ ယခုမှစတင်ကျင့်သုံးတဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ က ခွင့်ပြုထားတဲ့ အခွင့်အရေး တစ်ခုဖြစ်ပါတယ်။ ယခင်က ကုမ္ပဏီတစ်ခု မှတ်ပုံတင်ချင်ရင် အစုရှယ်ယာ ၂ စုနှင့် ဒါရိုက်တာ ၂ ဦးဆိုသော သတ်မှတ်ချက်ကို လိုက်နာပြီး မှတ်ပုံတင်ရခြင်းဖြစ်ပါတယ်။ မည်သို့ဆိုစေ အစုရှယ်ယာကို ပိုင်ဆိုင်သောလူပုဂ္ဂိုလ်နှင့်စီမံခန့်ခွဲမှုကို တာဝန်ယူသောလူပုဂ္ဂိုလ်ဆိုတဲ့ ၂ ဦးကို ဆိုလိုရင်း ဖြစ်ပါတယ်။

### ဒါရိုက်တာဆိုတာ

အလွန်ရင်းနှီးသော စကားလုံးဖြစ်ပါတယ်။ ဘာသာပြန်ဖို့တောင်ခက်ခဲပါတယ်။ မူရင်းအတိုင်း ဒါရိုက်တာ လို့ပဲ လူတိုင်းအပြောများကြပါတယ်။ဒါ့အပြင် အုပ်ချုပ်မှုဒါရိုက်တာ (Managing Director) ဆိုပြီး ထပ်မံအမွှန်းတင်ကြပြန်ပါတယ်။ မည်သည့်ဒါရိုက်တာဖြစ်ပါစေ ကုမ္ပဏီ၏ နေ့စဉ် စီမံခန့်ခွဲမှုလုပ်ငန်းများအတွက်သာ တာဝန်ရှိတယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်က အစုရှယ်ယာပိုင်ဆိုင်တဲ့အခြေအနေကို နောက်တစ်ပိုင်းစဉ်းစားပါမယ်။ ဒါရိုက်တာတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ ကုမ္ပဏီဥပဒေနှင့် ကုမ္ပဏီဖွဲ့စည်းပုံစည်းမျဉ်းပါ ဖော်ပြချက်များကိုလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလွတ်သဘောပြောရလျှင် အစုရှယ်ယာရှင်က ထည့်ဝင်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုကို ကိုင်တွယ်ပြီး ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကိုလည်ပတ်လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့အခွင့်အရေးတော့ ရှိနေပြီး ယင်းနှင့်အတူရှိနေသော တာဝန်ကို ဒါရိုက်တာဆိုသော ပုဂ္ဂိုလ်က ယူရမှာဖြစ်ပါတယ်။




### ဒါရိုက်တာတစ်ဦး၏ ထိုက်သင့်သောလုံ့လ

ဒါရိုက်တာတစ်ဦးဟာ ကုမ္ပဏီလုပ်ငန်းမှာ တာဝန်ထမ်းဆောင်တဲ့အခါ ထိုက်သင့်တဲ့ဂရုပြုမှုနှင့် လုံ့လဝီရိယ (Care and Diligence) ရှိရပါမယ်။ ဒါ့အပြင် ဒါရိုက်တာတစ်ဦး၏ ဆောင်ရွက်ချက်အားလုံးဟာ ကုမ္ပဏီအကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဘာကိုဆိုလိုပါသလဲ။

အစုရှယ်ယာရှင်က ကုမ္ပဏီအတွက် ရင်းနှီးမြှုပ်နှံမှုပြုတယ်ဆိုတာ ဒါမှမဟုတ် အစုရှယ်ယာပိုင်ဆိုင်တယ်ဆိုတာ ကုမ္ပဏီမှရမယ့် အကျိုးအမြတ်ကို မျှော်ကိုးပြီး မိမိ၏ ရင်းနှီးမြှုပ်နှံမှုကို ထည့်ဝင်ထားခြင်းဖြစ်ပါတယ်။ ယင်းကို

မည်သူမျှ အချည်းနှီး အဖြစ်မခံနိုင်ပါ။ အစုရှယ်ယာရှင် အတွက်မူ ထိုက်သင့်သောအကျိုးအမြတ်ရရှိရေးမှာ အဓိက ဖြစ်ပါတယ်။ထိုရင်းနှီးငွေကိုအသုံးပြုဖို့အတွက်ဒါရိုက်တာ အပေါ်ပုံအပ်ထားရပါတယ်။ အဲ့ဒီနောက်ဒါရိုက်တာအပေါ်မှာ လိုအပ်သော ထိန်းချုပ်မှုများ၊ စည်းမျဉ်းများ ချမှတ်ထားပြီး ထိန်းကျောင်းကြခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ ဒါရိုက်တာက ကုမ္ပဏီအပေါ် ထိုက်သင့်သော စီမံအုပ်ချုပ်မှုများဖြင့် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒါရိုက်တာက မိမိအခွင့်အရေးများကို အလွန်အကျွံသုံးစွဲပြီး တရားမဝင်သော ဆောင်ရွက်ချက်များ ဆက်စပ်လာပါက မိမိအပေါ် အန္တရာယ် တစ်စုံတစ်ရာ ကျရောက်လာမှာဖြစ်ပါတယ်။ ဒါဟာအစုရှယ်ယာရှင်ရဲ့ အခွင့်အရေးများအတွက် အကာအကွယ်ဖြစ်ပါတယ်။ဒီလိုဆိုရင် ဒါရိုက်တာရဲ့ အခွင့်အရေးက ဘာပါလဲ။

ဒါရိုက်တာတစ်ဦးဟာ ကုမ္ပဏီ အတွက် ၎င်း၏လုပ်အား ဒါမှမဟုတ် မှန်ကန်သော အားထုတ်မှုတစ်ခုအတွက် ထိုက်သင့်သောလစာနှင့် အခွင့်အရေးရရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကုမ္ပဏီအတွက် ထိုက်သင့်သော အကြံဉာဏ်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများလဲ ပါဝင်ပါတယ်။ လစာ၊ စရိတ်စကနဲ့ပတ်သက်တဲ့ အခွင့်အရေး တစ်ခုကို ရယူနိုင်ပါတယ်။ အစုရှယ်ယာရှင်ဘက်ကကြည့်ရင်လည်း ကုမ္ပဏီကို တကယ်ပဲ စီမံအုပ်ချုပ်နိုင်ပြီး ကုမ္ပဏီအကျိုးစီးပွားကို ဆောင်နိုင်မယ်ဆို သင့်တော်တဲ့ လစာပေးရမှာဖြစ်ပါတယ်။

**ဒါရိုက်တာအတွက် သတိချပ်သင့်သောအရာများ**

သတိချပ်ရမယ့်ကိစ္စကတော့ဒါရိုက်တာတာဝန် ထမ်းဆောင်ရာမှာ လွယ်လွယ်ကူကူ မစဉ်းစားသင့်တာပါပဲ။ ဥပဒေအရ ပြစ်ဒဏ်ချမှတ်တာပဲဖြစ်ဖြစ်၊ အရေးယူခံရတာပဲဖြစ်ဖြစ် ဒါရိုက်တာကိုပဲ အရေးယူမှာပါ။ ကုမ္ပဏီဥပဒေကိုကြည့်ရင်ဒဏ်ကြေးတွေ အများစုဟာဒါရိုက်တာပေါ်မှာ ချမှတ်တာဖြစ်ပါတယ်။ လက်တွေ့မှာ ဒါရိုက်တာက ကိုယ့်အိတ်ထဲက စိုက်ပြီးလျော်ရမှာပါ။ ဥပမာပြောရရင် ကုမ္ပဏီဒါရိုက်တာ တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ရခြင်းဟာအဖွဲ့အစည်းတစ်ခုရဲ့အကြီးအကဲတာဝန်နှင့်တူပါတယ်။ တစ်ချက်မှားပါက မိမိ တာဝန်ပင်ဖြစ်ပါလိမ့်မယ်။ ဥပဒေအရ အရေးယူဆောင်ရွက်မှုများလဲရှိလာနိုင်ပါတယ်။ တရားစွဲဆိုမှုအပေါ် မူတည်၍ လျော်ကြေးပေးရမည့် တာဝန်ရှိပါတယ်။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်ဆိုင်တဲ့ ကိစ္စရပ်များမှာ မတော်ပါက ထောင်ပင်ကျနိုင်ပါတယ်။ မြန်မာမှုနယ်ပယ်တွင် ဒီလောက်အန္တရာယ်များသော ရာထူးနေရာအတွက် ရံဖန်ရံခါ အငြင်းပွားငြင်းခုန်နေကြပါတယ်။ သူတို့၏ ပြောကြားမှုအရ မိမိအကျိုးစီးပွားကို ထိခိုက်၍ဟု မှတ်ယူ နိုင်ပါတယ်။ ဒီနေရာမှာတော့ ဒါရိုက်တာ ၁ ဦးဟာ အစုရှယ်ယာပိုင်ဆိုင်နေသည့် အခြေအနေဖြစ်နိုင်ပါတယ်။ အစုရှယ်ယာ မပိုင်ဆိုင်ပါဘဲ ဒါရိုက်တာ ရာထူးအတွက် ငြင်းခုန်နေလျှင်တော့ မျက်ကန်းတစ္ဆေမကြောက်သည့်ကိန်း ဖြစ်နေပေမည်။




**အစုရှယ်ယာရှင်ဆိုတာ**

လွယ်လွယ်ပြောရင်တော့ ကုမ္ပဏီပိုင်ရှင်၊ သူဌေးပါ။ ကုမ္ပဏီ၏အကျိုးအမြတ်ကိုခွဲဝေရရှိဖို့ကလွဲ၍ကုမ္ပဏီတွင် မည်သည့် တာဝန်မျှမရှိပါ။ ကုမ္ပဏီဥပဒေအရပေးရန် တာဝန်ကိုလည်း အကန့်အသတ် ပေးထား (Limited Liability) ပါသေးတယ်။ သူ့ရဲ့အစုရှယ်ယာဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမသွားအောင်လည်း အကာအကွယ်တွေပေးထားပါသေးတယ်။ သူများနိုင်ငံက ကုမ္ပဏီသူဌေးဆိုတာ အဲ့ဒီအခွင့်အရေးတွေကိုယူပြီး ဒါရိုက်တာတွေကို တာဝန်ပေးတဲ့ ပုဂ္ဂိုလ်မျိုးတွေပါ။ အစုရှယ်ယာရှင်က ဘာစဉ်းစား

လဲဆိုသော ဘယ်လို အရည်အချင်းရှိတဲ့ ဒါရိုက်တာကို ခန့်ပြီး ကုမ္ပဏီ က ဘယ်လောက်အကျိုးအမြတ်ရမလဲ ဆိုတာဘဲ စဉ်းစားတာပါ။

မည်သည့် ဒါရိုက်တာဖြစ်ပါစေ ဒါရိုက်တာဆိုသော ပုဂ္ဂိုလ်များကို အစုရှယ်ယာရှင်က ခန့်အပ်နိုင်ပါတယ်။ ဖယ်ရှားနိုင်ပါတယ်။ ဒါဟာ အစုရှယ်ယာရှင်အတွက် ပဓာနကျသော အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ သို့သော် ရံဖန်ရံခါ အဆိုပါ ဒါရိုက်တာများဟာ မိမိဆန္ဒ အလျောက် နှုတ်ထွက်ခြင်းများလည်း ရှိနိုင်သေးပါတယ်။ နောင်တွင် အလျဉ်းသင့်ပါက ဒါရိုက်တာတစ်ယောက် မိမိဆန္ဒအလျောက် နှုတ်ထွက်ပြီးနောက် အကျိုးဆက်များကို ထပ်မံတင်ပြပေးပါမယ်။

**ဒါရိုက်တာကို ခန့်အပ်တာဝန်ပေးခြင်း**

အစုရှယ်ယာရှင်၏ သာမန်ဆုံးဖြတ်ချက် တစ်ခုဖြင့် ဒါရိုက်တာကို ခန့်အပ်နိုင်ပါတယ်။ ဒါရိုက်တာရာထူး ဖယ်ရှားနိုင်ပါတယ်။ သာမန်ဆုံးဖြတ်ချက်ဆိုတာ ၅၀% ကျော် မဲပေးခွင့်နဲ့ ဆုံးဖြတ်တာပါ။ ကုမ္ပဏီဥပဒေအသစ် အရ အစုရှယ်ယာရှင်က စာနဲ့ရေးပြီး လက်မှတ်ရေးထိုးလိုက်ရင် ဆုံးဖြတ်ချက်ပြီးပါပြီ အစည်းအဝေးတောင် ခေါ်စရာမလိုတဲ့ အခြေအနေပါ။ အစည်းအဝေးဆိုတာ က လည်း အခု ဥပဒေအရ အခြားနည်းလမ်းတွေနဲ့လည်း လုပ်လို့ရပါသေးတယ်။ အစုရှယ်ယာရှင် အချင်းချင်း တယ်လီဖုန်းဆက်ပြီး သဘောတူတာပဲဖြစ်ဖြစ်၊ Group Chat လုပ်ပြီး သဘောတူတာပဲဖြစ်ဖြစ် မျက်နှာစုံညီ အစည်းအဝေး ကျင်းပသလိုပဲ အထမြောက်ပါတယ်။ အဲ့ဒီ လောက်ထိ အစုရှယ်ယာရှင်မှာ အခွင့်အရေးတွေ ရပါ တယ်။

**အစုရှယ်ယာရှင်များအခွင့်အရေးအတွက် အကာအကွယ်**

အစုရှယ်ယာရှင်က ကုမ္ပဏီရုံးမှာမှမရှိတာ ဒါရိုက်တာ လုပ်ချင်တာလုပ်တာ ဘယ်လိုသိနိုင်မှာလဲ။ ထိုကဲ့သို့ထင်လျှင် မှားပါလိမ့်မယ်။

ကုမ္ပဏီရဲ့ နှစ်ပတ်လည်အစည်းအဝေး ရှင်းတမ်းတွေကို အတည်ပြုတာ အစုရှယ်ယာရှင်တွေက အတည်ပြုရမှာပါ။ ဒါရိုက်တာက မည်မျှပင် ကုမ္ပဏီဆိုင်ရာစာရင်းများ ပြင်ဆင်ထားစေကာမူ အစုရှယ်ယာရှင်များက သူတို့ယုံကြည်စိတ်ချရတဲ့ စာရင်းစစ်ကို ခန့်ထားပြီး စစ်နိုင်တဲ့ အခွင့်အရေးတွေရှိပါတယ်။ ကုမ္ပဏီမှာ စာရင်းစစ်ဆိုတဲ့ ပုဂ္ဂိုလ်တွေခန့်တာ အစုရှယ်ယာရှင်ရဲ့ အတည်ပြုချက်နဲ့ ခန့်ထားရမှာဖြစ်ပါတယ်။

အခု အွန်လိုင်းမှတ်ပုံတင်စနစ်ဆိုသော ကုမ္ပဏီစာရင်းထဲက အစုရှယ်ယာရှင်ကို ထုတ်လိုက်ပြီး ဒါရိုက်တာ က အပိုင်စီးလိုက်ရင် ပြီးတာပဲမဟုတ်လား။ ကုမ္ပဏီဥပဒေ အရ ဒါရိုက်တာ ၁ ဦး ဒါမှမဟုတ် ဒါရိုက်တာအဖွဲ့ရဲ့ ထိုကဲ့သို့ လုပ်ရပ်မျိုးဟာ တရားမဝင်သော လုပ်ရပ်ဖြစ်ပါတယ်။ အစုရှယ်ယာရှင်ကသိ၍ တရားရုံးတွင် အမှုဖွင့်မည့်နေ့မှစ၍ ထိုဒါရိုက်တာအတွက် အရေးယူခံရမည့်နေ့စတင်ပြီဟု မှတ်ယူရမှာပါ။

**ကုမ္ပဏီတည်ထောင်၍ စီးပွားရေးလုပ်ခြင်း**


ဥပဒေနှင့်အညီ ကုမ္ပဏီတစ်ခု တည်ထောင်ပြီးချိန်မှစ၍ အစုရှယ်ယာရှင်အတွက် ဖော်ပြခဲ့ပြီးသော အကာအကွယ်များ၊ အခွင့်အရေးများ ရှိနေပါတယ်။ ဒါရိုက်တာများအတွက်လည်း ဆိုခဲ့ပြီးသော တာဝန်ရှိမှုများကို သတိချပ်ရန်လိုပါတယ်။ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန် ရည်ရွယ်တည်ထောင်ထားသော ကုမ္ပဏီတွင် မလိုလားအပ်သော ပြဿနာများ၊ အငြင်းပွားမှုများ ရှောင်ရှားနိုင်ရန် ကုမ္ပဏီဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိအောင်လုပ်ပြီး လိုက်နာရန် လိုအပ်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

**မောင်ငြိမ်းကာ**

## ဖွံ့ဖြိုးမှုဆိုသည်မှာ

ယနေ့ကမ္ဘာ့နိုင်ငံများ၏ အဓိကအရေးကြီးဆုံးသော ဦးတည်ချက်မှာ မိမိနိုင်ငံဖွံ့ဖြိုးမှု ရရှိရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများကလည်း မိမိတို့ နိုင်ငံကို ဆိုးသွမ်း သံသရာလည်ပတ်မှု (Vicious Circle)မှ ချိုးဖောက်လွတ်မြောက်ရန် ကြိုးစားနေကြသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း ၎င်းတို့၏ဖွံ့ဖြိုးမှု ရေရှည်ဆက်လက်တည်တံ့နိုင်စေရန် ကြိုးစား နေကြသည်ပင် ဖြစ်ပါသည်။

**တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအားခွဲခြားနိုင်းယှဉ်ခြင်း (Growth Vs. Development)**







တိုးတက်မှု (Growth) နှင့် ဖွံ့ဖြိုးမှု (Development) ဟူသော ဝေါဟာရနှစ်ခုကို ရံဖန်ရံခါ တွင် မကွဲမပြားနှင့် အသုံးပြုလေ့ရှိကြသည်။ သို့သော် ဤဝေါဟာရ နှစ်ခုမှာ အခြေခံအားဖြင့် ကွဲပြားခြားနားသော အချက်များ ရှိနေကြောင်းတွေ့ရှိရသည်။ စီးပွားရေးတိုးတက်မှု (Economic Growth) သည် အချိန်ကာလ တစ်လျှောက်တွင် နိုင်ငံတစ်ခု၏ ထုတ်လုပ်နိုင်မှုစွမ်းအား (Productivity) တိုးတက်လာခြင်းနှင့် သက်ဆိုင်သည်။ သဘာဝအရင်းအမြစ်များ (Natural Resources)၊ လူသားအရင်းအမြစ် (Human Resource)၊ အရင်းအနှီး (Capital) နှင့် နည်းပညာခေတ်မီမှု (Advanced Technology) စသည်တို့ တိုးတက်လာပါက ထုတ်လုပ်မှုစွမ်းအား တိုးတက်ရန် အလားအလာရှိပြီး စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်နိုင်သည်။

စီးပွားရေးဖွံ့ဖြိုးမှု (Economic Development) ဆိုသည်မှာ တစ်ဦးကျဝင်ငွေမြင့်တက်ခြင်း (Rising per capita income) အပြင် စီးပွားရေးပုံသဏ္ဍာန် အခြေခံပြောင်းလဲမှုများကို ဖြစ်ပေါ်စေပါသည်။ အရေးပါသော စီးပွားရေး ပုံသဏ္ဍာန်အခြေခံပြောင်းလဲမှုနှစ်ခုမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) အမျိုးသားထုတ်ကုန်စုစုပေါင်းတွင် စက်မှုကဏ္ဍ ရှယ်ယာမြင့်တက်လာခြင်းနှင့်အတူ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုများ လျော့နည်းကျဆင်းလာခြင်း၊


(ခ) ကျေးလက်ဒေသထက် မြို့ပြဒေသများတွင် နေထိုင်မှုများပြား လာခြင်းတို့ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူဦးရေနှင့် အသက်အရွယ်ပုံသဏ္ဍာန် (Population and age structure) နှင့် စားသုံးမှုပုံသဏ္ဍာန် (Consumption Pattern) ပြောင်းလဲမှုများလည်း ဖြစ်ပေါ်စေသည်။ ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်သူများသည် ၎င်းတို့၏ ဝင်ငွေများအားလုံးကို အခြေခံကုန်စည်ဖြစ်သော စားဝတ်နေရေး (Necessities) များ အပေါ်တွင် သုံးဖြုန်းသည်ထက် ကြာရှည်သုံးကုန်စည် (Consumer durables) ဥပမာ- TV, Aircon, Smart Phone၊ အားလပ်ချိန်သုံးကုန်စည်နှင့် ဝန်ဆောင်မှုများ (Leisure time products and services) များ ဥပမာ- ရေမွှေးနှင့်အခြားဇိမ်ခံပစ္စည်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အပေါ်တွင် သုံးစွဲမှုများလာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကအကြောင်းအရာမှာ ပုံသဏ္ဍာန်ပြောင်းလဲမှု (Structural Change) ဖြစ်စဉ် အဓိကဖြစ်ပေါ်ရန် လိုအပ်ပြီး ထိုဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ဖွံ့ဖြိုးမှုတွင် ပါဝင် ဆောင်ရွက်နေသူများ၊ စပ်ဆိုင်သူများ (Stakeholders) အကြား ညီညွတ်မျှတ


စွာ ခွဲဝေရန်လိုအပ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုဆိုသည်မှာ တစ်ဦးကျဝင်ငွေမြင့်တက်လာခြင်းထက် ပိုမို အဓိပ္ပါယ် ရှိသည်။ သို့သော် တိုးတက်မှုမရှိဘဲ စီးပွားရေးဖွံ့ဖြိုးမှု လုံးဝမဖြစ်ပေါ်နိုင်ပါ။

နိုင်ငံတစ်နိုင်ငံသည် ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ တိုးတက်လာသည်နှင့် တစ်ပြိုင်နက် စီးပွားရေးတိုးတက်မှု ရရှိနေသည်ဟု ဆိုနိုင်ပါသည်။ ဥပမာ-၁၉၆၀ ပြည့်နှစ်များ၌ တောင်ကိုရီးယားနှင့် လစ်ဗျားနိုင်ငံများ၏ အခြေအနေမှာ အတူတူပင် ဖြစ်ခဲ့သည်။ လစ်ဗျားနိုင်ငံတွင် ရေနံတွင်းများ ရှာဖွေတွေ့ရှိမှုတို့ကြောင့် တစ်ဦးကျဝင်ငွေများ မြင့်တက်လာခဲ့သည်။ သို့သော် ၎င်းတို့သည် ရေနံထုတ်လုပ်ရာတွင် မိမိတို့၏ ကိုယ်ပိုင်နည်းပညာ၊ အတတ်ပညာများနှင့် မဟုတ်ဘဲ နိုင်ငံခြားသား အတတ်ပညာရှင်များ ငှားရမ်းကာထုတ်လုပ်ခြင်း၊ ထုတ်ကုန် တစ်မျိုးတည်းသာ ထွက်ခဲ့ပြီး အမေရိကန်နှင့် ဥရောပ ဈေးကွက်တွင်သာ ရောင်းချနေခြင်း၊ အခြားကဏ္ဍများတွင် ထူးခြားသော တိုးတက်မှုနှင့်စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှုမရှိခြင်း တို့ကြောင့် လစ်ဗျားနိုင်ငံ၏ စီးပွားရေးအတွေ့အကြုံကို ဖွံ့ဖြိုးမှုရရှိနေသည်ဟု မဆိုနိုင်ဘဲ တိုးတက်မှုရနေသည်ဟုသာ ဆိုနိုင်ပါသည်။ တောင်ကိုရီးယားနိုင်ငံမှာမူ ၁၉၆၀ ပြည့်နှစ် နောက်ပိုင်း၌ တစ်ဦးကျဝင်ငွေ တိုးတက်လာရုံသာမက စိုက်ပျိုးရေးကဏ္ဍမှီခိုမှုမှ စက်မှုကဏ္ဍ တိုးတက်မှုများဖြစ်ပေါ်စေခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများမှ အကြီးစားစက်မှု လုပ်ငန်းပြောင်းလဲနိုင်ခြင်းစသည့် စီးပွားရေးပုံသဏ္ဍာန်များဖြစ်ပေါ်သည့် အပြင်အခြားသောစီးပွားရေး၊လူမှုရေးကဏ္ဍများ၌ဘက်ညီမျှတစွာ တိုးတက်လာခြင်းကြောင့် အဆိုပါကာလများတွင် တောင်ကိုရီးယားနိုင်ငံ၏ အခြေအနေအား စီးပွားရေး ဖွံ့ဖြိုးမှုဖြစ်ပေါ်နေခဲ့သည်ဟု ဆိုရပါမည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးမှု၏အဓိပ္ပါယ်မှာ ကမ္ဘာ့ပြောင်းလဲလာသည့် ဖြစ်စဉ်၊ လိုအပ်ချက်နှင့် နိုင်ငံများ၏ အတွေ့အကြုံတို့ အပေါ် မူတည်၍ ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုတို့၏ အဓိကကွာခြားချက်တစ်ခုမှာ တိုးတက်မှုသည် ရုပ်ဝတ္ထုပိုင်းရာ အတိုင်းအတာ (Physical Measurement) တစ်ခုပင် ဖြစ်ပြီး ဖွံ့ဖြိုးမှုဆိုသည်မှာ ရုပ်ဝတ္ထုပိုင်းရာ တစ်ခုတည်း နှင့် တိုင်းတာမရသည့် အရာများပါဝင်သည်။ (one main difference between growth and development is that **growth is more of a physical measurement. Development is something that can't be measured in the same way**. It's basically another word for progress.)



Economic Growth vs Economic Development




### ဖွံ့ဖြိုးမှု၏အဓိပ္ပါယ်ပြောင်းလဲလာပုံအဆင့်ဆင့်

၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်က စီးပွားရေးဖွံ့ဖြိုးမှု ဆိုသည်မှာ အချိန်ကာလအတန်ကြာ တိုင်းပြည်၏ အမှန်ဝင်ငွေများ တိုးတက်လာသော ဖြစ်စဉ်တစ်ခု ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် ကနဦးတွင်တန့်နေရာမှ နောက်ပိုင်းနှစ်များတွင် စုစုပေါင်း တိုင်းပြည်ထုတ်ကုန် တိုးနှုန်း (Gross National Product-GNP)သည် ၅% နှင့် အထက် တိုးတက်လာခဲ့ပါက ၎င်းကိုစီးပွားရေးဖွံ့ဖြိုးမှု ရရှိနေသည်ဟုဆိုခဲ့ပါသည်။ ဤအဓိပ္ပါယ်မှာ အလွန်ကျဉ်းမြောင်းသော အမြင်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းပင် ဖြစ်ပါသည်။

နိုင်ငံများအကြား ဖွံ့ဖြိုးမှုကိုနှိုင်းယှဉ်ရာတွင် စုစုပေါင်းထုတ်ကုန်ကို နှိုင်းယှဉ်ခြင်းသည်လည်း သဘာဝမကျပေ။ တိုင်းပြည်တွင်းနေထိုင်သူ စုစုပေါင်းလူဦးရေကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ ထိုနောက်မှသာ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် တစ်ဦးကျထုတ်လုပ်မှု (Per Cap-

ital Output) သို့မဟုတ် တစ်ဦးကျ GDP ဟူ၍တိုင်းတာမှု ညွှန်းကိန်းအသစ်များ ပေါ်ပေါက်လာခဲ့သည်။

၁၉၇၀ ပြည့်နှစ်များတွင် ဖွံ့ဖြိုးမှုကို စီးပွားရေးရှုထောင့်မှ အမြင်သစ်ဖြင့် ရှုမြင်ကာ ဖွံ့ဖြိုးမှု၏ အဓိပ္ပါယ်ကို ပြန်လည်သတ်မှတ်ခဲ့ကြသည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ ဆင်းရဲမွဲတေမှုများနှင့် မညီမျှမှုများလျော့ကျခြင်း (Red – uction or Elimination of Poverty and Inequality) နှင့်တိုးတက်နေသော စီးပွားရေးအဆောက်အအုံ အတွင်း အလုပ်လက်မဲ့ လျော့ကျခြင်း (Reduction in Unem– ployment) တို့ဖြစ်ပေါ်စေသော ဖြစ်စဉ်ပင်ဖြစ်သည်။ သို့သော် တစ်ဦးကျဝင်ငွေ သို့မဟုတ် တစ်ဦးကျ GDP သည် ပျမ်းမျှကိန်းဂဏန်း (Average Figure) သာဖြစ်ပြီး ၎င်းကိန်းဂဏန်းသည် လူတိုင်းကို အနီးစပ်ဆုံး ကိုယ်စားပြု၊ မပြုကို ဆန်းစစ်ရန် နိုင်ငံတစ်ခုတွင် ဝင်ငွေဖြန့်ဖြူးမှု ညီမျှမှု (distribution of income) ရှိမရှိ ဆန်းစစ်ရန် လိုအပ်ကြောင်းတွေ့ရှိလာခဲ့ကြသည်။ ဆင်းရဲချမ်းသာ ကွာဟမှု၊ ဝင်ငွေကွာဟမှုကိုဆန်းစစ်ရန် လောရင့်၏မျဉ်းကွေး (Lorenz Curve)နှင့် ဂျီနီမြွောက် ဖော်ကိန်း(Gini Coeffi– cient) စသည့် ညွှန်ကိန်းများဖြင့် နိုင်ငံများအကြားတွင်လည်းကောင်း၊ ဒေသများအကြားတွင် လည်းကောင်း အချိန်အပိုင်းအခြားဖြင့်သော်လည်းကောင်း နှိုင်းယှဉ်လေ့လာနိုင်သည့် ညွှန်ကိန်းများ ပေါ်ပေါက်လာခဲ့သည်။


**ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှု**

ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှု (Challenge of devel– opment) ဆိုသည်မှာ လူနေမှုဘဝ အရည်အသွေးကို ကောင်းမွန်တိုးတက်စေခြင်း (Improving the quality of life) တို့ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့ဆင်းရဲသော နိုင်ငံများ အတွက် ဝင်ငွေများမြင့်တက်လာလျှင် လူနေမှုဘဝ တိုးတက်လာသည်ဟု မှတ်ယူသော်လည်း လူနေမှုဘဝအရည်အသွေးမှာ ထိုထက်မက များစွာပိုမို အဓိပ္ပါယ်ရှိနေပေသည်။ ၎င်းတွင် ပညာရေးကောင်းမွန်ခြင်း (Bet– ter education)၊ ကျန်းမာရေးနှင့် အာဟာရအဆင့်အတန်း ပိုမိုကောင်းမွန်ခြင်း (Higher standards of heal– th and nutrition)၊ ဆင်းရဲမွဲတေမှုလျော့ခြင်း (Less poverty)၊ ပတ်ဝန်းကျင် သန့်ရှင်းခြင်း (clear environment)၊ အခွင့်အလမ်းများ ညီမျှခြင်း (More equality of opportunity)၊ တစ်ဦးချင်း လွတ်လပ်မှု ပိုမိုများပြားခြင်း (Grea– ter individual freedom)နှင့် ယဉ်ကျေးမှုပိုမိုထွန်းကား လာခြင်း (Richer cultural life) တို့အားလုံးပါဝင်သည်။

ထို့ကြောင့် ဖွံ့ဖြိုးမှုကို လူမှုရေးသဏ္ဌာန် အဓိကပြောင်းလဲမှု (Major changes in social structure)၊ ထင်ရှားသောစိတ်နေစိတ်ထား (Popular attitude)၊ နိုင်ငံအဖွဲ့အစည်းများ (National Institution) နှင့် စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်ရစေနိုင်ခြင်း (Acceleration of economic growth)၊ မညီမျှမှုများလျော့ကျခြင်း (Reduction of inequality) နှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေခြင်း (Eradication of poverty) စသည်ဖြင့် ရှုထောင့်ပေါင်းစုံပါဝင်သော ဖြစ်စဉ်ကြီးတစ်ခု (Multidimensional process) ပင်ဖြစ်သည်။

ယခုအခါ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်မှာ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွားရေး ရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု ကောင်းကျိုး (Material Well–being) တို့နှင့်သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာခံစားမှုများ (Spiritual and Mental Well–being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေးရှုထောင့် (Quality Aspect) မှလည်း စဉ်းစားလာခဲ့ကြပြီပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးမှု ဆိုသည်မှာ လူနေမှုဘဝ အရည်အသွေး တိုးတက်လာခြင်း (Promoting quality of life) ပင်ဖြစ်ပါသည်။

စုစုပေါင်း တိုင်းပြည်ထုတ်ကုန်ဖြင့် တိုင်းတာခြင်းသည် လုံလောက်မှုမရှိဘဲ လူနေမှုဘဝ အရည်အသွေး တို့ကို တိုင်းတာနိုင်သည့်အနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပျော်ရွှင်မှု ညွှန်ကိန်း (Gross National Happiness–GNH) ဖြင့် တိုင်းတာလာခဲ့ကြသည်။ ဥပမာ–ဘူတန်နိုင်ငံမှာ နိုင်ငံသားများ၏ ပျော်ရွှင်မှုညွှန်ကိန်းသည် ကမ္ဘာပေါ်တွင် အများပြားဆုံးဟု သိရပါသည်။ လူ့အဖွဲ့အစည်းတွင် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာများပါ ဖွံ့ဖြိုးစေရန် လိုအပ်ပြီး အဆိုပါဖွံ့ဖြိုးမှုသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် မှီခိုဆက်စပ်နေကြသည်။ GNH ကို တွက်ချက်ရာတွင် မဏ္ဍိုင်လေးခုကို ထည့်သွင်းစဉ်းစားထားပြီး ဘက်ညီမျှတပြီး စဉ်ဆက်မပြတ်သည့် လူမှု–စီးပွားဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှုတန်ဖိုးများ ထိန်းသိမ်းမြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှု စနစ်





ထူထောင်ခြင်းစသည့် မဏ္ဍိုင်များအပေါ် အခြေခံ၍ တိုးတက် အောင်မြင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။


**၂၀၁၅ခုနှစ်အလွန် ကမ္ဘာ့ဖွံ့ဖြိုးမှု အစီအစဉ်သစ် (သို့မဟုတ်) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ**




၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ စုံညီအစည်းအဝေးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals –SDGs) များအား အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်၍ အသက်ဝင်ခဲ့ပြီဖြစ်သည်။ ယခု အခါ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်အသစ်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sutainable Development)ကို ကမ္ဘာ့နိုင်ငံများက စတင်အကောင်အထည်ဖော်ဆောင်နေကြပြီ ဖြစ်ပါသည်။ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုသည်မှာ နောင်လာနောင်သား မျိုးဆက်သစ်တို့၏ စားသုံးမှုမလျော့စေဘဲ လက်ရှိလူသားတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းခြင်းပင် ဖြစ်သည်။** သို့ဖြစ်ပါ၍ ကမ္ဘာ့ဖွံ့ဖြိုးမှု ပန်းတိုင်းများသည် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (MDGs) အဖြစ်မှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (SDGs) အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီးဖြစ်ပါသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမို




ကျယ်ပြန့်စွာ ဆောင်ရွက်ရမည့်အနေအထားဖြစ်ပြီး အားလုံးအတွက် ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက် ပန်းတိုင်များဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင်(၁၇) ခုတွင် ရည်မှန်းချက်ပေါင်း (၁၆၉) ခု ရှိပြီး တိုင်းတာမည့် ညွှန်ကိန်းပေါင်း (၂၄၂) ခုရှိမည်ဖြစ်ပါသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အလိုက် စီမံချက် အကောင်အထည်ဖော်မှုများအားရေးဆွဲ ဖော်ဆောင်ကြရန် ကမ္ဘာ့ကုလသမဂ္ဂမှ လမ်းညွှန်ထားပါသည်။ နိုင်ငံတိုင်း၏ နှစ်တို နှစ်ရှည် စီမံကိန်းများတွင် အဆိုပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက်များ၊ အောင်မြင်မှုကိုတိုင်းတာနိုင်သည့် ညွှန်ကိန်းများ တိုးတက်စေရေးကိစ္စများပါဝင်စေရန် လိုအပ်ပါသည်။ ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးမှုကိစ္စရပ်များစွာအား ချဉ်းကပ်ဖောင်းပေးဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် မရှိမဖြစ်အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီးဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့်ပါဝင် ပတ်သက်သူများ အားလုံးတို့ ပူးပေါင်း ပါဝင်ရန် လိုအပ်လျက်ရှိပါသည်။

## ကွင်းဆက်ချိတ်ဆက် ငါးမွေးမြူရေးအကြောင်း တစေ့တစောင်း

မြန်မာနိုင်ငံရဲ့ အခြေခံစားသောက်ကုန် လိုအပ်ချက်များမှာ "ဆန်စပါး" ပြီးပါက "ငါး" ဟာ ဒုတိယအရေးကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆန်ကို စားသောက်ကုန်ပစ္စည်းများရဲ့ ၁၉ % အသုံးပြုချိန်မှာ ငါးကိုလည်း ၁၇ % အသုံးပြုကြကြောင်း Livelihoods and Food Security Trust Fund ရဲ့ Aquaculture In Transition: value chain transformation, fish and food security in Myanmar လေ့လာမှုစာတမ်းမှာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ငါးသွင်းအားစုများ အနေနဲ့ အဏ္ဏဝါ၊ ကမ်းရိုးတန်း၊ မြစ်ချောင်းစတဲ့ သဘာဝအရင်းအမြစ်တွေက ထုတ်လုပ်တဲ့ ငါးဖမ်းလုပ်ငန်းတွေကတော့ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး၊ ငါးမွေးမြူရေး လုပ်ငန်းကနေရတဲ့ ငါးသွင်းအားစုကတော့ ၂၀ ရာခိုင်နှုန်းခန့်သာ ရှိတယ်လို့လည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ငါးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ရင်းမြစ်တွေက ထုတ်ယူတဲ့ ငါးဖမ်းလုပ်ငန်းတွေထက် ငါးသားဖောက်ခြင်း



**ရေရှင်ဖြစ်ရန် ရွှေလောင်းမြစ်မှ ရေများအထုတ်အသွင်းပြုလုပ်ထားခြင်း**

နဲ့ ငါးမွေးမြူခြင်းလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်နိုင်ဖို့ အထူး လိုအပ်လာပါတယ်။

ငါးမွေးမြူရေး လုပ်ငန်းအနေနဲ့ ပြီးခဲ့တဲ့ဆယ်စုနှစ် အတွင်းမှာ တိုးတက်လာခဲ့ပြီး FAO ၏ စာရင်းများအရ မြန်မာနိုင်ငံရဲ့ ငါးထုတ်လုပ်နိုင်မှုဟာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မက်ထရစ်တန်ချိန် ၃ သန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မက်ထရစ်တန်ချိန် ၅.၈၇ သန်းနဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ မက်ထရစ်တန်ချိန် ၃.၅၄ သန်းအထိ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၈ခုနှစ်၊ကမ္ဘာ့ငါးထုတ်လုပ်မှုအများဆုံးနိုင်ငံများ စာရင်းမှာ အဆင့် ၁၃ အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

နိုင်ငံခြားတင်ပို့မှုအနေကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မှာ ၄၁၃,၀၄၂.၉၆ တန်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ၃၈၇,၁၄၀.၁၅ တန်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ၄၃၇,၆၉၆.၂၂ တန် အသီးသီး တင်ပို့ခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာတော့ ၂၅-၁၂-၂၀၂၀ ရက်နေ့အထိ ၁၁၅,၅၀၈.၃၁၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခင်နှစ်ကာလ တူနှိုင်းယှဉ်ရင်တော့ ၁၄,၉၃၄.၅၉ တန် လျော့နည်းခဲ့တာ ဖြစ်ပါတယ်။ နှစ်စဉ်ပြည်ပသို့ ငါးတင်ပို့နိုင်မှုဟာ မြန်မာနိုင်ငံ၏စုစုပေါင်းငါးထုတ်လုပ်မှုရဲ့ ပျမ်းမျှ ၁၀ % သာ ရှိတဲ့အတွက် ငါးတင်ပို့မှုတိုးတက်အောင်လည်း ဆောင်ရွက်ဖို့ လိုအပ်နေသေးကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်ပကနေလည်း ငါးအသားလွှာ၊ ငါးအသားချောင်းစတဲ့ ငါးတန်ဖိုးမြှင့် ထုတ်ကုန်တွေကို တင်သွင်းနေရတာ တွေ့ရတဲ့အတွက် ငါးတန်ဖိုးမြှင့် ထုတ်ကုန်များ သွင်းကုန်အစားထိုး ထုတ်လုပ်ဖို့လည်း လိုအပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့တဲ့ လုပ်ငန်းတွေထဲမှာ ဆိုရင်တော့ သားငါးကဏ္ဍမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၉၂၈.၈၆၃ သန်း ရှိခဲ့ပြီး သားငါးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံ



**ငါးသားပေါက်များကို အလိုအလျောက်ရွေ့ပြောင်းသည့်စနစ်များဖြင့် မွေးမြူခြင်း**

မှုဟာ ကဏ္ဍအားလုံးတန်ဖိုးရဲ့ ၁.၀၂ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှုအနေနဲ့ကတော့ သားငါး ကဏ္ဍမှာ ကျပ်သန်းထောင်ပေါင်း ၄၁၃.၈၅၉ ခွင့်ပြုခဲ့ပြီး ကျန်ကဏ္ဍအားလုံး ခွင့်ပြုမှုရဲ့ ၁.၈၄ ရာခိုင်နှုန်းသာ ရှိပါတယ်။ အဆိုပါကိန်းဂဏန်းများအရ သားငါးကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုက ရာခိုင်နှုန်းနည်းနေသေးတာတွေ့ရပါတယ်။



**စတီးကန်ဘောင်များတည်ဆောက်ခြင်း**

မြန်မာနိုင်ငံရဲ့ ငါးလိုအပ်ချက်ကို ဖြည့်ဆည်းဖို့၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေဖို့၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ဖို့၊ သားငါးကဏ္ဍမှာ တိုးတက်ရင်းနှီးမြှုပ်နှံနိုင်ဖို့ အတွက် ငါးမွေးမြူရေးလုပ်ငန်းနဲ့ ငါးတန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးတိုးတက်လာဖို့ လိုအပ်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရ အနေနဲ့လည်း စီးပွားရေးဦးတည်ချက်ရဲ့ ပထမအချက်အနေနဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ဖို့ ဦးတည်ရည်မှန်းထားပါတယ်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) နဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) အရလည်း သားငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေး ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ဦးစားပေးမြှင့်တင်မဲ့ ကဏ္ဍများနဲ့ ဦးစားပေးဆောင်ရွက်မဲ့လုပ်ငန်းတွေထဲမှာလည်း သားငါးကဏ္ဍပါဝင်တာဖြစ်ပါတယ်။ ၂၀၂၁-၂၀၂၂ ခုနှစ်၊ ၆ လတာ ဘဏ္ဍာရေးနှစ်မှာ မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၂၀.၄၅ သန်းနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၄၂,၄၀၀ ကျပ်သန်းကို ရင်းနှီးမြှုပ်နှံနိုင်ဖို့ မျှော်မှန်းထားခဲ့ပါတယ်။

ဒီလို စီးပွားရေးဦးတည်ချက်တွေ အကောင်အထည်ဖော်နိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွေ ပြည့်မီစေနိုင်ဖို့အတွက်နိုင်ငံတော်အကြီးအကဲများနဲ့သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကလည်း တတ်စွမ်းသမျှ အားပေးမြှင့်တင်ပေးလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူများ အနေနဲ့လည်း မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်တဲ့ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အဆိုပါလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းဆောင်ရွက်နေမှုများနဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲများကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

အဲဒီလိုကွင်းဆင်းကြည့်ရှုခဲ့တဲ့ လုပ်ငန်းတွေထဲမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က “ငါးမွေးမြူခြင်း၊ ပြုပြင် ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သော (ငါးအစာ၊ ငါးပေါင်မုန့်၊ ငါးဆီထုတ်လုပ်ခြင်း) လုပ်ငန်း” ဆောင်ရွက်ရန် ခွင့်ပြုထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာမှာရှိတဲ့ မြန်မာနိုင်ငံသားများ ပိုင် “Global Earth Agro and Aqua Industry Public Company Limited” ရဲ့ လုပ်ငန်းခွင်လည်းပါဝင်ပါတယ်။ အဲဒီလုပ်ငန်းခွင်မှ တောငါးမွေးမြူရေး တစ်ခုတည်း မဟုတ်ဘဲ ငါးမွေးမြူရေးနဲ့ ဆက်စပ်တဲ့ ကွင်းဆက် တစ်လျှောက်လုံးကို နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့်စနစ်နဲ့ လက်တွေ့ အကောင်အထည်ဖော် ဆောင်



**မြေသားကန်ဘောင်များ စနစ်တကျတည်ဆောက်ခြင်း**

ရှက်နေတာကို အားရကျေနပ်ဖွယ် တွေ့ရှိရတဲ့အတွက် အခြားငါး မွေးမြူရေးလုပ်ငန်းများ အတုယူနိုင်စေရန်၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်တဲ့ အခွင့်အလမ်းများအား သိရှိနိုင်စေရန်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့လည်း ယခုလိုလုပ်ငန်းမျိုးများစွာ ပေါ်ထွက်လာစေရေး အသိပညာပေး တိုက်တွန်းနိုင်စေရန် ရည်ရွယ်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဖော်ပြလိုက်ရပါတယ်။

**နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော ခေတ်မီငါးမွေးမြူရေး စနစ်များဖြင့် မွေးမြူခြင်း**

ပုံမှန်ငါးမွေးမြူရေးလုပ်ငန်းများအနေနဲ့ရေသေအသုံးပြုတဲ့ Extensive စနစ်နဲ့ပဲ မွေးမြူကြတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံတကာအဆင့်မီ ငါးမွေးမြူရေးလုပ်ငန်းကြီးတွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ကို ထိန်းညှိမှုပေးနိုင်ပြီး ကျန်းမာသန်စွမ်းတဲ့ ငါးတွေရဖို့အတွက် ရေချို (Freshwater) သို့မဟုတ် ရေချိုရေငန်စပ် (Brack-ishwater) သို့မဟုတ် ရေငန် (Marine) တွေကိုသုံးပြီး အထူးကြပ်မတ်မွေးမြူရေးစနစ် Intensive စနစ်နဲ့ မွေးမြူကြပါတယ်။ အခုလုပ်ငန်းမှာလည်း နိုင်ငံတကာငါးမွေးမြူရေး လုပ်ငန်းကြီးများ အသုံးအများဆုံးစနစ်တစ်ခုဖြစ်တဲ့ ရေချို (Freshwater) ကို သုံးပြီးမွေးထားတာဖြစ်ပါတယ်။ ရေချိုရရှိဖို့အတွက် ရေကို အသွင်းအထုတ်နဲ့ အမြဲလှည့်လည်နေစေပြီး ရေအရင်းအမြစ်ကိုတော့ မြေအောက်ရေမှ တူးယူတာ မဟုတ်ဘဲ လုပ်ငန်းအနီးရှိ ရွှေလောင်းမြစ်မှ ရေကို နည်းပညာနဲ့ အဆင့်ဆင့်သန့်စင်အောင် ဆောင်ရွက်ပြီးမှ အသွင်းအထုတ်ပြုလုပ် သုံးစွဲတာဖြစ်ပါတယ်။

ငါးသားဖောက်စခန်း (Hatchery) မှာလည်း နော်ဝေနည်းပညာအသုံးပြုပြီး စနစ်တကျ သားဖောက်ထားတဲ့ ငါးသားပေါက်လေးများကို ရေအဝင်/အထွက်ရှိတဲ့ ရေရှင်စနစ် (Running Water System)၊ အစာအာဟာရ မျှတအောင် စက်များဖြင့် ချိန်ညှိကျွေးမွေးသည့်စနစ် (Auto Feeding System)၊ ရွေ့လျားစက်များဖြင့် ညီမျှအောင် အစာကျွေးမွေးသည့်စနစ် (Mobile & Equal Feeding Sys-tem)၊ ရေထဲ၌ အောက်ဆီဂျင်ရအောင် ပြုလုပ်ပေးသည့်စနစ် (Aeration System) တို့နဲ့ ကြီးထွားနိုင်အောင် နိုင်ငံတကာစံနှုန်းမီ စီမံထားပါတယ်။

ဇီဝလုံခြုံရေးအတွက်ကိုလည်း ဘက်တီးရီးယား၊ မှို စတာတွေကြောင့်ဖြစ်ပွားမဲ့ ရောဂါပိုးများနဲ့ ပြင်ပသက်ရှိများ ဝင်ရောက်မှုကြောင့်ဖြစ်ပွားမဲ့ ကူးစက်ရောဂါများကို လျှော့ချနိုင်စေရန် ရေအရင်းအမြစ်၊ အစားအစာ၊ စက်ကိရိယာ၊ ဝန်ထမ်း၊ စွန့်ပစ်ပစ္စည်းများကို ရုပ်ပိုင်းဆိုင်ရာ အတားအဆီး အစီအမံများ (Physical Barriers) ရေသန့်စင်မှုစနစ်နှင့် သီးသန့်ခွဲနေထိုင်မှု (Water Treatment and Quarantine) တို့အပြင် ဓါတုဆိုင်ရာ စီမံ တားဆီးမှုများ (Chemical Measures) နဲ့တကွ ခေတ်နဲ့ ကိုက်ညီစွာ ဇီဝလုံခြုံရေး အပြည့်နဲ့ မွေးမြူထားတာဖြစ်ပါတယ်။



**ဝန်ချီစက်များဖြင့် ငါးဖမ်းယူခြင်း**

ငါးမွေးမြူရေးကန်များ (Grow Out Farm) ကိုတော့ ငါးအရွယ်အစားအလိုက် အထူးစီမံထားတဲ့သံမဏိဘောင် ကန်များနဲ့အဓိကမွေးမြူထားပါတယ်။ ငါးကြီးတွေအတွက် မြေသားကန်များ မွေးမြူထားတာတွေလည်းရှိပါတယ်။ ငါး မွေးမြူရေးကန်တွေမှာလည်း ရေရှင်စနစ်၊ စက်ဖြင့် အစာကျွေးသည့်စနစ်၊ အောက်ဆီဂျင်မြင့်မားအောင် ဖြည့်ဆည်းပေးသည့်စနစ်၊ ငါးအရွယ်အစား/ သက်တမ်းအလိုက် ရေအနက်ကို ချိန်ညှိသည့်စနစ်တို့နဲ့ မွေးမြူထားပါတယ်။ အဆိုပါစနစ်တွေဟာနိုင်ငံတကာမှာရှိတဲ့ အဆင့်မြင့် ငါးမွေးမြူရေး လုပ်ငန်းအချို့မှာပဲ အသုံးပြုနိုင်တဲ့ စနစ်တွေပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ငါးရဲ့အလေးချိန်နဲ့ရှိရမယ့် ရေထုပမာဏ အပေါ် မူတည်ပြီးတော့ ကန်အရွယ်အစား အဆင့်ဆင့် ပြောင်းရွှေ့မွေးမြူတဲ့စနစ် (Biomass System) ကိုလည်း ကျင့်သုံး

ထားပါသေးတယ်။ ၂ ဂရမ် ကနေ ၆ ဂရမ်အထိ ကြီးထွားစေဖို့ တည်ဆောက်ထားတဲ့ကန်မှာ ရက်ပေါင်း ၃၀၊ ပြီးတဲ့အခါ ၁၅ ဂရမ်အထိကြီးဖို့ နောက်တစ်ကန်ကို ရွှေ့ပြောင်းပြီး နောက်ထပ်ရက်ပေါင်း ၃၀ စသည်ဖြင့် ၈၀၀ ဂရမ်၊ ၁၂၅၀ ဂရမ်အထိ ကန်အဆင့်ဆင့်ကို အလိုအလျောက်စနစ်တွေနဲ့ ရွှေ့ပြောင်းမွေးမြူတာဖြစ်ပါတယ်။ အလိုအလျောက်စနစ် ဆိုတဲ့နေရာမှာ ငါးတွေကို လူအားနဲ့ခပ်ယူပြောင်းရွှေ့တာမျိုးမဟုတ်ဘဲ PVC ပိုက်ကြီးများမှ တဆင့်အဖွင့်အပိတ်အဆို့ရှင်(Valve)များနဲ့ ချိန်ကိုက် ရွှေ့ပြောင်းပေးတာမျိုးဖြစ်ပါတယ်။

လုပ်ငန်းဝန်းအတွင်းမှာပဲရှိတဲ့ အအေးခန်းနဲ့ ငါးပြုပြင် ထုတ်လုပ်မှုစက်ရုံများကို သို့မဟုတ် အခြားဈေးကွက်တွေကိုပို့ဖို့အတွက် ငါးတွေကို ဖမ်းဆီးစုဆောင်းတဲ့ နေရာမှာ လည်းငါးဖမ်းပိုက်ကြီးများ၊ စက်ယန္တရားများအသုံးပြုပြီး ဖမ်းဆီးတာဖြစ်ပါတယ်။ ဒီလိုခေတ်မီတဲ့ စနစ်သုံးတဲ့ အတွက် လူအင်အား သက်သာရုံမက ငါးမှာအထိအခိုက်အပွန်းအပဲ့ နည်းတာကိုလည်း တွေ့ရပါတယ်။ ဖမ်းဆီးထားတဲ့ ငါးတွေကိုလည်း အအေးခန်းကားထဲ ချက်ချင်းထည့်သွင်းပြီး ဈေးကွက်ကို ဖြန့်ဖြူးနိုင်အောင်စီစဉ်ထားပါတယ်။

ငါးတစ်ကောင်မှာ အသား ၃၀ ရာခိုင်နှုန်းနဲ့ အမြီး၊ ခေါင်း၊ အရိုး၊ အရေခွံ၊ အတွင်းကလီစာတို့က ၇၀ ရာခိုင်နှုန်းရှိပါတယ်။ ပုံမှန်အားဖြင့် သာမန်ငါးမွေးမြူ ထုတ်လုပ်ခြင်းမှာဆိုရင်တော့ အသား ၃၀ ရာခိုင်နှုန်းကို အဓိကထုတ်ကုန်အဖြစ် ထုတ်လုပ်လေ့ရှိပါတယ်။ကျန် ၇၀ ရာခိုင်နှုန်းထဲက ကုန်ချောအဖြစ် ဆက်လက် ထုတ်လုပ်နိုင်ချေကတော့ အလွန်နည်းပါးပါတယ်။ ဒီလုပ်ငန်းမှာတော့ ငါးတစ်ကောင်လုံး ပစ်စရာမရှိအောင် Zero Food Waste Production Management အသုံးပြုတာဖြစ်ပြီး ဒီလိုအသုံးပြုနိုင်တာဟာ မြန်မာနိုင်ငံတင်မက အရှေ့တောင်အာရှမှာပင် အလွန်ရှားပါးသေးတာ ဖြစ်ပါတယ်။

ငါးတစ်ကောင်လုံး သုံးနိုင်ဖို့ဆိုရာမှာ By Products အဖြစ်ထွက်ရှိလာတဲ့ အမြီးခေါင်းစုံ ၇၀ ရာခိုင်နှုန်းကို လတ်ဆတ်အောင်ဆက်လက်ထားရှိနိုင်ဖို့နဲ့ အစိတ်အပိုင်းတစ်ခုချင်းအလိုက် တန်ဖိုးမြှင့် ငါးထုတ်လုပ်မဲ့ လုပ်ငန်းစဉ်များထံသို့ အစီစဉ်တကျ ပေးပို့ထုတ်လုပ်နိုင်ဖို့ အရေးကြီးတာဖြစ်ပါတယ်။ အခုလေ့လာခဲ့တဲ့ လုပ်ငန်းမှာတော့ By Products များကို အမျိုးအစား တစ်ခုချင်းအလိုက် ခွဲခြားအေးခဲထားတဲ့ ငါးအအေးခန်းများ အလုံအလောက်ထားရှိစီစဉ်ထားပါတယ်။ပြီးတဲ့အခါမှာ ဆက်လက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဆက်လက်ထုတ်လုပ် သွားတာပဲဖြစ်ပါတယ်။

ငါးအကောင်လိုက် ဈေးကွက်ကိုပို့ပြီး ရောင်းချတာလည်းရှိပါတယ်။ ၁.၂ ကနေ ၁.၅ ကီလိုဂရမ်ရှိတဲ့ ငါးတွေကိုတော့ ငါးပြုပြင်ထုတ်လုပ်မှု ဆောင်ရွက်မဲ့ အအေးခန်းနဲ့ ငါးပြုပြင်ထုတ်လုပ်မှု စက်ရုံတွေကို ပို့ဆောင်ပြီး တန်ဖိုးမြှင့် ပစ္စည်းများ ဆက်လက်ထုတ်လုပ်ပါတယ်။ လုပ်ငန်းဝန်းအတွင်းမှာ တန်ဖိုးမြှင့်စက်ရုံတွေ အများအပြားရှိပါတယ်။ ကိုယ်တိုင်ထုတ်လုပ်တာဖြစ်တဲ့အတွက် ငါးတစ်ကောင်လုံးကို ငါးအသားလွှာကနေ ငံပြာရည်အဆုံး ပစ်စရာမရှိအောင် အသုံးချသွားတာဖြစ်ပါတယ်။ ငါးအသားကိုအသုံးပြုပြီး ငါးအသားလွှာ၊ ငါးအသားလုံး၊ ငါးအသားပြား၊ ငါးအသားချောင်း၊ ငါးခြောက်တို့ထုတ်လုပ်ပါတယ်။ ငါးအမြီးနဲ့ ခေါင်းတို့မှ ငါးမြီးကြော်၊ အအေးခဲ ငါးခေါင်းတို့ထုတ်ပါတယ်။ ငါးအရေခွံကနေကတော့ ငါးဆီ၊ ငါးအရေခွံကြော်၊ ကော်လက်ဂျင် (Collagen) တို့ကို ထုတ်လုပ်ပြီးကျန်ငါးအရိုးနှင့် ကလီစာများကနေ ငါးဆီပေါင်း၊ ငါးအသားမှုန့်၊ ငံပြာရည်တို့ ထုတ်လုပ်သွားတာဖြစ်ပါတယ်။

**ကွင်းဆက်တစ်ခုလုံးချိတ်ဆက်မိအောင် ဆောင်ရွက်ထားခြင်း**

မြန်မာနိုင်ငံမှာ သဘာဝအားဖြင့်ဆိုရင်တော့ ၁၂ လရာသီမှာ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေလများမှာပဲ ငါးသားပေါက်မှုအများဆုံးဖြစ်ပါတယ်။ ဈေးကွက်ဝယ်လိုအားကိုဖြည့်တင်းဖို့နဲ့ Mass Production ဖြစ်နိုင်ဖို့အတွက် ၁၂ ရာသီလုံးမှာ ငါးသားပေါက်ရရှိနိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် မျိုးကောင်းမျိုးသန့်ဖြစ်ဖို့လည်း လိုအပ်တဲ့အတွက်ယခုလုပ်ငန်းမှာ ခေတ်မီငါးမွေးမြူရေး သီးသန့်မဟုတ်ဘဲနည်းပညာနဲ့ မျိုးဖောက်ပေးနိုင်မဲ့ မျိုးငါးမွေးမြူရေးကန်

များကိုလည်း ထည့်သွင်းပြီး ကွင်းဆက်တစ်ခုလုံးပါ ချိတ်ဆက်မိအောင် ဆောင်ရွက်ထားပါတယ်။

မျိုးငါးမွေးမြူရေးကန်များ(Breeder Farm) မှာ သဘာဝအတိုင်း ကြီးထွားလာစေရန် ငါးမျိုးရင်း ငါးတန်ကြီးများရဲ့ ဥကနေ မျိုးဖောက်စေပါတယ်။ မျိုးငါးကြီးများကို၁၂ လရာသီလုံး သားပေါက်နိုင်အောင် သားပေါက်ရာသီမှာရှိရမဲ့ အပူချိန်နဲ့ ပတ်ဝန်းကျင် အနေအထားရအောင် နည်းပညာနဲ့စီမံထားပြီးတော့ ဥတင်လာတဲ့ မျိုးငါးများကို ဆေးထိုးပြီး ဥစေတာဖြစ်ပါတယ်။ တစ်ရက်ကို ဥပေါင်း သန်း ၂၀ ခန့် ဥထုတ်ယူနိုင်ပြီး သားလောင်းလေးတွေကို နော်ဝေနည်းပညာ အသုံးပြုပြီး အထူးစောင့်ရှောက်မှုပြုလုပ်ထားတဲ့ မြေစိုက်ကန်များ၊ ဖိုင်ဘာကန်များပါဝင်တဲ့ သားပေါက်ကြီးပြင်းမှုကန်များမှာ စုစုပေါင်းရက် ၁၀၀ ခန့် ထားရှိပါတယ်။

ကျန်းမာလတ်ဆတ်ပြီး အပြစ်အနာဆာကင်းတဲ့ ငါးတွေဖြစ်ထွန်းနိုင်ဖို့ စံချိန်စံနှုန်းကိုက်ညီတဲ့ အစာအာဟာရများ ပြည့်စုံလုံလောက်စွာ ရရှိရေးကလည်း အရေးကြီးလှပါတယ်။ အခုလုပ်ငန်းမှာ ငါးအစာတောင့် စက်ရုံကိုလည်း ဆောက်လုပ်ဖို့စီစဉ်ထားတာ တွေ့ရပြန်ပါတယ်။ ငါးစာစပ်တဲ့နေရာမှာတော့ ငါးရဲ့သက်တမ်းအလိုက် လိုအပ်ချက်ကိုက်ညီတဲ့ အာဟာရပြည့်စုံအောင်အပြင် ဈေးကွက် ဝယ်လိုအားအရ လိုအပ်တဲ့ ငါးရဲ့အသား အရောင်ကောင်းမှု၊အနံ့အသက်ကောင်းမှုတို့ကိုပါ အထောက်အပံ့ပေးနိုင်မဲ့အာဟာရပစ္စည်းမျိုးကို သုံးစွဲထုတ်လုပ်သွားမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံသားလုပ်ငန်းရှင်မှ ဦးဆောင်ဆောင်ရွက်ခြင်း**

နောက်ထပ် ဂုဏ်ယူစရာကောင်းတဲ့ အချက်တစ်ချက်ကတော့ယခုသွားရောက်လေ့လာခဲ့တဲ့ နိုင်ငံတကာအဆင့်အတန်းမီ လုပ်ငန်းကြီးကို ဦးဆောင်ဆောင်ရွက်နေသူဟာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ဖြစ်နေတဲ့ အချက်ပါပဲ။ ကုမ္ပဏီကလည်း မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီဖြစ်ပြီး စီမံခန့်ခွဲမှုပိုင်းမှာလည်း မြန်မာနိုင်ငံသားကပဲ ဦးဆောင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာတွေအတွက် ထိုင်း၊ ဗီယက်နမ်၊ တရုတ်နိုင်ငံက ပညာရှင်တွေကို ခန့်ထားပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံသား အနေနဲ့ကတော့ ဝန်ထမ်းပေါင်း ၆၀၀ ခန့်ကို အလုပ်အကိုင်ပေးနိုင်တာဖြစ်ပြီး ဝန်ထမ်းများနေထိုင်ဖို့ အိမ်ယာတွေကိုလည်း ဓါတ်လှေကားပါဝင်တဲ့ ၅ ထပ်တိုက် အဆင့်မြင့်နှစ်ခန်းတွဲ အိမ်ယာများ၊ ဆေးခန်းများ၊ အားကစားကွင်းများ၊ ပန်းခြံများပါ စီစဉ်ပေးထားပါတယ်။ မြန်မာနိုင်ငံသားအချင်းချင်း ဝန်ထမ်းများနဲ့ဝန်ထမ်း မိသားစုများကို လုပ်ငန်းခွင်ဝန်း အတွင်းမှာပဲ စိတ်လက်ချမ်းသာစွာနဲ့ အလုပ်လုပ်နိုင်အောင် စီစဉ်ပေးထားတာကိုလည်း မုဒိတာပွားစရာ တွေ့ရှိရပါတယ်။

ခေတ်မီနည်းစနစ်များနဲ့ မွေးမြူခြင်း၊ လုပ်ငန်းစဉ်များစနစ်တကျ ချိတ်ဆက်ဆောင်ရွက်ခြင်း (Supply Chain Management) ၊ စွန့်ပစ်ပစ္စည်းမရှိ ရာနှုန်းပြည့် အသုံးပြုနိုင်အောင် မွေးမြူခြင်း (Integrated Fish Farming) တို့ကြောင့်ထုတ်ကုန်ကောင်းများရရှိခြင်း၊အခြားကုန်ကျစရိတ်များ လျှော့ချနိုင်တဲ့အတွက် ဈေးနှုန်း သက်သာစွာ ရောင်းချပေးနိုင်ခြင်း၊ စားသောက်ရာမှာလည်း ကျန်းမာရေးနဲ့ ညီ




**သားဖောက်ကန်များ**

ညွှတ်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိစေတာ တွေ့ရှိရပါတယ်။ နည်းပညာဖွံ့ဖြိုးမှုများ၊ အလုပ်အကိုင် အခွင့်အလမ်းများအပြင် သွင်းကုန်အစားထိုးနိုင်ခြင်း၊ ပို့ကုန်မြှင့်တင်နိုင်ခြင်းတို့ကိုလည်း များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

နိုင်ငံတကာမှာတောင် ခုလိုမျိုးဆောင်ရွက်နိုင်တဲ့ ငါးမွေးမြူရေးလုပ်ငန်းမျိုးအများအပြား မရှိသေးပါဘူး။ လက်ရှိမှာ လုပ်ငန်းရည်မှန်းချက် (Business Plan) ကို ၇၀ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော်ပြီးနေပြီး ၁၀၀ ရာခိုင်နှုန်းလုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီးခဲ့မယ်ဆိုရင်တော့ အရှေ့တောင်အာရှမှာ အကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ငါးမွေးမြူရေးလုပ်ငန်း (၁၀) ခုစာရင်းဝင် ဖြစ်လာမှာဖြစ်ပါတယ်။

**ငါးမွေးမြူရေးလုပ်ငန်း ရှေ့အလားအလာနှင့် နိုင်ငံတော်၏ ပံ့ပိုးမှု**

လုပ်ငန်းတွေကို ကွင်းဆင်းကြည့်ရှုတဲ့နေရာမှာအခြားမွေးမြူရေးလုပ်ငန်းအပါအဝင် ငါးမွေးမြူရေး လုပ်ငန်းရှင်များအနေနဲ့ ကိုဗစ်ကာလအထိနာခဲ့ရမှုများကို ကုစားနိုင်ဖို့ ပြန်လည် အားဖြည့်ပြီး ဆောင်ရွက်လျက်ရှိကြတာတွေ့ရပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၂၀၂၁ ခုနှစ်အတွင်း ခွင့်ပြုခဲ့တဲ့လုပ်ငန်းတွေထဲမှာ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ခုနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၁ ခု ပါဝင်တဲ့အပြင် ကော်မရှင်ကို အဆိုပြုလွှာတင်ပြထားတဲ့ လုပ်ငန်းတွေလည်း များစွာရှိနေသေးတဲ့အတွက် မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍဟာ အလားအလာကောင်းတယ်လို့လည်း ယူဆနိုင်ပါတယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ဥပဒေအရ သားငါးကဏ္ဍကို ၃ ရာခိုင်နှုန်း တိုးတက်ဖို့နဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) ရဲ့ ၇.၄ ရာခိုင်နှုန်း ပါဝင်ဖို့ ရည်မှန်းထားတာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ငါးလုပ်ငန်းရှင်များ အပါအဝင်မွေးမြူရေးလုပ်ငန်းရှင်များကို ငွေကြေးပိုင်းမှာ အထိုက်အလျောက် အထောက်အပံ့ရရှိနိုင်ရေးအတွက် ပထမအကြိမ်အဖြစ် လုပ်ငန်းပေါင်း ၁၁၄ ခု၊ ဒုတိယအကြိမ် အဖြစ် လုပ်ငန်းပေါင်း ၂၃၂ ခု၊ စုစုပေါင်း ၃၄၆ ခုကို ချေးငွေ ထုတ်ချေးထားပါတယ်။ နိုင်ငံတော်ရဲ့ ချေးငွေအပြင် ပြည်တွင်း၊ ပြည်ပဘဏ်များနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဖက်စပ်ဆောင်ရွက်လိုတဲ့ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခြင်း၊ ဖွံ့ဖြိုးမှုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်၊ ပါမစ်များကို လျင်မြန်စွာခွင့်ပြုပေးခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်အောင် ကူညီထောက်ပံ့ပေးခြင်းတို့နဲ့ ဆက်လက်ပံ့ပိုးပေးမယ်ဆိုရင်တော့ ပုံမှန်ငါးမွေးမြူရေး လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် အထက်တွင်ဖော်ပြခဲ့သော ခေတ်မီကွင်းဆက်ချိတ်ဆက် ငါးမွေးမြူရေးလုပ်ငန်းများပါထပ်မံ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ငါးမွေးမြူရေးကဏ္ဍအတွက် အခြေခံအရင်းအမြစ်များ ရှိပြီးဖြစ်တဲ့အတွက် ခေတ်မီနည်းစနစ်များ၊မူဝါဒများနဲ့ မြှင့်တင်နိုင်ပါက နိုင်ငံရဲ့စားနပ်ရိက္ခာ ဖူလုံလာခြင်း၊ သွင်းကုန်လျော့ကျ၍ ပို့ကုန်တိုးတက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေတိုးတက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်းနဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို အားပေး ကြိုဆိုလျက်ရှိပါကြောင်းငါးမွေးမြူရေးလုပ်ငန်းအကြောင်း တစေ့တစောင်းလေ့လာသုံးသပ် ရေးသားလိုက်ရပါတယ်။

**မောင်သစ္စာ (ရန်ကင်း)**

## ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စတင်အသက်ဝင်

အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုးရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့ ပါဝင်ခဲ့သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းစဉ်နှင့် လက်မှတ်ရေးထိုးစဉ် ကာလများ၌ RCEP သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်မှုတို့ကို အများပြည်သူသိရှိနိုင်ရန် သတင်းစာများတွင် ရေးသားဖော်ပြ၍လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသို့ ဆွေးနွေးချပြမှုကို လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

**ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်** (Regional Comprehensive Economic Partnership - RCEP) ကို **၂၀၁၂ ခုနှစ်မှစတင်၍** (၈) နှစ်ကြာ ညှိနှိုင်းခဲ့ကြပြီး မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ RCEP သဘောတူစာချုပ်သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ ကုန်သွယ်မှု၏ ၂၉ ရာခိုင်နှုန်းနှင့် ကမ္ဘာ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတိုက်ရိုက်စီးဝင်ခြင်း၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် ကမ္ဘာ့အကြီးမားဆုံး စည်းမျဉ်းအခြေခံနိုင်ငံစုံ ကုန်သွယ်မှုသဘောတူစာချုပ် တစ်ခု ဖြစ်ပါသည်။ ယင်းသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင် အသက်ဝင်ခြင်းဖြင့် စာချုပ်ပါ အခွင့်အလမ်းများကို ရယူခံစားနိုင်တော့မည် ဖြစ်ပါ သည်။

RCEP သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံ၏မိတ်ဖက်နိုင်ငံများအနက် တရုတ်နိုင်ငံက ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံ၏အသက်ဝင်ကြောင်း အကြောင်းကြားစာကို အသိအမှတ်ပြုခဲ့ပြီး ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှစတင်၍ RCEP သဘောတူစာချုပ်အောက်မှ တရုတ်နိုင်ငံမှ ပေးအပ်မည့် အကောက်ခွန်ဆိုင်ရာ ဦးစားပေး အခွင့်အရေးနှင့် အခြားခံစားခွင့်များကို စတင်ခံစားနိုင်ပြီ ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုး ခဲ့သည့် အာဆီယံ- တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area- ACFTA) အရလည်း အခွင့်အရေးများကို ခံစားလျက်ရှိပါသည်။ သို့သော် ACFTA သည် အာဆီယံနှင့် မိတ်ဖက်နိုင်ငံအကြား ပထမဆုံး စတင်ဆောင်ရွက်ခဲ့သည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (Free Trade Agreement-FTA) ဖြစ်သဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍအနည်းငယ်သာ ပါဝင်ခဲ့ပါသည်။ RCEP သဘောတူစာချုပ်တွင် ပိုမိုကျယ်ပြန့်သည့် ခေတ်နှင့်လျော်ညီသည့် ကဏ္ဍစုံပါဝင်သော စာချုပ်ဖြစ်သဖြင့် မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို RCEP သဘောတူစာချုပ်အောက်မှ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မြန်မာလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ယခင်က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တစ်ဖက်သတ် ကင်းလွတ်သက်သာခွင့်ကိုသာ ပေးသည့် အစီအစဉ်နှင့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်တို့ကိုသာ အသုံးပြုလျက်ရှိရာမှ ယခုအခါ RCEP သဘောတူစာချုပ်အောက်မှ အခွင့်အရေးများကိုပါ ပိုမိုအသုံးပြုနိုင်မည် ဖြစ်ပါသည်။

RCEP သဘောတူစာချုပ်တွင် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်၌ မပါဝင်ခဲ့သည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်းသည့် တင်ပို့မည့် ကုန်ပစ္စည်းအမျိုးအစား၊ ကောက်ခံမည့် အကောက်ခွန်တန်ဖိုးနှင့် မြန်မာနိုင်ငံမှ ထွက်ရှိ/ ထုတ်လုပ်သည့်ကုန်ပစ္စည်းတို့ကိုကြိုတင်သတ်မှတ်ခြင်း၊ ကုန်ပစ္စည်းရောက်ရှိ သည့်အချိန်မှစ၍ ၄၈ နာရီအတွင်း အကောက်

ခွန်ရှင်းလင်းရေးကို ပြီးစီးအောင် ဆောင်ရွက်ခြင်းစသည့် အချက်များ ထည့်သွင်းထားပါသည်။ သို့ပါ၍ RCEP သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းများကို လျင်မြန်စွာ ထုတ်ယူနိုင်သည့် အကျိုး ကျေးဇူးရရှိမည် ဖြစ်ပါသည်။

ထို့ပြင် သွင်းကုန်ပမာဏမြင့်တက်မှုမှ ကာကွယ်ပေးခြင်း၊ လျှော့ဈေးဖြင့် စုပုံတင်ပို့ ရောင်းချခြင်းနှင့် တစ်ဖက်နိုင်ငံမှ အထောက်အပံ့ရယူ၍ တင်ပို့ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်တွင်းလုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကို ကာကွယ်ဖြေရှင်းနိုင်သည့် အချက်များ ပါဝင်သဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား RCEP သဘောတူစာချုပ်အရ ကုန်သွယ်မှု ပြုလုပ် ရာတွင် ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မြန်မာလုပ်ငန်းရှင်များ အနေဖြင့် တရုတ်နိုင်ငံသို့ ယခုအချိန်မှစ၍ ကုန်ပစ္စည်းအမယ် ၅၉၆၉ မျိုးကို အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်သည့် အခွင့်အရေးရရှိမည် ဖြစ်ပါသည်။ ၎င်းတို့မှာ တိရစ္ဆာန် ထွက်ကုန်ပစ္စည်း ၃၆၈ မျိုး၊ စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်း ၃၈၉ မျိုး၊ ဆီထွက်ကုန်ပစ္စည်း ၁၀ မျိုး၊ အစားအစာနှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်း ၁၆၃ မျိုး၊ တွင်းထွက်ကုန်ပစ္စည်း ၁၈၁ မျိုး၊ ဓာတုထွက်ကုန်နှင့် လုပ်ငန်းသုံးကုန်ပစ္စည်း ၁၁၂၇ မျိုး၊ ပလတ်စတစ်ပစ္စည်း ၁၂၅ မျိုး၊ သားရေထည်ပစ္စည်း ၆၇ မျိုး၊ သစ်တောထွက်ပစ္စည်း ၂၃၄ မျိုး၊ အထည်အလိပ်နှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်း ၉၀၃ မျိုး၊ ဖိနပ်၊ ထီးအပါဝင်ပစ္စည်းမျိုးစုံ ၂၉ မျိုး၊ ဘိလပ်မြေနှင့်ဘိလပ်မြေထွက်ပစ္စည်းများ၊ မှန်နှင့် မှန်ပစ္စည်း ၁၄၆ မျိုး၊ ပုလဲနှင့် အဖိုးတန် ကျောက်မျက်ပစ္စည်း ၆၂ မျိုး၊ သတ္တုနှင့် သတ္တုအခြေခံပစ္စည်း ၅၅၄ မျိုး၊ စက်နှင့် စက်ပစ္စည်းအစိတ်အပိုင်း ၁၀၅၈ မျိုး၊ မော်တော်ကား၊ လေယာဉ်၊ သင်္ဘောနှင့် သယ်ယူပို့ဆောင်ရေးအစိတ်အပိုင်းများ ၁၂၄ မျိုး၊ ဆေးပစ္စည်း၊ ရုပ်ရှင်လုပ်ငန်းသုံးပစ္စည်းနှင့် တူရိယာ ပစ္စည်း ၂၄၀ မျိုး စသည်တို့ ပါဝင်ပါသည်။ ကျန်ကုန်စည်များကိုလည်း နှစ်အလိုက် ပေးဆောင်ရမည့်အကောက်ခွန် လျှော့ချသည့် အခွင့်အရေးများကို ပေးအပ်ထားပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန် ကုန်သွယ်မှုမှာ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၅၄၂၀.၀၅၂ နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၆၇၂၉.၁၇၄ ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉၏ သက်ရောက်မှုများကြောင့် အမေရိကန်ဒေါ်လာ သန်း ၅၁၆၀.၈၂၅ နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၄၆၄၇.၀၉၆ ဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းအများစုကို အကောက်ခွန်နှုန်း ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် တင်ပို့နိုင်မှာဖြစ်သည့်အတွက် နိုင်ငံ့ပို့ကုန်ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ အခွန်အကောက် ဝင်ငွေများ ပိုမိုတိုးတက်ရရှိခြင်းစသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်ပါသည်။

ဝန်ဆောင်မှုအပိုင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အနေဖြင့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်တွင် ဝန်ဆောင်မှုကဏ္ဍခွဲ (၅၂) ခုကို ဖြေလျှော့ထားသော်လည်း၊ RCEP သဘောတူစာချုပ်အောက်တွင် စီးပွားရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ဖြန့်ဖြူးခြင်း၊ ပညာရေး၊ ပတ်ဝန်းကျင်၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ ပို့ဆောင်ရေးနှင့် အခြားဝန်ဆောင်မှုကဏ္ဍများ အောက်မှ ဝန်ဆောင်မှု ကဏ္ဍခွဲ (၈၀) ခုကို ဖြေလျှော့ထားပါသည်။ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်တွင် ဝန်ဆောင်မှုကဏ္ဍခွဲ (၈၈) ခုကိုသာ ဖြေလျှော့ထားသော်လည်း RCEP သဘောတူစာချုပ်တွင် ဝန်ဆောင်မှုကဏ္ဍခွဲ (၉၅) ခုထိ ဖြေလျှော့ ထားပါသည်။

ဝန်ဆောင်မှုကဏ္ဍများ ပိုမိုဖြေလျှော့ခြင်းအားဖြင့် စီးပွားရေး စွမ်းဆောင်မှုများ တိုးမြှင့်လာနိုင်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်နှင့် ထုတ်လုပ်မှုများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်မားလာနိုင်ခြင်း၊ ဝန်ဆောင်မှု စားသုံးသူများအတွက် ကောင်းမွန်သည့် အရည်အသွေးများအား ရွေးချယ်နိုင်ရန် အခွင့်

အလမ်းများ ရရှိလာနိုင်ခြင်း၊ သဘောတူစာချုပ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော အရည်အသွေးမြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ စီးဝင်လာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများလည်း လွှဲပြောင်းလက်ခံရယူနိုင်မည် ဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍများနှင့် ဆက်စပ်သည့် အခြားနယ်ပယ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။


ယခင်ကရှိခဲ့သည့် အာဆီယံ၏ ကုန်သွယ်ရေး သဘောတူစာချုပ်များတွင် ပါဝင်ခြင်း မရှိဘဲ RCEP သဘောတူစာချုပ်တွင် ထည့်သွင်းထားသည့် နယ်ပယ်များဖြစ်သည့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအခန်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအခန်း၊ အစိုးရဝယ်ယူရေးအခန်းနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အခန်းများနှင့် စပ်လျဉ်း၍ အကူအညီနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်များအတွက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

RCEP သဘောတူစာချုပ်သည် ကဏ္ဍစုံပါဝင်သည့် ကမ္ဘာ့အဆင့်မီစာချုပ်ဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များကို လိုက်ပါအကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံအတွက် လိုအပ်သည့် ဥပဒေ၊ မူဘောင်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်သကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အသီးသီးမှ အဖွဲ့အစည်းများအတွက်လည်း နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန် အရည်အသွေး မြှင့်တင်နိုင်မည့် အခွင့်အရေးများကို ရရှိနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံဖြစ်သဖြင့် RCEP သဘောတူစာချုပ်တွင် ပါဝင်သည့် အချို့သော ကတိကဝတ်များကို လိုက်ပါဆောင်ရွက်ရန် မလိုဘဲ တစ်ဖက်သတ်အခွင့်အရေးကို (၃)နှစ်မှ (၁၅) နှစ်အထိ ရရှိထားပါသည်။ အဆိုပါ အချိန်ကာလအတွင်း နိုင်ငံအတွက် လိုအပ်သည့် ဥပဒေမူဘောင်ရေးဆွဲ ပြဋ္ဌာန်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ခြင်း၊ စာချုပ်အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့် တင်ခြင်းတို့ကို အချိန်မီဆောင်ရွက်ရွက်နိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား RCEP သဘောတူ စာချုပ် အသက်ဝင်လာခြင်းသည် မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပြင် အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်မှုများ အတွက် ဒေသတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နောက်ထပ်ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**(မေစီးပွား)**



## နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ

**နိဒါန်း**

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု ခိုင်မြဲစေရန် တည်ဆောက်ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရများအကြား ခိုင်မာသော ကတိကဝတ်များ ရှိနေခြင်းသည်လည်း အခရာကျသောအကြောင်းရင်းခံတစ်ရပ် ဖြစ်ပါတယ်။ အစိုးရများ၏ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များမှတစ်ဆင့် ရရှိနိုင်သည့် စီးပွားရေးဆိုင်ရာ ပံ့ပိုးမှု၊ အကာအကွယ်ပေးမှုတို့သည် သက်ဆိုင်ရာ နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၏ ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများဟာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment–FDI) ကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ မောင်းနှင်အားသဖွယ် မှတ်ယူကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုကို နည်းပေါင်းစုံနဲ့ မြှင့်တင်နိုင်ဖို့ ကြိုးစားကြပါတယ်။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (Bilateral Investment Agreement–BIT) များ အသုံးပြုခြင်းဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံချက်များပေးနိုင်တဲ့ နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံများရဲ့ အစိုးရများအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များချုပ်ဆိုဆောင်ရွက်လျက် ရှိကြပါတယ်။ ကမ္ဘာပေါ်တွင် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များကို ၁၉၅၀ ပြည့်နှစ်လွန်ကာလများ ကတည်းက ညှိနှိုင်းဆွေးနွေးချုပ်ဆိုခဲ့ကြပါတယ်။ ၁၉၅၉ ခုနှစ်တွင် ကမ္ဘာ့ပထမဦးဆုံး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား ဂျာမနီနိုင်ငံနှင့် ပါကစ္စတန်အကြား ချုပ်ဆိုခဲ့ကြပါတယ်။ ၂၀၂၁ ခုနှစ်၊ မေလအထိ ကမ္ဘာ့နိုင်ငံများအကြား ချုပ်ဆိုခဲ့သော နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်စုစုပေါင်း ၂၈၄၃ ခု ခန့်ရှိပြီး သက်ဝင်ပြီးသဘောတူစာချုပ် စုစုပေါင်း ၂၂၉၀ ခုခန့် ရှိပါတယ်။

ယေဘုယျအားဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ဆိုသည်မှာ စာချုပ်ဝင်နိုင်ငံအသီးသီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ပြုလုပ်သောရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးရန်အလို့ငှာ နှစ်နိုင်ငံအကြား ချုပ်ဆိုသော စာချုပ်တစ်ရပ် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား နိုင်ငံခြားဈေးကွက်များသို့ ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့မှုရှိစေရန်နှင့် မျှတမှု ရှိစေရန် ပံ့ပိုးပေးနိုင်သည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်ချုပ်ဆိုရခြင်း၏ အဓိကရည်ရွယ်ချက် တစ်ရပ်မှာ ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်နေရသော နိုင်ငံရေးဆိုင်ရာ စွန့်စားရမှုများ လျော့ကျစေခြင်းဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား အားပေး မြှင့်တင်ရန် ဖြစ်ပါတယ်။

**အဓိကပြဋ္ဌာန်းချက်များ**

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်တွင် ပါဝင်လေ့ရှိသည့် အဓိကပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ တယ် –

(က) မျှတမှုရှိပြီးညီမျှမှုရှိသောဆက်ဆံဆောင်ရွက်မှု (Fair & Equitable Treatment)။

(ခ) အပြည့်အဝ ကာကွယ်မှုပေးခြင်းနှင့် လုံခြုံမှုပေးခြင်း (Full Protection & Security)။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့်ဆက်ဆံဆောင်ရွက်မှုထက်မလျော့နည်းသော ဆက်ဆံဆောင်ရွက်မှုပေးခြင်း (National Treatment)။

(ဃ) တူညီသောအခြေအနေမျိုးတွင် နိုင်ငံတစ်နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် အခြားသော နိုင်ငံတစ်နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုထက် မလျော့နည်းသော ဆက်ဆံဆောင်ရွက်မှုပေးခြင်း (Most Favoured Nation – MFN Treatment)။

(င) ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်း (သို့မဟုတ်) သွယ်ဝိုက်သိမ်းယူခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ (Restrictions on Expropriation and Indirect Expropriation)။

(စ) ဘဏ္ဍာငွေများအား လွတ်လွတ်လပ်လပ် လွှဲပြောင်းခွင့်ပြုခြင်း (Free Transfer of Funds)။

(ဆ) အငြင်းပွားမှု ဖြေရှင်းရေးစနစ် (Mechanism for Dispute Settlement)။

**အကျိုးကျေးဇူးများ**

နိုင်ငံတစ်နိုင်ငံ အနေနဲ့ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ ချုပ်ဆိုခြင်းအားဖြင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ် –

(က) ချုပ်ဆိုထားသည့် စာချုပ်များနှင့်အညီ လိုက်နာဆောင်ရွက်ရခြင်းကြောင့်ဥပဒေ၊ မူဝါဒနှင့် အဖွဲ့အစည်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲတိုးတက်စေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုတိုးတက်လာခြင်း။

(ခ) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် အကာအကွယ်ပေးမှု၊ တည်ငြိမ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ခန့်မှန်းသိရှိနိုင်မှုကို မြှင့်တင်နိုင်ခြင်းကြောင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ယုံကြည်ကိုးစားမှုကိုပိုမိုရရှိနိုင်ခြင်း။

(ဂ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ဆုံးဖြတ်ချက်ချရာတွင်ရင်းနှီးမြှုပ်နှံမှုစာချုပ်များ ချုပ်ဆိုထားမှုသည် ထည့်သွင်းစဉ်းစားလေ့ရှိသောအချက်တစ်ချက်ဖြစ်ခြင်းကြောင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေနိုင်ခြင်း။

**စိန်ခေါ်မှုများ**

ယနေ့အချိန်အခါတွင် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များနှင့် စပ်လျဉ်းသည့် အသိအမြင်များ ပိုမိုတိုးတက်လာပါတယ်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသော အငြင်းပွားမှုများ တိုးတက်များပြားလာခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အဆိုပါ စာချုပ်များရှိနေမှုနှင့် ယင်းစာချုပ်များမှ ၎င်းတို့အား ပေးအပ်ထားသည့်အကာအကွယ်ပေးမှုများကို သိရှိနားလည်ကြကြောင်း ကောက်ချက်ဆွဲနိုင်ပါတယ်။ တစ်ခါတစ်ရံ၌ အဆိုပါ စာချုပ်များကို အကြောင်းပြုလျက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများရရှိသည့် များပြားလှသော လျော်ကြေးငွေများသည်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အဆိုပါ စာချုပ်များအပေါ် စိတ်ဝင်စားမှုရှိလာစေရန် ပံ့ပိုးပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များသည် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကိုလည်းကောင်း သိသာသော အကျိုးသက်ရောက်မှုရှိနိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ဥပဒေအကြံပေး လုပ်ငန်းများသည် ၎င်းတို့ရဲ့ ဖောက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာ ရွေးချယ်မည်ဆိုပါက နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များကိုပါ ထည့်သွင်းစဉ်းစားရန် အကြံပြုဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါတယ်။

**နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်များ၏ အကျိုးသက်ရောက်မှု**

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစာချုပ်များ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းတဲ့ ရှာဖွေတွေ့ရှိမှုအချို့ကို ဇယား (၁) တွင် ဖော်ပြထားပါတယ် –

## ဇယား (၁) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု စာချုပ်များ၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းတဲ့ ရှာဖွေတွေ့ရှိမှု

| အရင်းအမြစ် | အိမ်ရှင်နိုင်ငံနှင့် မိခင်နိုင်ငံ အရေအတွက်/ ကာလ | အသုံးပြုခဲ့သည့် နည်းလမ်း | ရှာဖွေတွေ့ရှိချက် | သုံးသပ်ချက် |
|---|---|---|---|---|
| UNCTAD, 1998 | အိမ်ရှင် ဖွံ့ဖြိုးဆဲ နိုင်ငံ ၇၂ နိုင်ငံ၊<br>OECD ၁၄ နိုင်ငံ<br>(၁၉၇၁-၁၉၉၄)<br>အိမ်ရှင် ဖွံ့ဖြိုးဆဲ နိုင်ငံ ၁၃၃ နိုင်ငံ<br>(၁၉၉၅) | Cross-sectional step-wise regressions | BIT သည် မိခင်နိုင်ငံမှ FDI ကို အနည်းငယ် တိုးတက်စေပါသည်။<br>Regression ၉ ခု အနက် ၃ ခုသည် BIT က အပြု သဘောဆောင်ပြီး အလွန်အကျိုးသက် ရောက်မှုရှိကြောင်း ဖော်ပြပါသည်။ | BIT သည် FDI စီးဆင်းမှု အပေါ် လွှမ်းမိုးမှုရှိသော ဒုတိယအခန်းကဏ္ဍ (အနည်းငယ် အရေးပါ သောအခန်း ကဏ္ဍ) က ပါဝင်ပါ သည်။ |
| Hallward-Driemaier, 2003 | အိမ်ရှင် ဖွံ့ဖြိုးဆဲ နိုင်ငံ ၃၁ နိုင်ငံ၊<br>OECD ၂၀ နိုင်ငံ<br>(၁၉၇၁-၁၉၉၄)၊<br>နိုင်ငံအတွဲပေါင်း ၅၃၇ တွဲ<br>(၁၉၈၀-၂၀၀၀) | Fixed effects estima-tions | ကိန်းဂဏန်းအချက် အလက်များအရ BIT သည် FDI စီးဆင်းမှု အပေါ် သိသိသာသာ အကျိုးသက်ရောက်မှု မရှိပါ။ | BIT များသည် အစားထိုးမှုများထက် အဖွဲ့အစည်းဆိုင်ရာ အရည်အသွေးကောင်း ကို ဖြည့်ဆည်းပေးနိုင် သောအရာများ ဖြစ်ပါ သည်။ |
| Banga, 2003 | တောင်၊ အရှေ့နှင့် အရှေ့တောင်အာရှ တို့မှ အိမ်ရှင် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၅ နိုင်ငံ၊<br>မိခင်နိုင်ငံ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ အားလုံး | Random effects esti-mation | FDI မူဝါဒများသည် FDI စီးဝင်မှုများအတွက် အရေးပါသော အဆုံး အဖြတ်ပေးသော အရာ ဖြစ်ကာ အထူးသဖြင့် ကန့်သတ်ချက်များကို လည်း ဖယ်ရှားပေးသော အရာ ဖြစ်ပါသည်။<br>BITများသည် FDI စီးဝင်မှုများကို စေ့ဆော် ပေးရာတွင် အရေးပါ သော အခန်းကဏ္ဍက ပါဝင်နေပြီး အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ပြုလုပ်သော BIT များကို ဆိုလိုပါသည်။ | |
| Egger and Paffermayr, 2004 | မိခင်နိုင်ငံ OECD ၁၉ နိုင်ငံနှင့် အိမ်ရှင်နိုင်ငံ ၅၇ နိုင်ငံ (OECD ၂၇ နိုင်ငံအပါအဝင်) | Fixed effects estimation | Bilateral Stocks of FDI အပေါ် အတည်ပြု ပြီးသော BIT များ သည် အပြုသဘော ဆောင်သော သက်ရောက်မှု ရှိပါ သည်။ | BIT များသည် Real Stocks of Outward FDI အပေါ် အပြု သဘောဆောင်ပြီး သိသာသော အကျိုး သက်ရောက်မှု ရှိစေ ပါသည်။ |

| အရင်းအမြစ် | အိမ်ရှင်နိုင်ငံနှင့် မိခင်နိုင်ငံ အရေအတွက်/ ကာလ | အသုံးပြုခဲ့သည့် နည်းလမ်း | ရှာဖွေတွေ့ရှိချက် | သုံးသပ်ချက် |
|---|---|---|---|---|
| Büthe and Milner, 2004 | လူဦးရေ တစ်သန်း ကျော်ရှိသော အိမ်ရှင် ဖွံ့ဖြိုးဆဲ နိုင်ငံ ၁၂၂ နိုင်ငံ၊ | Fixed effect analyses, Additional tests for heteroske-dasticity and autocorrelation | BIT များနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ စီးဝင်လျက် ရှိသည့် FDI တို့အကြား ကိန်းဂဏန်း အချက် အလက်အရ လည်း ကောင်း၊ အဓိကကျမှု အရ လည်းကောင်း သိသာသော ဆက်နွယ်မှု ရှိပါသည်။ | ဖွံ့ဖြိုးဆဲနိုင်ငံ အသီးသီး သည် BIT ကြောင့် ဖြစ် ပေါ်လာသည့် ကုန်ကျ စရိတ်များနှင့် တိုးတက် လာသော FDI ၏ အကျိုးတရားများနှင့် အခြား ရရှိနိုင်သော အကျိုးကျေးဇူးများကို တွက်ချက်ရမည်။ |
| Grosse and Trevino, 2005 | ဥရောပအလယ်ပိုင်း နှင့် အရှေ့ပိုင်းရှိ အိမ်ရှင် ၁၃ နိုင်ငံ | Standard multiple regression | BIT များသည် FDI စီးဝင် မှုနှင့်အတူ စီးပွားရေး လုပ်ငန်း ပြုပြင်ပြောင်း လဲမှုနှင့် အမိနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေး မှုဆိုင်ရာ နည်းဥပဒေ များကို အတော်အတန် လှုံ့ဆော်ပေးသည်။ | ရှာဖွေတွေ့ရှိမှုသည် UNCTAD နှင့် အိမ်ရှင် ဖွံ့ဖြိုးဆဲနိုင်ငံများ အပါ အဝင် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်း များကို အကျိုးရှိစေ သင့်သည်။ |
| Aisbett, 2007 | ဖွံ့ဖြိုးဆဲနိုင်ငံ ၂၈ နိုင်ငံ၊ OECD ၂၉ နိုင်ငံ | Fixed effects estimation | BIT များနှင့် FDI စီးဝင်မှုနှင့် အပြုသဘော ဆောင်သော သိသာ သော ဆက်နွယ်မှု ရှိပါ သည်။ | FDI အပေါ် BIT ၏ သက်ရောက်မှု ဆိုင်ရာ အထောက်အထား ကင်းမဲ့မှုသည် နိုင်ငံများ အနေဖြင့် BIT အစီအစဉ်များ စတင်ရာတွင် လည်း ကောင်း၊ ချဲ့ထွင်ရာတွင် လည်းကောင်း အရေးပါ သော သတင်းအချက် အလက် ဖြစ်ပါသည်။ |
| Busse Koeniger and Nunnenkamp, 2008 | အိမ်ရှင် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၀ နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနှင့် အသွင်ကူး ပြောင်းစနိုင်ငံ ၂၈ နိုင်ငံ | A gravity model using fixed effects estimation as well as General Method of Moments (GMM) estimation | BIT များသည် ဖွံ့ဖြိုးပြီး နိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံ များသို့ FDI စီးဝင်မှုကို မြင့်တင်ပေးနိုင်ပါသည်။ BIT များသည် အားနည်း သော ပြည်တွင်းအစီအမံ များကို အစားထိုးပေးနိုင် ပါသည်။ | ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မူဝါဒချမှတ်သူများသည် BIT များကို အပြီးသတ် ဆောင်ရွက်ခြင်းဖြင့် FDI မြင့်တင်နိုင်ရေး ထိရောက်သော နည်းလမ်းများကို အသုံးပြုလျက် ရှိပါသည်။ |
| Guerin, 2011 | ဥရောပသမဂ္ဂ နိုင်ငံများ | Gravity model (OLS, fixed effects) | BIT များသည် မိတ်ဖက်နိုင်ငံများနှင့် EU FDI Outflows ကို ၃၅% အထိ တိုးတက် စေပါသည်။ | |

**ရင်းမြစ် – UNCTAD**

## ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပွားမှုအခြေအနေ


၃၁-၁၂-၂၀၂၀ ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များအပေါ် အခြေပြုလျက် ရင်းနှီးမြှုပ်နှံသူများမှ ရင်းနှီးမြှုပ်နှံမှုများကို လက်ခံသည့် အိမ်ရှင်နိုင်ငံသို့ တရားစွဲဆိုသည့်အမှုပေါင်း ၁၁၀၄ ခု ရှိခဲ့ပါတယ်။ ၎င်းတို့အနက်နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ အပေါ် အခြေပြုလျက် ရင်းနှီးမြှုပ်နှံသူများမှ အိမ်ရှင်နိုင်ငံအစိုးရအပေါ် တရားစွဲဆိုမှု စုစုပေါင်း ၈၄၆ခု ရှိခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာအထိ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များအပေါ် အခြေပြုလျက် ရင်းနှီးမြှုပ်နှံသူများမှ အိမ်ရှင်နိုင်ငံအစိုးရအပေါ် တရားစွဲဆိုမှု စုစုပေါင်း ၅၀ ခု ရှိခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များအပေါ် အခြေပြုလျက် ရင်းနှီးမြှုပ်နှံသူများမှ အိမ်ရှင်နိုင်ငံ အစိုးရအပေါ် တရားစွဲဆိုမှု ၁၁၀၄ ခုအနက် အပြီးသတ်နိုင်ခဲ့သောအမှုပေါင်း ၇၄၀ ခု ရှိခဲ့ပါတယ်။ အပြီးသတ်နိုင်ခဲ့သည့်အမှုများအနက် အိမ်ရှင်အစိုးရ အနိုင်ရခဲ့သော အမှုပေါင်း ၃၇%၊ ရင်းနှီးမြှုပ်နှံသူ အနိုင်ရခဲ့သော အမှုပေါင်း ၂၉%၊ နှစ်နိုင်ငံ ပြေလည်မှုရရှိခဲ့သော အမှုပေါင်း ၂၀%၊ ဆက်လက်ဆောင်ရွက်မှုမပြုသည့်အမှုပေါင်း ၁၂%နှင့် မည်သည့်ဘက်ကိုမျှ အနိုင်မပေးခဲ့သောအမှုပေါင်း ၂% ရှိခဲ့ပါတယ်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | စုစုပေါင်း | ၁၁၀၄ |
| ၂ | ကြန့်ကြာနေသောအမှု | ၃၅၄ |
| ၃ | အပြီးသတ်နိုင်ခဲ့သောအမှု | ၇၄၀ |
| ၄ | အခြေအနေမသိရှိရသောအမှု | ၁၀ |

**ဇယား (၂) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များအပေါ် အခြေပြုလျက် ရင်းနှီးမြှုပ်နှံသူနှင့် အိမ်ရှင်အစိုးရအကြား အငြင်းပွားမှုဖြစ်ပွားမှုအခြေအနေ**




**ပုံ (၁) အပြီးသတ်နိုင်ခဲ့သောအမှုများအပေါ် ဆုံးဖြတ်ချက်ပေးမှုအခြေအနေ**

## မြန်မာနိုင်ငံ၏ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ ချုပ်ဆိုခဲ့မှုအခြေအနေ

မြန်မာနိုင်ငံ၏ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ ချုပ်ဆိုခဲ့မှုအခြေအနေကို ဇယား (၃) တွင်ဖော်ပြထားပါတယ်။

**ဇယား (၃) မြန်မာနိုင်ငံ၏ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များချုပ်ဆိုခဲ့မှုအခြေအနေ**

| စဉ် | စာချုပ်အဖွဲ့ဝင် နိုင်ငံ အမည် | စာချုပ် ချုပ်ဆိုသည့် ရက်စွဲ | သက်ဝင်သည့် ရက်စွဲ | အခြေအနေ |
|---|---|---|---|---|
| က | ဖိလစ်ပိုင် နိုင်ငံ | ၁၇-၂-၁၉၉၈ | ၁၁-၉-၁၉၉၈ | |
| ခ | ဗီယက်နမ် နိုင်ငံ | ၁၂-၅-၂၀၀၀ | - | |
| ဂ | တရုတ်ပြည်သူ့သမ္မတ နိုင်ငံ | ၁၂-၁၂-၂၀၀၁ | ၂၁-၅-၂၀၀၂ | |
| ဃ | လာအိုပြည်သူ့ ဒီမိုကရက်တစ် နိုင်ငံ | ၅-၅-၂၀၀၃ | ၂၈-၈-၂၀၀၇ | |
| င | ထိုင်းနိုင်ငံ | ၁၄-၃-၂၀၀၈ | ၈-၆-၂၀၁၂ | |
| စ | အိန္ဒိယ သမ္မတနိုင်ငံ | ၂၄-၆-၂၀၀၈ | ၈-၂-၂၀၀၉ | ၂၈-၃-၂၀၂၀ ရက် တွင် ဖျက်သိမ်း |
| ဆ | ကူဝိတ်နိုင်ငံ | ၆-၈-၂၀၀၈ | ၈-၅-၂၀၁၇ | |
| ဇ | ဂျပန်နိုင်ငံ | ၁၅-၁၂-၂၀၁၃ | ၇-၈-၂၀၁၄ | |
| ဈ | ကိုရီးယားသမ္မတနိုင်ငံ | ၅-၆-၂၀၁၄ | ၃၁-၁၀-၂၀၁၈ | |
| ည | အစ္စရေးနိုင်ငံ | ၅-၁၀-၂၀၁၄ | ၅-၉-၂၀၁၇ | |
| ဋ | စင်ကာပူနိုင်ငံ | ၂၄-၉-၂၀၁၉ | ၉-၁၀-၂၀၂၀ | |

**သုံးသပ်ချက်**

ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေး စဉ်းစားဆောင်ရွက်ရာတွင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုအပေါ် ခိုင်ခိုင်မာမာ အကာအကွယ်ပေးနိုင်မှု ကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိပါတယ်။ ဒါ့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဆင်းရာတွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပါတယ်။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် အဓိကစီးပွားရေးဆိုင်ရာ အဆုံးအဖြတ်ပေးသောအရာများကို ပြောင်းလဲမှုမပေးနိုင်သော်လည်း မူဝါဒရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာအဆုံးအဖြတ် ပေးသောအရာများကို တိုးတက်စေနိုင်ခြင်းကြောင့်အဆိုပါ စာချုပ်များ ချုပ်ဆိုထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလက်ခံရရှိနိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံသည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အများဆုံးချုပ်ဆိုခဲ့သည့် နိုင်ငံများဖြစ်ကြပြီး အဆိုပါစာချုပ်များကို အကြောင်းပြု၍ အကျိုးအမြတ် အများဆုံး ခံစားလျက်ရှိသော နိုင်ငံများဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံက ချုပ်ဆိုခဲ့သော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်၏ အကျိုးကျေးဇူးကို မိတ်ဖက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသာမက မိတ်ဖက်နိုင်ငံများသို့ သွားရောက် ရင်းနှီးမြှုပ်နှံမှုပြုမည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများပါ ခံစားနိုင်ပါတယ်။ ပြည်ပတွင် သွားရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြင့် ဘဏ္ဍာရေးငွေများ ပိုမိုတိုးတက်စေခြင်း၊ ပို့ကုန်မြှင့်တင်ပေးခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ အတတ်ပညာ၊ ဗဟုသုတလွှဲပြောင်းခြင်းနှင့် ဆန်းသစ်တီထွင်မှုတို့ကို ပြုစုပျိုးထောင် အားပေး ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်ခြင်း၊ စံချိန်စံညွှန်းများကို တိုးတက်စေခြင်း၊ ကုန်ထုတ်လုပ်မှုကိုမြှင့်တင်နိုင်ခြင်း၊ အရင်းအမြစ်များနှင့် လက်ဆုပ်လက်ကိုင်ပြနိုင်သော ပိုင်ဆိုင်မှုပစ္စည်းများကို ရယူရာတွင် လွယ်ကူချောမွေ့စေခြင်း၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု တိုးတက်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ခြင်းအားဖြင့် မိခင်နိုင်ငံများတွင် အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုရလဒ်များရရှိ စေပါတယ်။ United Nations Economic and Social Commission for Asia and the Pacific (UNESCAP) ၏ လေ့လာမှုစာတမ်း (၂၀၁၉)တွင်လည်း "ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများမှ FDI ပြင်ပသို့ စီးဆင်းမှု တစ်ဒေါ်လာလျှင် အဆိုပါနိုင်ငံများ၏ GDP ကို အမေရိကန်ဒေါ်လာ ၈.၆ ဒေါ်လာနှင့် ပို့ကုန်ကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာ တိုးတက်စေနိုင်ကြောင်း၊ FDI ပြင်ပသို့စီးဆင်းမှုသည် အမေရိကန်ဒေါ်လာ ၁၀၀ဘီလီယံသုံးစွဲတိုင်း သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်နှင့် GDP အချိုးကို ၀.၇၂၅% တိုးတက်စေမှုနှင့်အတူ ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆန်းသစ်တီထွင်မှုစွမ်းရည်အပေါ် သက်ရောက်မှုလည်း ရှိနိုင်ကြောင်း" ဖော်ပြထားပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေနဲ့ မြန်မာနိုင်ငံနဲ့ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်လက်မှတ်ရေးထိုးထားတဲ့နိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမှုကို စဉ်းစားဆောင်ရွက်နိုင်ပါတယ်။

နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်ချုပ်ဆိုထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံ့အကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ လိုအပ်သော ဥပဒေပြဋ္ဌာန်းချက်များ ချမှတ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်ရေးအပေါ် ကန့်သတ်မှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ထိပါးနိုင်စေကြောင်း၊ အဆိုပါစာချုပ်များကို အကြောင်းပြု၍ ရင်းနှီးမြှုပ်နှံသူမှ အိမ်ရှင်အစိုးရသို့ တရားစွဲဆိုမှုများ ဖြစ်ပေါ်လာပါက မလိုလားအပ်သော ကုန်ကျစရိတ်များစွာ ကျခံရမည်ဖြစ်ကြောင်း၊ စာချုပ်ပါ အချို့သော ပြဋ္ဌာန်းချက်များသည် လူ့အခွင့်အရေးကို ထိခိုက်နိုင်ကြောင်း ပညာရှင်အချို့ရဲ့ သုံးသပ်ပြောဆိုမှုများလည်းရှိပါတယ်။ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ ချုပ်ဆိုထားသော်လည်း ယနေ့အချိန်အထိ အဆိုပါစာချုပ်များကို

အကြောင်းပြု၍ ရင်းနှီးမြှုပ်နှံသူမှ အစိုးရသို့ တရားစွဲဆိုမှု မျိုးမပေါ်ပေါက်သေးကြောင်း တွေ့ရှိရပါတယ်။

**နိဂုံး**

မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၂၅% ခန့်သည် Poverty Line အောက်တွင်ရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံသားတို့၏ စားဝတ်နေရေးဖူလုံမှုရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် ဖန်တီးဆောင်ရွက်ရသည်မှာ နိုင်ငံတော်အစိုးရ၏ အဓိကလုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ပါတယ်။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ကုန်သွယ်မှုတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးစွမ်းဆောင်မှု တိုးတက်ခြင်း စသည်တို့မှ တစ်ဆင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုရန်နေရာရွေးချယ်ရာတွင် အဓိက ထည့်သွင်းစဉ်းစား လေ့ရှိသည်မှာ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ နိုင်ငံရေးဆိုင်ရာတည်ငြိမ်မှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဥပဒေမူဘောင်၊ နိုင်ငံသားများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်မှု စသည်တို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးတည်ငြိမ်မှုအခြေအနေ အရသော်လည်းကောင်း၊ ပြည့်စုံကောင်းမွန်သော ဥပဒေရေးရာဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့်လည်းကောင်း၊ စီးပွားရေးဆိုင်ရာအဆောက်အအုံများ တည်ဆောက်နေဆဲဖြစ်ခြင်းကြောင့်လည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သည့်၊ ယုံကြည်မှုပေးနိုင်သည့် အလုံးစုံ ကောင်းမွန်ပြည့်စုံသော စီးပွားရေးဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်မှု မရှိသေးပါဘူး။

ယင်းအခြေအနေတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများအတွက် အကာအကွယ်ပေးမှု၊ တည်ငြိမ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ခန့်မှန်းသိရှိနိုင်မှုကို မြှင့်တင်နိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်ကိုးစားမှုကိုရရှိနိုင်စေသည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များအား အလားအလာရှိသည့်နိုင်ငံများနှင့် ရေးထိုး ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူ ပြုနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အထူး ကောင်းမွန်သော နည်းလမ်းတစ်ရပ် ဖြစ်ပါတယ်။

**ရေးသားသူ – နှင်း**



# ရန်ကုန်တိုင်း၏ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့်ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေခြင်း


ရန်ကုန်တိုင်းဒေသကြီးသည် (၃၉၆၇.၈၆) စတုရန်းမိုင် ကျယ်ဝန်းပြီး ခရိုင် (၄) ခရိုင်၊ မြို့ နယ် (၄၅) မြို့နယ်၊ ရပ်ကွက် (၇၄၃) ခု၊ ကျေးရွာအုပ်စု (၆၂၁) ခုနှင့် ကျေးရွာပေါင်း (၂၁၄၃) ရွာ တို့ဖြင့်ဖွဲ့စည်းထားပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလတွေမှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ လူဦးရေ အလျင်အမြန် တိုးပွားလာခဲ့ရာ ၁၉၉၈ ခုနှစ်တွင် ၂.၄ သန်း၊ ၂၀၁၁ ခုနှစ်တွင် ၅.၁၄ သန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်ရဲ့ နှစ်လယ်ဖြစ်တဲ့ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး၏ ခန့်မှန်းလူဦးရေမှာ (၈.၆) သန်းဖြစ်ပြီး၊ ကျား (၄.၁) သန်းနှင့် မ (၄.၅) သန်းထိ တိုးပွားလာခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ဗမာ၊ ကရင်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပြီး ရန်ကုန်မြို့ပြအား မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်အဖြစ် သတ်မှတ်ထားကြပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်ကို မြို့နယ် (၃၃) မြို့နယ်နှင့် ဧရိယာ (၄၁၂.၃၉) စတုရန်းမိုင် ပါဝင်ဖွဲ့စည်းထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product- GDP) ကို ထုတ်လုပ်မှုအပေါ်အခြေခံပြီး ဘဏ္ဍာနှစ်အလိုက် ပြုစုပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ရန်ကုန်တိုင်းဒေသကြီးရဲ့ ဒေသန္တရ စီမံကိန်းရည်မှန်းရန် အဆိုပြုချက်မှာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၁,၀၄၂,၃၆၁ သန်း ရရှိရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၈.၉ % တိုးတက်ရန် ရည်မှန်းထားခဲ့ပါတယ်။


ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးမှာ လူတစ်ဦးစီရဲ့ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကိုလည်း ၃,၇၀၁,၂၄၇ ကျပ် ရည်မှန်းထားခဲ့ပါတယ်။

**ပုံ(၁) ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) (၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ)**




ဇစ်မြစ်။ ၂၀၁၉-၂၀၂၀ခုၢဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ


**ပုံ(၂) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ GDP တွင် ကဏ္ဍကြီးအလိုက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**




ဇစ်မြစ်။ ၂၀၁၉-၂၀၂၀ခုၢဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်း ခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ

**ပုံ(၃) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ GDP တွင် ကဏ္ဍကြီးအလိုက် ပါဝင်မှုရာခိုင်နှုန်း**

ဇစ်မြစ်။ ၂၀၁၉-၂၀၂၀ခုၢဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာအချက်အလက်များ



**ပုံ(၄) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်း ဒေသကြီး၏ GDP တွင်ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**

| စက်မှုကဏ္ဍကြီး | တန်ဖိုး (ကျပ်သန်းပေါင်း) | စုစုပေါင်းဂျီဒီပီတွင် ပါဝင်မှု % |
|---|---|---|
| စွမ်းအင်ကဏ္ဍ | ၇,၈၅၆.၀၀၀ | ၀.၀၃ % |
| သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၅,၇၁၁.၅၀၀ | ၀.၀၂ % |
| စက်မှုလက်မှုကဏ္ဍ | ၁၃,၂၅၁,၉၉၁.၅၀၀ | ၄၂.၇၀ % |
| လျှပ်စစ်ဓာတ်အားကဏ္ဍ | ၇၁၃,၂၆၈.၀၀၀ | ၂.၃၀ % |
| ဆောက်လုပ်မှုကဏ္ဍ | ၁,၆၆၃,၁၃၀.၈၀၀ | ၅.၄၀ % |

| ဝန်ဆောင်မှုကဏ္ဍကြီး | တန်ဖိုး(ကျပ်သန်းပေါင်း) | စုစုပေါင်းဂျီဒီပီတွင်ပါဝင်မှု % |
|---|---|---|
| ပို့ဆောင်ရေးကဏ္ဍ | ၄,၁၂၄,၇၂၂.၁၀၀ | ၁၃.၃၀ % |
| ဆက်သွယ်ရေးကဏ္ဍ | ၆၂၆,၇၆၂.၅၀၀ | ၂.၀၀ % |
| ငွေရေးကြေးရေးကဏ္ဍ | ၁၈၈,၅၈၇.၄၀၀ | ၀.၆၀ % |
| လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ | ၈၂၄,၃၆၃.၈၀၀ | ၂.၇၀ % |
| ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ | ၈၄၆,၀၁၂.၅၀၀ | ၂.၇၀ % |
| ကုန်သွယ်မှုကဏ္ဍ | ၇,၅၄၄,၉၃၇.၄၀၀ | ၂၄.၃၀ % |

| လယ်ယာကဏ္ဍကြီး | တန်ဖိုး (ကျပ်သန်းပေါင်း) | စုစုပေါင်းဂျီဒီပီတွင်ပါဝင်မှု % |
|---|---|---|
| လယ်ယာကဏ္ဍ | ၄၅၆,၈၇၄.၇၀၀ | ၁.၅၀ % |
| သားငါးကဏ္ဍ | ၇၈၆,၂၉၉.၀၀၀ | ၂.၅၀ % |
| သစ်တောကဏ္ဍ | ၁,၈၄၃.၈၀၀ | ၀.၀၁ % |

ဇစ်မြစ်။ ၂၀၁၉-၂၀၂၀ခုႇဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်း ခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ GDP တွင် ကဏ္ဍကြီးအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၌ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ ပါဝင်သည့်အနက် စက်မှုကဏ္ဍကြီးသည် အများဆုံးပါဝင်ပါတယ်။

မြေနေရာ၊ စွမ်းအင်အရင်းအမြစ်၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး လမ်းကြောင်းစတဲ့ အခြေခံအဆောက်အအုံလိုအပ်ချက်တွေ အဆင်သင့်ရှိပြီး ပြည်ပပို့ကုန်တွေကိုလည်း အဆင်ပြေချောမွေ့စွာဖြင့် ပြည်ပသို့ သယ်ယူပို့ဆောင်နိုင်မည့်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်လည်း ရှိနေတဲ့အတွက် ရန်ကုန်မြို့ပြအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ လုပ်ငန်းအရေအတွက် ၁၉၈ ခု၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မတည်ငွေရင်း ပမာဏကျပ် ၃,၅၁၆ ဘီလီယံကျော် ခွင့်ပြုနိုင်ခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက် လေ့လာကြည့်ပါက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသည် နှစ်စဉ်တိုးမြှင့်ခွင့်ပြုနိုင်ခဲ့ပြီး လုပ်ငန်းတွေရဲ့ မတည်ငွေရင်း ပမာဏတွေလည်း တိုးမြှင့်ခဲ့တာ တွေ့ရှိရပါတယ်။


**ဇယား (၁) ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု**

| စဉ် | ဘဏ္ဍာနှစ် | ခုရေ | မတည်ငွေရင်းပမာဏ ကျပ်သန်းပေါင်း |
|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၂၆ | ၅၅၅,၅၃၀.၀၅၃* |
| ၂ | ၂၀၁၇-၂၀၁၈ | ၄၅ | ၈၅၁,၆၃၉.၃၇၀* |
| ၃ | ၂၀၁၈ (ဧပြီမှ စက်တင်ဘာထိ) | ၂၈ | ၇၁၈,၆၄၂.၃၇၉* |
| ၄ | ၂၀၁၈-၂၀၁၉ | ၄၉ | ၄၈၉,၆၆၃.၂၇၆ * |
| ၅ | ၂၀၁၉-၂၀၂၀ | ၅၀ | ၉၀၁,၄၉၉.၃၈၄* |
| | **ပေါင်း** | **၁၉၈** | **၃,၅၁၆,၉၇၅.၄၆၂*** |

*ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။

ဇစ်မြစ်: ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ပုံ (၅) ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု**




**ဇယား (၂) ကဏ္ဍအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု**

| ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ | | |
|---|---|---|
| ကဏ္ဍ | ခုရေ | မတည်ငွေရင်းပမာဏ ကျပ်သန်း |
| မွေးမြူရေးနှင့်ရေလုပ်ငန်း | ၇ | ၂၆,၄၉၀.၅၈၆* |
| စက်မှု | ၁၀၀ | ၆၆၅,၂၅၇.၉၁၅* |
| လျှပ်စစ် | ၁ | ၁၄,၈၀၉.၂၉၄* |
| ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၅ | ၂၉၄,၈၈၉.၂၆၄* |
| ဟိုတယ်နှင့်ခရီးသွား | ၁၂ | ၃၅၃,၀၅၈.၆၁၃* |
| အိမ်ရာအဆောက်အဦး တည်ဆောက်ဖွံ့ဖြိုးမှု | ၁၇ | ၁,၀၂၂,၈၇၆.၁၉၄* |
| စက်မှုဇုန် | ၂ | ၆၅,၀၅၂.၆၆၀* |
| အခြား | ၅၄ | ၁,၀၇၄,၅၄၀.၉၃၆* |
| **ပေါင်း** | **၁၉၈** | **၃,၅၁၆,၉၇၅.၄၆၂** |

***ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။**

ဇစ်မြစ်: ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ပုံ (၆) ကဏ္ဍအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု**




ရန်ကုန်တိုင်းဒေသကြီးရဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ လုပ်ငန်းအရေအတွက် ၇၀၅ ခု၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၁၆.၇ ဘီလီယံကျော်အား ခွင့်ပြုနိုင်ခဲ့ပါတယ်။

**ဇယား (၃) ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာနှစ်အလိုက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု**


| ဘဏ္ဍာနှစ် | ခုရေ | မတည်ငွေရင်းပမာဏ (အမေရိကန်ဒေါ်လာ သန်းပေါင်း) |
|---|---|---|
| ၂၀၁၆-၂၀၁၇ | ၁၁၇ | ၅,၂၉၆.၈၃၁* |
| ၂၀၁၇-၂၀၁၈ | ၁၄၃ | ၃,၂၂၁.၉၉၄* |
| ၂၀၁၈ (ဧပြီမှ စက်တင်ဘာထိ) | ၅၅ | ၁,၀၉၄.၇၈၂* |
| ၂၀၁၈-၂၀၁၉ | ၂၀၈ | ၃,၀၃၄.၄၉၃* |
| ၂၀၁၉-၂၀၂၀ | ၁၈၂ | ၄,၀၇၁.၇၂၃ |
| **ပေါင်း** | **၇၀၅** | **၁၆,၇၁၉.၈၂၃*** |

***ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။**

ဇစ်မြစ်: ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ပုံ ( ၇ ) ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာနှစ်အလိုက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု**

(အမေရိကန်ဒေါ်လာသန်းပေါင်း )




**ဇယား (၄) ရန်ကုန်တိုင်းဒေသကြီး၏ ကဏ္ဍအလိုက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု**

| ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | | |
|---|---|---|
| ကဏ္ဍ | ခုရေ | မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း |
| မွေးမြူရေးနှင့် ရေလုပ်ငန်း | ၂၅ | ၁၇၁.၀၃၇* |
| စက်မှု | ၅၁၄ | ၃,၇၇၅.၄၆၂* |
| လျှပ်စစ် | ၉ | ၁,၄၃၈.၃၄၃* |

| ကဏ္ဍ | ခုရေ | မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း |
|---|---|---|
| ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၂၄ | ၅,၅၅၉.၈၂၀* |
| ဟိုတယ်နှင့် ခရီးသွား | ၁၈ | ၅၁၈.၅၃၄* |
| အိမ်ရာအဆောက် အဦးတည်ဆောက် ဖွံ့ဖြိုးမှု | ၃၁ | ၃,၁၅၂.၇၅၄* |
| စက်မှုဇုန် | ၁ | ၂၃၀.၆၀၀* |
| အခြား | ၈၂ | ၁,၇၅၈.၂၇၃* |
| လယ်ယာ | ၁ | ၁၁၅.၀၀၀ |
| **ပေါင်း** | **၇၀၅** | **၁၆,၇၁၉.၈၂၃*** |

***ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။**

ဇစ်မြစ် :ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ဇယား (၅) ရန်ကုန်တိုင်းဒေသကြီး၏ နိုင်ငံ/ဒေသ အလိုက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု**

(အမေရိကန် ဒေါ်လာ သန်းပေါင်း)

| ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် | | |
|---|---|---|
| **နိုင်ငံ/ဒေသအမည်** | **ခုရေ** | **မတည်ငွေရင်းပမာဏ (အမေရိကန်ဒေါ်လာ သန်းပေါင်း)** |
| ဩစတြေးလျနိုင်ငံ | ၁ | ၁၆.၂၉* |
| ဩစတြီးယားနိုင်ငံ | – | ၁.၈၆၅* |
| ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၂ | ၂.၅၇၇* |
| ဘရူနိုင်းနိုင်ငံ | ၄ | ၄၄.၉၀၈* |
| ကနေဒါနိုင်ငံ | ၂ | ၆.၅၁* |
| တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၂၉၄ | ၂၀၁၂.၄၂၇* |
| ပြင်သစ်နိုင်ငံ | ၃ | ၆.၅၆ |
| ဟောင်ကောင်အထူး အုပ်ချုပ်ခွင့်ရဒေသ | ၁၀၄ | ၁၆၉၈.၁၃၃* |
| အိန္ဒိယနိုင်ငံ | ၁၀ | ၃၇.၈၃၇* |
| အင်ဒိုနီးရှားနိုင်ငံ | ၂ | ၁၀.၂၃* |
| ဂျပန်နိုင်ငံ | ၂၉ | ၁၂၈၄.၄၄၉* |
| မကာအိုအထူး အုပ်ချုပ်ခွင့်ရဒေသ | ၁ | ၃.၆၄* |
| မလေးရှားနိုင်ငံ | ၁၃ | ၅၅.၄၅၇* |
| ကိုရီးယားနိုင်ငံ | ၂၈ | ၂၂၀.၉၇၉* |
| ရုရှားနိုင်ငံ | ၁၆ | ၇၂၇.၉၇၈* |
| စင်ကာပူနိုင်ငံ | ၇၈ | ၇၅၉၇.၅၉၉* |
| သီရိလင်္ကာနိုင်ငံ | ၁ | ၆.၇၄၃* |
| ဂျာမနီနိုင်ငံ | ၁ | ၁.၅၄ |
| ဆွစ်ဇာလန်နိုင်ငံ | - | ၁၁.၁၇၄* |
| ထိုင်းနိုင်ငံ | ၂၆ | ၃၈၂.၃၆၇* |
| နယ်သာလန်နိုင်ငံ | ၆ | ၃၉၁.၀၄၈* |
| အင်္ဂလန်နိုင်ငံ | ၁၇ | ၂၇၄.၉၈၈* |
| အမေရိကန်နိုင်ငံ | ၂ | ၁၀၈.၉* |
| ဗီယက်နမ်နိုင်ငံ | ၁၄ | ၁၄၉၈.၈၅၄* |
| Luxembourg | - | ၁.၅၂၇* |
| Samoa | ၇ | ၉၁.၄၅၁* |
| Republic of Mar–shall | ၂ | ၁၀.၀၁* |
| တရုတ် (တိုင်ပေ) | ၂၈ | ၁၄၂.၃၇၁* |
| Seychelles | ၉ | ၅၄.၀၅* |
| Lebanon | ၁ | ၁၄.၀၂၄* |
| Cambodia | ၂ | ၁.၆၇၅* |
| Estonia | ၁ | ၀.၈၅၂ |
| Belize | ၁ | ၀.၈၁ |
| **စုစုပေါင်း** | **၇၀၅** | **၁၆,၇၁၉.၈၂၃*** |

*** ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။**

ဇစ်မြစ် :ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာတာနှင့် အမျှ အလုပ်အကိုင် အခွင့်အလမ်းတွေများလာပြီး လူဦးရေတိုး ပွားလာကာ မြို့ပြဖွံ့ဖြိုးမှုကိုလည်း တစ်ပါတည်း ပါလာ စေတာဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးလာတာနှင့်အမျှ ကုန်စည် များ ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြ သယ်ယူပို့ဆောင် ရေး၊ မြို့ပြ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ် နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက် မပြတ် ဆောင်ရွက်ရန်လိုမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှု နှေးကွေးလာနိုင်သော်လည်း ရန်ကုန်တိုင်း ဒေသကြီးရဲ့ လက်ရှိ အားသာချက် အရင်းအမြစ်များ အပေါ် အခြေခံပြီး အနာဂတ် အလားအလာများလည်း ရှိနေပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်ထောင်စုဝန် ကြီးဌာနတွေက လျာထားဆောင်ရွက်မည့် စီမံကိန်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နှစ်အလိုက်ဆောင်ရွက်မည့် လျာထားစီမံကိန်းများရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့် အလမ်း အလားအလာအသစ်များ ရှိနေဆဲဖြစ်ပါတယ်။ လက်ရှိမှာ စက်မှုဇုန်အသစ်တွေဖော်ထုတ်ဖို့ ခွင့်ပြုပေး ထားပြီး ဖြစ်တဲ့အတွက် လယ်ယာစားသောက်ကုန်ထုတ် လုပ်ခြင်းလုပ်ငန်း၊ သားငါး၊ ရေထွက်ပစ္စည်း ထုတ်လုပ် ခြင်းလုပ်ငန်း၊ ထုပ်ပိုးရန်အတွက် အိတ်အမျိုးမျိုးနှင့် ကတ်ထူစက္ကူပုံးထုတ်လုပ်ခြင်းလုပ်ငန်း၊ အအေးခန်းနှင့် အအေးခန်း ကွန်တိန်နာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖျော်ရည်ဗူးခွံ၊ ပလတ်စတစ် ပုလင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာသုံး စက် ပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဓါတ်မြေ သြဇာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကုန်အမှတ်တံဆိပ်များ ပုံနှိပ်ထုတ်လုပ်ခြင်း လုပ်ငန်းစတဲ့ အထောက်အကူပြု လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးလာနိုင်ပါတယ်။


စက်မှုကဏ္ဍအနေနဲ့လည်း တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်သည့် လုပ်ငန်းများ၊ supply chain နှင့် အထောက် အကူပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုကို အားပေးသည့် လုပ်ငန်းများ၊ သွင်းကုန်အစားထိုး၊ ပို့ကုန် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့် အလမ်းများစွာပေးနိုင်သည့် လုပ်ငန်းများအတွက် အလား အလာများရှိလာနိုင်ပါတယ်။ ကောင်းမွန်စွာစိုက်ပျိုးထုတ် လုပ်နိုင်သော လယ်ယာမြေများစွာရှိနေတဲ့အတွက် စိုက် ပျိုးရေးကဏ္ဍ၌ ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အ လေ့အကျင့် (Good Agricultural Practices) များရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပြီး တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်သည့်လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်း တွင်လည်း (Good Livestock Practices) များရှိသော မွေးမြူရေး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပြီး တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်သည့် လုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံလာ ရန် အလားအလာများရှိပါတယ်။ ဒါ့အပြင် ကုန်ကြမ်းများ ထုတ်လုပ်သည့်လုပ်ငန်း (ဆေးဝါး၊ ကုန်ကြမ်း၊ ဟင်းသီး ဟင်းရွက်များကို တန်းဖိုးမြှင့် ထုတ်ကုန် ထုတ်သည့် လုပ် ငန်း စသဖြင့်)၊ တစ်ဝက်တစ်ပျက် ကုန်ချောထုတ်လုပ် သည့် လုပ်ငန်းများ၊ အပိုပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ အကောက်ခွန် သိုလှောင်ရုံလုပ်ငန်း၊ စက်မှုဇုန်များတွင်အမှိုက်သိမ်း/ ရေ သန့်/ ရေဆိုး သန့်စင်ခြင်း လုပ်ငန်းများတွင် ရင်းနှီးမြှုပ် နှံလာနိုင်သည့် အလားအလာများ ရှိနိုင်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်အောင် ဖန်တီးကြိုးစားရသလို တစ်ဖက်မှာလည်း ရောက်ရှိလာတဲ့ ရင်းနှီးမြှုပ်နှံမှု တွေကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရန် လည်းလိုမှာဖြစ်ပါတယ်။ လွယ်ကူချောမွေ့အောင် ကူညီ ဆောင်ရွက်ပေးခြင်းကို UNCTAD(2016) က “ရင်းနှီးမြှုပ် နှံသူများအတွက် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တည်ထောင်ရာတွင် လည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ် နှံမှုအား ချဲ့ထွင်ရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံတွင် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကောင်း လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေး ခြင်းဖြစ်သည်။” ဟုအဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ရန်ကုန် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီအနေနဲ့ ရင်းနှီး

မြှုပ်နှံမှုလုပ်ငန်းများ တည်ထောင်ရာတွင်လည်းကောင်း၊ လည်ပတ်ရာတွင်လည်းကောင်း လိုအပ်သော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်း အချက်အလက်များ ပေးခြင်း၊ သွင်းကုန်၊ ထုတ်ကုန်ဆိုင်ရာများ၊ ပြည်တွင်းအခွန်၊ အကောက်ခွန်ဆိုင်ရာများ၊ နိုင်ငံခြားသားဒါရိုက်တာနှင့် ပညာရှင်များ၏ နေထိုင်ခွင့် သက်တမ်းတိုးခြင်းများ၊ အလုပ်သမား မှတ်ပုံတင်ကိစ္စရပ်များအား လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ ကွင်းဆင်းသွားရောက်ပြီး အားပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းရှင်များ၊ အလုပ်သမားများကို တွေ့ဆုံတဲ့အခါမှာလည်း ကုမ္ပဏီအနေနဲ့ လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် တည်ထောင်ခြင်းပြုစဉ်က လိုအပ်သည့် အချက်အလက်များအားလုံး လုပ်ဆောင်ခြင်း ရှိ၊မရှိ ပွင့်လင်းစွာဆွေးနွေးကြပြီး လိုအပ်တဲ့ အကူအညီများကိုလည်း တစ်ပါတည်း ပေးခဲ့ကြပါတယ်။ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီးဝင်စေမှုတို့အတွက် အခြေခံကျတဲ့ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းကို ပိုမိုတွင်ကျယ်စွာ လုပ်ဆောင်ဖို့ ဆက်လက်လိုအပ်နေမှာဖြစ်ပါတယ်။

**ကိုမျိုး(ရန်ကုန်)**

**ပုံ(၈) ရန်ကုန်တိုင်းဒေသကြီး၏ ကဏ္ဍအလိုက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု**



# စလင်းမြို့က ကြာချည်လုပ်ငန်း

ရှေးအခါကပင် မြန်မာလူမျိုးများသည် နူးညံ့သိမ်မွေ့ ချောမွတ် လှပတင့်တယ်သော အဝတ်အထည်များကို ခေတ်အားလျော်စွာ ထုတ်လုပ်ဝတ်ဆင်သုံးစွဲလေ့ရှိခဲ့ကြပါသည်။ နိုင်ငံတစ်ဝှမ်းတွင် ဝါဂွမ်းစိုက်ပျိုးသော လုပ်ငန်းများ ဖွံ့ဖြိုးခြင်းနှင့် အထည်ချောရက်လုပ်သော အတတ်ပညာတတ်ခဲ့ကြောင်းကို ရှေးမြန်မာအိမ်တိုင်းတွင် ရက်ကန်းစင်ရှိခြင်း၊ မြန်မာအမျိုးသမီးများ ကိုယ်တိုင်လည်း ဝါကြိတ်၊ ဝါဖန်၊ ဗိုင်းငင်၊ ဆေးဆိုး၊ ရက်ကန်းရက်ခြင်းများကိုအိမ်တွင်း လုပ်ငန်းများအဖြစ် လုပ်ကိုင်ခဲ့ကြသည်ကို ကြည့်၍ သိနိုင်ပေသည်။

ထိုအခါက အိမ်သူအိမ်သား မိသားစုဝင်တို့သည် လူသုံးပစ္စည်းများရရှိရန် လုပ်ကိုင်အပ်သော လက်မှုလုပ်ငန်းများကိုယောက်ျားမိန်းမ မရွေးလုံ့လ ဥဿာဟစိုက်ထုတ်လျက်ဆောင်ရွက်ကြရာ ဆန်းသစ်သော အတွေးအမြင်များ ပိုမိုကောင်းမွန် ချောမွတ်သည့် အဝတ်အထည်များကို ကြံဆရက်လုပ်ခဲ့ရာတွင် စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းဟူသော ဂုဏ်ဝိသေသတစ်ခုအဖြစ် တန်ဖိုးထားရသည့် ကြာပန်းပင်မှ ရသောအမျှင်ကို အသုံးပြုကာ အဝတ်အထည် ရက်လုပ်၍ တန်ဖိုးထားဝတ်ဆင်ခြင်း၊ လေးမြတ်သူတို့ကို စေတနာဖြူစင်တန်ဖိုးထား ပူဇော်မှု ပြုခြင်းတို့ကို ဆောင်ရွက်ကြကြောင်း လေ့လာသိရှိရပါသည်။ ကြာချည်အဝတ်အထည်မှာ ရက်လုပ်ရာတွင် ပညာသားပါအနုစိတ်ပြီး လက်ဝင်သလို တန်ဖိုးလည်း လွန်စွာရှိလှပါသည်။

ထိုသို့ တန်ဖိုးရှိတဲ့ မြန်မာ့လက်မှု လုပ်ငန်းတစ်ခု ဖြစ်တဲ့ ကြာပင်ကရရှိတဲ့ အမျှင်ကိုအသုံးပြုပြီး ကြာချည် ရက်လုပ်တဲ့လုပ်ငန်းကို မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရှမ်းရွာကုန်းကျေးရွာမှာ တွေ့မြင်နိုင်ပါတယ်။ ကြာချည်ရက်လုပ်တဲ့ ကြာမျှင်တွေကိုတော့ နှစ်ပေါင်း ၈၀၀ ခန့်သက်တမ်းရှိတဲ့ ဝက်သည်းကန်မှာ ပေါက်ရောက်နေတဲ့ ပဒုမ္မာကြာကနေ ထုတ်ယူပါတယ်။ ဝက်သည်းကန် က ပဒုမ္မာကြာများသည် နှစ်စဉ်မတ်လတွင် စတင် ပေါက်ရောက်ပြီး ဒီဇင်ဘာလတွင် ကြာသက်တမ်းကုန်ဆုံးကြောင်း သိရပါတယ်။ ကြာချည်များကို ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့မှလွဲ၍ ကျန်လများတွင် ပုံမှန်ထုတ်လုပ်နိုင်ပါတယ်။

ကြာချည်ကို ထုတ်လုပ်ရန် ကန်အတွင်းရှိ ပဒုမ္မာကြာများကို ခူးဆွတ်ကာ ကြာချည်ဆွဲရပြီး၊ ချည်ငင်ကာရရှိလာသည့် ကြာချည်များကို သဘာဝဆိုးဆေးဖြင့် အရောင်ဆိုးရကြောင်း၊ ခင်ပြီးသောကြာချည်များကို အရိပ်တွင်ဖန့်အောင်လှမ်းရကြောင်း၊ ထို့နောက် ကြာချည်များကို အထည်အဖြစ် အဆင့်ဆင့်ရက်လုပ်ရကြောင်း သိရပါတယ်။ ကြာချည်ရဲ့ အရောင်အသွေးဟာ ကြာရိုးခူးယူလာပြီး အချိန်မဆိုင်း ကြာချည်ဆွဲနိုင်မှုအပေါ် များစွာမူတည်နေပါတယ်။ နေ့ခြင်းခူးလာတဲ့ကြာရိုးကို နေ့ခြင်းခင်လျှင် အရောင်လှပြီး ၂ ရက်ခန့်ကြာပြီးသည့် ကြာရိုးကိုခင်လျှင်တော့ အရောင်ပြောင်းသွားပြီး အရောင်လှပမှုမရှိကြောင်း သိရပါတယ်။

ကြာချည်ဆွဲတဲ့ လုပ်သားတစ်ယောက်ဟာ တစ်ရက်ကို ကြာချည် ၂ ကျပ်ခွဲသားမှ ၃ ကျပ်သားခန့်အထိရအောင် လုပ်ဆောင်နိုင်ကြပါတယ်။ ယခင်က ကြာချည်ကို ခဲချွန် ဓားနဲ့ဆွဲကြသော်လည်း နောက်ပိုင်းတွင် ဒိုင်းလွှနှင့်ဆွဲလာကြကာ ကြာချည်အရလည်း များလာပါတယ်။ ဆောင်းတွင်းပိုင်းဆိုရင်တော့ ကြာမျှင်တွေပျော့ပြီး အလေးချိန်လည်း မစီးပါဘူး။ ကြာမျှင် အလေးချိန်အရများတာသည် ဝါဆို၊ ဝါခေါင် ရေကြီးချိန်ဖြစ်ပါတယ်။ တစ်ရက်ကို ကြာရိုး လက်ဆုပ်ပေါင်း ၄၀ ကနေ ၁၂၀ လောက်ခူးနိုင်ရင် ကြာချည် ၂ ကျပ်သားကနေ ၆ ကျပ်သားလောက် အထိ ရတတ်ပါတယ်။ ကြာချည်ဟာ ပြည်တွင်းမှာ တစ်ကျပ်သားကို ၂၅၀၀-၃၀၀၀ ကျပ် ဈေးရှိပါတယ်။ အများစုကိုတော့ အင်းလေးက ရက်ကန်းလုပ်ငန်းရှင်တွေ ပေါက်ဈေးပေးကာ လာဝယ်ကြကြောင်း သိရပါတယ်။ အင်းလေးဒေသတွင် ကြာချည်မှ ကြာသင်္ကန်းကို အများဆုံး ရက်လုပ်၍ ရောင်းချကြောင်းသိရပါတယ်။ ကြာချည်ရက်ကန်းသည် အရည်အသွေးကောင်းမွန်အောင် အနုစိပ်ကာ ထုတ်လုပ်ရခြင်းဖြစ်သည့်အတွက် အချိန်မြန်မြန်နှင့် များများထုတ်လုပ်နိုင်ရန်မှာ အခက်အခဲ ရှိနေကြောင်း သိရပါသည်။ ပုဝါတစ်ထည်ရဖို့အတွက် သုံးရက်ခန့် ကြာပြီး၊ လုံချည် တစ်ထည်အတွက် အဆင်ဒီဇိုင်းပေါ် မူတည်ပြီး တစ်ပတ်မှ တစ်လအထိ ကြာမြင့်ပါသည်။

ကြာချည်ကနေရက်လုပ်တဲ့အထည်တွေကိုပြည်တွင်းတွင် ရောင်းချသကဲ့သို့ ပြည်ပနိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံသို့လည်း တင်ပို့ရောင်းချကြောင်းသိရှိရပါတယ်။ ပဒုမ္မာကြာက ရရှိသည့် ကြာချည်ဖြင့်ရက်လုပ်သော အထည်များကို ပြည်ပနိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေသွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်က ဈေးကွက်ဖော်ဆောင်ပေးမှုနှင့်အတူ အရည်အသွေးကောင်းမွန်သည့် မြန်မာပြည်ထုတ်ကြာချည်အဝတ်အထည်များကို များများစားစား ထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီရက်ကန်း နည်းပညာနှင့် ငွေကြေးအရင်းအနှီးများကို ပံ့ပိုးမှုများ လုပ်ဆောင်ပေးမှသာ ရှိရင်းစွဲ ရိုးရာရက်ကန်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး အလုပ်အကိုင် အခွင့်အလမ်းများတိုး၍ ရရှိလာကာ မြန်မာ့ရိုးရာလက်မှု ကြာချည်ရက်ကန်း ပညာကို ထိန်းသိမ်းရာလည်း ရောက်မှာဖြစ်ပါတယ်။

**ဖန်ခါးမြေ DICA (မကွေး)**




## ဒိုက်ကာရဲ့အီလက်ထရောနစ်ဝန်ဆောင်မှုအပေါ်အသုံးပြုသူတွေရဲ့စိတ်ကျေနပ်မှု
## (Users' Satisfaction on E-Government Services of DICA)

ယနေ့ ဒစ်ဂျစ်တယ်ခေတ်မှာ နိုင်ငံသားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အသုံးဝင်တဲ့(Useful)၊ အသုံးပြုရလွယ်ကူတဲ့(Ease of Use)၊ အဆင်ပြေထိရောက်မှုရှိတဲ့ (Convenient and Effective) ရှိတဲ့ အီလက်ထရောနစ်ဝန်ဆောင်မှုပုံစံ (e-Government Services) တွေကို မျှော်လင့်လာကြပါတယ်။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ကဏ္ဍသိသိသာသာဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူအစိုးရဌာန/အဖွဲ့အစည်းများတွေကသူတို့ရဲ့ ဝန်ဆောင်မှုတွေကို e-Government Services ပုံစံနဲ့ ဝန်ဆောင်မှုပေးလာကြပါတယ်။ မြန်မာဒစ်ဂျစ်တယ် ပြုပြင်ပြောင်းလဲမှု (Myanmar Digital Transformation) ရဲ့ တစ်စိတ် တစ်ပိုင်းအနေနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က “Digitize DICA 2018" ဆိုတဲ့ စီမံချက်နဲ့အတူဌာနရဲ့ e-government ပဏာမခြေလှမ်း အနေနဲ့ မြန်မာကုမ္ပဏီ အွန်လိုင်းမှတ်ပုံတင်စနစ် (Myanmar Companies Online -MyCO System) ကို ၂၀၁၈ ခုနှစ်မှာ စတင် မိတ်ဆက်နိုင်ခဲ့ပါတယ်။ MyCO ဟာ ကုမ္ပဏီမှတ်ပုံတင်တဲ့လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန် ထိရောက်စေပြီး မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်လိုသူများအတွက် အဆင်ပြေစေဖို့ ပံ့ပိုးပေးလျက်ရှိပါတယ်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ စတင်ခဲ့တဲ့ MyCO ဟာ ကောင်းမွန်တဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကို ပံ့ပိုးပေးခဲ့ပြီး ယခုအခါမှာ မြန်မာနိုင်ငံမှာ အောင်မြင်တဲ့ e-Government Service ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအဖြစ် ယူဆနိုင်ပါတယ်။ MyCO စတင်တဲ့နေ့ကစပြီး၂၃-၈-၂၀၂၂ ရက်နေ့အထိ လုပ်ငန်းပေါင်း ၄၉,၅၇၈ က ကုမ္ပဏီပြန်လည် မှတ်ပုံတင်ခြင်း (Re-registration) နှင့် လုပ်ငန်းပေါင်း ၄၄,၆၈၅ က ကုမ္ပဏီ အသစ် မှတ်ပုံတင်ခြင်း (New Company Registration) ကို အွန်လိုင်းက ပြုလုပ်ခဲ့ကြပါတယ်။ လက်ရှိမှာ ကုမ္ပဏီပေါင်း ၉၄,၂၆၃ ဝန်းကျင်ဟာ MyCO ကိုအသုံးပြုပြီး ကုမ္ပဏီရေးရာကိစ္စရပ်တွေကို အွန်လိုင်းကတစ်ဆင့် DICA နဲ့ ဆက်သွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ MyCO ဟာ လျှောက်ထားလွှာပုံစံ Form A, B, C, D, E, etc... စသည်ဖြင့် လျှောက်ထားလွှာ အမျိုးအစား ၁၀၀ကျော်နဲ့ ကုမ္ပဏီရေးရာကိစ္စရပ်တွေကို အွန်လိုင်းက ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ MyCO ဟာ စတင်တဲ့ နေ့ကစပြီး ၁-၈-၂၀၂၂ ရက်နေ့မှာ ၃ နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီး ကုမ္ပဏီ မှတ်ပုံတင်ခြင်းနှင့်ဆက်စပ် လုပ်ငန်းစဉ်တွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုနဲ့ ပံ့ပိုးပေးနိုင်ဖို့ စဉ်ဆက်မပြတ် အားထုတ် ဆောင်ရွက်လျက်ရှိပါတယ်။

**ဇယား (၁) ၁-၁-၂၀၂၂ ရက်နေ့မှ ၂၃-၈-၂၀၂၂ ရက်နေ့အထိ MyCO ဖြင့် ကုမ္ပဏီ မှတ်ပုံတင်ခြင်း ဆောင်ရွက်မှု အခြေအနေ**

| အကြောင်းအရာ | ၁-၁-၂၀၂၂ မှ ၂၃-၈-၂၀၂၂ အထိ |
|---|---|
| ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ် ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်သည့် အသင်းအဖွဲ့ဖွဲ့စည်းတည်ထောင်ခြင်း | ၃၆ |
| ပြည်ပကော်ပိုရေးရှင်းမှတ်ပုံတင်ခြင်း | ၄၂ |
| ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ် ထားသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း | ၈ |
| အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်ခြင်း | ၁၁,၂၅၂ |
| ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီအက်ဥပဒေအရ အစုရှယ်ယာများဖြင့် ကန့်သတ် ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်ခြင်း | ၃ |
| အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်ခြင်း | ၁၀ |
| **စုစုပေါင်း** | **၁၁,၃၅၂** |

အရင်းအမြစ်။ www.myco.dica.gov.mm

၁-၁-၂၀၂၁ရက်နေ့မှ ၂၃-၈-၂၀၂၁ရက်နေ့ အတွင်း MyCO အွန်လိုင်းစနစ်နဲ့ တင်ပြလာတဲ့ ကုမ္ပဏီရေးရာ လျှောက်ထားလွှာပေါင်း (၇၂,၃၇၀) အပေါ် အီလက်ထရောနစ် ဝန်ဆောင်မှု (e-Government Services) ပေးမှု အခြေအနေကို ဇယား(၂) မှာ ဖော်ပြထားပါတယ်။

**ဇယား(၂) ၁-၁-၂၀၂၁ ရက်နေ့မှ ၂၃-၈-၂၀၂၁ ရက်နေ့ အထိဆောင်ရွက်ပေးခဲ့သည့်အီလက်ထရောနစ်ဝန်ဆောင်မှုများ**

| စဉ် | ပုံစံအမျိုးအစား | | စုစုပေါင်း တင်ပြချက် |
|---|---|---|---|
| (က) | AR - | နှစ်စဉ်အစီရင်ခံစာ | ၃၀,၆၉၁ |
| (ခ) | က- | ကုမ္ပဏီများနှင့် အခြားအဖွဲ့ အစည်းများ ဖွဲ့စည်းတည် ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း လျှောက်ထားလွှာ | ၄,၁၀၉ |
| (ဂ) | ခ - | အဖွဲ့အစည်းများ ပြန်လည် မှတ်ပုံတင်ခြင်းလျှောက်ထားလွှာ | ၂၉ |
| (ဃ) | ဂ - | ကုမ္ပဏီအသေးစိတ် အချက် အလက်များ ပြောင်းလဲခြင်းနှင့် အစုရှယ်ယာ မတည်ငွေရင်း ပြောင်းလဲခြင်းဆိုင်ရာပုံစံများ | ၅,၅၀၄ |
| (င) | ဃ - | ကုမ္ပဏီ၏ဒါရိုက်တာများနှင့် အရာရှိများဆိုင်ရာပုံစံများ | ၄,၆၁၃ |
| (စ) | င - | ပြည်ပကော်ပိုရေးရှင်းနှင့် သက်ဆိုင်သည့်ပုံစံများ | ၁,၄၈၃ |
| (ဆ) | စ - | ကုမ္ပဏီအမျိုးအစား ပြောင်းလဲ ခြင်းနှင့် သက်ဆိုင်သည့် ပုံစံများ | ၄ |
| (ဇ) | ဈ - | လိုက်နာဆောင်ရွက်ရမည့် အကြောင်း အရာနှင့် သက်ဆိုင်သည့် ပုံစံများ | ၂၅,၄၁၅ |
| (ဈ) | ဆ - | အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ နှင့် သက်ဆိုင်သည့် ပုံစံများ | ၁၁၉ |
| (ည) | ဇ - | ပေါင်းနှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းဆိုင်ရာပုံစံများ | ၁၀၁ |
| (ဋ) | ည - | ကုမ္ပဏီအားစာရင်းရှင်းလင်း ဖျက် သိမ်းခြင်းနှင့်သက်ဆိုင်သည့်ပုံစံများ | ၃၀၂ |
| | | **စုစုပေါင်း** | ၇၂,၃၇၀ |


အရင်းအမြစ်။ www.myco.dica.gov.mm

MyCO မှာ အသုံးပြုသူတွေအနေနဲ့ အွန်လိုင်းကနေ လျှောက်ထားလွှာ တင်ပြရင်း အခက်အခဲဖြစ်ပေါ်ပါက ဖြေရှင်းပေးနိုင်ဖို့ Issue များကို ပေးပို့နိုင်ရေးကိုလည်း ဝန်ဆောင်မှု ပေးထားပါတယ်။ ၁-၁-၂၀၂၁ ရက်နေ့မှ ၂၃-၁-၂၀၂၁ ရက်နေ့အတွင်း MyCO System အသုံးပြုပြီး ကုမ္ပဏီရေးရာ တင်ပြလျှောက်ထားလွှာပေါင်း (၇၂,၃၇၀) ကို လျှောက်ထားသူများကိုယ်တိုင် အောင်မြင်စွာ ဖြည့်သွင်းတင်ပြနိုင်ခဲ့တာကို တွေ့ရပြီး Issue အတွက် အကူအညီတောင်းခံလွှာ (၅၀၉) ခုကို MyCO ကတစ်ဆင့် လက်ခံရရှိ ဖြေရှင်းကူညီပေးနိုင်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၉၉.၃%) သော MyCO အသုံးပြုသူတွေဟာ သူတို့ဘာသာ MyCO ကို ကျွမ်းကျင်စွာ အသုံးပြုပြီး အောင်မြင်စွာဖြည့်သွင်း တင်ပြနိုင်ခဲ့တာကို တွေ့ရှိရပြီး (၀.၇%)သော အသုံးပြုသူတွေကသာ payment၊ Technical Assistant၊ Transaction၊ other စတဲ့ အခက်အခဲ(Issue)အတွက် အကူအညီတောင်းခံခဲ့ပါတယ်။

e-Government Services တွေနဲ့ပတ်သက်ပြီး အသုံးပြုသူတွေရဲ့ စိတ်ကျေနပ်မှုက အဓိကဖြစ်တဲ့ အတွက် MyCO သုံးစွဲသူတွေရဲ့ အတွေ့အကြုံကို ဆန်းစစ်တာဟာ ပိုမိုကောင်းမွန်တဲ့ e-Government Service ဖြစ်ဖို့၊ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အပိုင်းတွေကို သိရှိနိုင်ဖို့နဲ့ MyCO အသုံးပြုသူတွေရဲ့ စိတ်ကျေနပ်မှုကို သိရှိနိုင်ဖို့ အကူအညီဖြစ်စေပါတယ်။ MyCO ရဲ့ အသုံးဝင်မှု (Usefulness)၊ အသုံးပြုရလွယ်ကူမှု (Ease of Use)၊ အသုံးပြုရာမှာ ကြုံတွေ့ရသည့် အခက်အခဲ(Risks)တွေနဲ့ပတ်သက်ပြီး Technology Acceptance Model (TAM) ကိုအခြေခံတဲ့ စစ်တမ်းမေးခွန်းတွေ ဖန်တီးခဲ့ပြီး ၁-၁-၂၀၂၁ ရက်နေ့ကနေ ၁-၈-၂၀၂၁ ရက်နေ့ အတွင်း MyCO System ကိုသုံးပြီးတော့ ကုမ္ပဏီရေးရာကိစ္စရပ် တွေကို တင်ပြဆောင်ရွက်ခဲ့ကြတဲ့ ကုမ္ပဏီတွေကို ကျပန်းစနစ်ဖြင့် ရွေးချယ်ပြီး Google Survey Form နဲ့ ဇယား (၃)တွင် ဖော်ပြထားတဲ့ Review on MyCO system စစ်တမ်းမေးခွန်းတွေကို မေးမြန်းခဲ့ပါတယ်။

Review on MyCO system စစ်တမ်းကို ပြန်လည်ဖြေကြားခဲ့တဲ့ ကုမ္ပဏီတွေရဲ့ ပြန်ကြားချက် တွေအရ MyCO အပေါ် စိတ်ကျေနပ်မှုအခြေအနေမှာ ၂၁ % က အလွန်(အလွန်) စိတ်တိုင်းကျကြောင်း၊ ၅၈ % က အလွန် စိတ်တိုင်းကျကြောင်း၊ ၂၀% က အတော်အသင့် စိတ်တိုင်းကျပါကြောင်းတွေ့ရပါတယ်။ခြုံငုံသုံး သပ်ချက်အရ ၇၉ % သော MyCO အသုံးပြုသူတွေဟာ MyCO ဝန်ဆောင်မှုကို အလွန်စိတ်ကျေနပ်သည်ဟု ယူဆနိုင်ပြီး ၂၀% က အတိုင်းအတာ တစ်ခုအထိ စိတ်ကျေနပ်တယ်လို့ ယူဆနိုင်ပါတယ်။ ယေဘုယျအားဖြင့် ဌာနရဲ့ e-Government Service အပေါ် Users’ Satisfactory Level မှာ အပြုသဘောကောင်းမွန်သည့် အခြေအနေဖြစ်ကြောင်းတွေ့ရပါတယ်။

**ပုံပြဂရပ်(၃) MyCO ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အသုံးပြုသူများ၏ စိတ်ကျေနပ်မှုအဆင့်**





MyCO အသုံးပြုသူတွေရဲ့ ဖြေကြားချက်အရ MyCO ဟာ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်စွာပြီးမြောက်စေတယ်လို့ ဖြေကြားသူ ၉၇.၅%၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် စွမ်းဆောင်ရည်ကို တိုးတက်စေတယ်လို့ ဖြေကြားသူ ၉၇.၄%၊ ကုမ္ပဏီရေးရာများ ဆောင်ရွက်ရာမှ ထိရောက်မှုရှိတယ်လို့ ဖြေကြားသူ ၉၇.၆ %၊ မိမိတို့ ကုမ္ပဏီအတွက် အသုံးဝင်တယ်လို့ ဖြေကြားသူ ၉၆.၁ % ရှိခဲ့ပါတယ်။

MyCO ကို အသုံးပြုဖို့ လေ့လာရတာ လွယ်တယ် ဖြေဆိုသူ ၉၆.၂%၊ မိမိတို့တင်ပြလိုသော အကြောင်းအရာကို တင်ပြရန်လွယ်ကူမှုရှိတယ်လို့ ဖြေဆိုသူ ၉၆.၂ %၊ MyCO က ရှင်းလင်းပြီး နားလည်ဖို့ လွယ်ကူတယ်လို့ ပြောသူက ၉၄.၈ %၊ MyCO ကသုံးရတာ လွယ်ကူပါတယ်လို့ ဖြေကြားသူက ၉၄.၉ %၊ MyCO ကို သုံးတဲ့အခါ ကျွမ်းကျင်စွာသုံးနိုင်ဖို့ လွယ်ကူတယ်လို့ ဖြေကြားသူက ၉၆.၂ % ရှိပါတယ်။

MyCO ကို အသုံးပြုရာမှာ မိမိတို့ရဲ့အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ဆုံးရှုံးပေါက်ကြားခြင်းကဲ့သို့သော ကိစ္စရပ်တွေအပေါ် စိုးရိမ်မှု သိသိသာသာ မရှိကြကြောင်း၊ MyCO ဝက်ဘ်ဆိုက် Loading timeနှင့်ပတ်သက်ပြီးတော့လည်း ကျေနပ်မှုရှိတဲ့ အခြေအနေရှိကြောင်း၊ MyCO အသုံးပြုပြီး ကုမ္ပဏီရေးရာကိစ္စရပ်တွေ တင်ပြတဲ့အခါ အချိန်ကြာခြင်းနဲ့ transac-tion error ဖြစ်ပေါ်မှုကို ကြုံတွေ့ရခြင်းတော့ အနည်းငယ်ရှိကြောင်း၊ MyCO အသုံးပြုတဲ့အခါမှာ ကြုံရတဲ့ အခက်အခဲ (Risk) များနဲ့ ပတ်သက်ပြီး ဖြေကြားချက်တွေကို ပုံပြဂရပ်(၄) ပါအတိုင်းတွေ့ရပါတယ်။ အခက်အခဲတွေ့ရမှုမရှိဘူးလို့ဖြေဆိုသူက ပိုပြီးများတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

**ပုံပြဂရပ်-၄ MyCO ကြုံတွေ့ရသည့် အခက်အခဲ (Risk)အပေါ် အသုံးပြုသူများ၏ထင်မြင်ယူဆချက်**




အသုံးပြုသူတွေရဲ့ အကြံပြုချက်အနေနဲ့ ၇၁ % က အသုံးပြုရတာပိုမိုလွယ်ကူစေလိုကြောင်း၊ ၄၆ % က သတင်းအချက်အလက်များ တိကျမှန်ကန်မြန်ဆန်စွာ ပံ့ပိုးပေးစေလိုကြောင်း၊ ၄၂ % က MyCO Website De-sign ပိုမိုရှင်းလင်းစေလိုကြောင်း အကြံပြုထားတာ ကို တွေ့ရပါတယ်။


ထူးခြားတဲ့ အကြံပြုချက်တွေအနေနဲ့ Friendly User Interface ဖြစ်စေလိုကြောင်း၊ search facilities ကိုပိုမိုတိုးမြှင့်စေလိုကြောင်း၊ payment gateway နဲ့ ပတ်သက်တဲ့ issue ကို ဆောင်ရွက်ပေးစေလိုကြောင်း၊ payment receipts ကို MyCO က ထုတ်ပေးစေလိုပါကြောင်း၊ ကုမ္ပဏီရေးရာကိစ္စရပ်များနှင့် ပတ်သက်တဲ့ ကြေညာချက်တွေ အမိန့်ကြော်ငြာစာတွေကို MyCO မှာ ဖြည့်သွင်းခဲ့တဲ့ email သို့ ပို့ပေးစေလိုကြောင်း၊ AR Form မှာ အဓိပ္ပာယ်ရှင်းလင်းရန် လိုအပ်သောမေးခွန်း များ ပါရှိနေကြောင်း၊ Payment ဆောင်ရွက်စဉ်မှာ MyCO System ဟာ Logging in/ Logging out အကြိမ်ကြိမ် ဖြစ်ပေါ်တာကို ကြုံတွေ့ရပါကြောင်း၊ Director Search Function ထပ်မံ ထည့်သွင်းပေးခြင်း ဟာ အလွန်


အသုံးဝင်ပါကြောင်း၊ အရေးကြီးတဲ့ အသိ ပေးချက်တွေကို ပိုပြီးရှင်းလင်းစွာမြင်သာတဲ့ပုံစံနဲ့ အသိပေးစေလိုကြောင်းအကြံပြုထားကြပါတယ်။

နောက်ဆုံး အချက်အနေနဲ့ MyCO ဟာ ၁၀၀ % ပြီးပြည့်စုံတယ်လို့ မဆိုနိုင်ပေမဲ့ လက်ခံနိုင်ဖွယ် ရှိတဲ့ e-Government Services ဖြစ်ပါကြောင်း (MyCO is not 100 % Perfect but Acceptable e-Government Services)၊ ကောင်းမွန်သော e-Government Services Projectတစ်ခုအဖြစ် အသိအမှတ်ပြုပါကြောင်းမှတ်ချက်များပြုထားကြတာကို လက်ခံရရှိပြီး အဆိုပါ ကိစ္စရပ်တွေအပေါ် ကုမ္ပဏီရေးရာဌာနခွဲက တာဝန်ရှိသူတွေအနေနဲ့အရေးတယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ e-Government service ရဲ့ အရည် အသွေးကို တိုင်းတာခြင်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ e-Government အောင်မြင်မှုရရှိဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အရာတစ်ခုဖြစ်တာနဲ့အညီ MyCO ရဲ့ အသုံးဝင်မှု(Usefulness)၊ အသုံးပြုရလွယ်ကူမှု (Ease of Use) အသုံးပြုရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲများ (Risks)နဲ့ပတ်သက်ပြီး စစ်တမ်းကောက်ယူရရှိတဲ့ အသုံး ပြုသူများ၏ ထင်မြင်ချက်များဟာ MyCO System Upgrading ပြုလုပ်တဲ့အခါမှာလည်းကောင်း၊ DICA ရဲ့ e-Government Services ဝန်ဆောင်မှု အရည်အသွေး ကိုပိုမိုတိုးတက် ကောင်းမွန်စေရန်လည်းကောင်း အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ ဒိုက်ကာရဲ့ အီ လက်ထရောနစ် ဝန်ဆောင်မှုစနစ်အပေါ် အသုံးပြုသူ တွေရဲ့ စိတ်ကျေနပ်မှု (Users' Satisfac-tion on e-Government Services of DICA) လေ့လာတဲ့ ရလဒ်အရ ယေဘုယျအားဖြင့် ဖြေဆိုသူတွေရဲ့ ၉၀ % ကျော် က MyCO ဟာ အသုံးဝင်တဲ့ အသုံးပြုရ လွယ်ကူတဲ့ကောင်းမွန်တဲ့ အီလက်ထရောနစ် ဝန်ဆောင်မှုအဖြစ် အသိအမှတ်ပြုကြောင်း ဖြေဆိုခဲ့ကြတာကို တွေ့ရတဲ့ အတွက် MyCO ဟာ DICAရဲ့ အောင်မြင်တဲ့ e-Govern- ment services မှတ်တိုင်တစ်ခုအနေနဲ့ ဂုဏ်ယူဖွယ် ဖြစ်ပါတယ်။

**အေးအေးမြင့်**



## နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမှန်စာရင်းကောက်ယူမှု၏ အရေးပါပုံ

ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာတဲ့အခါ စီးပွားရေးလုပ်ငန်းများ၏ အဆိုပြုလွှာအရ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်တဲ့ ပမာဏများကို ပါဝင်ဖော်ပြ၍ လုပ်ငန်းမှတ်ပုံတင်ခြင်းကို ဆောင်ရွက်လေ့ရှိပါတယ်။ ဒီပမာဏတွေဟာ ခွင့်ပြုပမာဏ (permitted amount) များသာ ဖြစ်ပြီး၊ နိုင်ငံသို့ အမှန်တကယ် ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုပမာဏကို သိရှိခြင်းဖြင့် နိုင်ငံတွင်း၌ လည်ပတ်နေသည့် နိုင်ငံခြားငွေပမာဏကို သိရှိခန့်မှန်းနိုင်မှာ ဖြစ်တာကြောင့် ရင်းနှီးမြှုပ်နှံမှု အမှန်စာရင်း ကောက်ယူရရှိခြင်းဟာ အရေးပါသည့် ကိစ္စရပ်ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စာရင်းများကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund –IMF) ၏ Balance of Payment 6th Edition (BPM6) နဲ့ Organization for Economic Co-operation and Development – OECD ၏ Benchmark Definition 4th Edition (BD4) တို့မှ သတ်မှတ်ထားသော နိုင်ငံတကာစံနှုန်းများနဲ့အညီ ပြုစုနိုင်ရေးအတွက် ၂၀၁၇ ခုနှစ်မှစတင်၍ ကြိုးပမ်းအား ထုတ်ခဲ့ပါတယ်။ မိမိတို့ဌာနအနေနဲ့ ကောက်ယူခဲ့တဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအမှန်စာရင်းကို ၂၀၁၇ ခုနှစ်မှစ၍ IMF ၏ Coordinated Direct Investment Survey (CDIS) အဖွဲ့သို့ တင်ပြနိုင်ခဲ့ပြီး ASEAN အတွင်းရေးမှူးချုပ်ရုံးသို့ ၎င်းတို့၏ သတ်မှတ်ချက်များဖြစ်သော ASEAN Form (1,2,3) တို့ကို တင်ပြနိုင်ခဲ့ပါတယ်။ CDIS Data ၊ ASEAN Form များအား CLMV နိုင်ငံများမှ ကမ္ဘောဒီးယားနှင့် မြန်မာ (၂) နိုင်ငံသာ တင်ပြနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်စာရင်းရရှိရန် IMF ၏ နည်းပညာအကူအညီ ရယူ၍ နိုင်ငံခြားကုမ္ပဏီများကို Primary Data Source အဖြစ် နိုင်ငံတကာမှ သတ်မှတ်ပေးထားသော Survey Data ရရှိနိုင်ရန်အတွက် Survey ကောက်ယူ၍ စာရင်း ပြုစုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်တွင်ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုနှင့် နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် Survey ကောက်ယူနိုင်ခြင်းမရှိပါ။ သို့သော် Administrative Data Source များဖြစ်သော နိုင်ငံခြားသုံးငွေ စီမံ ခန့်ခွဲမှုဌာန၊ သီလဝါ အထူးစီးပွားရေးဇုန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန တို့ မှ အချက်အလက်များအပေါ် Myanmar Company Online (MyCo) စနစ်တွင် ကုမ္ပဏီ များတင်ပြထားသည့် နိုင်ငံခြားသားပိုင်ဆိုင်သည့် အစုရှယ်ယာများမှ အစုရှယ်ယာအချိုးကို တိုက်ဆိုင်စစ်ဆေး ပြီး ကုမ္ပဏီများ၏ Equity Capital နှင့် Debt Instrument (Loan Disbursement–Loan Repayment) တို့၏ ၂၀၂၀ ပြည့်နှစ်အတွင်း ဝင်ရောက်ခဲ့မှု (FDI Inflows)၊ ၂၀၂၀ ပြည့်နှစ်အထိ ဝင်ရောက်ခဲ့မှု (FDI Position) တို့ ကို တွက်ချက်စာရင်း ကောက်ယူထားပါတယ်။

### ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့မှု

၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ် နှံမှု ဝင်ရောက်ခဲ့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၂,၂၀၆ ဘီလီယံရှိပါတယ်။ ၎င်းနှစ်အတွင်းတွင် Equity မှာ အမေရိကန်ဒေါ်လာ ၂.၁၁၉ ဘီလီယံဝင်ရောက်ခဲ့ပြီး Debt Instrument တွင် အမေရိကန်ဒေါ်လာ ၀.၀၈၇ ဘီလီယံသာ ဝင်ရောက်ခဲ့ပါတယ်။ Debt Instrument အနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း ပထမ ၃ လပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု အများအပြားဝင်ရောက်ခဲ့ပြီး တတိယ ၃ လပတ်နှင့် စတုတ္ထ ၃ လပတ်တို့တွင် ပြန်လည်ပေးဆပ်သည့် ချေးငွေ (Loan Repayment) များပြားသောကြောင့် အနုတ်ရလဒ် ထွက်ပေါ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခဲ့မှု အသေးစိတ်အခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-


ဇယား (၁) FDI Inflows (By Yearly)

(Million USD)

| Year/ Component | 2014 | 2015 | 2016 | 2017 | 2018 | 2019 | 2020 |
|---|---|---|---|---|---|---|---|
| Equity | 972.30 | 2125.70 | 2725.07 | 2937.15 | 2208.03 | 1971.66 | 2118.75 |
| Debt (Loan Disbursement – Loan Repayment) | 219.62 | 2148.15 | 1162.41 | 1867.13 | -432.84 | -241.80 | 86.84 |
| **Total** | **1191.91** | **4273.86** | **3887.48** | **4804.28** | **1775.20** | **1729.86** | **2205.59** |

အရင်းအမြစ် - ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ပုံပြဂရပ် (၁) FDI Inflows (By Yearly)




အရင်းအမြစ် - ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဇယား (၂) FDI Inflows in 2020 (Sector Wise)

(USD Million)

| No | Sector | Equity | Debt (Loan Disbursement – Loan Repayment) | Total | % |
|---|---|---|---|---|---|
| 1 | Manufacturing | 506.30 | 150.35 | 656.65 | 29.77% |
| 2 | Oil and Natural Gas | 594.71 | 0.00 | 594.71 | 26.96% |
| 3 | Real estate | 570.36 | –2.15 | 568.21 | 25.77% |
| 4 | Financial services excl. banks | 70.46 | 92.81 | 163.27 | 7.40% |
| 5 | Services excl. Banking | 78.54 | 13.16 | 91.70 | 4.16% |
| 6 | Not specified | 76.77 | 1.10 | 77.87 | 3.53% |
| 7 | Power | 64.73 | –10.72 | 54.01 | 2.45% |
| 8 | Construction | 28.17 | 22.92 | 51.09 | 2.32% |
| 9 | Telecommunications | 63.32 | –24.28 | 39.04 | 1.77% |
| 10 | Trading and Wholesale | 20.63 | 11.24 | 31.87 | 1.44% |
| 11 | Hotel and Tourism | 5.30 | 14.41 | 19.71 | 0.89% |
| 12 | Livestock & Fisheries | 9.41 | 7.20 | 16.61 | 0.75% |
| 13 | Agriculture | 9.37 | 6.02 | 15.39 | 0.70% |
| 14 | Transportation | 9.32 | 0.00 | 9.32 | 0.42% |
| 15 | Industrial Estate | 1.03 | 1.91 | 2.94 | 0.13% |
| 16 | Mining | 10.34 | –197.13 | –186.79 | –8.47% |
| | **Total** | **2118.75** | **86.84** | **2205.59** | **100%** |

အရင်းအမြစ် – ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဇယား (၃) FDI Inflows in 2020 (Country Wise)

(USD Million)

| No | Country | Equity | Debt (Loan Disbursement – Loan Repayment) | Total | % |
|---|---|---|---|---|---|
| 1 | Vietnam | 461.14 | -1.07 | 460.07 | 20.86% |
| 2 | Korea | 243.17 | 40.86 | 284.03 | 12.88% |
| 3 | Singapore | 170.31 | 83.01 | 253.32 | 11.49% |
| 4 | Thailand | 208.78 | 4.06 | 212.84 | 9.65% |
| 5 | Japan | 52.44 | 114.07 | 166.50 | 7.55% |
| 6 | Taiwan, Province of China | 159.48 | 0.50 | 159.98 | 7.25% |
| 7 | Hong Kong | 158.67 | 0.25 | 158.92 | 7.21% |
| 8 | China | 268.76 | -190.71 | 78.05 | 3.54% |
| 9 | India | 64.52 | 0.31 | 64.83 | 2.94% |
| 10 | Not specified | 64.16 | -0.07 | 64.09 | 2.91% |
| 11 | United Kingdom | 44.01 | 10.80 | 54.81 | 2.49% |
| 12 | Netherlands | 49.53 | -2.27 | 47.26 | 2.14% |
| 13 | France | 40.03 | 1.33 | 41.36 | 1.88% |
| 14 | Canada | 37.27 | 2.25 | 39.52 | 1.79% |
| 15 | Bermuda | 21.43 | 0.00 | 21.43 | 0.97% |
| 16 | Australia | 15.63 | -0.02 | 15.61 | 0.71% |
| 17 | Malaysia | 15.78 | -0.61 | 15.17 | 0.69% |
| 18 | Switzerland | 3.65 | 7.24 | 10.89 | 0.49% |
| 19 | Bangladesh | 1.77 | 7.45 | 9.22 | 0.42% |
| 20 | United Arab Emirates | 8.69 | 0.00 | 8.69 | 0.39% |
| 21 | Austria | 2.36 | 5.00 | 7.36 | 0.33% |
| 22 | Sri Lanka | 5.71 | 0.00 | 5.71 | 0.26% |
| 23 | Samoa | 3.68 | 0.00 | 3.68 | 0.17% |
| 24 | Indonesia | 3.35 | 0.00 | 3.35 | 0.15% |
| 25 | United States | 3.01 | 0.00 | 3.01 | 0.14% |
| 26 | Germany | 0.13 | 2.66 | 2.79 | 0.13% |
| 27 | Cambodia | 2.79 | 0.00 | 2.79 | 0.13% |
| 28 | Denmark | 2.26 | 0.00 | 2.26 | 0.10% |
| 29 | Mauritius | 0.00 | 1.79 | 1.79 | 0.08% |
| 30 | Philippines | 1.28 | 0.00 | 1.28 | 0.06% |
| 31 | Luxembourg | 1.02 | 0.00 | 1.02 | 0.05% |
| 32 | Seychelles | 0.88 | 0.00 | 0.88 | 0.04% |
| 33 | Italy | 0.80 | 0.00 | 0.80 | 0.04% |
| 34 | Brazil | 0.78 | 0.00 | 0.78 | 0.04% |
| 35 | Mongolia | 0.73 | 0.00 | 0.73 | 0.03% |
| 36 | Norway | 0.24 | 0.00 | 0.24 | 0.01% |
| 37 | Marshall Islands | 0.20 | 0.00 | 0.20 | 0.01% |
| 38 | New Zealand | 0.18 | 0.00 | 0.18 | 0.01% |
| 39 | Spain | 0.09 | 0.00 | 0.09 | 0.00% |

| No | Country | Equity | Debt (Loan Disbursement – Loan Repayment) | Total | % |
|---|---|---|---|---|---|
| 40 | Sweden | 0.04 | 0.00 | 0.04 | 0.00% |
| 41 | Brunei Darussalam | 0.002 | 0.000 | 0.002 | 0.00% |
| 42 | Paraguay | 0.0002 | 0.0000 | 0.0002 | 0.00% |
| | **Total** | **2118.75** | **86.84** | **2205.59** | **100%** |

အရင်းအမြစ် – ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့မှုမှာ အမေရိကန် ဒေါ်လာ ၃၁.၅၄၇ ဘီလီယံဖြစ်ပြီး Equity Instrument အနေဖြင့် အမေရိကန်ဒေါ်လာ၂၄.၃၃၈ဘီလီယံဝင်ရောက်ထားပြီး Debt Instrument အနေဖြင့် အမေရိကန် ဒေါ်လာ ၇.၂၀၈ ဘီလီယံ ဝင်ရောက်ခဲ့ပါသည်။ နှစ်အလိုက်၊ ကဏ္ဍအလိုက်နှင့် နိုင်ငံ/ဒေသအလိုက် ဝင်ရောက်ခဲ့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်–


**ဇယား (၄) FDI Position (By Yearly)**

(Million USD)

| Year/ Component | 2014 | 2015 | 2016 | 2017 | 2018 | 2019 | 2020 |
|---|---|---|---|---|---|---|---|
| Equity | 10259.15 | 12384.86 | 15109.93 | 18047.08 | 20248.30 | 22219.76 | 24338.51 |
| Debt (Loan Dis-bursement – Loan Repayment) | 2619.03 | 5929.60 | 4767.19 | 7796.73 | 7363.89 | 7122.09 | 7208.93 |
| **Total** | **12878.19** | **18314.45** | **19877.12** | **25843.81** | **27612.19** | **29341.85** | **31547.44** |

အရင်းအမြစ် – ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ပုံပြဂရပ် (၁) FDI Position (By Yearly)**




အရင်းအမြစ် – ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ဇယား (၅) FDI Position to 2020**

**(USD Million)**

| No | Sector | Equity | Debt (Loan Disbursement – Loan Repayment) | Total | % |
|---|---|---|---|---|---|
| 1 | Oil and Natural Gas | 7931.85 | 957.31 | 8889.16 | 28.18% |
| 2 | Telecommunications | 5049.73 | 1173.08 | 6222.81 | 19.73% |
| 3 | Manufacturing | 4026.98 | 1481.58 | 5508.56 | 17.46% |
| 4 | Mining | 704.84 | 1150.49 | 1855.33 | 5.88% |
| 5 | Power | 920.45 | 774.28 | 1694.72 | 5.37% |
| 6 | Real estate | 1294.72 | 270.17 | 1564.89 | 4.96% |
| 7 | Banking | 1430.15 | 0.00 | 1430.15 | 4.53% |
| 8 | Hotels and Tourism | 134.90 | 968.01 | 1102.91 | 3.50% |
| 9 | Services excl. Banking | 965.47 | 82.20 | 1047.66 | 3.32% |
| 10 | Financial services excl. banks | 520.43 | 247.02 | 767.45 | 2.43% |
| 11 | Not specified | 559.36 | 12.02 | 571.39 | 1.81% |
| 12 | Livestock and Fisheries | 296.02 | 13.74 | 309.76 | 0.98% |
| 13 | Trading and Wholesale | 143.89 | 44.15 | 188.04 | 0.60% |
| 14 | Construction | 184.17 | -34.00 | 150.17 | 0.48% |
| 15 | Transportation | 94.47 | 39.50 | 133.97 | 0.42% |
| 16 | Agriculture | 34.77 | 23.98 | 58.75 | 0.19% |
| 17 | Industrial Estate | 46.32 | 5.41 | 51.73 | 0.16% |
| | **Total** | **24338.51** | **7208.93** | **31547.44** | **100%** |

အရင်းအမြစ် – ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ဇယား (၆) FDI Position to 2020 (Country Wise)**

**(USD Million)**

| No | Country | Equity | Debt (Loan Disbursement – Loan Repayment) | Total | % |
|---|---|---|---|---|---|
| 1 | Singapore | 6614.08 | 2179.21 | 8793.29 | 27.87% |
| 2 | China | 5063.29 | 2099.37 | 7162.66 | 22.70% |
| 3 | Thailand | 3492.42 | 321.46 | 3813.88 | 12.09% |
| 4 | Japan | 2407.91 | 913.47 | 3321.38 | 10.53% |
| 5 | Korea | 992.71 | 241.49 | 1234.20 | 3.91% |
| 6 | United Kingdom | 1231.83 | 260.47 | 1492.30 | 4.73% |
| 7 | Vietnam | 883.72 | 118.82 | 1002.53 | 3.18% |
| 8 | Taiwan, Province of China | 645.79 | 194.12 | 839.90 | 2.66% |
| 9 | Not specified | 632.75 | 9.08 | 641.83 | 2.03% |
| 10 | Hong Kong | 382.60 | 211.33 | 593.92 | 1.88% |
| 11 | Malaysia | 202.77 | 333.44 | 536.21 | 1.70% |
| 12 | Netherlands | 480.39 | 24.96 | 505.35 | 1.60% |

| No | Country | Equity | Debt (Loan Disbursement – Loan Repayment) | Total | % |
|---|---|---|---|---|---|
| 13 | France | 446.77 | 30.03 | 476.79 | 1.51% |
| 14 | India | 175.83 | 70.31 | 246.14 | 0.78% |
| 15 | United States | 154.58 | 37.60 | 192.18 | 0.61% |
| 16 | Australia | 159.45 | 4.18 | 163.63 | 0.52% |
| 17 | Canada | 70.44 | 3.35 | 73.79 | 0.23% |
| 18 | Bermuda | 66.82 | 0.00 | 66.82 | 0.21% |
| 19 | Indonesia | 51.33 | 3.41 | 54.74 | 0.17% |
| 20 | Cambodia | 31.78 | 17.11 | 48.89 | 0.15% |
| 21 | Philippines | 11.92 | 23.60 | 35.52 | 0.11% |
| 22 | Bangladesh | 21.74 | 10.94 | 32.68 | 0.10% |
| 23 | BRUNEI DARUSSALAM | 14.47 | 11.47 | 25.95 | 0.08% |
| 24 | Switzerland | 12.34 | 9.34 | 21.68 | 0.07% |
| 25 | Italy | 2.15 | 17.40 | 19.55 | 0.06% |
| 26 | Liberia | 15.70 | 0.26 | 15.96 | 0.05% |
| 27 | Germany | 12.83 | 2.66 | 15.49 | 0.05% |
| 28 | Mauritius | 5.36 | 10.09 | 15.45 | 0.05% |
| 29 | Sri Lanka | 12.98 | 1.59 | 14.57 | 0.05% |
| 30 | Sweden | 13.79 | 0.00 | 13.79 | 0.04% |
| 31 | Norway | 3.27 | 10.36 | 13.63 | 0.04% |
| 32 | United Arab Emirates | 13.39 | 0.00 | 13.39 | 0.04% |
| 33 | Panama | -19.54 | 30.14 | 10.60 | 0.03% |
| 34 | Denmark | 10.13 | 0.00 | 10.13 | 0.03% |
| 35 | Austria | 0.94 | 5.13 | 6.06 | 0.02% |
| 36 | Samoa | 5.74 | 0.00 | 5.74 | 0.02% |
| 37 | Seychelles | 4.25 | 0.00 | 4.25 | 0.01% |
| 38 | Brazil | 4.03 | 0.00 | 4.03 | 0.01% |
| 39 | Lebanon | 0.78 | 2.77 | 3.56 | 0.01% |
| 40 | Belgium | 1.60 | 0.00 | 1.60 | 0.01% |
| 41 | Mongolia | 1.03 | 0.00 | 1.03 | 0.00% |
| 42 | Luxembourg | 1.02 | 0.00 | 1.02 | 0.00% |
| 43 | New Zealand | 0.56 | 0.00 | 0.56 | 0.00% |
| 44 | Turkey | 0.29 | 0.00 | 0.29 | 0.00% |
| 45 | Marshall Islands | 0.20 | 0.00 | 0.20 | 0.00% |
| 46 | Nepal | 0.10 | 0.00 | 0.10 | 0.00% |
| 47 | Spain | 0.09 | 0.00 | 0.09 | 0.00% |
| 48 | Portugal | 0.06 | 0.00 | 0.06 | 0.00% |
| 49 | Cyprus | 0.03 | 0.00 | 0.03 | 0.00% |
| 50 | Poland | 0.00400 | 0.00200 | 0.00600 | 0.00% |
| 51 | Paraguay | 0.00020 | 0.00000 | 0.00020 | 0.00% |
|  | **Total** | **24338.51** | **7208.93** | **31547.44** | **100.00%** |

## ASEAN နိုင်ငံများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့မှု

ကမ္ဘာ့နိုင်ငံများအားလုံးသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအခြေအနေမှာ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၅ ထရီလီယံ ရှိခဲ့ရာမှ ၂၀၂၀ ခုနှစ်အတွင်း ၃၅ ရာခိုင်နှုန်း ကျဆင်းကာ အမေရိကန်ဒေါ်လာ ၁.၀ ထရီလီယံသာ ရှိတာကို တွေ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ် အတွင်း အာဆီယံ ၁၀ နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုများကို ၂၀၁၉ ခုနှစ်ဖြင့် နှိုင်းယှဉ် ကြည့်ပါက ပျမ်းမျှ ၂၄.၇၂ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ကိုတွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အာဆီယံ နိုင်ငံများသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နှစ်အလိုက် ဝင်ရောက်ခဲ့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်–

**ဇယား (၆) Flows of Inward Foreign Direct Investment (FDI) to ASEAN Countries**

**(USD Million)**

| နိုင်ငံ | 2016 | 2017 | 2018 | 2019 | 2020 |
|---|---|---|---|---|---|
| Brunei Darussalam | -150.44 | 460.15 | 517.26 | 374.62 | 577.43 |
| Cambodia | 2,475.92 | 2,788.06 | 3,212.63 | 3,663.03 | 3,624.64 |
| Indonesia | 3,920.65 | 20,579.22 | 20,563.47 | 23,883.25 | 18,581.08 |
| Lao PDR | 1,075.69 | 1,695.38 | 1,358.00 | 755.52 | 967.69 |
| Malaysia | 11,290.27 | 9,295.79 | 7,611.26 | 7,859.73 | 3,511.80 |
| Myanmar | 2,989.48 | 4,002.43 | 1,609.78 | 1,729.86 | 1,907.15 |
| Philippines | 8,279.55 | 10,256.44 | 9,948.60 | 8,671.37 | 6,542.26 |
| Singapore | 70,223.50 | 84,685.10 | 75,954.10 | 114,158.40 | 90,597.70 |
| Thailand | 3,486.28 | 8,285.17 | 13,190.91 | 4,816.65 | -4,767.86 |
| Viet Nam | 12,600.00 | 14,099.98 | 15,500.00 | 16,120.00 | 15,800.00 |
| Grand Total | 116,190.90 | 156,147.72 | 149,466.00 | 182,032.43 | 137,341.91 |

အရင်းအမြစ် – ASEAN FDI Database (Data updated June 2021)

## FDI Outward ရရှိရန် ဆောင်ရွက်သွားမည့် အခြေအနေ

FDI Outward Data Compilation နဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံ၊ Bank of Thailand မှ အကူအညီပေးသွားမဲ့ အပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနဲ့ FDI Outward Position ကို Bilateral Data ဖြစ်သည့် CDIS မှကောက်ယူပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ FDI Outward Position ကို ရရှိပြီး ဖြစ်ပါတယ်။ FDI Outward Flow and Position ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၂၀၂၃ ခုနှစ်တွင် အပြီးတင်ပြသွားနိုင်မည် ဖြစ်ပါတယ်။

**စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ**

## မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခြေအနေအပေါ် တစေ့တစောင်း

### ရင်းနှီးမြှုပ်နှံမှု၏ အရေးပါခြင်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသည့် အခြေခံအကြောင်းအရာသည် ရင်းနှီးမြှုပ်နှံမှု ပင် ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ချက်များအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုများသော နိုင်ငံများသည် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) လည်း တိုးမြင့်ကြောင်း တွေ့ရှိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အဓိကအချက်ပင်ဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ကျွမ်းကျင်ပညာရှင်များလာရောက်လုပ်ကိုင်ခြင်းကြောင့် ကျွမ်းကျင်မှုများ သင်ယူနိုင်ခြင်း၊ နည်းပညာ အထောက်အပံ့များ ရရှိနိုင်ခြင်း၊ ပြည်သူလူထု၏ လူမှုဘဝတိုးတက်စေခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါတယ်။

### ပညာရေးကဏ္ဍ အရေးပါပုံ

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MIPP)တွင်တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် နိုင်ငံသားများအတွက် အနာဂတ်အလားအလာကောင်းများ ရရှိစေရန် အထောက်အပံ့ပေးနိုင်မည့် ပညာရေးစနစ် တစ်ခုကို မျှော်မှန်းထားကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းသည့် စီးပွားရေးဖွံ့ဖြိုးမှုကို ရရှိပိုင်ဆိုင်ရန် ပညာရေးကဏ္ဍ မြှင့်တင်ခြင်းသည် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး ပညာရေးကဏ္ဍမြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ထောင်နိုင်မည်ဖြစ်ပါတယ်။ အရည်အသွေး ပြည့်ဝပြီး အာမခံချက်ရှိသော အရည်အချင်းဖြင့် ပညာသင်ကြားခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးပန်းတိုင်များသို့ ရောက်ရှိစေပြီး ဆန်းသစ်တီထွင်နိုင်သည့် အသိပညာ အတတ်ပညာများရှိသည့်လူ့စွမ်းအားအရင်းအမြစ်များစွာကို မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မိမိကိုယ်တိုင် အကျိုးစီးပွား ရရှိစေနိုင်သည့်အပြင် နိုင်ငံတော်၏ အကျိုးစီးပွားအတွက်လည်း သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် လူငယ်တစ်ရပ်လုံး၏ အသိပညာအတတ်ပညာများ တိုးပွားလာသည်နှင့်အမျှ မကောင်းမှုဒုစရိုက်များ လျော့ကျခြင်း၊ ကျန်းမာရေးဗဟုသုတများ ပိုမိုသိရှိနိုင်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ခြင်းစသည့် စီးပွားရေးမဟုတ်သည့် အကျိုးကျေးဇူးများစွာကိုလည်း ရရှိနိုင်မည် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင်လည်း ပညာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် စီးပွားရေးအလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခု ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က တစ်ထောင့် တစ်နေရာမှ ပါဝင်မှု

နိုင်ငံတော်အစိုးရသည် စီးပွားရေးတိုးတက်မှု၏ပင်မတွန်းအားဖြစ်သော သာတူညီမျှရှိ၍ အားလုံးပါဝင်နိုင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ–ပုဂ္ဂလိက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဝန်ကြီးဌာနများအကြား ပေါင်းကူးဆက်သွယ်ပေးလျက်ရှိသည့် ကော်မရှင်တစ်ခုအနေဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီတစ်ခုအဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပညာရေးဝန်ကြီးဌာန၏ ပုဂ္ဂလိက ပညာရေးဥပဒေများ မထွက်ရှိသေးမီကာလအတွင်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒအမှတ်စဉ် ၇ အရ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန် ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာကို

အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် နိုင်ငံပိုင် သတင်းစာများနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်တို့တွင် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ပညာရေးဝန်ဆောင်မှုကဏ္ဍတွင် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားတွင် ထည့်သွင်းထားပြီး ရင်းနှီးမြှုပ်နှံသည့် သက်ဆိုင်ရာဇုန်အလိုက် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် အခြားအခွန်အကောက်များ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များစသည့် အခွန်ဆိုင်ရာ မက်လုံးများ၊ အခြားအခွင့်အရေးများ၊ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများ စသည့် အကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ပညာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေပြီး အရည်အသွေးရှိပြီး အာမခံချက်ရှိသော တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပေါ်ထွန်းလာစေပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုသည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပေါ်ထွန်းလာစေရေး အတွက် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ခွင့်ပြုမိန့်/ အတည်ပြုမိန့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

**ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်း**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခဲ့ပြီးသက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ ခွင့်ပြုမိန့် အတည်ပြုမိန့်များ ထုတ်ပေးခဲ့ခြင်းကြောင့် ပညာရေးကဏ္ဍတွင် International School အပါအဝင် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသည့် ပုဂ္ဂလိကကျောင်းများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသည့် အဆင့်မြင့်ပညာသင် ပုဂ္ဂလိကကျောင်းများ၊ သက်မွေးနည်းပညာသင် ပုဂ္ဂလိကကျောင်းများ၊ သာသာရပ်သင် ပုဂ္ဂလိကကျောင်းများစသည့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၄ ခု နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၃၇ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၅၁ ခု ခွင့်ပြုပေးနိုင်ခဲ့သဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးကဏ္ဍမြှင့်တင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေမှုတို့တွင် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ပညာရေးကဏ္ဍရှိ ရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးကျေးဇူး**

ပညာရေးကဏ္ဍတွင် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာသည့်အတွက် ထောင်ပေါင်းများစွာသော အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အခွန်ငွေများ ရရှိစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ခဲ့ပါတယ်။ အရည်အသွေးပြည့်ဝပြီး အာမခံချက်ရှိသည့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာခြင်းကြောင့် မျိုးဆက်သစ် လူငယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသည့် ပုဂ္ဂလိကကျောင်းများနှင့် ချိတ်ဆက်သင်ကြားနိုင်ပြီး မိမိသင်ယူလိုသည့် ဘာသာရပ်များကို စိတ်ကြိုက်ရွေးချယ်သင်ယူနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် က ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် လုပ်ငန်းက ရရှိသည့် ဝင်ငွေ၏ အသားတင် အမြတ်ငွေ ၂ ရာခိုင်နှုန်းခန့်ကို Corporate Social Responsibility (CSR) အနေဖြင့် သတ်မှတ်ပြီး ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် အသုံးပြုသောကြောင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူတစ်ခု ဖြစ်စေပါတယ်။

**နိဂုံး**

ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုသည် စက်မှုဖွံ့ဖြိုးမှုထက်သာလွန်ပါက နိုင်ငံသူ နိုင်ငံသားများ အနေဖြင့် သာယာဝပြောသည့် လူနေမှုဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါတယ်။ ပညာရေးကဏ္ဍရှိ ရင်းနှီးမြှုပ်နှံမှုများကို အစိုးရ၊ ပုဂ္ဂလိက စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဆိုပါက အရည်အသွေးရှိသော ပညာရေးစနစ်ပေါ်ထွန်းလာမည်မှာမလွဲကေန်ဖြစ်ကြောင်း သုံးသပ်မိ ပါတယ်။

**အိအိခိုင်**

# တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ခရီးစဉ်

ကိုရီးယားသမ္မတနိုင်ငံသည် ယနေ့ကမ္ဘာ့ထိပ်တန်း စီးပွားရေးနိုင်ငံ ၁၀ နိုင်ငံအနက် ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့ပြီး နောက်ပြည်တွင်းစစ်ဆက်လက် ဖြစ်ပွားခဲ့ရသည့်အတွက် နိုင်ငံသားတို့ အနေဖြင့် ဆင်းရဲမွဲတေမှုကို ခက်ခဲစွာကြုံတွေ့ခဲ့ကြရသည်။

ကိုရီးယား လူမျိုးတို့အနေဖြင့် သမိုင်းစဉ်တစ်လျှောက် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို သင်ခန်းစာရယူပြီး ထပ်မံကြုံတွေ့လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်လျက် မျက်မှောက်အခြေအနေသို့ တစ်ဆင့်ချင်းတက်လှမ်းခဲ့ကြသည်။

ယခုဆောင်းပါးတွင် ကိုရီးယားနိုင်ငံ၏ ဖြတ်သန်းခဲ့ရသောအတွေ့အကြုံများကို ၁၉၄၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်၊ ၁၉၆၁ ခုနှစ်မှ ၁၉၇၉ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်မှ ယနေ့အခြေအနေထိ အချိန်ကာလကို အပိုင်းလေးပိုင်းဖြင့် လေ့လာမည်ဖြစ်သည်။



## ၁၉၄၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် အပျက်အစီးများနှင့် ရုန်းကန်မှု

၃၅ နှစ်ကြာ ဂျပန်ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့သော ကိုရီးယားနိုင်ငံသည် ၁၉၄၅ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် နိုင်ငံရေးစနစ်နှင့် နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေး၊ မူပိုင်ခွင့်နှင့် စွန့်ဦးတီထွင်မှု အခြေပြု စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စသောမူများဖြင့် အခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး ဒီမိုကရက်တစ် သမ္မတ အုပ်ချုပ်သည့်စနစ် ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သည်။သို့သော် ၁၉၅၀ ပြည့်နှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး ၁၉၅၃ ခုနှစ်၊ ဇူလိုင်လတွင် နှစ်နိုင်ငံသဘောတူညီချက်များအရ စစ်ပွဲရပ်စဲကြောင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အကျိုးဆက်အဖြစ် နိုင်ငံကို မြောက်လတ္တီတွဒ် ၃၈ ဒီဂရီမျဉ်းဖြင့် ပိုင်းခြားခဲ့ပြီး မာရှယ်ကင်အီဆွန်း ကြီးမှူးသည့် မြောက်ကိုရီးယား



အစိုးရက ကိုရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဟုလည်းကောင်း၊ ဒေါက်တာ ဆင်မန်ရီ ကြီးမှူးသော တောင်ကိုရီးယား အစိုးရက ကိုရီးယားသမ္မတနိုင်ငံ ဟုလည်းကောင်း တောင်ပိုင်းနှင့် မြောက်ပိုင်းနှစ်ပိုင်း ကွဲခဲ့သည်။

## မူပိုင်ခွင့်ကာကွယ်ရေး

စစ်ပွဲလွန်ကာလတွင် ကိုရီးယားသမ္မတနိုင်ငံသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလေးထား စတင်ဆောင်ရွက်ခဲ့သည်။ အခြေခံဥပဒေသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအပါအဝင် လူမှုရေးကဏ္ဍများ၌ နိုင်ငံသားတို့အနေဖြင့် လွတ်လပ်၍ တရားမျှတစွာ စွန့်ဦးတီထွင်ဖန်တီးနိုင်ရန် အလေးထား အာမခံချက်ပေးခဲ့သည်။ ထို့ပြင် နိုင်ငံသားတို့၏ တီထွင်ဖန်တီးမှုကို တွန်းအားပေးနိုင်မည့် မူပိုင်ခွင့်ကာကွယ်ရေးကို အလေးထား ဆောင်ရွက်ခဲ့သည်။

## လယ်မြေခွဲဝေမှုနှင့် ကျောင်းဝင်နှုန်း မြင့်တက်ခဲ့

လယ်လုပ်သူလယ်ပိုင်ဆိုင်ရေး မူဝါဒအရ မြေယာငှားရမ်းသည့်စနစ်ကို ဖျက်သိမ်းခဲ့ပြီး လယ်ယာမြေများကို ခွဲဝေသည့်စနစ်ကြောင့် လယ်သမားများကိုယ်တိုင်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်နိုင်ခဲ့ကြသည်။ မြောက်ကိုရီးယားအနေဖြင့် မြေယာ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်ခဲ့သော်လည်း လယ်သမားများသို့ လွတ်လပ်စွာ ခွဲဝေပေးမှုမရှိခဲ့ပေ။ သို့သော် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြေယာများကို လယ်သမားများသို့ လက်ရှိပေါက်ဈေးအောက်ဖြင့် ရောင်းချပေးခဲ့ခြင်းကြောင့် ဆန်စပါးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး လယ်သမားများ၏ ဝင်ငွေတိုးတက်ခဲ့သည်။ သူရင်းငှားများ လျော့ကျလာခဲ့ပြီး မူလတန်း ကျောင်းဝင်နှုန်း တဖြည်းဖြည်း မြင့်မားခဲ့သဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အောင်မြင်စွာ စတင်နိုင်ခဲ့ကြသည်။

**နိုင်ငံခြားအကူအညီအထောက်အပံ့များ**

မြေယာဖြေလျှော့မှုများ ပြုလုပ်ပြီးနောက်ပိုင်းအလှူရှင်နိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများအဖြစ် အစားအစာနှင့် လယ်ယာသုံး ပစ္စည်းများကဲ့သို့ လူသုံးကုန်ပစ္စည်းများရရှိခဲ့သည်။ ကိုရီးယား နိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများအပြင် အခြေခံအဆောက်အအုံ ဆိုင်ရာ




ရင်းနှီးမြှုပ်နှံမှုပုံစံကဲ့သို့ ဖွံ့ဖြိုးမှု အကူအညီများ ရရှိရန် မျှော်မှန်းခဲ့ကြသည်။

**အဖြူရောင်စက်မှုလုပ်ငန်း ၃ မျိုး ဖွံ့ဖြိုးတိုးတက်မှု**

နိုင်ငံတကာ အကူအညီ၏ ၃၀ ရာခိုင်နှုန်းကို ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ဂျုံ၊ သကြား သန့်စင်ခြင်းနှင့် ချည်မျှင်ရက္ကန်းစသည့် အဖြူရောင် စက်မှုလုပ်ငန်း ၃ မျိုးတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ အချို့သော ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှပေးသည့် ကုန်ကြမ်းပစ္စည်းများကို ဈေးကွက်ပေါက်ဈေး ထက်နိမ့်သောဈေးဖြင့် ဝယ်ယူနိုင်ခဲ့ပြီး ထုတ်ကုန်များကို ဈေးကောင်းဖြင့် ပြန်လည်ရောင်းချနိုင်သောကြောင့် ၁၉၅၀ ပြည့်နှစ် နှောင်းပိုင်းကာလများတွင် ပိုလျှံထုတ်ကုန်များ ထုတ်လုပ်နိုင်ခဲ့ကြသည်။

**ပညာရေးတွင် ရင်းနှီးမြှုပ်နှံ၍ စာမတတ်မြောက်မှုနှုန်းကို လျှော့ချနိုင်ခဲ့**

ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် စာတတ်မြောက်မှုနှင့် တိုက်ရိုက် ချိတ်ဆက် သည်ကို ကောင်းစွာသိရှိ နားလည်သည့်အတွက် မူလတန်းပညာရေး မသင်မနေရစနစ်၊ အပြည်ပြည်




ဆိုင်ရာ စာတတ်မြောက်ရေး လှုပ်ရှားမှုကို အမျိုးသားရေးအသွင်အဖြစ်ပါဝင်မှုနှင့် အခြားအမျိုးသား စီမံကိန်းများကြောင့် ဆယ်စုနှစ်တစ်စုအတွင်း စာမတတ်သူ ၇၈ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့သည်။ ထို့ပြင် ဆရာဖြစ်သင်တန်း အစီအစဉ်များကြောင့် ပညာရေး အရည်အသွေးများလည်း မြင့်မားခဲ့သည်။

မြေယာ သိမ်းဆည်းမှုများအတွက် လျော်ကြေးငွေ ပေးခြင်းနှင့် လယ်ယာမြေများ အခမဲ့ခွဲဝေပေးခြင်း၊ နိုင်ငံတကာ အကူအညီများကို မှန်ကန်စွာ အသုံးချခြင်းနှင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ၍ စာမတတ်မှုနှုန်းကို လျှော့ချနိုင်ခဲ့ခြင်းတို့ကြောင့် ကိုရီးယား နိုင်ငံသားများ အတွက် ၁၉၄၅ ခုနှစ် စစ်ပြီးကာလမှ ၁၉၆၀ ပြည့်နှစ် အထိသည် အပျက်အစီးများဖြင့် ပြည့်နှက်နေသော ဖုန်းဆိုးမြေပေါ်တွင် မျှော်လင့်ခြင်းမျိုးစေ့များကို ကြဲချ စိုက်ပျိုးသကဲ့သို့ အနာဂတ်အသီးအပွင့် ရောင်ခြည်များ ထွက်ပေါ်ခဲ့သည်။

### ၁၉၆၁ ခုနှစ်မှ ၁၉၇၉ ခုနှစ် ဆင်းရဲမွဲတေမှု

စစ်ပြီးကာလ ပြန်လည် တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိစဉ် ၁၉၆၀ ပြည့်နှစ်များတွင် နိုင်ငံခြား အထောက်အပံ့များ သိသာစွာလျော့နည်းခဲ့ပြီး နိုင်ငံ၏ စီးပွားရေးကို ခြိမ်းခြောက်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ ပြည်ပမှ ကုန်ကြမ်းများနှင့် တစ်ဆင့်ခံ ကုန်ချော များ မှာယူတင်သွင်းရခြင်းတို့ကြောင့် ကာလရှည်ကြာ နိုင်ငံခြားငွေ ပြတ်လပ်မှုတစ်ရပ်ကို ကြုံတွေ့ခဲ့ရသည်။ ကိုရီးယားနိုင်ငံအနေဖြင့် အဆိုပါအခြေအနေမှ ဆင်းရဲမှုနှင့် ကောင်းမွန်သော စီးပွားရေးအခြေအနေ ရရှိရန် ကြိုးပမ်းခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။

### ပို့ကုန်ကဏ္ဍဖြင့် ကြွယ်ဝချမ်းသာမှုတံခါးချပ်ကို ဖွင့်လှစ်ခဲ့

၁၉၆၁ ခုနှစ်တွင် စီးပွားရေးစီမံကိန်းဘုတ်အဖွဲ့ကို တည်ထောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ၅ နှစ်စီမံကိန်းကို ရေးဆွဲခဲ့သည်။ ထိုစီမံကိန်း သည် သွင်းကုန်အစားထိုး စက်မှုကဏ္ဍဖြင့် စတင်ခဲ့သော် လည်း အောင်မြင်မှုမရရှိခဲ့ပေ။ အစိုးရအနေဖြင့် အဆိုပါ စီမံကိန်းကို ပို့ကုန်အခြေပြုစက်မှုကဏ္ဍအဖြစ် ပြောင်းလဲ ၍ အကောင်အထည် ဖော်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြု ပြင်ပြောင်းလဲမှုများကို ကျယ်ပြန့်စွာတိုးမြှင့်ခဲ့ပြီး ပို့ကုန် မြှင့်တင်ရေးမူဝါဒများကို မိတ်ဆက်ခဲ့ရာ နိုင်ငံ၏စီးပွား ရေး ဖွံ့ဖြိုးမှုများ အရှိန်ရရှိခဲ့သည်။

ထို့ပြင် ဝမ်ငွေတန်ဖိုးကိုလျှော့ချခဲ့ပြီး ပို့ကုန်ကဏ္ဍ တိုးမြှင့်ခဲ့သည့်အတွက်ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ




၃၀၀ သန်း ရရှိခဲ့သည်။ ကုမ္ပဏီများသို့ ယခင်က ပေးခဲ့ဖူး ခြင်းမရှိသည့် ဦးစားပေးငွေကြေး ထောက်ပံ့မှု အစီအစဉ် များနှင့် ဈေးကွက်ထက် အတိုးနှုန်းလျှော့ချပေးမှုများ ကြောင့် ပို့ကုန်လုပ်ငန်း ကုမ္ပဏီများ၏ ပို့ကုန် တင်ပို့မှု ပမာဏမှာ သိသိသာသာ တိုးတက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်များတွင် အဆင့်မြင့်စက်မှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကြီးစားနှင့်ဓာတုဗေဒ စက်မှုလုပ်ငန်းများကို မြှင့်တင်ပေးခဲ့သည်။ ၁၉၇၁ ခုနှစ် တွင် နိုင်ငံတွင်းတပ်စွဲထားသည့် အမေရိကန်စစ်သား အင်အား ၂၀,၀၀၀ ဆုတ်ခွာပြီးနောက်ပိုင်း လွတ်လပ် သော အမျိုးသားကာကွယ်ရေးအသုံးများ ပိုမိုကျယ်လောင် စွာ ကြားခဲ့ရပြီး အကြီးစားနှင့် ဓာတုဗေဒ စက်မှုလုပ်ငန်း များတွင် အားကောင်းခိုင်မာစွာ လုပ်ဆောင်ခဲ့ကြသည်။ အစိုးရအနေဖြင့် နိုင်ငံခြားမှ ချေးငွေ ရယူ၍ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေထူထောင်ရန်၊ နည်းပညာရှင်များကို လေ့ကျင့်ပျိုး ထောင်ရန်နှင့် လူမှုအဖွဲ့အစည်းများအတွက် အခြေခံ လို အပ်ချက်များကို ဖြည့်ဆည်းပေးရန် ကော်ပိုရေးရှင်းများသို့ မူဝါဒဆိုင်ရာ ချေးငွေများ ထုတ်ချေးပေးခဲ့သည်။ အကျိုး ဆက်အနေဖြင့် ၁၉၇၇ ခုနှစ်တွင် ပို့ကုန်ပမာဏ အမေ ရိကန်ဒေါ်လာ ၁၀ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ခန့်မှန်းချက် ထက် လေးနှစ်စော၍ ပြည့်မီခဲ့သည်။ သို့သော် အစိုးရနှင့် နီးစပ်သည့် ကော်ပိုရေးရှင်းများကိုသာ မျက်နှာသာပေးမှု များကြောင့် မညီမျှမှုပြဿနာများ ပေါ်ပေါက်ခဲ့သည်။

### ပို့ကုန်ဆိုင်ရာအခြေခံအဆောက်အအုံတစ်ရပ်တည်ထောင်ခြင်း

အစိုးရအနေဖြင့် စက်မှုဖွံ့ဖြိုးမှု စဦးကာလမှာပင် ပို့ကုန်ကဏ္ဍကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ကော်ပိုရေး ရှင်းများနှင့် လမ်း၊ ပါဝါထုတ်လုပ်သည့် အဆောက်အအုံ များ၊ ဆိပ်ကမ်းများအပါအဝင် စက်မှုဇုန်များ တည်ထောင် ခဲ့သည်။ ထိုစက်မှုဇုန်များကို ထုတ်လုပ်မှု အခြေပြုစခန်း များအဖြစ်သာမက ဒေသအလိုက် စီးပွားရေး အချက်အ



ချာ ကျရန်နှင့် အနာဂတ်ကာလတွင် မြို့ပြဗဟိုဌာနများ အဖြစ်ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ထူထောင်ခြင်းဖြစ်သည်။

၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များတွင် Guro တွင် အပေါ့စားစက်မှုဇုန်ကို တည်ထောင်ခဲ့ပြီး Ulsan ၊ Gumi နှင့် Changwon တွင် အကြီးစားနှင့်ဓာတုဗေဒ စက်မှုလုပ်ငန်းများကို တည်ထောင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အဆိုပါစက်မှုဇုန်များရှိ လုပ်သားအင်အားသည် နိုင်ငံ၏ စုစုပေါင်း ထုတ်လုပ်မှုကဏ္ဍရှိ အလုပ်သမားအင်အား၏ ၂.၃ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်တွင် ၁၈.၅ ရာခိုင်နှုန်း ထိ တိုးတက်ခဲ့သည်။

**နိုင်ငံအဝှမ်းသယ်ယူပို့ဆောင်ရေးကွန်ယက်များတိုးချဲ့ခြင်း**

ထုတ်ကုန်များကို ပြည်တွင်းနှင့် နိုင်ငံတကာကို တင်ပို့နိုင်ရန် သယ်ယူပို့ဆောင်ရေးကွန်ယက်များသည် အဓိကဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ရာ ၁၉၆၈ ခုနှစ်တွင် Gyei-ngin အမြန်လမ်းကို ဖောက်လုပ်ခဲ့ပြီး Gyeongbu ၊ Youngdong ၊ Honam နှင့် Namhae အမြန်လမ်းမကြီးများကို ဆက်လက် ဖောက်လုပ်ခဲ့သည်။ ထို့ပြင် စက်သုံးဆီခွန်၊ တိုးဂိတ်ခွန်နှင့်ကုမ္ပဏီများသို့ ဘွန်းအာမခံများကို ဖြေလျှော့ပေးခဲ့သည်။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကြောင့် လည်ပတ်



လျက်ရှိသည့် Seoul ၊ Yeongwol ၊ Masan နှင့် Sam-chock သာမိုလျှပ်စစ် ဓာတ်အားပေး စက်ရုံများနှင့် Seomjin မြစ် ရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံများ အပြင် အစိုးရအနေဖြင့် Busan သာမိုလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ Chuncheon နှင့် Soyanggang ရေအားလျှပ်စစ်ပါဝါစက်ရုံများနှင့် Kori နယူကလီးယား ဓာတ်အားပေးစက်ရုံတို့ကို တည်ထောင်ခဲ့သည့်အတွက် ၁၉၆၁ ခုနှစ်တွင် ကီလိုဝပ် ၃၇၀,၀၀ ရှိရာမှ ၁၉၇၉ ခုနှစ်တွင် ကီလိုဝပ် ၈ သန်းအထိ ၂၂ ဆ တိုးတက်ခဲ့သည်။

**မြို့ပြအသွင်ကူးပြောင်းမှုသို့ ဦးတည်**

စက်မှုဇုန်များနှင့်အခြေခံအဆောက်အအုံများကိုတည်ထောင်ခြင်းသည် ကုန်ထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေမည့် သယ်ယူ ပို့ဆောင်ရေးများ ကောင်းမွန်ရန် သာမကပြည်သူ့ဝန်ဆောင်မှုများ တိုးချဲ့ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပထမဦးစွာ Seoul – Busan ဝင်ရိုးတစ်လျှောက် ကျေးလက်မှ မြို့ပြစနစ်သို့ အရှိန်မြှင့်တင်ရန် မြို့ပြဗဟိုဌာနများနှင့် အခြေခံ အဆောက်အအုံများကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့သည်။

**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားရင်းမြစ်**

သဘာဝရင်းမြစ်နှင့်ငွေကြေး အရင်းအနှီး ရှားပါးသော



နိုင်ငံဖြစ်ရာအစိုးရအနေဖြင့် လူသားရင်းမြစ်များ ရရှိရန် နိုင်ငံသားများ၏ ပညာသင်ကြားမှုကို အလေးထား အထောက်အပံ့ပေးခဲ့သည်။ နိုင်ငံအဝှမ်း မူလတန်း ပညာရေးစနစ် ရရှိပြီးနောက်ပိုင်း အစိုးရအနေဖြင့် အလယ်တန်းပညာရေးစနစ်အပြင် စက်မှုနှင့်သက်မွေး သင်တန်းကျောင်းများ ဖွင့်လှစ်၍ လုပ်သားအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့သည်။ လုပ်သားအင်အား တိုးတက်လာသည် နှင့်အမျှ အလယ်တန်းနှင့် အထက်တန်းကျောင်းဝင်နှုန်း သိသာစွာတိုးတက်ခဲ့သည်။ ထို့ပြင် အရည်အသွေးပြည့်မီသော လုပ်သားများနှင့် သုတေသီများကို လေ့ကျင့်

သင်ကြား၍အသေးစားစက်မှုလုပ်ငန်းများမှအကြီးစားနှင့် ဓာတုဗေဒစက်မှုလုပ်ငန်းများသို့ ဝင်ရောက်စေနိုင်ခဲ့ခြင်း များကြောင့်စီးပွားရေးလျှင်မြန်စွာဖွံ့ဖြိုးတိုးတက်ခဲ့သည်။

**နိုင်ငံခြားပြန် သိပ္ပံနှင့်နည်းပညာ ပညာရှင်များကို ပြန်လည်စုစည်းခြင်း**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အတတ်ပညာရှင်များစွာ လိုအပ်သော်လည်း ၁၉၆၅ ခုနှစ်တွင် သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်ဖြင့် အဆင့်မြင့်ဘွဲ့ရရှိသူ ၁၂၃ ဦး သာရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် Korean Institute of Science and Technology (KIST) ကို တည်ထောင်ခဲ့ပြီး စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာများကို အဆင့်မြှင့်တင်၍ နိုင်ငံခြားပြန် အရည်အသွေးပြည့်ဝသော ပညာရှင်များကို ပြန်လည်စုစည်းခဲ့သည်။ ထို့ပြင် မဟာအဆင့်နှင့် ပါရဂူ ဘွဲ့ရပညာရှင်များကို ဆွဲဆောင်ရန် Korea Advanced Institute of Science(KAIS) ကို တည်ထောင်ခဲ့ပြီး သုတေသန အခွင့်အလမ်းများစွာ ကမ်းလှမ်း၍ အမျိုးသားသုတေသနဌာနများ ဖွင့်လှစ်ပေးခဲ့သည်။ ထူးချွန်ကျောင်းသားများနှင့် ပညာရှင်များကိုလည်း အလုပ်အကိုင် အခွင့်အလမ်းနှင့် မက်လုံးပေး ဆွဲဆောင်ခဲ့ပြီး နိုင်ငံခြားပြန် ပညာရှင်များကိုလည်း နိုင်ငံတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခများ၏ လစာထက် သုံးဆပေး၍ နိုင်ငံ၌ အလုပ် လုပ်ရန် ဆွဲဆောင်ခဲ့သည်။

အဆိုပါလူသားရင်းမြစ်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ကိုရီးယားနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင်



အောင်မြင်မှုများစွာ အထောက်အကူပြုခဲ့ပြီး ၁၉၉၀ ပြည့်နှစ် အလွန်နှစ်များတွင် တက္ကသိုလ်များနှင့် ကုမ္ပဏီများပူးပေါင်း၍ သုတေသနလုပ်ငန်းများစွာ ဆောင်ရွက်နိုင်ခဲ့သည်။

**မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း**

စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် မြို့ပြ၏ အချက်အချာနေရာများ ဝင်ငွေတိုးတက်ကောင်းမွန်ခဲ့ပြီး မြို့ပြနှင့်ကျေးလက်ကွာဟမှုများ မထင်မှတ်ဘဲ ကြီးမားခဲ့သည်။ အစိုးရအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ထွက်နှုန်းကောင်းသည့် မျိုးစိတ်သစ် စပါးများကို ထောက်ပံ့ပေးခဲ့ပြီး တောင်သူများထံမှ ဈေးကောင်းပေးဝယ်၍စားသုံးသူထံ အနိမ့်ဆုံးဈေးဖြင့်ပြန်လည် ရောင်းချသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ထို့ပြင် ကျေးလက်ဒေသများကို ပြန်လည်မွမ်းမံခဲ့ပြီး ဆဲမားအူဒုံ လှုပ်ရှားမှုများနှင့် သစ်တောပြုန်းတီးမှု ကာကွယ်ရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ကွာဟမှုကို လျှော့ချခဲ့သည်။

**ဂျာမနီနိုင်ငံတွင် အုံ့ဩဖွယ်ရာဆောင်ရွက်မှု**

၁၉၆၀ ပြည့်နှစ် အစောပိုင်းကာလများ၏ အလုပ်လက်မဲ့နှုန်းသည် စိုးရိမ်ဖွယ်များပြားခဲ့ပြီး အရံနိုင်ငံခြားငွေမှာ အလွန်နည်းပါးခဲ့သည်။ အစိုးရအနေဖြင့် ပထမ ၅ နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်စဉ် ၁၉၆၃ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်များတွင် အနောက်ဂျာမနီသို့ သတ္တုတွင်းလုပ်သားများနှင့် သူနာပြုများ စတင်စေလွှတ်ခဲ့သည်။ ၎င်းတို့၏ နိုင်ငံသို့ ပြန်လည်ပေးပို့သည့်ငွေကြေးပမာဏသည် အဆိုပါကာလ၏ပို့ကုန်ကဏ္ဍ ရရှိငွေ၏ ၂ ရာခိုင်နှုန်းရှိခဲ့သည်။ အနောက်ဂျာမနီသည် ကိုရီးယားလူမျိုး ရွှေ့ပြောင်းလုပ်သားများ၏ ကြိုးပမ်းအားထုတ်မှုကိုအသိအမှတ်ပြုခဲ့ကြပြီး ကိုရီးယားနိုင်ငံသို့ ဖွံ့ဖြိုးမှုချေးငွေ ပေးအပ်ခဲ့သည်။

**ဗီယက်နမ်နိုင်ငံတွင် နယ်ပယ်စုံ၌ အလုပ်လုပ်ခဲ့ကြ**

၁၉၆၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး မိုးသစ်တောတွင် သယ်ယူပို့ဆောင်ရေး ယာဉ်မောင်းအလုပ်မှစ၍ မြို့သစ်တည်ထောင်ရေး လုပ်ငန်းခွင်နှင့် Nha Trang နှင့် Hanoi အမြန်လမ်း တိုးချဲ့ရေးလုပ်ငန်းခွင်ထိ အလုပ်အကိုင်မျိုးစုံကို လုပ်ကိုင်ခဲ့ကြသည်။

### ရေနံအကျပ်အတည်းမှ အခွင့်အလမ်းသစ်များ ရရှိ

၁၉၇၃ ခုနှစ် တွင် ရေနံဈေးနှုန်း ကောင်းမွန်ခဲ့မှုကြောင့် ဆောက်လုပ်ရေးများ အပြိုင်အဆိုင်တည်ဆောက်လာခဲ့ကြသဖြင့် ဗီယက်နမ်နိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများသည် အရှေ့အလယ်ပိုင်းဒေသသို့ ဦးတည်ခဲ့ကြသည်။ ၂၄ နာရီ အတွင်း အဆိုင်း ၃ ဆိုင်းခွဲ၍ ဆောင်ရွက်ခဲ့ကြသည့်အတွက် တည်ဆောက်ချိန်ကို သိသာစွာလျှော့ချနိုင်ခဲ့ကြသည်။ အလုပ်သမားများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ကိုရီးယား ကုမ္ပဏီများသည် Bahrain သင်္ဘောကျင်းနှင့် ဆော်ဒီအာရေးဗီးယားရှိ Al-Jubail ဆိပ်ကမ်းတွင် ကန်ထရိုက်အောင်မြင်၍ စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ်တွင် နိုင်ငံရပ်ခြား၌အလုပ်လုပ်ကိုင်သော ကိုရီးယားလူမျိုး၏ ၃၀ ရာခိုင်နှုန်းသည် အရှေ့အလယ်ပိုင်းတွင် သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်။


### အကျပ်အတည်းဒေသများတွင် ဈေးကွက်ရှာဖွေခြင်း

၁၉၇၅ ခုနှစ်တွင် ပို့ကုန်တိုးမြှင့်ရန် ရည်ရွယ်၍ အခွန်အထူးခံစားခွင့်နှင့် ငွေကြေးဆိုင်ရာ မက်လုံးများပေးကာ အထွေထွေကုန်သွယ်မှုကုမ္ပဏီများ တည်ထောင်ခဲ့သည်။ အဆိုပါကုမ္ပဏီများအနေဖြင့် ၅ နှစ်တာ ကာလအတွင်း ပို့ကုန်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကိုရရှိခဲ့သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကရှိ တည်ငြိမ်မှုမရှိသော ဒေသများနှင့် ပဋိပက္ခဒေသများသို့ ကုန်သွယ်ဖောက်ကားရန်နှောင့်နှေးမှုမရှိ ရဲရင့်စွာ ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ ထို့ပြင် ကိုရီးယားရောင်စုံတီဗီများကို အမေရိကသို့တင်ပို့ခဲ့ကြပြီး ပို့ကုန်ဈေးကွက်သစ်များကို ဦးစွာရှာဖွေနိုင်ခဲ့ကြသည်။

၁၉၆၁ ခုနှစ်မှ ၁၉၇၉ ခုနှစ် ကာလအပိုင်းအခြားသည် ပြည်သူများ၏ မဆုတ်မနစ် အားသွန်ခွန်စိုက် ကြိုးပမ်းမှု၊ လုပ်အားခနည်းပါးမှုနှင့် ဆင်းရဲမွဲတေမှုများကြားမှ ကိုရီးယားနိုင်ငံ၏ ကောင်းမွန်သော အနာဂတ်အတွက် အိပ်မက်များကို အကောင်အထည်ဖော်ခဲ့ကြသည်။ မိဘများအနေဖြင့် ရင်သွေးများ၏ ဘဝရှေ့ရေးအတွက် ပညာရေးအထောက်အပံ့ကောင်းများ ပေးခဲ့ကြသည်။ အစိုးရ အနေဖြင့် စီးပွားရေးစီမံကိန်းဘုတ်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီး ၅ နှစ် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ခဲ့ကြ သောကြောင့် ပို့ကုန် တိုးမြှင့်နိုင်မည့် စက်မှုလုပ်ငန်းများစွာကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ပြီး အရည်အသွေးပြည့်မီသည့် လုပ်သားအင်အားကို ဖော်ဆောင်နိုင်ခဲ့သည်။ ရလဒ်အနေဖြင့် ဆယ်စုနှစ် နှစ်စုအတွင်း ပျမ်းမျှအားဖြင့် တိုးတက်နှုန်းသည် ၁၀ ရာခိုင်နှုန်းရှိခဲ့သည်။ အဆိုပါကာလအတွင်း GDP သည် အမေရိကန်ဒေါ်လာ ၈၀ မှ ၁၇၀၀ သို့ အဆ ၂၀ ခန့် တိုးတက်ခဲ့သည်။

### ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၆ ခုနှစ် မညီမျှမှု

၁၉၆၀ပြည့်နှစ်မှစ၍ မြန်ဆန်စွာဖွံ့ဖြိုးခဲ့ပြီး ကိုရီးယားနိုင်ငံသည် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်များကာလအတွင်း ကမ္ဘာ့ရေနံအခက်အခဲနှစ်ကြိမ်ဖြစ်ပွားခဲ့မှုနှင့် အကြီးစားနှင့်ဓာတုဗေဒ ထုတ်ကုန်များကို ဈေးကွက်ဝယ်လိုအားထက် ပိုလျှံစွာ ထုတ်လုပ်မှုများကြောင့် ငွေကြေးဖောင်းပွမှု အညွှန်းကိန်းသည် ကိန်းဂဏန်းနှစ်ခုသို့ ရောက်ရှိခဲ့သည်။ ထို့ပြင် ၁၉၈၀ ခုနှစ်တွင် မကြုံစဖူး အလွန်အေးသော ဆောင်းကာလနှင့် ကြုံတွေ့ခဲ့ရပြီး စိုက်ပျိုးရေးထုတ်ကုန်များလည်း ကျဆင်းခဲ့ရသည်။ ထို့ကြောင့် ၁၉၈၀ ခုနှစ်သည် ၁၉၅၄ ခုနှစ်နောက်ပိုင်း ကိုရီးယားနိုင်ငံအတွက် ပထမဦးဆုံးအကြိမ် ဖွံ့ဖြိုးမှု အနုတ်လက္ခဏာ ဖြစ်ခဲ့ရသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် ကိုရီးယားတို့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို ရေရှည်ထိန်းညှိနိုင်မည့် သော့ချက်တစ်ခု ရှာဖွေနိုင်ပါမည်လား ဆိုသည်က အရေးပါသည့် မေးခွန်းတစ်ခု ဖြစ်သည်။



### ထုတ်ကုန်များကို တည်ငြိမ်စွာဖြင့် တိုးမြှင့်ခြင်း

၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း အိမ်ခြံမြေ ဈေးကစားမှုနှင့် ယှဉ်ပြိုင်ကုန်သွယ်မှု အားနည်းခြင်းကြောင့် ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၉.၅

ရာခိုင်နှုန်းဖြစ်ခဲ့သည်။ ၁၉၈၀ပြည့်နှစ် ကာလများတွင် စီးပွားရေးပြန်လည်တည်ငြိမ်ရန်တင်းကျပ်သော ငွေကြေးမူဝါဒကို ဖြေလျှော့ခဲ့ပြီး လယ်ယာထောက်ပံ့ကြေးများ၊ ပြည်သူ့ကဏ္ဍ လစာများနှင့် စစ်အသုံးစရိတ်များကို ရပ်တန့်ခဲ့ခြင်းကြောင့် ၃ နှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၃.၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။

ထို့ပြင် သီးခြားတည်ရှိသော စက်မှုဆိုင်ရာဥပဒေ ၇ ခုကို စက်မှုကဏ္ဍဖွံ့ဖြိုးရေး အက်ဥပဒေအဖြစ် ၁၉၈၆ ခုနှစ်တွင် ပေါင်းစည်းပြဋ္ဌာန်းခဲ့ပြီး စက်မှုကဏ္ဍကို အထောက်အကူပြုစေရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ လွတ်လပ်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရန် မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့သည်။ အဆိုပါကာလတွင် နိုင်ငံခြားကြွေးမြီများ မြင့်မားဆဲဖြစ်သည်။ အတိုးနှုန်း၊ အမေရိကန်ဒေါ်လာနှင့် ရေနံဈေးများ ကျဆင်းခဲ့သည့် ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကို အနိမ့် ၃ မျိုးကာလဟု ခေါ်ဆိုခဲ့ကြပြီး အဆိုပါကာလအတွင်း ကိုရီးယားနိုင်ငံ၏ စက်မှုကဏ္ဍ ထုတ်လုပ်မှုနှုန်းများ တဖြည်းဖြည်း ပြန်လည် မြင့်တက်ခဲ့သည်။

**စစ်အေးတိုက်ပွဲအပြီး ကုန်သွယ်မှု လမ်းကြောင်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့**

၁၉၈၉ ခုနှစ် ဘာလင်တံတိုင်းပြိုကျ၍ စစ်အေးတိုက်ပွဲပြီးဆုံးခဲ့ပြီး ကိုရီးယားနိုင်ငံအနေဖြင့် ဥရောပအရှေ့ဖျားနိုင်ငံများနှင့် ကုန်သွယ်မှု အခွင့်အရေးများ ပွင့်လန်းလာခဲ့သည်။ ထို့ပြင် ဟန်ဂေရီ၊ ဆိုဗီယက်ယူနီယံ၊ တရုတ်နိုင်ငံတို့နှင့်သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့ပြီး ကုန်သွယ်မှုများလည်း မြင့်တက်ခဲ့သည်။

**လူမှုဖူလုံရေးနှင့် စီးပွားရေးခေတ်မီခြင်း**

၁၉၆၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ စစ်အာဏာရှင်စနစ်၏ အုပ်ချုပ်မှုအောက်တွင် စီးပွားရေးဖွံ့ဖြိုးမှု မြန်ဆန်စွာ တိုးတက်ခဲ့သော်လည်း ပြည်သူများအကြား လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုကြောင့် မကျေနပ်မှုများကြီးထွားလာခဲ့သည်။၁၉၈၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဇွန်လ ဒီမိုကရေစီလှုပ်ရှားမှုသည် စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းနိုင်ခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတကို တိုက်ရိုက်မဲပေးရွေးချယ်တင်မြှောက်နိုင်မှုနှင့်စီးပွားရေးဒီမိုကရေစီစနစ်ကို ထည့်သွင်းနိုင်ခဲ့သည်။ထိုအပြောင်းအလဲနှစ်ရပ်သည် ကိုရီးယားနိုင်ငံကိုကြွယ်ဝချမ်းသာမှုနှင့်ဒီမိုကရေစီစနစ်တစ်ပြိုင်နက်တည်း ထွန်းကားရန် ဆောင်ကြဉ်းနိုင်ခဲ့သည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများအနေဖြင့် လူနေမှုဘဝအရည်အသွေးနှင့် လူမှုဖူလုံရေးများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အနိမ့်ဆုံးလုပ်အားခနှင့် အမျိုးသား ပင်စင်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် ၁၉၈၉ ခုနှစ်တွင် အမျိုးသား ကျန်းမာရေး စောင့်ရှောက်မှုအာမခံကို ဥပဒေမူဘောင်အရ ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အလုပ်လက်မဲ့များအတွက်ပါ အကျိုးသက်ရောက်စေခဲ့သည်။

**ငွေကြေးနှင့် အရင်းအနှီးဈေးကွက် ပြန်လည်ထိန်းညှိခြင်း**

၁၉၈၀ ပြည့်နှစ်များတွင် ငွေကြေးလုပ်ငန်းများစွာ ပုဂ္ဂလိကစနစ်သို့ ကူးပြောင်းခဲ့ပြီး ၁၉၉၀ ခုနှစ် နှစ်လည်ပိုင်းများတွင် အစိုးရမှ ပင်လယ်ရပ်ခြား ငွေကြေးလုပ်ငန်းများစွာလည်ပတ်နိုင်ရေးအတွက်လုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ နှစ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစု ၂၄ ခုသည် ကုန်သွယ်မှုဘဏ်များအဖြစ်သို့ ပြောင်းလဲခဲ့ပြီး နိုင်ငံခြားငွေကြေး ဆောင်ရွက်မှုများကို စတင်နိုင် ခဲ့ကြသည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ငွေကြေး ရိုက်ခတ်မှုလှိုင်းနှင့် လိုက်လျောညီထွေရှိရန် နိုင်ငံခြားငွေ လဲလှယ်ခြင်းနှင့်




အရင်းအနှီးဈေးကွက်များကို ဖြေလျှော့ပေးခဲ့ သည်။

**အလုပ်သမားဈေးကွက်ကို ပြောင်းလဲစေခဲ့သည့် စက်မှုကဏ္ဍဖွံ့ဖြိုးမှု**

၁၉၅၀ ပြည့်နှစ်များရှိ ကိုရီးယားနိုင်ငံ၏ စီးပွားရေးအခြေအနေသည် စိုက်ပျိုးရေးကိုအခြေခံခဲ့ပြီး အလုပ်လက်

မဲ့နှုန်းသည် အလွန်မြင့်မားခဲ့သည်။ ၁၉၆၀ ပြည့်နှစ် များတွင် စက်မှုကဏ္ဍသို့ လျှင်မြန်စွာကူးပြောင်းနိုင်ခဲ့ခြင်းကြောင့် လုပ်သားအင်အားနှင့် လုပ်ခလစာ မြင့်မားလာခဲ့သော်လည်း လုပ်ငန်းခွင်တွင် နေ့စဉ်နာရီ ပေါင်းများစွာ အလုပ်လုပ်ခဲ့ရသဖြင့် လူ့အခွင့်အရေးလှုပ်ရှားမှုများ ရှန်းကြွလာ ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် အလုပ်သမား ဆန္ဒပြမှုများဆက်တိုက်ပေါ်ပေါက်လာခဲ့ပြီးနောက် ၁၉၈၇ ခုနှစ်ဇွန်လတွင်ဒီမိုကရေစီလှုပ်ရှားမှုကြီး ဖြစ်ပွားခဲ့သည်။

၁၉၈၀ ခုနှစ်မှ ၁၉၉၆ ခုနှစ်ကာလကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ကိုရီးယားနိုင်ငံသည် ၁၉၇၀ ပြည့်နှစ်များတွင် ဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်စွာရရှိခဲ့သော်လည်း တစ်ဆက်တည်းမှာပင် ငွေကြေးဖောင်းပွမှုနှင့် ပိုလျှံထုတ်လုပ်မှုများလည်း ကြုံတွေ့ခဲ့ရသည်။ ကုန်ဈေးနှုန်း တည်ငြိမ်စေရန် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ဆက်တိုက်ချမှတ် ပြောင်းလဲခဲ့ပြီး စက်မှုလုပ်ငန်းများ လိုအပ်သည်ထက် တိုးပွားလာမှုအပေါ် ပြန်လည်ပြင်ဆင် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပုဂ္ဂလိကကဏ္ဍပါဝင်မှု ကျယ်ပြန့်လာခဲ့ခြင်းတို့ကြောင့် အစိုးရ၏ အခန်းကဏ္ဍသည် ကျုံ့လာခဲ့သည်။ ကော်ပိုရေးရှင်းများအနေဖြင့်ပြင်းထန်သောယှဉ်ပြိုင်မှုများကိုရင်ဆိုင်ရှန်းကန်ခဲ့ပြီး နိုင်ငံတကာပို့ကုန် ဈေးကွက်သို့ ဝင်ရောက်နိုင်ခဲ့သည်။ တစ်ဦးချင်းစီ၏ အခွင့်အရေးကို သတိပြုသိမြင်ခဲ့ပြီး စစ်မှန်သော ဒီမိုကရေစီအတွက် စိန်ခေါ်မှုများခဲ့သော ကာလပင်ဖြစ်သည်။

## ၁၉၉၇ ခုနှစ်မှ မျက်မှောက်ကာလ၊ နိုင်ငံခြားငွေလဲလှယ်မှု အခက်အခဲ

၁၉၉၇ ခုနှစ်သည် ကိုရီးယားနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်၌ အဆိုးရွားဆုံးသော စီးပွားရေးအကျပ်အတည်းများ ရင်ဆိုင်ခဲ့ရသောကာလဖြစ်ပြီး ဇန်နဝါရီလမှ စတင်၍ နိုင်ငံ၏ အဓိကကော်ပိုရေးရှင်းကြီးများ စတင်ပြိုလဲခဲ့သည်။ အဆိုပါနှစ်ကုန်ပိုင်းတွင် နိုင်ငံခြားငွေ လဲလှယ်နှုန်း အကျပ်အတည်းကြောင့် ဒေဝါလီခံမှုများစွာ ပေါ်ပေါက်ခဲ့သည်။ အဓိကကော်ပိုရေးရှင်းကြီး ၃၀ အနက် ၁၇ ခု ပြိုကွဲခဲ့ပြီး ကုမ္ပဏီအရေအတွက် ၂၃,၀၀၀ ကျော် ဒေဝါလီခံခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် အလုပ်လက်မဲ့နှုန်းနှင့် အတိုးနှုန်းများ မြင့်တက်ခဲ့ပြီး အိမ်ထောင်စု၏ ဝင်ငွေများ အားလုံး နိမ့်ကျခဲ့ကြသည်။ ကိုရီးယားစစ်ပွဲ အပြီး အဆိုးရွားဆုံး အခြေအနေများကို ကိုရီးယားနိုင်ငံ အနေဖြင့် မည်ကဲ့သို့ ကျော်လွှားကြမည်နည်း။

## နိုင်ငံတော်အတွက် ရွှေ

၁၉၉၇ ခုနှစ် နောင်းပိုင်းတွင် ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံခြားကြွေးမြီများကြောင့် နိုင်ငံခြားအရန်ငွေကြေး လျော့နည်းခဲ့ပြီး အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ သို့သော် နိုင်ငံသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ချစ်မြတ်နိုးစိတ်များဖြင့် နိုင်ငံတော်သို့ ရွှေပေးလှူခြင်း လှုံ့ဆော်မှုကိုလေးလကြာပြုလုပ်ခဲ့ပြီး နိုင်ငံသား၃.၅၁သန်းတို့မှ မင်္ဂလာဦးစုဆောင်းထားရှိသည့် ရွှေများ၊ မိသားစုအမွေအနှစ်များနှင့် အားကစားပြိုင်ပွဲ ရွှေတံဆိပ်များကို ပါဝင်လှူဒါန်းခဲ့ပါသည်။ လှူဒါန်းသည့် ရွှေထည် ပစ္စည်းများသည် နိုင်ငံခြားအရံငွေ၏ ၂၇ ရာခိုင်နှုန်းဖြစ်သော စုစုပေါင်း ရွှေပမာဏ ၂၂၅ တန်၊ အမေရိကန် ဒေါ်လာ ၂.၁၇ ဘီလီယံရှိပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့တွင် တင်ရှိသော နိုင်ငံ၏ကြွေးမြီများကို လေးနှစ်တာ ကာလအတွင်း အစောဆုံး အပြည့်အဝ ပြန်လည်ပေးဆပ်ကာ စီးပွားရေးအခြေအနေသည် အကျပ်အတည်းမဖြစ်မီကာလသို့ ပြန်လည်ရောက်ရှိခဲ့သည်။

## ငွေကြေးဆိုင်ရာ အခက်အခဲကို မည်ကဲ့သို့ ကျော်လွှားခဲ့သနည်း

ကိုရီးယားနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေး၊ အလုပ်သမားနှင့် အစိုးရစသည့် ကဏ္ဍကြီးလေးခုတွင် အဓိကပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ် နိုင်ငံခြားငွေကြေးလဲလှယ်မှု အကျပ်အတည်းဖြစ်ပွားခဲ့ပြီးနောက် ကိုရီးယားနိုင်ငံ၏ တိုးတက်မှုသည် အဓိကလုပ်ငန်းစုကြီးများကြောင့် အကန့်အသတ်များနှင့် ရင်ဆိုင်ခဲ့ရပြီး နည်းပညာဆိုင်ရာ စီးပွားရေးစွန့်ဦးလုပ်ငန်းများ ထူထောင်ခဲ့ကြသည်။ နောက်ဆုံးတွင် အစိုးရအနေဖြင့် အိမ်ထောင်စုအားလုံးကို PC ပိုင်ဆိုင်မှုကို မြှင့်တင်၍ မြန်နှုန်းမြင့် ဆက်သွယ်ရေး ကွန်ရက်များကို

ထူထောင်ပံ့ပိုးပေးခဲ့သည်။

**သတင်းအချက်အလက်နည်းပညာ ဦးဆောင်မှု**

ကမ္ဘာ့နိုင်ငံအသီးသီးသည် ၂၁ ရာစုအတွင်း သတင်းအချက်အလက် ကွန်ရက်တစ်ခု ဖန်တီးရန် အပြိုင်အဆိုင်ကြိုးပမ်းလာကြသည်။သတင်းအချက်အလက် နည်းပညာကဏ္ဍသည် အကြီးစားနှင့် ဓာတုဗေဒလုပ်ငန်းများ ကဲ့သို့ အရင်းအနှီးများစွာမလိုအပ်ဘဲဆန်းသစ်သောအကြံဉာဏ်နှင့် သက်ဆိုင်သော နည်းပညာရှိသူတိုင်း စတင်နိုင်သည့် လုပ်ငန်းဖြစ်သည်။ စက်မှုကဏ္ဍသို့ နောက်ကျ ဝင်ရောက်သည့်နိုင်ငံအနေဖြင့် ကိုရီးယားသည်အမြဲတစေ ဈေးကွက်ရှာခဲ့ရသည်။ သို့သော် ကိုရီးယားနိုင်ငံသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို လျှင်မြန်စွာ ပြောင်းလဲနိုင်ခဲ့သဖြင့် သတင်းအချက်အလက် နည်းပညာကဏ္ဍတွင် ဦးဆောင်နိုင်မည့် အခွင့်အလမ်း တစ်ခုရရှိခဲ့သည်။

၁၉၉၇ခုနှစ်တွင်စီးပွားရေးမြှင့်တင်ရန် အထူး ဆောင်ရွက်ချက်များ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ နည်းပညာဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းနှင့် ဖက်စပ်ကုမ္ပဏီများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများကို ကနဦး ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများ ပေးအပ်ခဲ့သည်။

**လုပ်ငန်းသစ်များကို လှုံ့ဆော်ရန်အတွက် ရန်ပုံငွေများကို စတင်ခြင်း**

ကိုရီးယားနိုင်ငံ၏ အနီးမြင် စီးပွားရေး မူဝါဒများသည် သတင်းအချက်အလက်နည်းပညာ၊ ဇီဝနည်းပညာနှင့်နာနိုနည်းပညာကဲ့သို့သော နည်းပညာဆိုင်ရာ စီးပွားရေး စွန့်ဦးလုပ်ငန်းများအနေဖြင့် အဆင်ခြင်မဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် အဆိုပါနည်းပညာ၏ အပူထုတ်လွှတ်ခြင်း ဆိုင်ရာ ဘေးထွက်ဆိုးကျိုးများအတွက် မူဝါဒချမှတ်ရန် လိုအပ်ချက်များ ရှိခဲ့သည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု**

နိုင်ငံ၏ မြို့တော် ဆိုးလ်သည် နိုင်ငံနယ်နိမိတ်၏ ၁၂ ရာခိုင်နှုန်းသာ ကျယ်ဝန်းသော်လည်း နိုင်ငံလူဦးရေ၏ ၄၈ ရာခိုင်နှုန်း နေထိုင်သောမြို့ဖြစ်ရာ လူဦးရေနှင့် စီးပွားရေးအချက်အချာဒေသ သိပ်သည်းမှုကို အဖြေရှာ၍ နိုင်ငံတစ်ဝှမ်း သမမျှတစွာဖွံ့ဖြိုးရန် ဘက်စုံသုံး အုပ်ချုပ်ရေးမြို့တော်၊ဆန်းသစ်တီထွင်သော မြို့တော်များနှင့် လုပ်ငန်းစု မြို့တော်များအဖြစ် အဓိကမဏ္ဍိုင်သုံးရပ်ဖြစ် မူဝါဒချမှတ်ခဲ့သည်။

**ရှေ့သို့ ခုန်တက်ခြင်း (၁၉၉၇-ခုနှစ်- လက်ရှိ)**

ကိုရီးယားစစ်ပွဲအပြီး အခက်အခဲများစွာကို ဖြတ်ကျော်၍ နိုင်ငံတော်တည်ဆောက်မှု လုပ်ငန်းစဉ်များ အစဉ်တစိုက် ဆောင်ရွက်ခဲ့ပြီးနောက် ကိုရီးယားနိုင်ငံ၏ ကမ္ဘာ့ဖွံ့ဖြိုးပြီး စီးပွားရေးနိုင်ငံ တစ်နိုင်ငံအဖြစ် ရောက်ရှိခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံသား တို့၏ တစ်ဦးချင်း GDP သည် ၄၄ ဆတိုးခဲ့ပြီး ခန့်မှန်း သက်တမ်းမှာ အသက် ၅၀ နှစ်မှ နှစ် ၈၀ ကျော်အထိ တိုးတက်ခဲ့သည်။ စစ်ပြီးကာလ နိုင်ငံခြားအကူအညီများကို မှီခိုအားထားခဲ့ရသော နိုင်ငံသည် ယခုအခါ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေး နှစ်ခုစလုံးကို အောင်မြင်သည့် အလှူရှင်နိုင်ငံဖြစ်ခဲ့သည်။

**နိဂုံး**

ကိုရီးယားနိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကို အံ့ဖွယ်ကိုရီးယားဟု ခေါ်ဝေါ်လေ့ရှိကြသည်။ သို့သော် ပြာပုံဘဝမှ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများစာရင်းတွင် အချိန်တိုကာလအတွင်း ခိုင်မာစွာ ရပ်တည်နိုင်ခဲ့သည့် ကိုရီးယားနိုင်ငံခေါင်းဆောင်တို့၏ အမြော်အမြင် ကြီးမားမှု၊ ဦးဆောင်လမ်းပြမှုနှင့် နိုင်ငံသားတို့၏ ဇွဲလုံ့လနှင့် နိုင်ငံအပေါ်ထားရှိသည့် ချစ်မြတ်နိုးမှုများက နိုင်ငံကို ကမ္ဘာ့ထိပ်တန်းအထိ ဆွဲယူမြှင့်တင်နိုင်ခဲ့သည်မှာ ချီးကျူးအသိအမှတ်ပြု အတုယူဖွယ်ဖြစ်ပါသည်။

**ဒေါက်တာပင်လုံအေး**

## South Asia Future Investment Group Pte.Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်ထောင်စုဝန်ကြီးအား လာရောက်တွေ့ဆုံ

တရုတ်နိုင်ငံ၊ ချုံချင့်မြို့အခြေစိုက် South Asia Future Investment Group Pte. Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Zhang Jun နှင့်အဖွဲ့ဝင်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် နေပြည်တော်၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် South Asia Future Investment Group Pte. Ltd မှ မြန်မာနိုင်ငံ၌ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်တင်ပို့မှု၊ အိမ်ခြံမြေကဏ္ဍ ရင်းနှီးမြှုပ်နှံမှု၊ မြို့ပြအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ အွန်လိုင်းမှတစ်ဆင့် မြန်မာ့ထွက်ကုန်များ ရောင်းချရေးနှင့် ကျောက်မျက်ရတနာလုပ်ငန်း ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် နိုင်ငံတကာမှ ကုန်ပစ္စည်းများအား မြန်မာနိုင်ငံ၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် နယ်စပ်ကို ဖြတ်သန်းကာ တရုတ်နိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းရှိ ပြည်နယ်များသို့ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက်ကုန်သွယ်ရေး လမ်းကြောင်းသစ်ကို စတင်အကောင်အထည်ဖော်ရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ အပါအဝင် ကုမ္ပဏီမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။



## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များအား ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လွယ်ကူလျင်မြန်အဆင်ပြေချောမွေ့စေရေးနှင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ပေးသည့် စံပြုလုပ်ထုံး လုပ်နည်းနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်ကိစ္စများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှ အရေးကြီးသည့် ပြဋ္ဌာန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒဆိုင်ရာကိစ္စများ၊ တိုင်းဒေသကြီးဖွံ့ဖြိုး တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်/တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များကလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာငါးလေလံဈေးနှင့် ရေထွက်ပစ္စည်းကုန်ချော ထုတ်လုပ်မည့် စက်မှုဇုန်တည်ဆောက်ရေးနှင့် မြိတ်ခရိုင် ရေပေးဝေရေး စီမံကိန်းကိစ္စများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေကို မြိတ်အများပိုင် ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူများက ရှင်းလင်းခဲ့ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ပါသည်။

နေ့လယ်ပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်မြို့၊ သပြေချောင်းကျေးရွာအုပ်စုရှိ ခန့်ရွှေပြည်ကုမ္ပဏီလီမိတက်၏ အဝေးပြေးယာဉ် ရပ်နားစခန်းနှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ရာ ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်ဘိုခန့်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်ကာ ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လုပ်ငန်းဆိုင်ရာကိစ္စများ မှာကြားပါသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့၊ နံနက်ပိုင်း၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ထားဝယ်မြို့၊ သဗျာကျေးရွာအုပ်စုရှိ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု

ကော်မတီ၏ အတည်ပြုမိန့်ဖြင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သော ထားဝယ်



ရွှေပြည်ကုမ္ပဏီလီမိတက်၏ မှိုင်းခံရာဘာ အဆင့် RSS-1,2,3 ထုတ်ကုန်များ ပြည်တွင်း/ ပြည်ပ ထုတ်လုပ်တင်ပို့ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးရာ ကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာယုစိန်က လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စိန်ရတု ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာပွဲတော်ကျင်းပ

ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများ အချင်းချင်း စည်းလုံးညီညွတ်စွာ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာဝတ်စုံများ၊ ရိုးရာအစားအစာနှင့် စာပေတို့ကိုသိရှိနားလည်ပြီး တစ်ဦးနှင့်တစ်ဦးပိုမိုရင်းနှီးလာစေရန်နှင့် ပြည်ထောင်စုစိတ်ဓါတ် မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စိန်ရတု ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာပွဲတော်အား ၂၀၂၂ ခုနှစ်၊ ဖော်ဖော်ဝါရီလ ၁၀ ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ် (၁) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

တိုင်းရင်းသားရိုးရာ အစားအစာပွဲတော်တွင် ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ တိုင်းရင်းသားဝန်ထမ်းများက ပြခန်းငယ်များဖွင့်လှစ်၍ တိုင်းရင်းသားရိုးရာ အထိမ်းအမှတ်ပစ္စည်းများ ခင်းကျင်းပြင်ဆင်ပြသခြင်း၊ တိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံခြင်းစသည့် အစီအစဉ်များဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

ပါဝင်ဆင်နွှဲကြရာတွင် ပြခန်းအလိုက် ခင်းကျင်းပြသမှု၊ တိုင်းရင်းသားရိုးရာကို ကိုယ်စားပြုနိုင်မှု၊ အစားအစာလတ်ဆတ်ကောင်းမွန်သန့်ရှင်းမှု၊ စုပေါင်းဆောင်ရွက်နိုင်မှုကို အခြေခံကာ "တိုင်းရင်းသား အစားအစာ အကောင်းဆုံးတည့်ခင်းဧည့်ခံဆု"အားချီးမြှင့်ခဲ့ပြီး အဆိုပါပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊အခြားအဆင့်မြင့် အရာရှိကြီးများ၊ဝန်ကြီးဌာနရှိဦးစီးဌာနများနှင့်တိုင်းဒေသကြီး/ ပြည်နယ်များမှ ဝန်ထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သဘောထားအမြင်စစ်တမ်း (MIFER Employee Perception Survey) ရှင်းလင်းဆွေးနွေးသည့်အစီအစဉ် ကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုနှင့် အနာဂတ်အတွက် ကြိုတင် ပြင်ဆင်ဖွယ်ရာများနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၏ သဘောထားအမြင်စစ်တမ်း (MIFER Employee Perception Survey ) ရှင်းလင်းဆွေးနွေးသည့် အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၊ နေပြည်တော်၌ ပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး



ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်မှစ၍ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်စွမ်း တိုးတက်လာစေရန်နှင့် ဝန်ထမ်း (၁) ဦးစီ၏ စိတ်ဓာတ်ရေးရာနှင့် စိတ်ခံစားချက်များကို မှန်မှန်ကန်ကန်သိရှိပြီး ဝန်ကြီးဌာနကို ပြန်လည်နိုးကြားတက်ကြွပြီး အားကောင်းသောဝန်ကြီးဌာန (Revitalize MIFER 2022) အဖြစ် ရှေ့ဆက်သွားရန် ရည်ရွယ်၍ ဝန်ထမ်းများ၏ သဘောထားဆန်းစစ်ချက် စစ်တမ်း (MIFER Employee Perception Survey) ကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ MIFER သည် စီးပွားရေးနှင့် ဖွံ့ဖြိုးမှုအသိုက်အဝန်းမှ ယုံကြည်ရသည့် မိတ်ဖက် ဖြစ်စေရေးအတွက် လုပ်ငန်းစဉ်များချမှတ်၍ Revitalize MIFER ဖြစ်စေရန် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကောက်ယူခဲ့သည့် ဆန်းစစ်ချက်ရလဒ်များအရ MIFER ဝန်ထမ်းများသည် မိမိတို့ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များအပေါ် အကောင်းဆုံး ဆောင်ရွက်ကြပြီး အပြုသဘောဆောင်သည့် ခံယူချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနပြုပြင်ပြောင်းလဲရေး (Reform) လုပ်ဆောင်ရာတွင် ဝန်ထမ်းများအားလုံး မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဌာနအပေါ် ချစ်ခင်မြတ်နိုး ဂုဏ်ယူသည့် စိတ်ရှိစေရန် ဦးစားပေးတည်ဆောက်ရေးသည် အရေးကြီးကြောင်း၊ ဝန်ထမ်းများ၏ သဘောထား ဆန်းစစ်ချက် ရလဒ်များအပေါ် အခြေခံ၍ လိုအပ်သည့် ပြုပြင်ပြောင်းလဲရေး (Reform) ပြုလုပ်နိုင်ရန် ဌာနအလိုက် Action Plan များ ချမှတ်ရေးဆွဲရန် တိုက်တွန်းပါကြောင်း၊ မိမိတို့ MIFER ဝန်ထမ်းများအားလုံး “လုပ်ငန်းခွင်ပျော်၍ အလုပ်တော်စေရမည်” ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သဘောထားအမြင် ဆန်းစစ်ချက်စစ်တမ်း ရလဒ်များ အပေါ် ရှင်းလင်းဆွေးနွေးတင်ပြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ က ဆက်လက် ဆွေးနွေးတင်ပြကြပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ သဘောထားအမြင် ဆန်းစစ်ချက်ရလဒ် တင်ပြချက်များ



အပေါ် ဖြည့်စွက်ဆွေးနွေးခဲ့၍ ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား လမ်းညွှန်မှာကြားခဲ့သည်။

ဆွေးနွေးပွဲအစီအစဉ်သို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သဘောထားအမြင်စစ်တမ်း (MIFER Employee Perception Survey ) ကို ဌာနအပေါ်ထားရှိသည့် ဝန်ထမ်းများ၏ သဘောထားနှင့် ခံယူချက်များအား သိသာနိုင်စေရန်၊ အဆိုပါသဘောထားနှင့် ခံယူချက်များအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ ရရှိနိုင်ရန်နှင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ



၏ အားနည်းချက်၊ အားသာချက်များအား သိရှိပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းအားဖြင့် ပိုမိုစွမ်းဆောင်ရည်မြင့်မားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး H.E. Pan Sorasak က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ် အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်း (၁၉) ခုကို ဆွေးနွေးအတည်ပြုခဲ့သည်။ ဝန်ကြီးများက အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုအောက်မှ ၂၀၂၂ ခုနှစ် အတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ရေး ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

ထို့နောက် ဝန်ကြီးများက (၄၁) ကြိမ်မြောက် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကတင်ပြသည့် အာဆီယံ၏လုပ်ငန်းများနှင့်စပ်လျဉ်းသည့်အစီရင်ခံစာအပေါ် ဆွေးနွေးအတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ အပေါ် ကြိုဆို ထောက်ခံကြောင်းနှင့် ဦးစားပေးလုပ်ငန်းများတွင် ပါဝင်သည့် Digital Startup Ecosystem ရေးဆွဲ

ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်ရေးဆွဲရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့် အာဆီယံခရီးသွားမှုဘောင် ရေးဆွဲနိုင်ရေးအတွက် လေ့လာမှုများ ဆောင်ရွက်ခြင်းကိစ္စရပ်များသည် ကာလကြာရှည်စွာ ဖြစ်ပေါ်နေသည့် ကိုဗစ်ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အခြေခံ



ကောင်းများဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင်မြင်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

(၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် က ပါဝင်တက်ရောက်သည်။

မွန်းလွဲပိုင်း အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံအသိုက်အဝန်း တစ်ခုလုံးအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း တုံ့ပြန်မှုများဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပါဝင်သည့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် အာဆီယံစီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ပေါင်းစည်းရေးဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို အဆင့်မြှင့်တင်ရန်အတွက် ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် အရေးကြီးကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ဖယ်ရှားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ထပ်မံ သက်တမ်းတိုးရန် သဘောတူခဲ့ပါသည်။

ထို့အပြင် ဝန်ကြီးများက ယူကရိန်း-ရုရှားပဋိပက္ခကြောင့် အာဆီယံနိုင်ငံများအပေါ် စီးပွားရေးအရ သက်ရောက်နိုင်သည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

(၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး မတိုင်မီ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ပါဝင်တက်ရောက်ခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ Mr. Neak Oknha Kith Meng နှင့် နိုင်ငံအလိုက် အဖွဲ့ဝင်များက ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများနှင့် အာဆီယံစီးပွားရေး ပေါင်းစည်းမှု ပိုမိုခိုင်မာစေရေးအတွက် အကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး စိန်ခေါ်မှုများကို အာဆီယံ၏ အချက်အချာကျမှု၊ ဒေသတွင်း စည်းလုံးညီညွတ်မှုတို့ဖြင့် ကျော်လွှားရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည် ထူထောင်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ဝန်ကြီးများက အာဆီယံ စီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်းနှင့် ဒေသတွင်းစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။

## ဥရောပအာရှစီးပွားရေးကော်မရှင်မှတာဝန်ရှိသူများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့ အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဥရောပအာရှ စီးပွားရေးကော်မရှင်၊ အကြီးစား စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးချုပ်ရုံးမှ အကြီးအကဲဖြစ်သူ Mr. Andrey DIAN-SKY ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ် အဖွဲ့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် ရုံးအမှတ် (၁) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။




ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင် တို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရေးကိစ္စနှင့် အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲများ ကျင်းပပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် စီးပွားရေးကဏ္ဍများနှင့် လုပ်ငန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကမ္ဘာ့ကပ်ရောဂါကြောင့် သက်ရောက်ခဲ့သည့် မြန်မာ့စီးပွားရေးလုပ်ငန်းများ ပြန်လည် ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရက ဦးစားပေးကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဥရောပအာရှစီးပွားရေးသမဂ္ဂဒေသ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် အဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာရှိသော စီးပွားရေးနယ်ပယ်များနှင့် ကူညီပံ့ပိုး ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဥရောပအာရှ စီးပွားရေးကော်မရှင်(EEC) မှ တာဝန်ရှိသူများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင်များက ဦးစားပေး ပူးပေါင်းဆောင်ရွက်လိုသည့် စီးပွားရေးကဏ္ဍများနှင့် လုပ်ငန်းစီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် EEC အကြား အနာဂတ်တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များအား ဆွေးနွေးခဲ့ကြသည်။ ဥရောပအာရှ စီးပွားရေးကော်မရှင် (EEC) သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ကာဂျစ်စတန်နိုင်ငံ ၅ နိုင်ငံ ဖြင့်ဖွဲ့စည်းထားသည့် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) ၏ ဦးဆောင်အဖွဲ့အစည်းဖြစ်ပြီး အကောက်ခွန်သမဂ္ဂပုံစံဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) သည် အာဆီယံနှင့်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့သည်။

## မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အတွက် နှစ်ဖက် အစိုးရ-ပုဂ္ဂလိက တာဝန်ရှိသူများပါဝင်သော ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) တို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု မြင့်တင်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ နှစ်ဖက်အစိုးရ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သောဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့က ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် Park Royal Hotel နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။




ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) အား လက်မှတ်ရေးထိုးနိုင်ရေးကို ဆွေးနွေးဆောင်ရွက်နေကြောင်း၊ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာတွင် နှစ်ဖက် အပြန်အလှန် အကျိုးရှိမည့် စီးပွားရေးနယ်ပယ်ကဏ္ဍများအားရွေးချယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ EAEU အဖွဲ့ဝင်နိုင်ငံများအနက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့နှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်လည်း မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် ဆွေးနွေးပွဲတွင် နှစ်ဖက် အစိုးရ-ပုဂ္ဂလိက ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ကြမည့် အဓိကစီးပွားရေးကဏ္ဍများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိပုဂ္ဂိုလ်များက ဦးဆောင်ကြမည်ဖြစ်၍ ကောင်းမွန်အကျိုးရှိမည့် အပြင်လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် ပူးပေါင်းဆောင်ရွက်ရေးရလဒ်များ ရရှိလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန် မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက် ကောင်းမွန်စေရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ဓါတ်မြေသြဇာ ထုတ်လုပ်ရေးကဏ္ဍ၊ စားသုံးဆီ ထုတ်လုပ်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာ့ပို့ကုန်များကို ဥရောပ အာရှ စီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံမှ လိုအပ်သည့် ဓါတ်မြေသြဇာများ၊ ရေနံထွက်ပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရေးကိစ္စများအား ပိုမိုပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ထို့နောက် ဥရောပအာရှ စီးပွားရေးကော်မရှင် (Eurasian Economic Commission-EEC)၊ အကြီးစား စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးချုပ်ရုံးမှ အကြီးအကဲ Mr. Andrey DIANSKY နှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သော် (ငြိမ်း) တို့က ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက်

အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အဓိကပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့် စွမ်းအင်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ သတ္တုကဏ္ဍ၊ အခြေခံအဆောက်အဦ၊ သတင်းအချက်အလက်နှင့် ပို့ဆောင်ဆက်သွယ်ရေးနည်းပညာ၊ စက်မှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဥရောပအာရှစီးပွားရေး ကော်မရှင် (Eurasian Economic Commission-EEC)၊ အကြီးစား စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးချုပ်ရုံး အကြီးအကဲတို့က ဦးဆောင်၍ နှစ်ဖက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ စီးပွားရေးကဏ္ဍအလိုက် အစိုးရနှင့် ပုဂ္ဂလိက တာဝန်ရှိသူများက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အခွင့်အလမ်းများ၊ ကဏ္ဍအလိုက် အဓိကပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ EAEU ဘက်မှ တက်ရောက်လာသည့် လုပ်ငန်းရှင်များကလည်း နှစ်ဖက်အပြန်အလှန် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ဥရောပအာရှစီးပွားရေးကော်မရှင်ဘက်မှ သက်ဆိုင်ရာ တာဝန်ရှိအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း (၈၀) ကျော် တက်ရောက်ခဲ့သည်။

ညပိုင်းတွင် ဆွေးနွေးပွဲ တက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU) နှင့် မြန်မာဘက်မှ ကိုယ်စားလှယ်များအား ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။



# မြန်မာ့စီးပွားရေး အသိုက်အဝန်း ပိုမိုကောင်းမွန်စေရန် အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ်များကို မိတ်ဆက်သည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနား ကျင်းပပြုလုပ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချောမွေ့စေရေး လုပ်ငန်းစဉ်များဖြစ်သော လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူစေခြင်း၊ အွန်လိုင်းဝန်ဆောင်မှု မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများ လျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံပြီးနောက်ပိုင်း ဝန်ဆောင်မှုများ တိုးမြှင့်ပံ့ပိုးပေးခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချခြင်းနှင့် ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေခြင်းစသည့် ဦးတည်ချက်များ နှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ် (Investment Facilitation Tools) များအား စီးပွားရေးလုပ်ငန်း အသိုက်အဝန်းသို့ စတင်မိတ်ဆက်သည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၊ Wyndham Grand Yangon Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၊ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီများနှင့် နိုင်ငံခြားကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင် အသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာစီးပွားရေး သံမှူးများကလည်း Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၉ ခုနှစ် နှောင်းပိုင်းကာလများနှင့် ၂၀၂၀၊ ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုများကြောင့် ကမ္ဘာတစ်ဝှမ်း စီးပွားရေးကျဆင်းမှုများကို မလွဲမရှောင်သာ တွေ့ကြုံ ခံစားခဲ့ကြရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိုက်အဝန်း၏ ယုံကြည်အားထားရသည့် မိတ်ဖက်ကောင်းတစ်ရပ် ဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး SMART Program ချမှတ်၍ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကျင်းပသည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားတွင် SMART Program ၏ ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ်လေးမျိုးကို စီးပွားရေးအသိုက်အဝန်းသို့ စတင် မိတ်ဆက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားတွင် မိတ်ဆက်ပေးသွားမည့် အစီအစဉ်များ ဖြစ်ကြသည့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း အလုံးစုံဝန်ဆောင်မှု ပေးသည့်အဖွဲ့ (One Stop Service) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operation Procedures)၊ Cost of Doing Business in Myanmar Survey Report 2022 နှင့် DICA Info Android Mobile Application တို့သည် ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံသူများနှင့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ/ အလားအလာရှိသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေပြီး ထိရောက်အကျိုးရှိသည့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီမှုရှိပြီး ထိရောက်မှုရှိသည့် ဝန်ဆောင်မှုများကို Online platform မှတစ်ဆင့် ပေးစွမ်းနိုင်ရေး

အတွက် Online ဝန်ဆောင်မှုများကို အကောင်အထည်ဖော်လျက်ရှိပြီး မျှားမကြာမီ ကာလအတွင်း ထပ်မံ၍ Online စနစ် အသစ်များကို မိတ်ဆက် ပေးနိုင်တော့မည် ဖြစ်ပါကြောင်း၊ အစိုးရ-ပုဂ္ဂလိက အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်လာနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် က ယနေ့မိတ်ဆက်ခဲ့သည့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ သက်ဆိုင်ရာ ညွှန်ကြားရေးမှူး က နည်းပညာဆိုင်ရာကိစ္စရပ်များ၊ အသေးစိတ်အချက်အလက်များနှင့် ဆောင်ရွက်ပုံနည်းစနစ်များကို Power-Point presentation ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂုဏ်ပြုစကားပြောကြား၍ အခမ်းအနားကို ရုတ်သိမ်းခဲ့ပါသည်။

ယနေ့ မိတ်ဆက်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှု အစီအစဉ်လေးမျိုးမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စုံစမ်းမေးမြန်းမှုများအတွက် အချိန်မရွေး၊ နေရာမရွေး အွန်လိုင်းမှတစ်ဆင့် ချိန်းဆိုနိုင်ပြီး လွယ်ကူလျင်မြန်စွာ အွန်လိုင်းမှတစ်ဆင့် သက်ဆိုင်ရာ အရာရှိများနှင့် တွေ့ဆုံ ဆွေးနွေးနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အွန်လိုင်းဝန်ဆောင်မှု တစ်ရပ်ဖြစ်သည့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo)၊ အစိုးရဌာနများထံမှ လိုင်စင်၊ ခွင့်ပြုချက်များ လျှောက်ထားရယူခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ တစ်နေရာတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ (OSS) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (SOP)၊ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြေ၊ အဆောက်အဦ၊ လုပ်သား၊ အခွန်အခနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာအချက်အလက်နှင့် ကုန်ကျစရိတ်စသည့် အချက်အလက်များကို လွယ်ကူစွာ ရှာဖွေကြည့်ရှုနိုင်မည့် Cost of Doing Business in Myanmar Survey Report 2022၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ထုတ်ပြန်ကြေညာချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းရှင်များက အများဆုံးမေးလေ့ရှိသည့် မေးခွန်းများနှင့် အဖြေများကို လက်ကိုင်ဖုန်းများမှတစ်ဆင့် အလွယ်တကူ ကြည့်ရှုနိုင်မည့် DICA Info Mobile Application စသည်တို့ဖြစ်ပါသည်။



## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီး



အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးထားခြင်းခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား စီးပွားဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

## မြန်မာနှစ်သစ်ကူးသင်္ကြန်အကြို စတုဒိသာ ကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၏ မြန်မာနှစ်သစ်ကူးသင်္ကြန်အကြို စတုဒိသာ ကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ရုံးအမှတ်(၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။



နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အတူ ဝန်ထမ်းများက တည်ခင်းဧည့်ခံသော မြန်မာ့ရိုးရာ စတုဒိသာမုန့်များကို သုံးဆောင်ကြပြီး ပျော်ရွှင်စွာ ရေပက်ကစားကြပါသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပါဝင်တက်ရောက်ဆွေးနွေး

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်မှ ဧပြီလ ၁ ရက်အထိ ကျင်းပသည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး (The First Meeting of the High-level Task Force on the ASEAN Community's Post-2025 Vision) သို့ မြန်မာနိုင်ငံမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင် (Eminent Person-EP) ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ အဆင့်မြင့်ကိုယ်စားလှယ် (High Level Representative-HLR) မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအမြဲတမ်း



ကိုယ်စားလှယ် သံအမတ်ကြီး ဦးအောင်မျိုးမြင့်နှင့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Dr. Chem Widhya နှင့် မလေးရှားနိုင်ငံ၊ ယခင် လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ H.E. Tan Sri Hasmy Agam တို့က ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင် တာဝန်ကိုယူကြသည့် ဒုတိယဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ဟောင်းများ၊ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအစီအစဉ်တို့ကို ဆွေးနွေး အတည်ပြုခဲ့သည်။ ထို့ပြင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရာတွင် သက်ဆိုင်သူအားလုံး ပါဝင်စေရန် ဆောင်ရွက်မည့်အစီအစဉ်၊ အာဆီယံ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင်ထည့်သွင်းမည့်အဓိက အချက်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဒုတိယဝန်ကြီးက အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ စည်းမျဉ်းနှင့်စပ်လျဉ်း၍ အာဆီယံ ခေါင်းဆောင်များက အတည်ပြုထားသည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အခြေအနေများကိုလည်းကောင်း၊ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို အဖွဲ့ဝင်များစုံညီစွာ ကျင်းပရန်လိုအပ်မှုကို လည်းကောင်း၊ အာဆီယံအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုတွင် မဏ္ဍိုင်တစ်ခု၏ အဓိက ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် အခြား မဏ္ဍိုင်များ၏ ဦးစားပေးလုပ်ငန်းများအကြား အပြန်အလှန်ချိတ်ဆက်မှုရှိနေသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်မှုကိုလည်းကောင်း ဆွေးနွေးအကြံပြုခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးသည် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် တွင်ထည့်သွင်းမည့် ကိစ္စရပ်များ

နှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့များဖွဲ့ပြီး ဆန်းစစ်လေ့လာရန်နှင့် သက်ဆိုင်ရာနိုင်ငံအလိုက် အဆိုပြုချက်များအပေါ် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ လေ့လာစိစစ်၍ ဒုတိယအကြိမ်အစည်းအဝေးတွင် အဖွဲ့ဝင်များက ဆွေးနွေးသုံးသပ်မည့် အစီအစဉ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

အဆင့်မြင့် လုပ်ငန်းအဖွဲ့သည် ၂၀၂၅ အလွန်တွင် ပေါ်ပေါက်လာနိုင်သည့် ဒေသတွင်း ပထဝီနိုင်ငံရေးတင်းမာမှုများ၊ ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများကြောင့် လူမှု-စီးပွားထိခိုက်မှုများနှင့် အာဆီယံဗဟိုပြုသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးဆောင်ရွက်ရန် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျှက် အာဆီယံ၏ အနာဂတ်ပေါင်းစည်းမှုကို အဓိကပုံဖော်မည့်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များအားရေးဆွဲရာတွင် အကြံပေးအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်၍ ရုံးအမှတ်(၁)၊ နေပြည်တော်၌ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးကို ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်မှ ဧပြီလ ၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး၌ အဓိကဆွေးနွေးခဲ့သည့် အချက်များအား ပြန်လည်ချပြဆွေးနွေးခြင်းနှင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရာတွင် အာဆီယံမဏ္ဍိုင် (၃) ရပ်က ထည့်သွင်းသင့်သည့် အဓိကအချက်များကို အကြံပြုရန်တို့အတွက် ကျင်းပခြင်း ဖြစ်ပါသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေး၌ အာဆီယံအနေဖြင့် ၂၀၂၅ အလွန်မျှော်မှန်းချက်တွင် အာဆီယံ၏ အချက်အချာကျမှုကို ဦးစားပေးရန်၊ အင်ဒို-ပစိဖိတ်ဒေသတွင် အာဆီယံ၏ ဦးဆောင်မှုနှင့် အရေးပါမှုကို မြှင့်တင်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့် အစိမ်းရောင်စီးပွားရေးကို အားပေးဆောင်ရွက်ရန်၊ ဒေသခွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်၊မဏ္ဍိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အာဆီယံ၏ အောင်မြင်မှုနှင့် အကျိုးရလဒ်များကို ပြည်သူများအားလုံး သိရှိခံစားနိုင်ရေးအတွက် တိုးမြှင့် ဆောင်ရွက်ရန်တို့ကို ထည့်သွင်းရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ အာဆီယံအနေဖြင့် ကိုယ်ပိုင်ရန်ပုံငွေ အရင်းအမြစ်များဖြင့် ရပ်တည်နိုင်ရန်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် အစီအစဉ်များ ထည့်သွင်းရန်ဆွေးနွေးခဲ့ပါကြောင်း၊ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို အသေးစိတ် ဆွေးနွေးအတည်ပြုခဲ့ကြောင်းနှင့် လုပ်ငန်းအဖွဲ့၏ ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကိုလည်း ချမှတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းသင့်သည့် Core elements များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက် အဝန်းမဏ္ဍိုင်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်း ကောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ကလည်းကောင်း၊ အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က လည်းကောင်း ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန်မျှော်မှန်းချက်တွင် ထည့်သွင်းအဆိုပြုမည့် အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ရပ်မှ ကိုယ်စားလှယ် စုစုပေါင်း ( ၅၀ ) ဦးခန့် ပါဝင် တက်ရောက်ကြပါသည်။

# Unity IT Solution Provider Co., Ltd.


: No. 124, Room 22, 4th Floor, Sule Pagoda Road, Kyauktada Township, Yangon.
: 0943085731,09974744233
: info@unityitsolutionprovider.com
: http://unityitsolutionprovider.com/


## Clients in Governmental Sector

### LOCAL CLIENTS

DMH

MINISTRY OF LIVESTOCK AND FISHERIES

MOPF
Ministry of Planning and Finance

DICA

M O A I

DEPARTMENT OF FISHERIES

M.O.E.P

National Archives Department

DEPARTMENT OF AGRICULTURE RESEARCH
DAR

YANGON REGION INVESTMENT COMMITTEE
YRIC

MINISTRY OF COMMERCE DEPARTMENT OF TRADE

MYANMA INSURANCE

COMMERCE

PAPRD
Project Appraisal and Progress Reporting Department

D O A

### GLOBAL CLIENTS

UNDP

HAVFORSKNINGS INSTITUTTET
Institute of Marine Research, Norway

## Services

**Software Development**
- Web Application
- Windows Application
- Mobile App (Android, iOS)

**System, Internet & Network Security**

**Networking & Server Configuration**

**ICT Professional Training**

**Outsourcing**

**ICT Consultation**

**CCTV, Fire Alarm, PA System**



## မန္တလေးတိုင်းဒေသကြီးအတွင်း စက်သုံးဆီ အရောင်း ဆိုင်များ ဖွင့်လှစ်၍ ဓာတ်ဆီ၊ ဒီဇယ်ဆီ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အတွင်း စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်၍ ဓာတ်ဆီ၊ ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက် ရှိသည့်လုပ်ငန်းမှ ကိုယ်စားလှယ်များ နှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံကာလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## “မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးအတွက် အစိုးရ – ပုဂ္ဂလိက စကားဝိုင်းဆွေးနွေးပွဲနှင့် ပုဂ္ဂလိကကဏ္ဍအချင်းချင်းစီးပွားရေးချိတ်ဆက်ပွဲ” အခမ်းအနားကျင်းပခြင်း

၂၀၂၁ ဘဏ္ဍာရေးနှစ် အတွက် အာဆီယံ – ဂျပန် စင်တာ၏ ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးမှုဌာနက “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြင့်တင်ရေးအတွက် အစိုးရ-ပုဂ္ဂလိကစကားဝိုင်းဆွေးနွေးပွဲနှင့် ပုဂ္ဂလိက ကဏ္ဍအချင်းချင်း စီးပွားရေးချိတ်ဆက်ပွဲ” အခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် နေ့ မွန်းလွဲတွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့ပါသည်။


ပထမဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။



အစိုးရ – ပုဂ္ဂလိက စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက် ကျင်းပရာ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏအောင်က ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်စောသက်စုဝင်းက ဦးစားပေးဖိတ်ခေါ်လိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများ ဖြစ်သော ခေတ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အဆိုပါ လုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများ၊ တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ စသည့်လုပ်ငန်း ၄ မျိုးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း ပုဂ္ဂလိက ကဏ္ဍက ရှင်းလင်းစွာ သိရှိစေရန်အတွက် Power-point Presentation ဖြင့် ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်သည့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက ဖော်ပြပါလုပ်ငန်းကဏ္ဍ ၄ ခု ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မေးမြန်းမှုများအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ အရာထမ်းများက တိုက်ရိုက်ဖြေကြား ဆွေးနွေးပေးခဲ့ပါသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍအချင်းချင်း စီးပွားရေးချိတ်ဆက်ပွဲကို ကျင်းပရာ စိတ်ဝင်စားသည့်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများအလိုက် တက်ရောက်လာသည့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးမှုဌာနမှ အရာထမ်းများ၏ ပံ့ပိုးကူညီမှုဖြင့် အပြန်အလှန် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် က နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ၊ စီးပွားရေးသံမှူးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တို့မှ ရင်းနှီးမြှုပ်နှံသူများ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံခြား ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်ရာ အရာထမ်းများ စုစုပေါင်း ၁၉၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။



### ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်ဦးစီးမှူးရုံးသို့ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် လာရောက်ကြည့်ရှုစစ်ဆေးခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်သည် ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ဦးစီးမှူးရုံးသို့ လာရောက်ခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာအားပေးစကားပြောကြားခဲ့ပါသည်။

ထိုသို့ တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးချုပ် က ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ပြီး၊ ဝန်ကြီးဌာန၊ ဦးစီးဌာနဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ရုံးလုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ စည်းလုံးညီညွတ်မှုရှိရန်၊ ကျန်းမာရေးဂရုပြုရန်၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ရန်၊ လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများ၏ တင်ပြချက်များအား မှတ်သားဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် နေပြည်တော်ဦးစီးမှူးရုံးသည် တာဝန်ထမ်းဆောင်ရမှုများပြား၍ ကြိုးစားဆောင်ရွက်သွားရန်၊ အခက်အခဲများရှိပါကလည်း လျင်မြန်စွာတင်ပြဖြေရှင်းဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။




### နိုင်ငံတကာအရည်အသွေးမီ ပါရှီးငှက်ပျော စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ဖြန့်ဖြူးခြင်းလုပ်ငန်း၏ တာဝန်ရှိသူများကို တွေ့ဆုံဆွေးနွေးခြင်း

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည်ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် နိုင်ငံတကာအရည်အသွေးမီ ပါရှီးငှက်ပျော စိုက်ပျိုး၊ ထုတ်လုပ်၊တင်ပို့ဖြန့်ဖြူးခြင်းလုပ်ငန်း၏ တာဝန်ရှိသူများကို၂၀၂၂ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည် များကိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



### ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ တာဝန်ရှိသူများကို တွေ့ဆုံဝန်ဆောင်မှုပေးခြင်း

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ၉၉ မဂ္ဂါဝပ်ရှိ ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ တာဝန်ရှိသူများကို ၂၀၂၂ ခုနှစ်ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## အိန္ဒိယနိုင်ငံ၏ ချေးငွေ (Line of Credit-LOC) အမေရိကန်ဒေါ်လာ သန်း ၅၀၀ အောက်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အိန္ဒိယနိုင်ငံ၏ ချေးငွေ (Line of Credit – LOC) အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးအပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအောက်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း (၁) ခုနှင့် အဆိုပြု စီမံကိန်း (၂) ခုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် နှင့် ဖေဖော်ဝါရီလ ၂ ရက် တို့တွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) ၌ Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၅.၆၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်



ဆည်မြောင်းဖွံ့ဖြိုးရေး စီမံကိန်းအတွက် တင်ဒါခေါ်ယူရေးနှင့် Pre Qualification ဆိုင်ရာများ၊ စီမံကိန်း၏ အိန္ဒိယ အတိုင်ပင်ခံ ကုမ္ပဏီဝန်ထမ်းများ မြန်မာနိုင်ငံသို့ လာရောက်ရန်နှင့် ချေးငွေပြန်လည်ပေးဆပ်မှု အစီအစဉ် အသစ် ညှိနှိုင်းရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့် Signaling System and Single line Absolute Block System for Bago – Mawlamyine Railways Upgrading စီမံကိန်း၏ လျာထားချေးငွေကို အိန္ဒိယနိုင်ငံဘက်သို့ ပြန်လည် ပေးအပ်ရေးနှင့် စီမံကိန်းများနှင့်စပ်လျဉ်း၍ အနာဂတ်ကာလ နှစ်ဖက် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ စီမံကိန်းအတွက် လျာထားသည့် အိန္ဒိယနိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၁၉.၂၃ သန်းကို အိန္ဒိယနိုင်ငံဘက်သို့ ပြန်အပ်ရန် ညှိနှိုင်းထားရှိမှု အခြေအနေ၊ ယင်းချေးငွေကို အိန္ဒိယနိုင်ငံ၏ ချေးငွေဖြင့် ဆောင်ရွက်ရန် မြန်မာနိုင်ငံဘက်မှ အဆိုပြုထားသည့် စီမံကိန်း ၁၀ ခုအနက် သင့်လျော်သည့် စီမံကိန်းအတွက် အသုံးပြုနိုင်ရေးနှင့် ချေးငွေ၏မူလအတိုးနှုန်းနှင့်ပြန်လည်ပေးဆပ်မှုကာလတို့ လျှော့ပေါ့ပေးနိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်းမည့်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင် ဦးဆောင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်




ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန (Ministry of External Affairs)၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးနှင့် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (အိန္ဒိယနိုင်ငံရုံးချုပ်နှင့်ရန်ကုန်ရုံးခွဲ) တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ဒုတိယအကြိမ်အစည်းအဝေးကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ် ဦးဆောင်၍ ငွေတိုက်ဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်က Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

## စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းပွဲကျင်းပ

ကမ္ဘောဒီးယား၊လာအို၊မြန်မာနှင့် ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) နိုင်ငံတို့အတွက် ဆောင်ရွက်မည့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင် (Frame- work for CLMV Development) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် ရေးဆွဲရေးနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းပွဲ (2nd National Consultations) ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မဲခေါင်သိပ္ပံတို့က ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်



နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ၏ စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေးအရာရှိ ဒေါက်တာဝါဝါမောင်နှင့် မဲခေါင်သိပ္ပံမှ Ms. Maria Theresa S. Medialdia တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိမိတို့၏ရုံး၊ ဌာနအသီးသီးမှ ပါဝင်တက်ရောက်ခဲ့သည်။ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်သည် ၂၀၃၀ပြည့်နှစ်တွင် ရေရှည်တည်တံ့သည့် အလယ်အလတ်အထက်အဆင့် ဝင်ငွေရရှိစေရန်ဆောင်ရွက်မည့်အစီအစဉ်တစ်ခုဖြစ်ပြီး အဆိုပါ ရည်မှန်းချက် အောင်မြင်စေရန် စီအယ်လ်အမ်ဗွီဒေသခွဲကို Advanced Global Business ဖြစ်စေရေးဆောင်ရွက်သွားကြမည်ဖြစ်သည်။

Advanced Global Business Hub ဖြစ်ပေါ်စေရန် ပေါင်းစပ်ဆက်သွယ်မှု၊ အထောက်အပံ့ပေးနိုင်မည့် အစီအမံများ (Enablers) နှင့် နှိုင်းယှဉ်အကျိုးကျေးဇူးရှိသော ကဏ္ဍများဟူ၍ အဓိကပူးပေါင်း ဆောင်ရွက်မည့် နယ်ပယ် (၃) ရပ် သတ်မှတ်ထားပါသည်။ မူဘောင်ကို အကောင်အထည်ဖော်ရာတွင်Phase 1 (၂၀၂၂ ခုနှစ် - ၂၀၂၅ ခုနှစ်ထိ) Phase 2 (၂၀၂၆ ခုနှစ်-၂၀၃၀ ပြည့်နှစ်အထိ) Phase (၂) ခု ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါဆွေးနွေးညှိနှိုင်းပွဲ၌ မဲခေါင်သိပ္ပံမှ ကျွမ်းကျင်သူများက စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး စီမံချက်၏တိုးတက်မှုအခြေအနေများ၊ ပထမအကြိမ်အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းပွဲ၏ ရလဒ်များနှင့် ပြင်ဆင်ရေးဆွဲထားသော မူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (Draft 0.1) ကို ရှင်းလင်းတင်ပြခြင်းနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသူများက ယင်းလုပ်ငန်းအစီအစဉ် (Draft-0.1) အပေါ်အကြံပြုချက်များ၊ ထပ်မံ ပြင်ဆင်/ ဖြည့်စွက်လိုသည်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု မူဘောင်တွင်ပါဝင်သည့် အဓိကပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များဖြစ်သည့် ပို့ဆောင်ရေးနှင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ အထောက်အပံ့ပေးနိုင်မည့် အစီအမံများ၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အစားအသောက်စသည့် ကဏ္ဍများအပေါ် အခြေခံ၍ သီးသန့်ဆွေးနွေးပွဲ (Break-out Sessions) (၄) ခုကို တစ်ပြိုင်တည်း ပြုလုပ်ခဲ့ရာ တက်ရောက်သူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။Breakout Sessions များ၏ ဆွေးနွေးမှုအနှစ်ချုပ်များကို မဲခေါင်သိပ္ပံမှ ကျွမ်းကျင်သူများက ဆွေးနွေးပွဲသို့ ပြန်လည်တင်ပြခဲ့ကြသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံ တို့အတွက် သက်ဆိုင်ရာနိုင်ငံအလိုက် ဒုတိယအကြိမ် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းပွဲများ၏ ရလဒ်များအပေါ် အခြေခံပြီး လုပ်ငန်းအစီအစဉ်ကို ဆက်လက်ရေးဆွဲမည်ဖြစ်ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒေသခွဲအဆင့် ဆွေးနွေးညှိနှိုင်းပွဲ (Regional and Stake-holder Consultation)ကျင်းပ၍ လုပ်ငန်းအစီအစဉ် အားဆက်လက်ရေးသားပြုစုပြီး စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေးအရာရှိများက အပြီးသတ် ဆွေးနွေးမည်ဖြစ်သည်။ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်အား ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း အပြီးသတ်ရေးဆွဲနိုင်ရန် မျှော်မှန်းထားပါသည်။

## အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်ရှိ အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ အသုံးပြုခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်း စီမံချက်နှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

အာဆီယံ – ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်ရှိ အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ အသုံးပြုခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်း စီမံချက်နှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားရာတွင် အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ အသုံးပြုခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်းသည် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဆင့်မြှင့်တင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ လေ့လာသုံးသပ်မှုကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်း၍ ကောင်းမွန်သည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေးအတွက် တက်တက်




ကြွကြွ ပါဝင်ဆွေးနွေးသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ရရှိနိုင်မှု အခြေအနေ၊ နည်းပညာဆိုင်ရာ အခက်အခဲများနှင့် အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ အသုံးပြုခြင်းတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်ရှိ အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ အသုံးပြုခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်း စီမံချက်နှင့်စပ်လျဉ်း၍ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို




မတ်လအတွင်း ဆက်လက်ကျင်းပမည်ဖြစ်ပြီး လေ့လာမှုအစီရင်ခံစာကို ထုတ်ပြန်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ၊ စီမံချက်အတွက် အကြံပေးအဖြစ် ဆောင်ရွက်သည့် အာရှကုန်သွယ်ရေးဗဟိုဌာနမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၅) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။

## (၁၆) ကြိမ်မြောက် အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ပါဝင်တက်ရောက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာဝါဝါမောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့သည်။



အစည်းအဝေးသို့ အာဆီယံနိုင်ငံများ၊ သြစတြေးလျနှင့်နယူးဇီလန်နိုင်ငံတို့မှ ပူးတွဲကော်မတီ အဖွဲ့ဝင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး၊ ဘရူနိုင်းနိုင်ငံ၊ ဘဏ္ဍာရေးနှင့် စီးပွားရေး ဝန်ကြီးဌာနမှ Ms. Nor Zerlina Momin၊ သြစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနမှ Ms. Juliana Nam နှင့် နယူးဇီလန်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ Mr. Keawe Woodmore တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အဆင့် မြှင့်တင်ခြင်းဆိုင်ရာ ညှိနှိုင်းမှု ကိစ္စရပ်များ၊ အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အောက်ရှိ လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှု အခြေအနေများ၊ ပူးတွဲကော်မတီ၏ လုပ်ငန်းအစီအစဉ်နှင့် အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ညှိနှိုင်းမှုများကို ၂၀၂၀ ပြည့်နှစ် အစောပိုင်းမှ စတင်၍ ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ မတိုင်မီ အပြီးသတ် ညှိနှိုင်းနိုင်ရေးအတွက် ပူးတွဲကော်မတီ အစည်းအဝေးများကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။



မြေနဂါးသတ္တုတူးဖေါ်ရေးကုမ္ပဏီလီမိတက်

ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊

ရှမ်းပြည်တောင်ပိုင်း။

☎ 09262000017, 09961980000

# 1390 MW Mee Lin Gyaing Integrated LNG to Power Project
## Mee Lin Gyaing Electric Power Co., Ltd.



*"The Largest LNG to Power Project in South East Asia by installed capacity"*

*"Biggest Foreign and Local Joint Investment in Myanmar Power Sector in last 10 years"*

PPA Signed : 29th Jan, 2021
MIC Permit issued : 03rd Nov, 2021

Project Description

Generation Capacity: 1390 MW
Investment : USD 2.5 Billion
Project Structure : IPP BOT

Project Location

Mee Lin Gyaing, Shwe Thaung Yan Township, Ayeyarwady Region, Myanmar

Project Developers

(1) Yunnan Provincial Energy Investment Group (YEIG)
(2) Union Resources & Engineering Co., Ltd. (UREC)
(3) Supreme Trading Company Limited (STCL)
(4) Zhefu Holding Group Co., Ltd

Project Components

(1) 1390MW Combined Cycle Power Plant
(2) 500KV and 230KV Transmission Lines
(3) LNG Storage Terminal and Regasification Plant
(4) Jetty and Break Water

## အီးယူက တရုတ်ရဲ့ BRI စီမံကိန်းကြီးနဲ့အပြိုင် ဘယ်လိုစီမံကိန်းကြီးမျိုး လုပ်မှာလဲ

ဥရောပသမဂ္ဂ အီးယူဟာ တရုတ်အစိုးရက လက်ရှိ ကမ္ဘာတစ်ဝန်း ချဲ့ထွင်လုပ်ကိုင်နေတဲ့ ရပ်ဝန်းတစ်ခုလမ်းတစ်ကြောင်း Belt and Road Initiative နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးနဲ့အပြိုင် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီး တစ်ခုလုပ်မယ်လို့ ကြေညာထားပြီ ဖြစ်ပါတယ်။

အဲဒီစီမံကိန်းကို အီးယူက ယူရိုငွေ သန်းပေါင်း သုံးသိန်း (ဘီလျံ ၃၀၀)နဲ့ မတည်လိုက်တာဖြစ်ပြီး အမေရိကန်ဒေါ်လာနဲ့ဆိုရင် ဘီလျံ ၃၄၀ ရှိမယ့် အဲဒီ စီမံကိန်းဟာ တရုတ်ရဲ့စီမံကိန်းနဲ့ အပြိုင်အဆိုင် နှိုင်းယှဉ်ပြီး ရွေးချယ်ဖို့ ထိုက်တန်တဲ့ စီမံကိန်းတခုလည်း ဖြစ်လာမယ်လို့ အီးယူက ဆိုပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ထွက်ရပ်လမ်း Global Gateway လို့ အမည်ပေးထားတဲ့ အဲဒီစီမံကိန်းဟာ နိုင်ငံတကာမှာ အများယုံကြည်စိတ်ချတဲ့ စီမံကိန်းတစ်ခု ဖြစ်လာမယ်လို့ ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆလာဗွန်ဒလိုင်ရန် က ပြောပါတယ်။

နိုင်ငံများအနေနဲ့ ရေရှည် အကျိုးဖြစ်ထွန်းမယ့် စီမံကိန်းတွေ ဖော်ဆောင်ရာမှာ ယုံကြည်စိတ်ချရတဲ့ လုပ်ဖော်ကိုင်ဖက် လိုအပ်နေတယ်လို့လည်း မစ္စဗွန်ဒလိုင်ရန်က ပြောဆိုခဲ့ပါတယ်။

### အီးယူက ဒီစီမံကိန်းကို ဘယ်လို အကောင်အထည်ဖော်မှာလဲ?

လောလောဆယ်မှာ အီးယူအနေနဲ့ ဘီလျံနဲ့ချီတဲ့ မတည်ငွေတွေကိုဘယ်လိုထိထိရောက်ရောက်စုဆောင်းရမလဲ ဆိုတာကို လေ့လာသုံးသပ်နေပါတယ်။

အခုလိုစုဆောင်းရာမှာအီးယူအဖွဲ့ဝင်နိုင်ငံတွေ၊ ဌာန ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကကဏ္ဍ တွေကနေ စုပေါင်းရယူဖို့ရှိနေပြီး အများအားဖြင့် ကန့် သတ်ချက်နဲ့ ချပေးတဲ့ ပုံစံထက်စာရင် ချေးငွေ သို့မဟုတ် အာမခံချက်ပေးတဲ့ပုံစံနဲ့ ဖြစ်ဖို့များတယ်လို့ ဆိုပါတယ်။

နိုင်ငံတကာ စီမံကိန်းတွေကို မတူကွဲပြားတဲ့ ဒီမိုကရေစီကျတဲ့ ချဉ်းကပ်မှုနဲ့ သွားလို့ရတယ် ဆိုတာကို အီးယူကကမ္ဘာကိုပြသလိုတယ်လို့လည်းမစ္စဗွန်ဒလိုင်ရန် က ပြောပါတယ်။ ဒီလိုစီမံကိန်းမျိုးတွေဟာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးနဲ့တကွ ကမ္ဘာ့ကျန်းမာရေး လုံခြုံစိတ်ချရမှု ရှိစေရေးတို့ကို အာရုံစိုက်နိုင်မယ့် အပြင် ဖွံ့ဖြိုးဆဲနိုင်ငံတွေ ရေရှည်တိုးတက်ရေးကိုလည်း အလေးထားမှာဖြစ်တယ်လို့ သူကပြောပါတယ်။

အခုလိုစီမံကိန်းတွေဟာ အရည်အသွေး မြင့်မားရမယ့်အပြင် ပွင့်လင်းမြင်သာမှုလည်း မြင့်မားရမှာဖြစ်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှု ကောင်းကောင်းနဲ့အတူ ပါဝင်တဲ့နိုင်ငံတွေအတွက် ထင်သာမြင်သာတဲ့ အကျိုးဖြစ်ထွန်းမှုတွေလည်း ရဖို့လိုကြောင်း မစ္စဗွန်ဒလိုင်ရန်က ရှင်းလင်းပြောကြားခဲ့ပါတယ်။

အီးယူရဲ့ ကမ္ဘာလုံးဆိုင်ရာ ထွက်ရပ်လမ်း စီမံကိန်းဟာ အာဖရိကတိုက်ကို အဓိကအခြေပြုမှာ ဖြစ်တယ်လို့ အီးယူအရာရှိတစ်ဦးက ဘီဘီစီကို ပြောပါတယ်။

### ဘယ်လိုအခြေအနေတွေမှာ အီးယူက တရုတ်နဲ့အပြိုင် လိုက်လုပ်ဖို့ ဖြစ်လာသလဲ?

တရုတ်ရဲ့ BRI စီမံကိန်းမှာ ပါဝင်တဲ့နိုင်ငံတွေမှာ ရထားလမ်း၊ ကားလမ်းနဲ့ ဆိပ်ကမ်းတည်ဆောက် ရင်းနှီးမြှုပ်နှံမှုတွေရှိပေမယ့် ကြွေးမြီတွေတင်ရှိသွားတဲ့ နိုင်ငံတွေလည်း ရှိတယ်ဆိုပြီး စွပ်စွဲချက်တွေ ရှိနေပါတယ်။

အခုလို ဖြစ်သွားတဲ့ အခြေအနေဟာ ကြွေးမြီကို အသုံးပြုပြီး သံတမန်ရေးရာ ထောင်ချောက်ဆင်တာလို့လည်း တင်စားခေါ်ဝေါ်ကြပါတယ်။ တရုတ်ရဲ့ ရပ်ဝန်းတစ်ခု လမ်းတစ်ကြောင်း စီမံကိန်းဟာ အာဖရိက၊ အာရှ၊ အင်ဒိုပစိဖိတ်ဒေသတွေသာမက အီးယူနယ်နမိတ်အတွင်းမှာပါ ဆက်စပ်ရောက်ရှိနေပါတယ်။

တရုတ်ကုမ္ပဏီ COSCO ဟာ ဥရောပမှာ အကြီးဆုံးတွေထဲက ဆိပ်ကမ်းတခုဖြစ်တဲ့ဂရိနိုင်ငံရဲ့ ပင်မဆိပ်ကမ်း ပရေးရပ်စ် ဆိပ်ကမ်းရဲ့ သုံးပုံတပုံကို ပိုင်ဆိုင်ထားပြီး တရုတ်ဟာ အဲဒီဆိပ်ကမ်းကို သူတို့ရဲ့ စီမံကိန်းကြီးမှာ အဓိကတနေရာအဖြစ် အသုံးချမှာ ဖြစ်တယ်ဆိုတဲ့ သုံးသပ်မှုတွေ ရှိနေပါတယ်။

ဒါ့အပြင် တရုတ်လမ်းတံတား ကော်ပိုရေးရှင်းဟာ ခရိုအေးရှားနိုင်ငံအတွက် အရေးပါတဲ့ အေဒရီယက်တစ်ပင်လယ်ဖြတ်ကူး တံတားတစ်စင်းကိုလည်း တင်ဒါအောင်ပြီး တည်ဆောက်ပေးနေတာကို တွေ့ရပါတယ်။ နိုင်ငံတစ်ခုခုကို လာရောက် ရင်းနှီးမြှုပ်နှံသူတွေထဲက

ရွေးချယ်စရာ သိပ်မရှိတဲ့ အခြေအနေမျိုးမှာ သီးခြား ဖွင့်ဆို လိုအပ်ချက်အသေးစိတ်တွေ လက်ခံပေးရတာ လည်းရှိနေပြီးအခုလိုလက်ခံပေးရတဲ့အတွက် ဘဏ္ဍာရေး နဲ့နိုင်ငံရေး သာမကလူမှုရေးဆိုင်ရာ ကြီးမားတဲ့ အကျိုး ဆက်တွေ ဖြစ်လာနိုင်တယ်လို့ ဥရောပကော်မရှင် ဥက္ကဋ္ဌ က ပြောပါတယ်။

**တရုတ်ရဲ့ ပြန်လည်တုံ့ပြန်မှုနဲ့ ဝိရောဓိဖြစ်နေတဲ့ တရုတ် လွှမ်းမိုးမှု အနေအထား**

တရုတ်ရဲ့ အီးယူဆိုင်ရာသံတမန် ကျန်မင်း ကတော့ တရုတ်အစိုးရဟာ အီးယူရဲ့ ကမ္ဘာလုံးဆိုင်ရာ ထွက်ရပ် လမ်း စီမံကိန်းဟာ လွတ်လပ်ပွင့်လင်းပြီး ဖွံ့ဖြိုးဆဲနိုင်ငံ တွေကို အကူအညီဖြစ်မယ်ဆိုရင် ကြိုဆိုပါတယ် ဆိုပြီး ပြီးခဲ့တဲ့လက ပြောဆိုထားခဲ့ပါတယ်။

ဒါပေမဲ့ နိုင်ငံ့အခြေခံ အဆောက်အအုံတွေ တည် ဆောက်ရေး စီမံကိန်းတွေကို ပထဝီနိုင်ငံရေးမှာ အသုံးချ စရာ ကိရိယာအဖြစ် သုံးတာမျိုးကတော့ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ မျှော်လင့်ချက်တွေကို ပျက်ပြားစေမှာ ဖြစ်ပြီး အကျိုးစီးပွားတွေလည်း ထိခိုက်ကုန်မှာဖြစ်တယ် လို့ ဆိုပါတယ်။

တရုတ်နိုင်ငံခြားရေး မူဝါဒကိုယ်၌ကတော့ BRI စီမံ ကိန်းမှာ ဗဟိုပြုနေတာကို တွေ့ရပါတယ်။ တရုတ်ရဲ့ BRI စီမံကိန်းမှာအတိုင်းအတာတခုအထိပါဝင်ဖို့လက်မှတ်ရေး ထိုးထားတဲ့ နိုင်ငံစုစုပေါင်းဟာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ အရောက်မှာ ၁၄၂ နိုင်ငံအထိရှိနေပြီဖြစ်ပြီး အာရှပစိဖိတ် ဒေသနဲ့ အာဖရိကတိုက်ဒေသတွေကဆိုရင် နိုင်ငံအားလုံး နီးပါးလောက်ကလက်မှတ်ထိုးထားကြတာ ဖြစ်ပါတယ်။

တရုတ်က ရင်းနှီးမြှုပ်နှံမှု အလုံးအရင်းထည့်ဝင်ပြီး လွှမ်းမိုးရေး ကြိုးစားတယ်လို့ ဆိုကြပေမယ့် တစ်ဖက် မှာလည်း ငွေအလုံးအရင်း ချေးငှားမှုတိုင်းမှာ ထည့်ဝင် သူဘက်က အရဲစွန့်ရတာလည်းရှိတယ်လို့ ထောက်ပြကြ သူများလည်း ရှိနေပါတယ်။

ဒါ့အပြင် တရုတ်လောက်ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှု လာလုပ်သူ မရှိခဲ့တာကလည်း တရုတ်စီမံကိန်းမှာ လက် မှတ်ထိုးလာကြစေတဲ့ အကြောင်းရင်းတခု ဖြစ်ပါတယ်။

**တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်ရဲ့ ကမ္ဘာ့အမြင်က ဘာလဲ**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုညီလာခံကို နိုင်ငံ အသီး သီးရဲ့ ပြည်တွင်းတုံ့ပြန်မှုတွေ အမေရိကန်သမ္မတ ဘိုင်ဒန် နဲ့ တရုတ်သမ္မတတို့ ၇ လအတွင်း ပထမဆုံးအကြိမ် ဆက် သွယ်ခဲ့ပါတယ်။

**အီးယူရဲ့ ရေရှည် ရည်ရွယ်ချက်နဲ့ အလားအလာ**

အီးယူအနေနဲ့ ကျယ်ပြန့်တဲ့ ပထဝီနိုင်ငံရေးနယ်ပယ် မှာ လှုပ်ရှားရာမှာ ပြုလွယ်ပြင်လွယ်မရှိပဲ တောင့် တောင့်တင်းတင်းဖြစ်နေပြီး အချင်းချင်းကြားနဲ့ ရုံးတွင်း လုပ်ငန်းစဉ် အပေါ်အောက် တိုးတိုက်မှုတွေ ရှိနေမယ် ဆို ရင် အီးယူအတွက် ဆုံးရှုံးမှုကြီးတခု ဖြစ်သွားမယ်လို့ အန်ဒရူးစမောက ဘီဘီစီကို ပြောပါတယ်။

အန်ဒရူးစမောဟာ ဂျာမန်မာရှယ်ဖန်ဆိုတဲ့ မြောက် အမေရိကနဲ့ ဥရောပ ပူးပေါင်းဆောင်ရွက်ရေး အခြေပြု ဖွဲ့စည်းထားတဲ့ သုတေသနနဲ့ မူဝါဒဖော်ဆောင်ရေးအဖွဲ့ မှာ အတ္တလန္တိတ်ဒေသ တစ်လျှောက်ရေးရာ ဝါရင့်လေ့လာ သူ ဖြစ်ပါတယ်။

တရုတ်ဆီကနေ ချေးငွေယူဖို့ စဉ်းစားနေတဲ့ နိုင်ငံ တွေ အနေနဲ့ကတော့ ဥရောပဘက်က ပထမဆုံး အခုလို ဘဏ္ဍာရေးရာ လေးလေးနက်နက် ပြင်ဆင်လာမှုကြောင့် ရွေးချယ်စရာ တစ်ခုရလာမယ်လို့လည်း သူကဆိုပါတယ်။

ဒီလိုအခြေအနေမှာ အမေရိကန်ကလည်း အလားတူ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခု ကြေညာထား တာကိုလည်း သတိပြုရမှာဖြစ်ပြီး ဥရောပနဲ့ အပြိုင် အဆိုင် ဖြစ်လာနိုင်ပါတယ်။

အမေရိကန်နိုင်ငံဟာ ပြီးခဲ့တဲ့ ဇွန်လ စက်မှုထိပ်သီး ၇ နိုင်ငံ အစည်းအဝေးမှာ “ပိုကောင်းသော ကမ္ဘာပြန်ဖန်တီး စို့” Build Back Better World စီမံချက်ကို ကြေညာခဲ့ တာဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ထရီလီယံ ၄၀ (ဘီလျံ ၄၀၀၀၀) သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ အဲဒီ စီမံချက်က ၂၀၃၅ မှ စတင်မှာ ဖြစ်တဲ့အပြင် ဥရောပက လည်း တစ်စိတ်တစ်ပိုင်းပါဝင်တဲ့ စီမံချက်တော့ဖြစ်နေပါ တယ်။

အခုလို ဥရောပဟာ အမေရိကန်နဲ့ ခိုင်မာတဲ့ မဟာ မိတ်အဖြစ် ဆက်ရှိနေဦးမှာ ဖြစ်ပေမယ့် တစ်ဖက်က လည်း အမေရိကန် အမှီအခို လျှော့ချဖို့ ကြိုးစားလာတဲ့ အနေအထားမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ဒီလိုရွေးချယ် စရာများလာတာက တကယ်အကျိုးဖြစ်ထွန်းမှု ရှိမလား ဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

Source: https://www.bbc.com/burmese/world-59542463

## ဩစတြေးလျ လယ်ယာထွက်ကုန်ထုတ်လုပ်မှု ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးမည်

ဩစတြေးလျ စိုက်ပျိုး၊ မွေးမြူရေးနှင့်အရင်းအမြစ်စီးပွားရေးဗျူရို (Australian Bureau of Agricultural and Resource Economics – ABARES) အရ ဩစတြေးလျ လယ်သမားများသည် ၎င်းတို့၏ အစားအစာနှင့် အမျှင်ဓာတ်ထုတ်လုပ်မှု တန်ဖိုးနှင့်ပမာဏသည်သမိုင်းဝင်အမြင့်ဆုံးသို့ ရောက်ရှိသွားသည့်အတွက် ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုး သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ကောက်ပဲသီးနှံဈေးနှုန်း မြင့်တက်ခြင်းနှင့် မွေးမြူရေးထုတ်ကုန်ရောင်းချမှုတွင် မကြုံစဖူးသော ဈေးနှုန်းများ တစ်နှစ်ပတ်လုံးရရှိခြင်းနှင့် အတူ ABARES မှ လေ့လာဆန်းစစ်သူများသည် ၎င်းတို့၏ စုစုပေါင်း လယ်ယာထွက်ကုန် ထုတ်လုပ်ရရှိမှု ခန့်မှန်းချက်ကို ယခု ဘဏ္ဍာရေးနှစ်တွင် ဩစတြေးလျ ဒေါ်လာ ၇၈ ဘီလီယံ အထိ မြှင့်တင်ခဲ့သည်။ ထို့အပြင် တင်ပို့မှုတွင်လည်း စံချိန်တင် ဒေါ်လာ ၆၁ ဘီလီယံအထိ ရှိလာမည်ဟု ခန့် မှန်းထားပါသည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပြိုင်ဖက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ ရုရှား၊ ယူကရိန်း၊ အာဂျင်တီးနား၊ ဘရာဇီးလ်နှင့် အမေရိကန်နိုင်ငံတို့ရှိ တွေ့ကြုံရသည့် ရာသီအလိုက် ညံ့ဖျင်းသောအခြေအနေများက ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ကောင်းမွန်သော အခွင့်အလမ်းကို ဖြစ်ပေါ်စေပါသည်။ ထိုအခြေအနေများက ဂျုံ၊မုယောနှင့် ကာနိုလာ ထောက်ပံ့မှုကို နှောင့်နှေးစေပြီး၊ ဈေးနှုန်းများကို မြင့်တက်စေပါသည်။

နယူးဆောက်ဝေးလ်နှင့် ကွင်းစလန်ပြည်နယ်တို့တွင် မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ထုတ်လုပ်မှုပမာဏကို ဆိုးဆိုးရွားရွား ထိခိုက်ခြင်းမရှိပေ။ စိုစွတ်သော ရာသီဥတု၏ အဓိကသက်ရောက်မှုမှာ လူမှတိရစ္ဆာန်အဆင့်အထိ အစားအစာဖြစ်သည့် သီးနှံအရည်အသွေးကို အဆင့်နိမ့်စေခြင်းဖြစ်ပါသည်။

အရှေ့ဘက်ကမ်းရိုးတန်းရှိ လာနီယာအခြေအနေများသည် လယ်သမားများအတွက် နောက်ထပ် နှစ်ကောင်း တစ်နှစ်အဖြစ် ၂၀၂၂ ခုနှစ်တွင် ထူထောင်နိုင်မည်ဖြစ်ပြီး၊ မြေဆီလွှာကို အစိုဓာတ်ဖြည့်ပေးကာ စိုက်ပျိုးရေကုန်ကျစရိတ် နည်းပါးစေခြင်းဖြင့် မွေးမြူရေး အတွက် အစာရေစာများများ ရရှိစေမည်ဖြစ်သည်။ သို့သော်လည်း လယ်သမားများသည် လောင်စာဆီ၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံး ဓာတုဗေဒပစ္စည်းများ ဈေးနှုန်းများ မြင့်တက်နေသဖြင့် ၎င်းတို့၏ သီးနှံများ စိုက်ပျိုးရန် ဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းသို့ အခြေအနေများရှိသော်လည်း ABARES သည် ၂၀၂၁–၂၀၂၂ ခုနှစ်တွင် ပမာဏကြီးမားသော အစားအစာနှင့် အမျှင်ဓာတ်ထုတ်လုပ်မှုကို ဒေါ်လာ ၃၀.၆ ဘီလီယံအထိ စံချိန်



တင်ရရှိရန် ခန့်မှန်းထားပါသည်။ အစားအသောက်နှင့် လယ်ယာစီးပွားရေးဘဏ်မှ ကျွမ်းကျင်သူများက ယင်းသည် အစားအသောက် ဈေးနှုန်းများ ဖောင်းပွလာကာ လူမှုရေး မငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးထားသည်။

## ကမ္ဘာ့တစ်ဝှမ်းတွင် ဘက်ထရီထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လျက်ရှိ

မော်တော်ကားလုပ်ငန်းသည် လျှပ်စစ်ဓာတ်အား ပိုမို ရရှိလာသည် နှင့်အမျှ မော်တော်ကား ထုတ်လုပ်သူများနှင့် ဘက်ထရီ ထုတ်လုပ်သူများသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဘက်ထရီစက်ရုံများတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြသည်။ ဥရောပနှင့် အမေရိကန်နိုင်ငံတို့သည် မော်တော်ကားများကို လျှပ်စစ်စွမ်းအင်နှင့် တွဲဖက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အဆိုပါအပိုင်းများ၌ များပြားလှသော စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများရှိနေသည်ကို Fitch Solutions ၏ အစီရင်ခံစာအရ သိရှိရပါသည်။

ယခုနှစ်၏ တတိယသုံးလပတ်အတွက် ကမ္ဘာ တစ်ဝှမ်းလုံးတွင် လျှပ်စစ်ကားဘက်ထရီများ ထုတ်လုပ်မှုနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများအတွက် ထုတ်လုပ်သည့် စီမံကိန်းများသည် အနည်းဆုံး ၃၄ ခု ရှိခဲ့ပြီး ပေါင်းစပ်ရင်းနှီးမြှုပ်နှံမှု ပမာဏတန်ဖိုး အမေရိကန် ဒေါ်လာ ၃၆.၃ ဘီလီယံ အထိရောက်ရှိခဲ့ပါသည်။ ယင်းသည် ဒုတိယ လေးလပတ်ကာလထက် စီမံကိန်း ၁၂ ခု ပိုခဲ့ပြီး ပေါင်းစပ် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၁.၉ ဘီလီယံ အထိရှိခဲ့ပါသည်။

Fitch Solution က ပထဝီဝင်အနေအထားအရ ရင်းနှီးမြှုပ်နှံမှုများသည် အာရှဒေသမှ အနောက်ဥရောပနှင့် မြောက်အမေရိကတို့သို့ ရွှေ့ပြောင်းသွားခဲ့သောကြောင့် ဒုတိယသုံးလပတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းသည် ပြောင်းပြန်ပုံသဏ္ဍာန် ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

တတိယ သုံးလပတ်ကာလတွင် အာရှဒေသရှိ စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု တန်ဖိုး၏ ၅၆.၄ ရာခိုင်နှုန်းရှိပြီး၊ အာရှရှိ စီမံကိန်းများ၏ ထက်ဝက်ကျော်သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတွင် ရှိနေပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အကြီးမားဆုံးသော စီမံကိန်း အချို့တွင် ပြည်တွင်းဘက်ထရီ ထုတ်လုပ်သူ ဆော့လ်(ထ်)၏ အမေရိကန်ဒေါ်လာ ၃.၄ ဘီလီယံ တန်ဖိုးရှိ စက်ရုံတစ်ခုပါဝင်သည်။ စီချွမ်စီရင်စု၊ ချန်ဒူဒေသရှိ အဆိုပါ ဘက်ထရီစက်ရုံကို ၂၀၂၅ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းထားပြီး နှစ်စဉ်ဘက်ထရီ ထုတ်လုပ်နိုင်စွမ်းမှာ ၆၀ ဂစ်ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ လစ်သီယံဘက်ထရီ နည်းပညာကုမ္ပဏီသည်လည်း အန်ဟွေးစီရင်စု၊ ဟီဖေးဒေသတွင် အမေရိကန်ဒေါ်လာ ၃.၈ ဘီလီယံကို အသုံးပြုပြီး တစ်နှစ်လျှင် ၅၀ ဂစ်ဂါဝပ်ပမာဏ ထုတ်လုပ်နိုင်သော ဘက်ထရီစက်ရုံတစ်ခုကို တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ ထိုစက်ရုံမှ ထုတ်လုပ်မှု စတင်မည့် အချိန်ကို မထုတ်ပြန်ထားပေ။

နိုင်ငံတကာ ကုမ္ပဏီများသည်လည်း တရုတ်နိုင်ငံတွင် ၎င်းတို့၏ကိုယ်ပိုင်ဆောက်လုပ်ရေး လုပ်ငန်းခွင်များကို စတင်နေကြပြီဖြစ်သည်။ ကိုရီးယား၏ SK Innovation သည်လည်း စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁.၀၆ ဘီလီယံတန်ဖိုးရှိ စီမံကိန်းတစ်ခုကို ကြေညာခဲ့သည်။ ဂျန်းစုစီရင်စု၊ ယန်ချန်ဒေသရှိ ဘက်ထရီစက်ရုံတည်ဆောက်ရေး စီမံကိန်းတစ်ခုသည် ၂၀၂၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး နှစ်စဉ်ထုတ်လုပ်မှု စွမ်းရည် ၂၂ ဂစ်ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အခြားဒေသများရှိ ကုမ္ပဏီများသည် တရုတ်နိုင်ငံအပေါ်၌ မှီခိုနေရမှုကို လျှော့ချရန်ကြိုးပမ်းမှုများ ရှိနေသော်လည်း ဘက်ထရီထုတ်လုပ်မှု ကဏ္ဍတွင် တရုတ်နိုင်ငံသည် အဓိကကျသော အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေလိမ့်မည်ဟုFitch Solutions ကဆိုထားပါသည်။

တရုတ်နိုင်ငံသည် လျှပ်စစ် မော်တော်ကားများနှင့် ဟိုက်ဘရစ် (လျှပ်စစ်ဘက်ထရီတစ်လှည့်၊ လောင်စာဆီတစ်လှည့်ဖြင့်ရွေ့လျားသော နည်းပညာ) မော်တော်ကားများအတွက် အကြီးမားဆုံးသော ဈေးကွက်ကြီးတစ်ခုဖြစ်ပါသည်။တရုတ်နိုင်ငံမော်တော်ကားထုတ်လုပ်သူများအသင်းကမူ ယခုနှစ် မော်တော်ကားအရောင်း ပမာဏသည် အစီးရေ ၃ သန်းနီးပါးထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ်တွင် ၁၁၉ ရာခိုင်နှုန်း တိုး

လာနိုင်မည်ဟု ခန့်မှန်းထားပါသည်။

အခြား ကမ္ဘာ့အရပ်ဒေသများတွင်လည်း လျှပ်စစ်စွမ်းအင် အသုံးပြုမှုသည် အရှိန်မြင့်တက်လျက်ရှိသည်။ ယခုနှစ်၏ ပထမသုံးလပတ်ကာလတွင် ကမ္ဘာတစ်ဝှမ်း၌ လျှပ်စစ်စွမ်းအင်နှင့် ဆက်စပ်သော စီမံကိန်း ၈၃ ခုအထိ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ယင်းအရေအတွက်ထက် နှစ်ဆကျော် ပိုများပါသည်။

အဆိုပါစီမံကိန်း ၈၃ ခု၏ ပေါင်းစပ်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၄.၄ ဘီလီယံရှိပြီး ၂၀၂၀ ပြည့်နှစ်မှတ်တမ်းများထက် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ မြင့်တက်ခဲ့သဖြင့် ယင်းပမာဏသည် ၂၀၂၁ ခုနှစ် ကာလတစ်လျှောက် ဘက်ထရီထုတ်လုပ်မှု ကွင်းဆက်များ အရှိန်မြင့် ဖွံ့ဖြိုးတိုးတက်နေမှုကို ထင်ဟပ်စေပါသည်။

ယခု ၂၀၂၁ ခုနှစ်၏ ပထမသုံးလပတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ၏ ထက်ဝက်ခန့် ပမာဏသည် အာရှဒေသတွင်ဖြစ်သည်။အာရှဒေသပြီးနောက် မြောက်အမေရိကသည်လည်း ၎င်း၏ ပြည်တွင်းဘက်ထရီ ထုတ်လုပ်မှုကွင်းဆက်ကို ဆက်လက် တိုးတက်စေသည့်အတွက် တတိယသုံးလပတ်နှင့် လွန်ခဲ့သည့်သုံးလပတ် ကာလနှစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၃၁.၄ ရာခိုင်နှုန်းနှင့် ၂၅.၂ ရာခိုင်နှုန်းအသီးသီးရှိခဲ့ပါသည်။ ယခုနှစ် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် သမ္မတဘိုင်ဒန်၏ အစိုးရအဖွဲ့က ၂၀၃၀ ပြည့်နှစ်၌ အမေရိကန်နိုင်ငံတွင် ရောင်းချသော မော်တော်ကား အသစ်များအားလုံး လျှပ်စစ်စွမ်းအင်ကို အသုံးပြုရန် ရည်ရွယ်ထားသည့် အုပ်ချုပ်ရေးဆိုင်ရာ အမိန့်တစ်ခုကို ကြေငြာခဲ့သည်။ အမေရိကန် မော်တော်ကားထုတ်လုပ်သူများ ဖြစ်ကြသော ဂျီအမ်၊ ဖို့ဒ်နှင့် ခရိုက်စ်လာ၏ မိခင်ကုမ္ပဏီဖြစ်သော စတယ်လ်လန်တစ်တို့က ၂၀၃၀ ပြည့်နှစ်အရောက်တွင် နှစ်စဉ်စုစုပေါင်း အရောင်းပမာဏ၏ ၄၀ မှ ၅၀ ရာခိုင်နှုန်းသည် လျှပ်စစ် စွမ်းအင်သုံး မော်တော်ကားများ ရောင်းချရမှုကြောင့် ဖြစ်လာရန် ရည်မှန်းထားကြောင်း ၎င်းတို့၏ ပူးတွဲ ကြေညာချက်တစ်ခုတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဘာသာပြန်ရင်းမြစ်။ http://www.chinadaily.com.cn/a/202112/06/WS61ad4cfba310cdd39bc797a5.html

## ကမ္ဘာကြီးသည် နောက်ထပ်လာမည့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ထားမှုမရှိဟု လေ့လာတွေ့ရှိ

သုတေသနပညာရှင်များက ကမ္ဘာကြီးသည် နောင်လာမည့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ထားရန် လစ်ဟင်းလျက်ရှိပြီး နိုင်ငံအများစုသည် အသေးစား ရောဂါဘယ ကျရောက်မှုများအတွက်ပင် အသင့်ပြင်ထားမှုနည်းလျက်ရှိသည်ဟု ဆိုပါသည်။

Bloomberg ပြည်သူ့ကျန်းမာရေး သင်တန်းကျောင်းရှိ ဂျွန်ဟော့(ပ်)ကင်းစင်တာ၏ နျူကလီးယား ဘေးအန္တရာယ် ခြိမ်းခြောက်မှုအစပျိုးသည့် ပြဿနာနှင့် အရေးပေါ် ကျန်းမာရေး ပြဿနာများအတွက် ကြိုတင်ပြင်ဆင်မှုကို တိုင်းတာသည့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာဘေးကင်း လုံခြုံမှုညွှန်းကိန်းအရ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမျှ ရမှတ် ကောင်းများ မရရှိခဲ့ကြပေ။

အဆိုပါ အစီရင်ခံစာတွင် ကမ္ဘာ့နိုင်ငံအားလုံးသည် ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိခြင်းကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိရောက်စွာ တုံ့ပြန်နိုင်စွမ်း မရှိသည့်အပြင် အနာဂတ်ကာလတွင် ဖြစ်ပွားလာနိုင်သည့် ကပ်ရောဂါနှင့် ခြိမ်းခြောက်မှုများအတွက် ကြိုတင်ပြင်ဆင်ရေးကိုပါ လစ်ဟင်းသွားစေကြောင်း ရေးသားဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာဘေးကင်း လုံခြုံမှု ညွှန်းကိန်းအတွက် ပျမ်းမျှနိုင်ငံအလိုက် ရမှတ်သည် ၃၈.၉ ဖြစ်ပြီး ၂၀၁၉ ခုနှစ် ရမှတ်အတိုင်း ပြောင်းလဲမှုမရှိခဲ့ပေ။ အမြင့်ဆုံးရမှတ်ပင် ၇၆ မှတ်အောက် ဖြစ်ပြီး ၎င်းအမှတ်ကို အမေရိကန်နိုင်ငံမှ ရရှိခဲ့ခြင်းဖြစ်သည်။

ကြိုတင်ပြင်ဆင်မှု အဆိုးရွားဆုံးနေရာမှာ လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါကိုဖြစ်ပွားစေသည့် ကိုရိုနာ ဗိုင်းရပ်စ်ပိုးကဲ့သို့သော ရောဂါပိုးမွှားအသစ်များ ဖြစ်ပွားမှုကို ကာကွယ်ရာဖြစ်သည်။ ရောဂါပိုးမွှားများ ပေါ်ပေါက်ခြင်း သို့မဟုတ် ထုတ်လွှတ်ခြင်းတို့ကို တားဆီးကာကွယ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှရမှတ်သည် ၂၈.၄ ဖြစ်ပြီး ယင်းအမှတ်သည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာဘေးကင်း လုံခြုံမှု ညွှန်းကိန်း၏ အနည်းဆုံးအမှတ်ပေးဇယားတွင်ရှိသည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၁၃ နိုင်ငံသည်

တိရိစ္ဆာန်မှတစ်ဆင့်လူသို့ ကူးစက် ဖြစ်ပွားတတ်သော ရောဂါများကို လုံးဝဂရုစိုက်ခြင်းမရှိဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဂျွန်ဟော့ပ်ကင်း ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု စင်တာမှ အကြီးတန်းသုတေသနပညာရှင် ဒေါက်တာ ဂျနီဖာနျူဇိုက " အခုဆိုရင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေ အတွက် ရွေးချယ်စရာတွေရှိနေပါပြီ" ဟု ပြောကြားခဲ့သည်။ ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏နိုင်ငံများ အား ကိုဗစ်-၁၉ ကပ်ရောဂါကို ရေရှည်ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ကပ်ရောဂါကာလအတွင်း ဖန်တီးထားသည့် စွမ်းဆောင်ရည်သစ်များဖြင့် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည် သို့တည်းမဟုတ် စိုးထိတ်နေရခြင်းနှင့် လျစ်လျူရှုခြင်းဟူသော သံသရာ စက်ဝန်းရှည်ထဲသို့ ဆယ်စုနှစ်ပေါင်းများစွာ ကျရောက် သွားစေနိုင်မည် ဖြစ်သည့်အပြင် အနာဂတ်တွင် ကမ္ဘာကြီးသည် ရှောင်လွှဲမရနိုင်သော ပြည်သူ့ကျန်းမာရေး ခြိမ်းခြောက်မှုများနှင့်သာ ကျန်ရစ်နေမည် ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ နိုင်ငံပေါင်း ၁၉၅ နိုင်ငံအနက် ၁၅၅ နိုင်ငံသည် လွန်ခဲ့သည့်သုံးနှစ်တာ ကာလအတွင်း ကပ်ရောဂါနှင့် ကူးစက်မြန်ရောဂါများ ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် ပျက်ကွက်ခဲ့ကြောင်းနှင့် ၇၀ ရာခိုင်နှုန်းသော နိုင်ငံများသည်လည်း ဆေးခန်းများ၊ ဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးစင်တာ များတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပျက်ကွက်ခဲ့ကြောင်း အစီရင်ခံစာ၌ဖော်ပြထားသည်။

ထို့ပြင် "နိုင်ငံအားလုံးနီးပါးတွင် နိုင်ငံရေးနှင့် ဘေးကင်းလုံခြုံရေး အန္တရာယ်များ တိုးပွားလာလျက်ရှိပြီး အရင်းအမြစ်နည်းပါးသော နိုင်ငံတို့၌ ဘေးအန္တရာယ် ပိုမို မြင့်မားလာခြင်းနှင့် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန်တွင် ကြီးစွာလစ်ဟင်းလျက်ရှိကြောင်း" နှင့် နိုင်ငံပေါင်း ၁၆၁ နိုင်ငံမှ ပြည်သူတို့သည် ၎င်းတို့ နိုင်ငံ၏အစိုးရများအပေါ် ယုံကြည်မှု လျော့ပါးလျက်ရှိနေကြကြောင်း ကိုလည်း ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

ဂျွန်ဟော့ပ်ကင်းစင်တာ၏ ယခုအစီရင်ခံစာတွင် အမေရိကန်နိုင်ငံကို ဥပမာပြဆိုထားသည်။ အစီရင်ခံစာ ၌ " ကိုဗစ်-၁၉ ကြောင့် အခြားကမ္ဘာ့နိုင်ငံများထက် ရောဂါ ဖြစ်ပွားမှုနှုန်းနှင့်လူသေပျောက်မှုနှုန်းများခဲ့သည့် အမေရိကန်နိုင်ငံ၏ ကပ်ရောဂါအပေါ် ညံ့ဖျင်းစွာ တုံ့ပြန်မှုသည် တစ်ကမ္ဘာလုံးကို အံ့အားသင့်စေခဲ့ရသည်" ဟု ပါရှိသည်။ " ကပ်ရောဂါဖြစ်ပွားသည့် အစောပိုင်းကာလ တွင် ကပ်ရောဂါ ကာကွယ်ရေးအတွက် များစွာလုပ်ဆောင်နိုင်စွမ်း ရှိသော နိုင်ငံတစ်ခုသည် အဘယ်ကြောင့် နောက်ပိုင်းတွင် မှားယွင်းသော တုံ့ပြန်လုပ်ဆောင်မှုများ ကို ပြုခဲ့ပါသနည်း" ဟူ၍ အမေရိကန် နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် ကိုင်တွယ် ဖြေရှင်းပုံကို မေးခွန်းထုတ် ထားပါသည်။

ထို့ပြင် အခြားအကြောင်းရင်း များစွာကိုလည်း ထပ်မံတွေ့ရှိထားသည်ဟု အစီရင်ခံစာ၌ ဆိုထားသည်။ အစီရင်ခံစာအရ ကိုဗစ်-၁၉ ကူးစက်မှုများနှင့် ကပ်ရောဂါ ကြောင့် သေဆုံးမှုအရေအတွက် မြင့်မားသည့် နိုင်ငံများ အကြားတွင် အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံများထက် ပြည်သူများ၏ အစိုးရအပေါ်ယုံကြည်မှု ရမှတ်အနိမ့်ဆုံး ဖြစ်သည်ဟူသော အချက်သည် သိသာထင်ရှားသော အကြောင်းအရင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ပြည်သူများ၏ ယုံကြည်မှု လျော့နည်းခြင်းကြောင့် နှာခေါင်းစည်းတပ်ဆင်ခြင်း သို့မဟုတ် နေအိမ်တွင်သာ နေထိုင်ရန် ဟူသည့် အကြံပြုချက်များကို လိုက်နာခြင်း သို့မဟုတ် ကာကွယ်ဆေးထိုးခြင်းတို့ ကဲ့သို့သော ကပ်ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ချက်များ အပေါ် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်မှု နည်းပါး စေသည်။ ဖော်ပြပါ ကပ်ရောဂါကာကွယ်ရေး အကြံပြုချက်များကို ပြည်သူများ လိုက်ပါဆောင်ရွက်စေရန် လုပ်ဆောင်ရခြင်းသည်ပင် အမေရိကန်နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြစ်နေသည်ဟု အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားပါသည်။

“နှစ်နှစ်ခွဲကျော်ကြာပြီးသည့်နောက်တွင်အမေရိကန် နိုင်ငံမှ နိုင်ငံရေးသမားများသည် ကျန်းမာရေးဝန်ထမ်း များ၏ စိတ်ရင်းနှင့် လမ်းညွှန်မှုများအပေါ် မေးခွန်းထုတ်

လာခဲ့ကြပြီး ကိုရိုနာဗိုင်းရပ်စ်၏ ပြင်းထန်မှုနှင့် ကာကွယ်ဆေးများ၏ ထိရောက်မှုနှင့် ဘေးကင်းစိတ်ချရမှုတို့အပေါ် အငြင်းပွားခဲ့ကြသည်။ အမေရိကန်နိုင်ငံ၏ ဒေသ အတော်များများရှိ ပြည်သူများသည် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို ကာကွယ်ရန်အတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အသိပေးလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် ဆန္ဒမရှိကြသည်ကို တွေ့ရှိရသည်” ဟု အစီရင်ခံစာ၏ ရလဒ်တွင် ဖော်ပြပါရှိပါသည်။

အမေရိကန်နိုင်ငံ၏ အားနည်းချက်အချို့မှာ ကုန်ကျစရိတ် အခက်အခဲများကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများကို အကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းဖြစ်ပြီး အခြားဝင်ငွေမြင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဝန်ထမ်းအရေအတွက် နည်းပါးခြင်းနှင့် လူတစ်ဦး ကျလျှင် ဆေးရုံခုတင်တစ်လုံး ရရှိနိုင်မှု အရေအတွက် နည်းပါးခြင်းတို့ ဖြစ်ပါသည်။

အစီရင်ခံစာတွင် ချမ်းသာကြွယ်ဝ၍ ကောင်းစွာပြင်ဆင်မှုရှိသည့် နိုင်ငံများပင်လျှင် ကပ်ရောဂါကို ရင်ဆိုင်တုံ့ပြန်ရာ၌ ကျရှုံးလျက်ပင် ရှိနေကြောင်း ထပ်မံ ဖော်ပြထားပါသည်။ “ပြည်သူများ အနေဖြင့် ကျန်းမာရေး ဝန်ထမ်းအရာရှိများ၏ အကြံပြုချက်များကို ယုံကြည်စွာ လိုက်ပါဆောင်ရွက်ရမည်ဖြစ်ပြီး ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ အကြံပြုချက်များကို လိုက်နာခြင်းဖြင့် ဝင်ငွေလျော့ပါးဆုံးရှုံးခြင်းကဲ့သို့သော အခက်အခဲများကို ရှောင်လွှဲနိုင်မည် ဖြစ်ကြောင်း” အစီရင်ခံစာ၌ ဖော်ပြထားပါသည်။

“ပြည်သူ့ကျန်းမာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်သည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များနှင့်အတူ ပြည်သူအားလုံးလိုက်ပါ ဆောင်ရွက်နိုင်မည့် မူဝါဒများနှင့် အစီအစဉ်များဖြင့် ဒွန်တွဲရှိနေရမည် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်း ကျန်းမာစေရေး၊ လစာ မပျက် နာမကျန်းခွင့်ခံစားခွင့်ပြုရေး၊ ကလေးသူငယ် စောင့်ရှောက်မှုအတွက် ထောက်ပံ့စရိတ်ပေးရေး၊ ငွေ ကြေးထောက်ပံ့ခြင်းနှင့် အစားအသောက်နှင့် နေအိမ် အထောက်အပံ့ ထောက်ပံ့ပေးမှုများသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် ပြည့်သူ့ကျန်းမာရေး အစီအမံများ ကိုလိုက်နာသည့် ပြည်သူပြည်သားများကို အထောက်အပံ့ဖြစ်စေသည့် မူဝါဒရေးရာ ဥပမာများပင် ဖြစ်ပါသည်။”

“ဥပမာအနေဖြင့်ပြဆိုရသော် ဂါနာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ခံရသူများ၊ ၎င်းတို့နှင့် ထိတွေ့မှုရှိသော လူပုဂ္ဂိုလ်များကို သီးခြားစီခွဲထားခြင်း၊ ကွာရန်တင်းဝင်စေခြင်းတို့အပြင် အခြားသော စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းတို့ဖြစ်သည်။ နယူးဇီလန်နိုင်ငံသည်လည်း ၎င်း၏လူ့အဖွဲ့အစည်းအတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ အစီအမံများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် အတွက် အပတ်စဉ် ထောက်ပံ့ကြေးများ ပေးအပ်ခြင်းနှင့် အနည်းဆုံး လုပ်ခလစာ ပမာဏကို မြှင့်တင်ပေးခြင်းတို့ကို ပြုလုပ်လျက် ရှိပါသည်။”

Source: htpp://edition.cnn.com/2021/12/08/health/world-unprepared-pandemic -report/index.html

## မတ်ပဲနှင့် ပဲစင်းငုံတင်သွင်းမှုကို ၂၀၂၂ မတ်လအထိ အိန္ဒိယအစိုးရက ထပ်မံသက်တမ်းတိုး

အိန္ဒိယအစိုးရက ပြည်ပကနေ မတ်ပဲနဲ့ ပဲစင်းငုံ တင်သွင်းမှုကို ၂၀၂၂ မတ်လ ၃၁ ရက်နေ့ အထိ ၃လ ထပ်မံသက်တမ်း ထပ်တိုးလိုက်ပါတယ်။

မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်းသုံးမျိုးကို ၂၀၂၁ အောက်တိုဘာလကုန်ထိ အရေအတွက် အကန့်အသတ်မရှိ သူ့နိုင်ငံအတွင်း လွတ်လပ်စွာ တင်သွင်းခွင့်ပေးခဲ့ရာကနေ ဒီဇင်ဘာလကုန်အထိ သက်တမ်းတစ်ကြိမ် ထပ်တိုးပေးခဲ့ပြီး အခု ၂၀၂၂ မတ်လကုန်အထိ တင်သွင်းခွင့်ကာလကို ထပ်တိုးလိုက်တာပါ။

အိန္ဒိယက ၂၀၁၇ ခုနှစ်နောက်ပိုင်းက စတင်ပြီး ပြည်ပကပဲတင်သွင်းမှုကိုခွဲတမ်းစနစ်နဲ့ပမာဏကန့်သတ်ပြီးတင်သွင်းစေခဲ့ရာကနေ သူ့နိုင်ငံအတွင်းပဲ လိုအပ်ချက်များပြားနေတဲ့ အခြေအနေကြောင့် ခွဲတမ်းစနစ်ကို အခုနှစ်မှာ ပယ်ဖျက်ပေးလိုက်ပြီး မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်းသုံးမျိုးကို အကန့်အသတ်မရှိ လွတ်လပ်စွာ တင်သွင်းခွင့်ပေးခဲ့တာပါ။

တစ်ဖက်မှာလည်း နှစ်နိုင်ငံအစိုးရချင်း ရေးထိုးထားတဲ့ MOUအရ မြန်မာနိုင်ငံကနေ မတ်ပဲတန်ချိန်နှစ်သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် တစ်သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကနေ စတင်ပြီး ၅ နှစ်တာ နှစ်စဉ်တင်သွင်းသွားမှာ ဖြစ်တာကြောင့် ပဲဈေးကွက်အလားအလာ ကောင်းနိုင်တယ်လို့ ကုန်သည်တွေက သုံးသပ်ကြပါတယ်။

ပဲကုန်သည်တစ်ဦးက "သုံးလလည်းထပ်သက်တမ်းတိုးတယ်၊ G to G လည်း ထွက်မယ်ဆိုတော့ ပဲဈေးက မကျနိုင်ဘူး။ အခုတောင် ဈေးကပြန်တက်နေပြီ။ အိန္ဒိယ က သက်တမ်း ထပ်တိုးပြီး ဝယ်မယ်ဆိုတော့ မြန်မာ ပြည်က ပဲဈေးလည်း တက်သွားတာပါ။ ပဲအသစ်ပေါ်ချိန် ဆိုတော့ တောင်သူအတွက် အကျိုးအမြတ်ရှိနိုင်တယ်" လို့ပြောပါတယ်။ မြန်မာနိုင်ငံမှာ မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်းတို့ကို အိန္ဒိယဈေးကွက်အပေါ်မှီခိုပြီး အဓိက ထားစိုက်ပျိုးနေတာဖြစ်လို့ အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းခွင့်မူဝါဒ အပေါ်မူတည်ပြီး ပြည်တွင်း ပဲဈေးကွက်အပေါ် ရိုက်ခတ်မှုရှိပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ပဲဝယ်ယူမယ့် သတင်းတွေကြောင့် အသစ်ပေါ်ချိန် ဈေးနှုန်းကျဆင်းနေတဲ့ မတ်ပဲဈေးနှုန်းတွေ ပြန်လည်မြင့်တက်လာပါတယ်။

ရန်ကုန် ဘုရင့်နောင် ကုန်စည်ဒိုင် နေ့စဉ်ထုတ်ပြန်တဲ့ ဈေးနှုန်းတွေအရ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၀ ရက်နေ့မှာ မတ်ပဲ (FAQ) တစ်တန်ပေါက်ဈေး ကျပ် ၁၂၀၇၅၀၀ သာ ရှိခဲ့ပေမဲ့ ဒီနေ့ ဒီဇင်ဘာ ၂၂ ရက်နေ့မှာ တစ်တန်ကို ကျပ် ၁၂၆၇၅၀၀ ပေါက်ဈေးရှိပြီး ၂ ရက်အတွင်း မတ်ပဲတစ်တန်ကို ကျပ် ခြောက်သောင်းဝန်းကျင် ဈေးပြန်မြင့်တက်ခဲ့ပါတယ်။

Source: http://burmese.dvb.no/archives/507305



## ထိုင်းနိုင်ငံကို အာရုံစိုက်လာကြတဲ့ အမေရိကန်မော်တော်ကားလုပ်ငန်းများ

အမေရိကန် မော်တော်ကား လုပ်ငန်းများသည် ထိုင်းနိုင်ငံကို ဖို့ဒ်မော်တော်ကားများပြီးလျှင် လျှပ်စစ်ကားများ အဓိကထားထုတ်လုပ်သည့် ဒေသတွင်း ထုတ်လုပ်မှုဆိုင်ရာ အချက်အချာနေရာအဖြစ် ဆက်လက်ထားရှိရန် စိတ်ထက်သန်လျက်ရှိကြောင်းနှင့် ရိန်းဂျားပစ်ကပ်နှင့် အဲဗရပ်စ်ဆပ် အမျိုးအစား ယာဉ်များကို ထုတ်လုပ်နေသော ထိုင်းနိုင်ငံရှိ ကုန်ကျစရိတ် အများဆုံးဖြစ်သည့် ဖို့ဒ်မော်တော်ကား လုပ်ငန်းအနေဖြင့် စက်ရုံများ အဆင့်မြှင့်တင်ရန် အမေရိကန်ဒေါ်လာသန်း ၉၀၀ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ကြေညာခဲ့သည်။

ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာဂျူရင်လက်ခ်ဆာနာသည် ထိုင်းနိုင်ငံရှိ အမေရိကန်သံအဖွဲ့၏ ကောင်စစ်ဝန်ချုပ်နှင့် ထိုင်းနိုင်ငံဆိုင်ရာ ခေတ္တအမေရိကန် သံအမတ်အဖြစ် ဆောင်ရွက်လျက်ရှိသော မစ္စတာမီချယ်လ်ဟတ်လ်ထ်နှင့် တွေ့ဆုံပြီးနောက် ထိုင်းနိုင်ငံကို အမေရိကန်မော်တော်ယာဉ် ကုမ္ပဏီများဖြစ်သည့် ဂျင်နရယ်မော်တာနှင့် ခရိုက်စလာတို့၏ အဓိကထုတ်လုပ်မှုအခြေစိုက်နေရာအဖြစ်ထားရှိရန်အမေရိကန်အာဏာပိုင်များက စိတ်ဝင်စားလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်လက်ခ်ဆာနာ၏အဆိုအရအမေရိကန်မော်တော်ကားလုပ်ငန်းများသည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး ထောက်ပံ့ပေးနိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ bio-, circular, green economic development (BCG) model ကိုလည်း စိတ်ဝင်စားလျက်ရှိကြောင်းနှင့် အထူးသဖြင့် လာမည့်နှစ် အာရှပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည် ဖြစ်ပြီး ယင်းအစည်းအဝေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုပုံစံ bio-, circular, green economic development (BCG) model ကို အဓိကဆွေးနွေးမည့် ခေါင်းစဉ်အဖြစ်ထည့်သွင်းထားသည်။

ဆက်လက်၍ မစ္စတာဂျူရင်လက်ခ်ဆာနာက ဆိုထားသည်မှာ ထိုင်းနိုင်ငံသည် အရှေ့စီးပွားရေးစင်္ကြံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ bio-, circular, green economic development (BCG) model ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် အစားအစာ၊ ဇီဝ နည်းပညာ၊ ဆေးပညာရပ်ဆိုင်ရာ အသုံးအဆောင်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများ ပါဝင်သည်။

ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BoI) ၏ လတ်တလောအစီရင်ခံစာတွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ bio-, circular, green economic development (BCG) model နှင့် စပ်ဆက်လျက်ရှိသည့် စီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ယခုနှစ်၊ စက်တင်ဘာလအထိ ဘတ်ငွေ ၆၇၇ ဘီလီယံ ထိရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်ကတည်းကပင် စီမံကိန်း ၂,၈၂၉ ခု ကို ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမက်လုံးများ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(BCG) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ စီမံကိန်းများ၏ ထိပ်ဆုံးစီမံကိန်း ငါးခုအနက် ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံစီမံကိန်းများသည်ရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ်ငွေ၂၈၉ဘီလီယံဖြင့် ပထမအဆင့်တွင်ရှိနေသည်။

အဆင့်မြင့်နည်းပညာကို အခြေခံ၍ အစားအစာဖြည့်စွက်ပစ္စည်းများနှင့် ပါဝင်ပစ္စည်း များထုတ်လုပ်ခြင်းသည် ဒုတိယဖြစ်ပါသည်။

နောက်စီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏ ဘတ်ငွေ ၄၁ ဘီလီယံတန်ဖိုးရှိသည့် အစိမ်းရောင်ပေါ်လီမာ နှင့် ဓာတုထုတ်ကုန်များ ထုတ်လုပ်သည့် စီမံကိန်းနှင့် ယင်းနောက်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ဘတ်ငွေ ၂၅.၈ ဘီလီယံ တန်ဖိုးရှိသည့် ပြန်လည်အသုံးပြုနိုင်သည့် စိုက်ပျိုးရေးကုန်ကြမ်း ပစ္စည်းများ ထုတ်လုပ်သည့် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ

ဘတ်ငွေ ၂၂.၃ ဘီလီယံ တန်ဖိုးရှိသည့် သဘာဝရော်ဘာ ထုတ်လုပ်ခြင်းစီမံကိန်း တို့ဖြစ်ပါသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ အထိ BCG စီမံကိန်း ၅၆၄ ခု ရှိပြီး တစ်နှစ် ထက်တစ်နှစ် ၇၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (BoI) မှ အတည်ပြုခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၁၆၀ ရာခိုင်နှုန်း ဘတ်ငွေ ၁၂၈ ဘီလီယံ မြင့်တက်ခဲ့ သည်။ ယခင်နှစ် အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးသည် ဘတ်ငွေ ၉၃.၉ ဘီလီယံ ရှိခဲ့သည်။

ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BoI) က နောင် လာမည့် ငါးနှစ်ကျော် ကာလအတွင်း BCG စီမံကိန်းများ အား GDP ၏ ၂၅ ရာခိုင်နှုန်းအထိ ရှိရန် မျှော်မှန်းလျက် ရှိသည်။

မစ္စတာမာတင်က အမေရိကန် အစိုးရသည် အမေရိ ကန်ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး (USTR) ၏ ပူးပေါင်း ဆောင်ရွက်မှုအောက်ရှိ online ဉာဏပစ္စည်း ပိုင်ဆိုင်မှု အကာအကွယ်ပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အပေါ် ထိုင်းနိုင်ငံကို ကျေးဇူးတင်လျက်ရှိသည်။

ယင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိုင်းနိုင်ငံမှ နောင် နှစ်တွင် USTR မှ ၎င်း၏ စောင့်ကြည့်စာရင်းမှ ဖယ်ရှား ပေးရန် တိုက်တွန်းခဲ့ပါသည်။

Source: http://www.bangkokpost.com/business/2232603/us-auto-firms-comitted-to-thaui-hub



## အိန္ဒိယကသကြားပို့ကုန်အပေါ် ထောက်ပံ့ကြေးပေးခြင်းကိစ္စ WTO တွင် ဩစတြေးလျ အနိုင်ရရှိခြင်း

အိန္ဒိယနိုင်ငံက သကြားပို့ကုန်အပေါ် ထောက်ပံ့ကြေးပေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ WTO တွင် ကာလရှည်ကြာ တရားဝင်တိုက်ပွဲဝင်ခဲ့ပြီးနောက် ဩစတြေးလျ ကြံစိုက်ပျိုးသူများ အနိုင်ရရှိခဲ့ကြောင်း သိရှိရပါသည်။ WTO ခုံရုံးတစ်ခုက ကုန်သွယ်မှုစည်းမျဉ်းများအောက်တွင် အိန္ဒိယသည် တားမြစ်ထားသော ပို့ကုန်ထောက်ပံ့မှုများရှိနေကြောင်း တွေ့ရှိခဲ့ပြီးနောက် ယင်းတို့ကို ဖယ်ရှားရန် အကြံပြုခဲ့ကြောင်း သိရှိရပါသည်။

ဩစတြေးလျ ကြံစိုက်ပျိုးသူများ၏ ဥက္ကဋ္ဌ Paul Schembri က ဩစတြေးလျ ကြံစိုက်ပျိုးသူများအတွက်သာမက ကမ္ဘာတစ်ဝှမ်းရှိ ထောက်ပံ့ကြေး မရရှိသည့် သကြားထုတ်လုပ်သည့် လုပ်ငန်းရှင်များ အတွက်ပါ အားတက်စရာ ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ဆက်လက်၍ အယူခံဝင်ရမည့် လုပ်ငန်းစဉ်များ ရှိနေသေးသဖြင့် လက်တွေ့ကျကျ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဩစတြေးလျသည် ဘရာဇီးနှင့် ဂွါတီမာလာအစိုးရတို့နှင့်အတူ အိန္ဒိယသည် ၎င်း၏လယ်သမားများအား ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းဖြင့် ကမ္ဘာ့သကြားဈေးနှုန်းကို ပျက်စီးစေသည်ဟု စွပ်စွဲကာ WTO သို့ တိုင်ကြားခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်ပါသည်။ ဩစတြေးလျ စိုက်ပျိုးသူများသည် ထောက်ပံ့မှုများကြောင့် နိုင်ငံတကာ ဈေးကွက်တွင် အနှောင့်အယှက်ဖြစ်စေပြီး၊ ကမ္ဘာ့ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားသည်ဟု စွပ်စွဲထားသည်။

လွန်ခဲ့သည့် သုံးနှစ် (သို့) လေးနှစ်အတွင်းတွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ထုတ်လုပ်မှု စရိတ်အောက်တွင် ကျဆင်းနေခဲ့ခြင်းသည် ဩစတြေးလျ သကြားထုတ်လုပ်မှု လုပ်ငန်းကဏ္ဍအတွက် ကြီးမားသော စီးပွားရေးကို ထိခိုက်နစ်နာစေခဲ့ပါသည်။ ကြံစိုက်ပျိုးသူများက ယခုနှစ်အစောပိုင်းတွင် စီးရင်ချက်ထွက်ပေါ်လာမည်ဟု မျှော်လင့်ခဲ့သော်လည်း လုပ်ငန်းစဉ်သည် ကိုဗစ်-၁၉ ကြောင့် အဟန့်အတား ဖြစ်ပေါ်စေခဲ့သည်။

ကြေငြာချက် တစ်ခုတွင် ကြံစိုက်ပျိုးသူများနှင့် ဩစတြေးလျ သကြားစက်ကောင်စီတို့သည် WTO အဖွဲ့၏ တွေ့ရှိချက်များကို လိုက်နာရန် အိန္ဒိယအစိုးရအား တောင်းဆိုထားပါသည်။

WTO သည် သကြားထောက်ပံ့ကြေးပေးခြင်းနှင့် စပ်လျဉ်း၍ ဩစတြေးလျကို အနိုင်ပေး ဆုံးဖြတ်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်ပေ။ ၂၀၀၄ ခုနှစ်တွင် ဥရောပသမဂ္ဂ၏ သကြားအပေါ် ထောက်ပံ့ကြေးပေးခြင်းသည် တရားမဝင်ကြောင်း ကြေညာခဲ့ပြီး၊ ယင်းသည် ကမ္ဘာ့ သကြားဈေးနှုန်းကို ချက်ချင်းမြင့်တက်စေခဲ့ပါသည်။ ဩစတြေးလျသည် ပြည်တွင်းထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းခန့်ကို တင်ပို့နေပြီး၊ အကျိုးအမြတ်ရရှိရန် ကမ္ဘာ့သကြား ကုန်ကြမ်းဈေးနှုန်းကို မှီခိုအားထားလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဘရာဇီးလ်နိုင်ငံက အကြီးဆုံး သကြားထုတ်လုပ်သူဖြစ်ပြီး၊ဩစတြေးလျနိုင်ငံကဒုတိယ အကြီးဆုံး သကြားထုတ်လုပ်သူ ဖြစ်ပါသည်။

ယခုအနိုင်ရမှုသည် လောလောဆယ်တွင် နိုင်ငံတကာတရားရုံးရှေ့မှောက်တွင် ဩစတြေးလျ၏ အခြားအငြင်းပွားမှုများအတွက် အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်းလည်း သိရှိရသည်။ မတ်လတွင် ဩစတြေးလျအစိုးရသည် မုယောစပါးအပေါ် တန်ပြန်စုပုံ တင်သွင်းခွန် စည်းကြပ်ခြင်းဖြင့် နိုင်ငံတကာ ကုန်သွယ်မှု စည်းမျဉ်းများကို ချိုးဖောက်သည့်အတွက် တရုတ်နိုင်ငံအား WTO အငြင်းပွားမှုအဖွဲ့ထံ တိုင်ကြားခဲ့ပြီးနောက် ယခုနှစ်အောက်တိုဘာလတွင် WTO သည် ဩစတြေးလျ ဝိုင်အပေါ် တရုတ်၏ အခွန်စည်းကြပ်မှုကို စစ်ဆေးရန် သဘောတူညီခဲ့ပြီးဖြစ်ပါသည်။

www.abc.net.au

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါနှင့်ပတ်သက်၍ စိုးရိမ်နေရဆဲဖြစ်သဖြင့် ဂျပန်၏ စီးပွားအခြေအနေမှာ သတိထားစောင့်ကြည့်ရသည့်အခြေအနေတွင်ရှိ

ဂျပန်နိုင်ငံမှ အဓိကကုန်ထုတ် လုပ်ငန်းကြီးများ သည် ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် စီးပွားရေး ထပ်မံကျဆင်းမည်ကို စိုးရိမ်နေကြဆဲဖြစ်သဖြင့် လက်ရှိ သုံးလပတ်ကာလ၏ စီးပွားရေး အနေအထားအပေါ် သတိကြီးစွာစောင့်ကြည့်နေကြကြောင်း ဂျပန်ဗဟိုဘဏ် မှ ဆောင်ရွက်သည့် တန်းကန်းစစ်တမ်းသုံးသပ်ချက်အရ သိရှိရပါသည်။

သို့သော်ကုန်ထုတ်လုပ်ငန်းမဟုတ်သည့်ဝန်ဆောင်မှု နယ်ပယ် ဆောင်ရွက်သူများအနေဖြင့် ကမ္ဘာ့တတိယ အကြီးဆုံးစီးပွားရေးဖြစ်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေး အပေါ် ယုံကြည်စိတ်ချမှုများဖြင့် မျှော်လင့်ချက်များ တိုးတက်လာသည်ကိုတွေ့ရကြောင်း အဆိုပါတန်းကန်း စစ်တမ်းတွင် ဖော်ပြထားပါသည်။

ဂျပန်ဗဟိုဘဏ်၏ တန်းကန်းစစ်တမ်းအရ ဂျပန် ကုမ္ပဏီ ၁၀,၀၀၀ ခန့်၏ စစ်တမ်းအဖြေများကို သုံး သပ်ရာလက်ရှိသုံးလပတ်တွင် အဓိကကုန်ထုတ်လုပ်ငန်း များ၏ စီးပွားရေးအပေါ် သဘောထားစစ်တမ်း ရလဒ် အပေါင်း (+၁၈) ရရှိခဲ့ရာ ယခင်သုံးလပတ်မှ သဘော ထားရလဒ်အတိုင်း ရှိနေပြီး ပြောင်းလဲတိုးတက်ခြင်း မရှိ သည်ကို တွေ့ရပါသည်။

တစ်ချိန်တည်းတွင် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက် သူမဟုတ်သည့် ဝန်ဆောင်မှုနယ်ပယ် ဆောင်ရွက်သူ များ၏ သဘောထားနှင့်ပတ်သက်၍ ယခင်သုံးလပတ် စစ်တမ်းရလာဒ်ထက် ပိုမိုတိုးတက်လာသည်ကို သိရပါ သည်။ နိုင်ငံ့စီးပွားရေးအပေါ် ကာလတိုသုံးသပ်ချက် စစ်တမ်းသည် အနာဂတ်ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် တက်ကြွသည့် အမြင်ရှိသည့် ကုမ္ပဏီများအနေအထား နှင့် စိုးရိမ်ကြောင့်ကြဆဲဖြစ်သည့် ကုမ္ပဏီများ၏ သဘော ထားအမြင်များကို ကွဲပြားခြားနေမှုကို တွေ့မြင် ရကြောင်း သုံးသပ်ထားပါသည်။ လက်ရှိထွက်ပေါ်လာ သည့် ကိုရိုနာ ဗိုင်းရပ်စ်မျိုးကွဲဖြစ်သည့် Omicron ၏ သက်ရောက်မှု အပေါ် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သူများက စိုးရိမ်မှု များရှိနေကြောင်း စစ်တမ်းသုံးသပ်ချက်တွင် ဖော်ပြထား ပါသည်။

အလတ်စား ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သူများ အတွက် လက်ရှိစီးပွားရေးအနေအထားအပေါ် ယုံကြည် မှုသည် ယခင်သုံးလပတ်စစ်တမ်းကဲ့သို့ ရလဒ်အပေါင်း (+၆) အဆင့်တွင် ပြောင်းလဲမှုမရှိသည်ကို တွေ့ရပြီး ကုမ္ပဏီငယ်များ၏ သဘောထားသည် အနှုတ် (-၃) မှ အနှုတ် (-၁) သို့ တိုးတက်လာခဲ့ပါသည်။

ဂျပန်နိုင်ငံသည် ကူးစက်ရောဂါ ပြန့်ပွားနေချိန် အတွင်း တင်းကျပ်သည့် ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ် ရေး အစီအမံများကို ချမှတ်ကျင့်သုံးခြင်း မရှိသော်လည်း ဗိုင်းရပ်စ်ကြောင့်သေဆုံးသူဦးရေ ၁၈,၄၀၀ အောက် လျော့ နည်းခဲ့ရုံမျှမကအခြားသော နိုင်ငံများ၏ ဗိုင်းရပ်စ် ကူးစက်မှုနှုန်းထက် လျော့နည်းသည်ကို တွေ့ရပါသည်။

ယမကာဆိုင်များနှင့် စားသောက်ဆိုင်များကို ကန့် သတ်ထိန်းချုပ်ခြင်းအပြင် လူဦးရေပမာဏများပြားသော ပွဲလမ်းသဘင်များကို ကန့်သတ်ခြင်းစသည့် အရေးပေါ် အစီအမံများကို နိုင်ငံတစ်ဝှမ်း အချိန်အတန်ကြာ ဆောင် ရွက်ခဲ့သော်လည်း ပြီးခဲ့သည့် အောက်တိုဘာလတွင် ၎င်းအစီအမံများကို ရုတ်သိမ်းခဲ့ပါသည်။

Omicron ဗိုင်းရပ်စ်မျိုးကွဲ ပြန့်ပွားလာမှုအပေါ် စိုးရိမ်ပူပန်မှုများကိုဖြေရှင်းရန်အတွက် ယခု ဒီဇင်ဘာလ အစောပိုင်းတွင်ဂျပန်နိုင်ငံသည် ပြည်ပလေကြောင်းလိုင်း များအားလုံးကို အနည်းဆုံး တစ်လကြာ ယာယီရပ်ဆိုင်း ရန် ချမှတ်ခဲ့သော်လည်း လက်ရှိ၌ ပြည်ပနိုင်ငံများရှိ ဂျပန်နိုင်ငံသားများ ပြန်လည်ဝင်ရောက်မှု အဆင်ပြေစေ ရန် အနည်းငယ်ဖြေလျှော့ ဆောင်ရွက်ခဲ့ပါသည်။

ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အခြားဖွံ့ဖြိုး ပြီးနိုင်ငံများထက် နောက်ကျမှသာ ဆေးထိုးနှံမှုများ စတင်ခဲ့သော်လည်း လက်ရှိ၌ နိုင်ငံ့စုစုပေါင်းလူဦးရေ၏ ၇၈ % ကျော်ကို အပြည့်အဝ ကာကွယ်ဆေးထိုးနှံပြီး ဖြစ် ပါသည်။ လက်ရှိ၌ ဂျပန်အစိုးရသည် ဒီဇင်ဘာလဆန်းမှ စတင်၍ ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေး နယ် ပယ် အဖြစ်သတ်မှတ်ကာ တတိယအကြိမ်မြောက် ကာ ကွယ် ဆေးထိုးနှံမှု အားဖြည့်အစီအစဉ်ကို စတင် ဆောင် ရွက်နေပြီ ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာ မှုနှင့် ကူးစက်ရောဂါ၏ သက်ရောက်မှုကို ခံစားရသည့် စီးပွားရေး လုပ်ငန်းများအတွက် ပမာဏများပြားသည့် စီးပွားရေးနှိုးဆွမှု အစီအမံများကိုလည်း ဆောင်ရွက်ပေး မည်ဟု ဂျပန်အစိုးရက ကတိပြုခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ https://japantoday.com/

## မဲခေါင်မြစ်ဝှမ်းကော်မရှင်ကောင်စီက ရေအားလျှပ်စစ်စာချုပ်ချုပ်ဆိုရန် သဘောတူ

မဲခေါင်မြစ်ဝှမ်းကော်မရှင် (MRC) ကောင်စီက အဖွဲ့ဝင်နိုင်ငံများအကြားသဘာဝဘေးအန္တရာယ်သက်ရောက်မှုများ လျှော့ချနိုင်ရေးအတွက် ရေအားလျှပ်စစ် စွမ်းအားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ တစ်ရပ်ကို အကောင်အထည်ဖော်ရန် သဘောတူညီခဲ့သည်။

၂၀၂၁ ခုနှစ်တွင် MRC ကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Prawit Wongsuwon သည် ၂၈ ကြိမ်မြောက် MRC ကောင်စီ အစည်းအဝေးနှင့် ၂၆ ကြိမ်မြောက် ဖွံ့ဖြိုးမှုမိတ်ဖက်များ အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

ထိုင်းနိုင်ငံအစိုးရမှ ကြီးမှူးကျင်းပသည့် ဗီဒီယိုကွန်ဖရင့် အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မဲခေါင်မြစ်အောက်ပိုင်းဒေသ၏ မိတ်ဖက်နိုင်ငံများဖြစ်သော ဆွီဒင်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံများမှ ဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မဲခေါင်မြစ်ဝှမ်း အောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို လျှော့ချရန်နှင့် အကျိုးကျေးဇူးများကို မြှင့်တင်နိုင်မည့် ပူးပေါင်းမှု မဟာဗျူဟာတစ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။

ဗိုလ်ချုပ်ကြီး Prawit က မဲခေါင်ဒေသအနေဖြင့် မြစ်ချောင်းများ၏ ရေမျက်နှာပြင်နိမ့်ကျမှုနှင့် လွန်ခဲ့ သောသုံးနှစ်အတွင်း မိုးခေါင်ရေရှားမှုများ အပါအဝင် စိန်ခေါ်မှုများကို တိုးမြင့်ရင်ဆိုင်ရလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မဲခေါင်မြစ်ဝှမ်းဒေသတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့်ရေလွှမ်းမိုးမှုများ ခံစားရလျက်ရှိကြောင်းနှင့် ဒေသတွင်းပြည်သူများ၏ဘဝ သာယာဝပြော လုံခြုံစိတ်ချရစေရန်အတွက် အဖွဲ့ဝင်နိုင်ငံ အားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ကြီး Prawit က အလေးပေး ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး Prawit က ၂၀၂၂ ခုနှစ်အတွက် MRC ကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ဗီယက်နမ်နိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Tran Hong Ha သို့ ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

https://www.bangkokpost.com/thailand/general/2221691/mrc-agrees-hydro-pact

## မြန်မာနိုင်ငံသို့ ဆက်သွယ်မည့်ရထားလမ်း တည်နေရာစစ်တမ်း အိန္ဒိယ အတည်ပြု

တောင်အာရှတွင် နိုင်ငံတကာရထားအဆက်အသွယ် တိုးတက်ရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် အိန္ဒိယ မီးရထားဌာန (IR) က မဏိပူရပြည်နယ် မြို့တော် အင်ဖာမှ အိန္ဒိယ - မြန်မာနယ်စပ် မိုးရေးသို့ ဆက်သွယ်မည့် ၁၁၁ ကီလိုမီတာ (မိုင် ၇၀ နီးပါး) ရှည်သော သေနင်္ဂဗျူဟာကျသည့် ရထားလမ်းကျယ်အတွက် နောက်ဆုံး တည်နေရာစစ်တမ်း (FLS) ကို အတည်ပြုလိုက်သည်။

ထိုစီမံကိန်းသည် ဘဏ္ဍာရေးအရ အကျိုးအမြတ် မရှိဟု Rail India Technical and Economic Services (Rites) က အစောပိုင်းတွင်ပြုလုပ်သည့် စစ်တမ်းတွင် ကောက်ချက်ချခဲ့ပြီးနောက် ဆိုင်းငံ့ထားခဲ့သော စီမံကိန်း ဖြစ်သည်။ သို့သော် မီးရထားဆိုင်ရာဝန်ကြီး အက်ရှ်ဝါနီ ဗိုင်ဘောက အရှေ့မြောက်နယ်စပ် မီးရထားဌာန (NFR) အနေဖြင့် ထိုစီမံကိန်းကို ၃ နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ရန် ညွှန်ကြားခဲ့သည်။

အဆိုပြုထားသည့် အာရှဖြတ်ကျော် ရထားလမ်း ကွန်ရက်၏ အရေးပါသော အစိတ်အပိုင်းဖြစ်သော ထို ရထားလမ်းသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်းနှင့် နောက်ဆုံး တွင် တရုတ်နိုင်ငံအထိ ဆက်သွယ်ပေးမည့် ရထားလမ်း ဖြစ်သည်။ မိုးရေးသည် တောင်အာရှတွင် ကုန်သွယ်ရေး အချက်အချာ ဖြစ်လာနိုင်သည်ဟု အိန္ဒိယ အစိုးရက ယုံကြည်နေသည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျ ရောက်သည့် လွတ်လပ်ရေးနေ့၌ ပြောကြားသည့် မိန့်ခွန်းတွင် အိန္ဒိယဝန်ကြီးချုပ် မစ္စတာနရန်ဒရာမိုဒီက ပြည်ထောင်စုအစိုးရသည် တောင်ထူထပ်သည့် နိုင်ငံ အရှေ့မြောက် ပြည်နယ်များတွင် ကာလကြာမြင့်စွာ စောင့်ဆိုင်းနေသည့် အမြန်ရထားလမ်း တည်ဆောက် မည့် ဆုံးဖြတ်ချက်ကို ကြေညာခဲ့သည်။

စုစုပေါင်း ၂၀၀၈ ကီလိုမီတာ (မိုင် ၁၂၄၀ ကျော်) ရှည်ပြီး ရူပီးငွေ ၇၅၅ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံ) ကုန်ကျမည်ဟု ခန့်မှန်းထားသည့် ရထားလမ်းသစ် ၁၃ ခုနှင့် ရထားလမ်း ထပ်မံတိုးချဲ့ခြင်း ၆ ခု အပါအဝင် ထိုဒေသမှ စီမံကိန်း ၁၉ ခုအနက် ၁၁ ခု၏ အဓိက အစိတ်အပိုင်းများကို ၂၀၂၃ ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်လင့်ရသည်။

၄၄ ကီလိုမီတာ (၂၇ မိုင်ကျော်) ရှိ ဆီဗော့-ရန်ဂပို ရထားလမ်း၊ ၁၁၀ ဒသမ ၆၂ ကီလိုမီတာ (၆၈ မိုင်ကျော်) ရှည်သည့် ဂျီရီဘမ်-အင်ဖာ ရထားလမ်းနှင့် ၅၁ ဒသမ ၃၈ ကီလိုမီတာ (၃၁ မိုင်ကျော်) ရှည်သည် ဘိုင်ရာဘီ-ဆိုင်ရန်း ရထားလမ်းများအပါအဝင် ထိုစီမံကိန်းများ အနက် အများအပြားကို စီစဉ်ထားသည်မှာ ၁၅ နှစ်ကျော် ကြာပြီ ဖြစ်သည်။ အချို့စီမံကိန်းများမှာ မြေနေရာရရှိရေး ပြဿနာများကြောင့် တုံ့ဆိုင်းနေပြီး အခြားစီမံကိန်းများ အတွက် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များကို မီးရထားဘုတ်အဖွဲ့က မဆုံးဖြတ်နိုင် ဖြစ်နေသည်။

"ဟိမဝန္တာမှာ အဆိုပြုထားတဲ့ အိန္ဒိယရထားလမ်းအ စီမံကိန်းများစုမှာ စီမံမှုမှားယွင်းတာကြောင့် လမ်း ကြောင်းနဲ့ဒီဇိုင်းက အကြိမ်ကြိမ်ပြောင်းနေတယ်" ဟု အိန္ဒိယ မီးရထားမှ အင်ဂျင်နီယာချုပ်ဟောင်း မစ္စတာ အလော့ ကူးမားဗာမားက ပြောသည်။

အိန္ဒိယမီးရထားဌာနသည် နယ်စပ်ဖြတ်ကျော် ရထား လမ်းနှစ်ခုကို တည်ဆောက်နေဆဲ ဖြစ်သည်။ တစ်ခုမှာ ၁၂ ဒသမ ၃ ကီလိုမီတာ (၇ မိုင်ခွဲနီးပါး) ရှည်ပြီး အိန္ဒိယ နိုင်ငံ အဂါတာလာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခါအူရာ ကို ဆက်သွယ်သည့် ရူပီး ၉ ဒသမ ၈ ဘီလီယံကုန်ကျသည့် ရထားလမ်းဖြစ်ပြီး အခြားတစ်ခုမှာ ဂျေ့ဘာန်နီနှင့် နီပေါ နိုင်ငံ ဘီရက်နာဂါကို ဆက်သွယ်သည့် ၈ ဒသမ ၆ ကီလို မီတာ (၅ မိုင်နီးပါး) ရှည်သော ရထားလမ်းဖြစ်သည်။ ထို ရထားလမ်းနှစ်ခုလုံးကို ဒီဇင်ဘာလတွင် ပြီးစီးရန် စီစဉ် ထားသည်။

# လုံးသွယ်ဆန်အပေါ် ကောက်ခံတဲ့ သွင်းကုန်ခွန်ကို အီးယူက ပယ်ဖျက်ပေးလိုက်တဲ့အတွက် မြန်မာ့ဆန်တင်ပို့မှု ပိုမိုအားကောင်းလာဖွယ်ရာရှိ

မြန်မာနဲ့ ကမ္ဘောဒီးယားက အီးယူကို တင်ပို့တဲ့ လုံးသွယ်ဆန် (Long Grain) အပေါ် အီးယူကကောက်ခံနေတဲ့ သွင်းကုန်ခွန်ကို ဖယ်ရှားလိုက်တဲ့သတင်းကြောင့် မြန်မာ့ဆန်စပါးလောကမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာတာကို တွေ့ရပါတယ်။ မြန်မာ့ဆန်စပါးအဖွဲ့ချုပ်က တာဝန်ရှိသူတွေကို မေးမြန်းကြည့်တဲ့အခါမှာလည်း ဒါဟာ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းအဖြစ် တညီတညွတ်တည်း ရှုမြင်ကြတာတွေ့ရပါတယ်။

တကယ်တော့ အီးယူက မြန်မာနဲ့ ကမ္ဘောဒီးယား အပါအဝင် ဖွံ့ဖြိုးမှုနည်းပါးတဲ့ နိုင်ငံတွေကို EBA လို့ အများသိထားတဲ့ Everything But Arms အစီအစဉ်အရ အခွန်ကင်းလွတ်ခွင့် ပေးနေခဲ့တာပါ။

ဒါပေမယ့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်နေ့ကစပြီး အီးယူအဖွဲ့ဝင်နိုင်ငံတွေထဲက အီတလီ၊ စပိန်၊ ပေါ်တူဂီ၊ ဂရိတို့လို နိုင်ငံတွေက လယ်သမားတွေ စိုက်ပျိုးထုတ်လုပ်တဲ့ ဆန်လုံးသွယ်ဈေးကွက်ကို အကာအကွယ်ပေးချင်တာကြောင့် ယာယီအစီအစဉ်ဆိုပြီး ပထမနှစ်မှာ ဆန်တစ်တန် ၁၇၅ ယူရို၊ ဒုတိယနှစ်မှာ ၁၅၀ ယူရိုနဲ့ တတိယနှစ်မှာတော့ ၁၂၅ ယူရိုနှုန်းနဲ့ ကောက်ခံဖို့ ဆောင်ရွက်ခဲ့တာပါ။ အီးယူအနေနဲ့ လုံးသွယ်ဆန်ကိုသာ အခွန်အကောက်နဲ့ သူ့ဈေးကွက်ကို အကာအကွယ်ပေးခဲ့တာဖြစ်ပြီး ကျန်တဲ့ လုံးလတ်၊ လုံးပုဆန်တွေ၊ ဆန်ကွဲနဲ့ ဆန်လုံးညို (လုံးတီးဆန်) တွေကိုတော့ အခွန်အကောက် မလုပ်ခဲ့ပါဘူး။

မြန်မာ့ဆန် ပို့ကုန်လုပ်ငန်းရှင်တွေ ကတော့ လုံးသွယ်ဆန်ကို အီးယူက အခွန်ကောက်တဲ့အတွက် အီးယူဘက်ကို ဆန်တင်သွင်းတဲ့ ဖောက်သည်တွေနဲ့ ညှိပြီး ကရင်မ စပါးမျိုးက ကြိတ်လို့ရတဲ့ လုံးလတ်ဆန်တွေကိုပဲ ပြောင်းပြီးဈေးကွက်ရအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ အခုဆို ရင် ကရင်မစပါးတင်း ၁၀၀ ကို မြန်မာကျပ် ၈ သိန်း လောက်တောင်ရှိနေပြီလို့လည်း ဆန်ပို့ကုန်လုပ်ငန်းရှင် တစ်ဦးက ဆိုပါတယ်။

အခုလို လုံးသွယ်ဆန်ကို ကောက်ခံတဲ့ အခွန်ကို အီးယူက ရုတ်သိမ်းလိုက်တဲ့အတွက် မြန်မာ့ဆန် တင်ပို့မှု က လက်ရှိ လုံးလတ်၊ ဆန်ကွဲနဲ့ ဆန်လုံးညို (လုံးတီး) အပြင် ဧည့်မထအုပ်စုထဲက လုံးသွယ်ဆန်တွေကိုပါ တိုးမြှင့်တင်ပို့နိုင်မယ့် အလားအလာကောင်းတွေကို မြင်နေရပါတယ်။

တချို့ လေ့လာသုံးသပ်သူတွေကတော့ အီးယူက သွင်းကုန်ခွန်ကောက်တာကို ဖြေလျှော့ပေးတာ မှန်ပေမယ့် အီးယူကို မြန်မာကတင်ပို့ရတဲ့တန် ၂၀ ပါကွန်တိန်နာတစ်လုံးက အရင်က ဒေါ်လာ ၁၅၀၀ နဲ့ငှားရမ်းနိုင်ပေမယ့် အခုမှာတော့ ဒေါ်လာ ၇၅၀၀ အထိ ၅ ဆလောက် သယ်ယူပို့ဆောင်စရိတ်က တက်သွားတာကြောင့် သိပ်အကြောင်းမထူးဘူးလို့လည်း ပြောတာရှိပါတယ်။

အီးယူကို နှစ်စဉ် ဆန်တင်ပို့နေတဲ့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ဗဟိုအလုပ်မှုဆောင် တစ်ဦး ကတော့ ကွန်တိန်နာဈေးတွေ တက်တာမှန်ပါတယ်။ ဒါပေမယ့် အီးယူဖက်က ကျွန်တော်တို့ရဲ့ ဝယ်လက်တွေနဲ့ညှိပြီး၊ General Cargo သင်္ဘောတွေနဲ့ ဝမ်းပို့ (Bulk) တင်ပို့ဖို့ ညှိခဲ့တာ အဆင်ပြေလို့ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလထဲကစပြီး ဝမ်းပို့စနစ်နဲ့ ပို့နေပါတယ်။ ဆန်တွေကို ဟိုရောက်မှ အိတ်သွပ်ပြီး ဈေးကွက်ကိုပို့တာပါလို့ ဆိုပါတယ်။

အီးယူဈေးကွက်က ဆန်မျိုးစုံနှစ်စဉ်တန်ချိန် ၆ သိန်းကနေ ၈ သိန်းအထိ လိုပါတယ်။ ဆန်ကွဲဈေးကွက်က လည်း နှစ်စဉ်တန်ချိန် ၅ သိန်းကနေ ၆ သိန်းအထိ ရှိပါတယ်။ ဒါ့ကြောင့် နှစ်စဉ်တန် ချိန် ၁ ဒသမ ၁ သန်းကနေ ၁ ဒသမ ၄ သန်းအထိ တင်သွင်းမယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်လို့ ဆန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက အီးယူရဲ့ဈေးကွက်အခြေအနေကို သုံးသပ်ပြောကြားပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရတဲ့စာရင်းတွေအရတော့ မြန်မာနိုင်ငံကအီးယူကို ဆန်နဲ့ ဆန်ထွက်ပစ္စည်း တင်ပို့မှုက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ တန်ချိန် **၄၆၀၀၀၀** ကျော်၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ တန်ချိန် **၅၂၀၀၀၀** ကျော်၊ ၂၀၂၀- ၂၀၂၁ဘဏ္ဍာနှစ်မှာ တန်ချိန် **၃၅၀၀၀၀** ကျော် ပို့ခဲ့ကြောင်း သိရပါတယ်။

Source: https://www.spglobal.com/platts/en/market-insights/podcasts/focus/011922-copper-markets-eye-easing-concentrate-supply-in-2022

## Electric Vehicle Industry အတွက် ထိုင်းနိုင်ငံ၏ မက်လုံးပေး ပက်ကေ့ချ် အသစ်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသည် လျှပ်စစ် မော်တော်ကား (Electric Vehicles –EV) လုပ်ငန်းအတွက်၎င်း၏ရည်မှန်းချက်အစီအစဉ် တစ်စိတ်တစ်ပိုင်းဖြစ်သည့် ၂၀၃၀ ခုနှစ်တွင် မော်တော်ယာဉ်စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကို အသွင်ပြောင်းကာ အရှေ့တောင်အာရှတွင် သန့်စင်သော မော်တော်ယာဉ်များ ထုတ်လုပ်မှုအခြေစိုက်စခန်း ဖြစ်လာစေရေး အစိုးရ၏ မက်လုံးပေးမှု အစီအစဉ်အသစ်များကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအစီအစဉ်တွင် ဖေဖော်ဝါရီလတွင် ကြေညာခဲ့သည့် ယခင်ထောက်ပံ့ကြေးများကို ဖော်ပြခြင်းမပြုဘဲ ကျယ်ပြန့်သည့် EV မော်ဒယ်များအတွက် သွင်းကုန်ခွန်နှင့် စည်းကြပ်ခွန်ဆိုင်ရာ သိသာထင်ရှားသည့် ကင်းလွတ်ခွင့်တို့ ပါဝင်ပါသည်။

EV မက်လုံးပေးအစီအစဉ်သည် အဓိက ကားထုတ်လုပ်သူများမှ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လျှပ်စစ်ကားများ ပြောင်းလဲထုတ်လုပ်ခြင်းနှင့် လိုက်လျောညီထွေမှုရှိစေရန် အာဆီယံ၏ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် သယ်ယူပို့ဆောင်ရေးတွင် တဖြည်းဖြည်း ရင်းနှီးမြှုပ်နှံလာမှုကို ထင်ဟပ်ပေါ်လွင်စေပါသည်။ ၂၀၂၁ ခုနှစ် EV အစီရင်ခံစာအရ အာဆီယံ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယဉ်များ စုစုပေါင်းသည် ၂၀၁၉ ခုနှစ်တွင် ၃.၄ သန်းအထိ ရောက်ရှိခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူဦးရေတိုးပွားမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုများအကြား မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံသည် စုစုပေါင်း မော်တော်ယာဉ် ထုတ်လုပ်မှုတွင် အရှေ့တောင်အာရှနိုင်ငံများအတွင်း ပထမအဆင့်၌ အမြဲရပ်တည်နေပြီး ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အဆင့် ၁၁ တွင်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် နှစ်စဉ် Toyota၊ Honda နှင့် Mitsubishi ကဲ့သို့သော အဓိက အမှတ်တံဆိပ်များအတွက် လောင်စာဆီသုံး မော်တော်ယာဉ် (Internal Combustion Engine Vehicles) နှစ်သန်း ထုတ်လုပ်လျက်ရှိပါသည်။

ထိုင်းနိုင်ငံသည် Automotive Industry ၏ ထိပ်တန်းလျှို့ဝှက် သတင်းများကို ထိန်းသိမ်းရန် ကြိုးပမ်းရာတွင် လာမည့်နှစ်များတွင် ရင်းနှီးမြှုပ်နှံမှု ဘတ် ၄၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂.၀၈ ဘီလီယံ) ဖြစ်လာစေရေး ဆွဲဆောင်သွားရန် စီစဉ်ထားပြီး ၂၀၃၆ ခုနှစ်တွင် EV ၁.၂ သန်း ထုတ်လုပ်နိုင်ရေးနှင့် Charging Stations ပေါင်း ၆၉၀ ခု ဆောင် ရွက်နိုင်ရေးကို ပံ့ပိုးပေးပါသည်။

**မက်လုံးပေးခြင်းအစီအစဉ် (Incentive Package) တွင် မည်သည့်အချက်များ ပါဝင်သနည်း**

မက်လုံးပေးခြင်းအစီအစဉ် (Incentive Package) တွင် ၂၀၂၂ – ၂၀၂၃ ခုနှစ်အတွင်း EVs ဘက္ထရီ၏ CBU အတွက် သွင်းကုန်အခွန် ၄၀ ရာခိုင်နှုန်း ဘတ် ၂ သန်း (ဒေါ်လာ ၆၁,၈၀၅) အထိလျှော့ချခြင်းနှင့် ဘတ် ၂ သန်း (ဒေါ်လာ ၆၁,၈၀၅) နှင့် ဘတ် ၇ သန်း (အမေရိကန်ဒေါ်လာ ၂၁၁,၂၇၈) အတွက် သွင်းကုန်အခွန် ၂၀ ရာခိုင်နှုန်းလျှော့ချခြင်းနှင့်တင်သွင်းလာသည့် EV များအတွက် Excise tax ကို ၈ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့ထားပြီး ပထမနှစ်တွင် EV အစီးရေ ၇,၀၀၀ ထပ်တိုးနိုင်မည်ဟု ခန့်မှန်းထားပါ သည်။

မက်လုံးပေး အစီအစဉ်တွင် အောက်ဖော်ပြပါ 27 model types of EVs အမျိုးအစားများကို ကနဦးအနေဖြင့် ထည့်သွင်းသွားမည်ဖြစ်ပါသည်–

- ထိုင်ခုံ ၁၀ ခုံနှင့်အောက် Eco-cars များ
- လျှပ်စစ်သုံးမော်တော်ယာဉ်များ (Electric pick-ups)
- ဟိုက်ဒရိုဂျင်လောင်စာဆဲလ် စွမ်းအင်သုံး ထရပ်ကားများ
- ထိုင်ခုံ ၁၀ ခုံနှင့်အောက် လျှပ်စစ်စွမ်းအင်စနစ်သုံး မော်တော်ယာဉ်များနှင့်
- Plug-in four-door passenger pickups

အဆိုပါ အစီအစဉ်သည် ဖေဖော်ဝါရီလ အစောပိုင်း ထောက်ပံ့ကြေး အစီအစဉ်များ၏ နောက်ဆက်တွဲဖြစ်သည့် EV ထုတ်လုပ်မှုနှင့် ဝယ်ယူမှုများကို အားပေးရန် အတွက် ဖြစ်ပါသည်-

-CKD နှင့် CBU ယူနစ်များအတွက် တစ်နာရီလျှင် ၁၀ မှ ၃၀ ကီလိုဝပ် (kWh) ဘက္ထရီ အပြည့်ပါသော ခရီးသည်တင်ကားများအတွက် EV ယူနစ်တစ်ခုလျှင် ထောက်ပံ့ကြေး ဘတ် ၇၀,၀၀၀ (အမေရိကန် ဒေါ်လာ ၂,၁၁၁) ရရှိနိုင်ခြင်း၊

-CKD နှင့် CBU ယူနစ်များအတွက် တစ်နာရီလျှင် ၁၀ မှ ၃၀ ကီလိုဝပ် (kWh) ဘက္ထရီ အပြည့်ပါသော ခရီးသည်တင်ကားများအတွက် EV ယူနစ်တစ်ခုလျှင် ထောက်ပံ့ကြေး ဘတ် ၁၅၀,၀၀၀ (အမေရိကန် ဒေါ်လာ ၄၅၂၃)၊

-၂၀၂၂ မှ ၂၀၂၃ ခုနှစ်အတွင်း အရည်အသွေး ပြည့်မီသော ကားထုတ်လုပ်သူများထံမှ လျှပ်စစ်မော်တော်ဆိုင်ကယ်များအတွက် ထောက်ပံ့ကြေး ဘတ် ၁၈,၀၀၀ နှင့်

-**အရေးကြီးသော လျှပ်စစ်အစိတ်အပိုင်းများ အတွက် သွင်းကုန်ခွန် ကင်းလွတ်ခွင့်** - ဘက်ထရီများ၊ မော်တာများ (traction motors)၊ EV ဘက်ထရီများအတွက် ကွန်ပရက်ဆာများ၊ ဘက်ထရီ စီမံခန့်ခွဲမှုစနစ်များ၊ မောင်းနှင်မှုဆိုင်ရာ ထိန်းချုပ်ယူနစ်များနှင့် ၂၀၂၂ - ၂၀၂၅ ခုနှစ်အကြား ဂီယာလျှော့ချခြင်း၊

ထောက်ပံ့ကြေး အစီအစဉ်များအဖြစ် ၂၀၂၂ ခုနှစ် ဗဟိုဘတ်ဂျက်မှ ဘတ် ၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉၀.၄ သန်း) နှင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ် အကြား EV လုပ်ငန်းတွင် ရင်းနှီးမြုပ်နှံမှု ရန်ပုံငွေမှ ဘတ် ၄၀ ဘီလီယံ (အမေရိ ကန် ဒေါ်လာ ၁.၂ ဘီလီယံ)ထောက်ပံ့ ထားသည်။

Source: https://www.thailand-business-news.com/investment/89085-thailand-issues-new-incentive-package-for-electric-vehicle-industry-2

## ကွမ်ရှီးဒေသတွင် တိမ်ကောနေသောတောင်မှ Photovolatic လျှပ်စစ်ဓာတ်အားပေးစက်ရုံအဖြစ် ပြောင်းလဲခြင်း

ပိုင်စက်မြို့ ထျန်တုံးခရိုင် ကျန်းချန်မြို့ငယ် ၁၀၀ မဂ္ဂါဝပ် Photovolatic လျှပ်စစ်ဓာတ်အားပေး စီမံကိန်းသည် ဒေသန္တရအစိုးရက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်၏ အရေးပါစီမံကိန်းဖြစ်သည်။

တရုတ် ယွမ်ငွေ သန်း ၅၇၀ (အမေရိကန်ဒေါ်လာ ၈၉ သန်းခန့်) ရင်းနှီးမြှုပ်နှံထားပြီး ဧပြီလကုန်တွင် ဓာတ်အားလိုင်းနှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည် ဖြစ် သည်။ တည်ဆောက်ပြီးနောက် နှစ်စဉ် သန့်ရှင်းလျှပ်စစ် စွမ်းအင် ၁၇၁ သန်း kWh ထုတ်လုပ်နိုင်ပြီး နှစ်စဉ် စံနှုန်းမီ ကျောက်မီးသွေး တန်ချိန်ပေါင်း ၅၃,၈၀၀ ခန့်ချွေတာနိုင်မည်ဖြစ်သည်။

ရင်းမြစ်။ Chinese Embassy in Myanmar



## အာရှဒေသဆိုင်ရာဘိုအောဖိုရမ် (Boao Forum for Asia) တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Xi Jinping ပြောကြားသည့် မိန့်ခွန်း

အာရှဒေသဆိုင်ရာဘိုအောဖိုရမ် (Boao Forum for Asia) ၂၀၂၂ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ဧပြီလ ၂၁ ရက်နေ့တွင် ဟိုင်နန်ပြည်နယ် ဘိုအောမြို့တွင် ကျင်းပပါသည်။ တရုတ်နိုင်ငံ သမ္မတ Mr. Xi Jinping က "စိန်ခေါ်မှုများကို လက်တွဲ ရင်ဆိုင်ပြီး တောက်ပသော အနာဂတ်ကို ပူးပေါင်း တည်ဆောက်ကြပါစို့" ခေါင်းစဉ်ဖြင့် ဗီဒီယိုမိန့်ခွန်း ပြောကြားပါသည်။

ကမ္ဘာကြီး၊ ခေတ်ကာလနှင့် သမိုင်းတို့သည် မကြုံစဖူးသော နည်းလမ်းများဖြင့် ပြောင်းလဲလာလျက်ရှိပြီး




လူသားတို့အတွက် အလေးအနက်ထားရမည့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။

လူသားတို့သည် အကောင်းအဆိုးများ အတူမျှဝေခံစားသော ကံကြမ္မာတူအသိုက်အဝန်းဖြစ်သည်။ နိုင်ငံအသီးသီးသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အကျိုးတူဖြစ်ထွန်းရေး ဟူသော ခေတ်ရေစီးကြောင်းအတိုင်း လိုက်နာဆောင်ရွက်သင့်ပြီး လူသားကံကြမ္မာတူ အသိုက်အဝန်း တည်ဆောက်ရေးလမ်းကြောင်းမှန်သို့ အရောက်လှမ်းကာ စိန်ခေါ်မှုများကို အတူလက်တွဲရင်ဆိုင်ပြီး အနာဂတ်ကို ပူးပေါင်းတည်ဆောက်ကြရမည်။

လူသားတို့၏ အသက်နှင့် ကျန်းမာရေးကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်။ တရုတ်နိုင်ငံသည် နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၂၀ ကျော်ထံသို့ Vaccine ၂.၁ ဘီလီယံကျော် ထောက်ပံ့ပေးခဲ့သည်။ ပြည်ပသို့ Vaccine ထောက်ပံ့ပေးသည်ဖြစ်စေ၊ ပင်လယ်ရပ်ခြား၌ Vaccine ထုတ်လုပ်သည်ဖြစ်စေ၊ တရုတ်နိုင်ငံသည် ကတိတည်ပြီး လုပ်ဆောင်ချက်များကို အကျိုးရလဒ်ဖြစ်ထွန်းသည်အထိ ဆောင်ရွက်သည်။ တရုတ်နိုင်ငံသည် အာဖရိကနှင့် အာဆီယံတို့အား Vaccine သန်း ၆၀၀ နှင့် သန်း ၁၅၀ ကို ဆက်လက် ပံ့ပိုးပေးမည် ဖြစ်သည်။

စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အတူတကွ ပူးပေါင်းမြှင့်တင်ကြရမည်။ ပွင့်လင်းသည့် ကမ္ဘာ့စီးပွားရေးကို စွဲမြဲစွာ တည်ဆောက်၍ ပြည်သူကိုဗဟိုပြုပြီး ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး၊ ပြည်သူလူထုဘဝအာမခံချက်ရှိရေးတို့ကို ထင်ရှားသောနေရာတွင်ထားရှိရမည်။

ကမ္ဘာကြီး အေးချမ်းသာယာရေးကို အတူတကွ ထိန်းသိမ်းကြရမည်။ စစ်အေးတိုက်ပွဲစိတ်ဓာတ်သည် ကမ္ဘာ့ ငြိမ်းချမ်းရေးမူဘောင်ကိုသာ ပျက်ပြားစေမည်ဖြစ်ပြီး လက်ဝါးကြီးအုပ်ဝါဒနှင့် ပါဝါနိုင်ငံရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အန္တရာယ်ဖြစ်စေမည်သာ ဖြစ်သည်။ အုပ်စုဖွဲ့ ထိပ်တိုက်ရင်ဆိုင်မှုသည် ၂၁ ရာစုတွင် လုံခြုံရေး စိန်ခေါ်မှုများကိုသာ ပိုမိုဆိုးရွားစေမည်။ တရုတ်နိုင်ငံသည် ဤနေရာတွင် ကမ္ဘာ့လုံခြုံရေး အဆိုပြုချက်ကို တင်ပြလိုပါသည်။

ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်ရေးစိန်ခေါ်မှုများကို ပူးပေါင်းရင်ဆိုင်ကြရမည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ကံကြမ္မာတူသော သင်္ဘောကြီးတစ်စင်းပေါ်တွင် လိုက်ပါစီးနင်းနေကြသည်။ လှိုင်းတံပိုးများကို ကျော်ဖြတ်ပြီး တောက်ပသော အနာဂတ်ဆီသို့ ရွက်လွှင့်လိုပါက တစ်လှေတည်းစီး တစ်ခရီးတည်းသွားရမည်။ မည်သူကိုမျှ ပင်လယ်အောက်သို့ တွန်းချရန် ကြိုးပမ်းမှုတိုင်းကို လက်မခံပါ။ တစ်ဖက်သတ်ဝါဒ၊ အစွန်းရောက်အတ္တဝါဒတို့သည် လုံးဝ အလုပ်မဖြစ်ပါ။ ခွဲထွက်ခြင်း၊ ထောက်ပံ့မှုဖြတ်တောက်ခြင်း၊

အလွန်အမင်းဖိအားပေးခြင်း စသည့်လုပ်ရပ်တိုင်းသည် လုံးဝ အလုပ်မဖြစ်ပါ။ "အသိုင်းအဝိုင်းငယ်" ဖွဲ့သည့်၊ အယူဝါဒများဖြင့် ထိပ်တိုက်ရင်ဆိုင်ရန် လှုံ့ဆော်သည့် မည်သည့်အရာမဆို လုံးဝ အလုပ်မဖြစ်နိုင်ပါ။

အာရှတိုက် ကောင်းမွန်မှသာ ကမ္ဘာကြီး ပိုမိုကောင်းမွန်နိုင်ပါသည်။ မိမိတို့သည် အာရှတိုက်ကို ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်၊ တည်ဆောက်နိုင်

ရန် ဆက်လက်ဆောင်ရွက်ကြရမည်။အာရှတိုက်၏ ခံနိုင်ရည်ရှိမှု၊ ဉာဏ်ပညာ၊ ခွန်အားတို့ကို ပြသပြီး ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေး အရင်းအမြစ်၊ ခွန်အားတိုးတက်မှု အရင်းအမြစ်၊ ပူးပေါင်းဆောင်ရွက်မှု နေရာသစ်တို့အဖြစ် ဖန်တီးရမည်။

အာရှတိုက်ငြိမ်းချမ်းရေးကို အခိုင်အမာ ကာကွယ်စောင့်ရှောက်ရန်၊ အာရှတိုက်ပူးပေါင်းဆောင်ရွက်မှုကို တက်တက်ကြွကြွ မြှင့်တင်ရန်၊ အာရှတိုက် စည်းလုံးညီညွတ်မှုကို ပူးပေါင်းမြှင့်တင်ရန် လိုအပ်ပါသည်။

ဒေသတွင်း တည်ငြိမ်အေးချမ်းရေးသည် အလိုအလျောက်ရရှိလာခြင်း မဟုတ်သလို အခြားနိုင်ငံမှ ပေးကမ်းခြင်းလည်း မဟုတ်ဘဲ ဒေသတွင်းနိုင်ငံများ ပူးပေါင်းကြိုးပမ်းမှု၏ ရလဒ် ဖြစ်ပါသည်။

နိုင်ငံ ကြီးသည်/ ငယ်သည်ဖြစ်စေ၊ အားကောင်းသည်/ အားနည်းသည် ဖြစ်စေ၊ ဒေသတွင်း/ ဒေသပြင်ပဖြစ်စေ အာရှတိုက်ကို သာယာဝပြောလာစေရန် ဆောင်ရွက်သင့်ပြီး ရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရ။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ခံနိုင်ရည်အားကောင်းပြီး အလားအလာကောင်းများရှိကာ အတိုးအလျှော့ လုပ်ရန်နေရာ ကျယ်ပြန့်ပြီး ရေရှည် အပြုသဘောဆောင်သော အခြေခံအချက်များ ပြောင်းလဲမည်မဟုတ်ပေ။ ၎င်းသည် ကမ္ဘာ့စီးပွားရေး တည်ငြိမ်ရေးနှင့် ပြန်လည်ဦးမော့လာစေရေးအတွက် အားကောင်းသည့် အရှိန်အဟုန် ပေးစွမ်းနိုင်ပြီး နိုင်ငံအသီးသီးအတွက် ပိုမို ကျယ်ပြန့်သော ဈေးကွက်အခွင့်အလမ်းများကို ထောက်ပံ့ပေးမည် ဖြစ်သည်။ ကမ္ဘာကြီးတွင် မည်သို့ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ဖြစ်စေ တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်သော ယုံကြည်စိတ်နှင့် စိတ်ဆန္ဒတို့သည် ယိမ်းယိုင်မည်မဟုတ်ပေ။

တရုတ်နိုင်ငံသည် စံနှုန်းမြင့်မားရေး၊ စဉ်ဆက်မပြတ်ရေး၊ ပြည်သူလူထုအကျိုးပြုရေး ရည်မှန်းချက်များကို လက်ကိုင်စွဲ၍ “The Belt and Road” အရည်အသွေးမြင့်စွာ အတူတည်ဆောက်ရေးကို တက်ကြွစွာ မြှင့်တင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို အမြဲတစေလိုက်နာပြီး ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်သူ၊ တစ်ကမ္ဘာလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဆောင်သူ၊ နိုင်ငံတကာ အစီအစဉ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် အမြဲဆောင်ရွက်မည် ဖြစ်သည်။

## ၂၀၂၂ ခုနှစ် ပထမသုံးလပတ်၏ တရုတ်-လာအိုမီးရထားလမ်း ပို့ကုန်သွင်းကုန်အကြောင်း တစေ့တစောင်း

၂၀၂၂ ခုနှစ် ပထမ သုံးလပတ်တွင် တရုတ်နိုင်ငံ ကူမင်း အကောက်ခွန်ဌာနမှ စစ်ဆေးဖြတ်သန်းခွင့်ပေးသည့် တရုတ်-လာအို မီးရထားလမ်း နိုင်ငံတကာ ကုန်ပစ္စည်း ရထားတွဲ ပို့ကုန် သွင်းကုန် ပမာဏတန်ချိန်



၂၇၆,၀၀၀ တန်ချိန်ရှိပြီး တရုတ်ယွမ်ငွေ ၂.၉ ဘီလီယံ ယွမ်ခန့်တန်ဖိုးရှိသည်။ ၎င်းတို့အနက် ပို့ကုန်ပစ္စည်း တန်ချိန်ပေါင်း ၉၀,၂၀၀ တန်ရှိပြီး အများစုမှာ နေ့စဉ်သုံး ကုန်ပစ္စည်း၊လျှပ်စစ်အီလက်ထရောနစ် ကုန်ပစ္စည်းများ ပါဝင်သည်။ သွင်းကုန်ပစ္စည်း တန်ချိန်ပေါင်း ၁၈၅,၈၀၀ တန်ရှိပြီး အဓိကအားဖြင့် အရှေ့တောင်အာရှမှရာဘာ၊ သံရိုင်း၊ မီးသွေးစသည့် စိုက်ပျိုးရေးနှင့် သတ္တုတွင်း ထွက်ပစ္စည်းများဖြစ်သည်။



ရင်းမြစ်။ Chinese Embassy in Myanmar

## ဇီဝလုံခြုံမှုဆိုင်ရာ အထွေထွေ စောင့်ကြည့်ရေး အစီအစဉ် လမ်းညွှန်ချက်များ (General Surveillance Program Guidelines) ထုတ်ပြန်ခြင်း

သြစတြေးလျ စိုက်ပျိုးရေးနှင့် အရင်းအမြစ် စီးပွားရေးနှင့် သိပ္ပံဗျူရို (Australian Bureau of Agricultural and Resource Economics and Sciences -ABARES) က ဖေဖော်ဝါရီလအတွင်းက ထုတ်ပြန်ခဲ့သည့် ဇီဝလုံခြုံရေးအတွက် လမ်းညွှန်ချက်များသည် အထွေထွေ စောင့်ကြည့်ရေးအစီအစဉ်၏ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးနိုင်ရန် လက်တွေ့ကျသော ထိုးထွင်းအမြင်များကို ပြဋ္ဌာန်းထားသည်။

ABARES အမှုဆောင် ဒါရိုက်တာ Dr.Jared Greenville ကစောင့်ကြည့်ရေးအစီအစဉ်သည် သြစတြေးလျနိုင်ငံ၏ ဇီဝလုံခြုံရေးစနစ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး၊ သြစတြေးလျ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်နှင့် လူနေမှုဘဝပုံစံအတွက် ဇီဝလုံခြုံရေး အန္တရာယ်များကို လျှော့ချရန် ပံ့ပိုးပေးသည်ဟု ပြောကြားခဲ့သည်။

အထွေထွေ စောင့်ကြည့်ရေး အစီအစဉ်များသည် ပိုးမွှားများ၊ ပေါင်းပင်များနှင့် ရောဂါအသစ်များကို ရှာဖွေတွေ့ရှိနိုင်ပြီး၊ ရှိပြီးသားအရာများ မည်သို့ပျံ့နှံ့သွားသည်ကိုနားလည်နိုင်မည်ဖြစ်သည်။ သြစတြေးလျနိုင်ငံသည် ထူးခြားဆန်းပြားသောပိုးမွှားများ၊ ပေါင်းပင်များနှင့် ရောဂါများကင်းစင်ကြောင်း အထောက်အထားများ ပံ့ပိုးပေးခြင်းဖြင့်လည်း အရေးကြီးသော ဈေးကွက်များသို့ ဝင်ရောက်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

ဤလမ်းညွှန်ချက်များကို အစီအစဉ် ညှိနှိုင်းရေးမှူးများ၊ အထွေထွေ စောင့်ကြည့်ရေး အစီအစဉ်များနှင့် ပတ်သက်သော မူဝါဒရေးရာ ဆုံးဖြတ်ချက်များချသူများနှင့် ရန်ပုံငွေပံ့ပိုးသူများ၊ အစီအစဉ်များကို စောင့်ကြည့်အကဲဖြတ်ရန် တာဝန်ရှိသူများအတွက် အဆင့်မြင့်အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် ရေးဆွဲထားကြောင်း သိရှိရသည်။ အစီအစဉ်များသည် ကမ္ဘာအသီးသီးရှိ ဖြစ်ရပ်လေ့လာမှု (၉) ခုအပေါ် အခြေခံပြီး၊ အထွေထွေစောင့်ကြည့်ရေး အစီအစဉ်များ မည်သို့ လုပ်ဆောင်ရမည်ကို လက်တွေ့ကျသော ထိုးထွင်းအမြင်များ ပံ့ပိုးပေးထားသည်။

လမ်းညွှန်ချက်များသည် အထွေထွေ စောင့်ကြည့်ရေးအစီအစဉ်များ၏ အမျိုးမျိုးသော ရှုထောင့်များနှင့် ၎င်းတို့အချင်းချင်း အပြန်အလှန် တုံ့ပြန်ပုံနှင့် ပိုမိုကျယ်ပြန့်သော အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားထားပြီး၊ လမ်းညွှန်ချက်များ ထုတ်ပြန်ရခြင်း ရည်ရွယ်ချက်မှာ ၎င်းတို့သည် ပိုမိုအောင်မြင်ပြီး၊ ကုန်ကျစရိတ်သက်သာသော အထွေထွေစောင့်ကြည့်ရေး အစီအစဉ်များကိုပံ့ပိုးပေးနိုင်ရန်ဖြစ်ကြောင်းသိရှိရသည်။

အထွေထွေစောင့်ကြည့်ရေး အစီအစဉ်များ အတွက် လမ်းညွှန်ချက်များကို https://www.awe. gov.au/abares/research-topics/social-sciences/making-general-surveillance-work/guidelines တွင် ကြည့်ရှုနိုင်ပါသည်။

ရင်းမြစ်။ www.awe.gov.au

## ကုန်ဈေးနှုန်းများ မြင့်တင်လာသည်နှင့်အမျှ ပြည်တွင်းစီးပွားရေးနှိုးဆွမှု အစီအမံသစ်များ ဖော်ဆောင်ကြရန် ဂျပန်ဝန်ကြီးချုပ် တိုက်တွန်း

ရုရှားနှင့် ယူကရိန်းတို့အကြား ပဋိပက္ခဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် ဂျပန်နိုင်ငံ၌ စွမ်းအင်၊ ကုန်စည်နှင့် နံ့စားသီးနံ့ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ အိမ်ထောင်စုများအပေါ် အကျပ်အတည်း သက်ရောက်မှု လျော့ပါးစေရန် စီးပွားရေးနှိုးဆွမှုအစီအမံများကို ဧပြီလနှောင်းပိုင်းမှ စတင်ကာ ဆောင်ရွက်သွားကြရန် ဝန်ကြီးများအား မတ်လ ၂၉ ရက်၊ အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါအစီအမံများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ သက်ရောက်မှုမှ နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူစေရန် ရည်မှန်းထားသည့်အပြင် ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာမှုအပေါ်သက်ရောက်မှုလျော့ပါးစေရန်၊ပင်မစားသောက်ကုန်များပံ့ပိုးပေးရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးရန်နှင့် ဝင်ငွေနည်းပါးပြီး ပံ့ပိုးမှုလိုအပ်သူများအား ပံ့ပိုးကူညီမှုဆောင်ရွက်ရန်စသည် လုပ်ငန်းစဉ် (၄) ရပ်အပေါ် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Kishda မှ အစိုးရအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

စွမ်းအင်နှင့်နံ့စားသီးနံ့ဈေးနှုန်းများမြင့်တက်လာခြင်းသည်မကြာသေးမီရက်ပိုင်းအတွင်းကပြည်တွင်း တစ်စိတ်တစ်ပိုင်း အရေးပေါ်ကြေငြာချက် ရုတ်သိမ်းထားသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်စေပါသည်။

ဂျပန်နိုင်ငံသည် ၂၀၂၂ ဘဏ္ဍာနှစ်အတွက် စီးပွားရေးပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ရန်အတွက် စံချိန်တင်ဘတ်ဂျက်အဖြစ် ယန်း ၁၀၇.၆၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၈၁ ဘီလီယံ) ကို လတ်တလော အတည်ပြုခဲ့ပါသည်။

၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် ချမှတ်ထားသည့် ဘတ်ဂျက် ယန်း ၅ ထရီလီယံနှင့် အခြားသော အရေးပေါ်အသုံးစရိတ်များအတွက် လျာထားသည့် အရန်ရန်ပုံငွေ ယန်း ၅၀၀ ဘီလီယံတို့ကို ဘဏ္ဍာရေးကဏ္ဍနှိုးဆွမှု အစီအမံများ အဖြစ်သုံးစွဲရန် ဝန်ကြီးချုပ် Kishda က ညွှန်ကြားခဲ့ပါသည်။

ပထမဦးစားပေးအနေဖြင့် အသုံးစရိတ်သုံးစွဲမည့် အစီအစဉ်ကို အလျင်အမြန် တင်ပြကြရန်နှင့် စီးပွားရေးနှိုးဆွမှုအစီအမံများအတွက် အရန် ရန်ပုံငွေများကို အသုံးပြုကြရန် ဝန်ကြီးချုပ်က မတ်လ ၂၈ ရက်၊ တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း သိရပါသည်။

လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) ၏ အငယ်တန်း ညွန့်ပေါင်းမိတ်ဖက်ပါတီ ဖြစ်သည့် ခိုမေးတိုးပါတီ (Komeito) သည် အပို ဘတ်ဂျက်ကိုရေးဆွဲပြီး အကျပ်အတည်းဖြစ်နေသည့် စားသုံးသူများကို ပံ့ပိုးမှုများ တိုးချဲ့ဆောင်ရွက်ရန် လုံလောက်သည့် ရန်ပုံငွေရရှိရေးကို အဆိုပြုထားပါသည်။

ဂျပန်ပြည်တွင်း၌ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းအပြင် အခြားရင်ဆိုင်နေရသည့် ပြဿနာ တစ်ရပ်မှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ယန်းတန်ဖိုးကျဆင်းလာမှုကြောင့် သွင်းကုန်အတွက် ကုန်ကျစရိတ်များမြင့်တက်လာပြီး သယံဇာတရှားပါးသည့် ဂျပန်နိုင်ငံအတွက် ခေါင်းခဲစရာကိစ္စတစ်ခု ဖြစ်လာပါသည်။ သို့သော် ယန်းငွေတန်ဖိုး ကျဆင်းခြင်း၏ အားသာချက် အဖြစ် ပြည်ပသို့ ပို့ကုန်များတင်ပို့သည့် လုပ်ငန်းရှင်များအတွက် အမြတ်ငွေ တိုးပွားသည့် အကျိုးကျေးဇူးကို ရရှိစေပါသည်။

စီးပွားရေး နှိုးဆွမှုအစီအမံများတွင် ပါဝင်သည့် အရေးပါသည့် အချက်များအနေဖြင့် Kishda ၏ အယ်လ်ဒီပီ (LDP) ပါတီ နှင့် ခိုမေးတိုး (Komeito) ပါတီတို့သည် ယခင်နှစ်အစောပိုင်းကထက် ပင်စင်ငွေ ၀.၄ % လျော့ကျသွားသည့် ပင်စင်စားများအတွက် ယခုဧပြီလတွင် ယန်း ၅,၀၀၀ စီ တစ်ကြိမ်တည်းသော ပံ့ပိုးငွေအဖြစ် ဖြန့်ဝေပေးရန်အစီအစဉ်ကို သဘောတူခဲ့ကြပါသည်။

သို့သော် အတိုက်အခံ လွှတ်တော်အမတ်များက ထိုသို့ ဆောင်ရွက်ခြင်းသည် ယခုနှစ် နွေရာသီတွင် ကျင်းပမည့် အထက်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ အကြီးတန်းမဲဆန္ဒရှင်များကို ဆွဲဆောင်ရန် ကြိုးစားမှုအဖြစ်ရှုမြင်ကာ ဝေဖန်ခဲ့ကြောင်း သိရပါသည်။

ဝန်ကြီးချုပ် Kishda သည် ဧပြီလကုန်အထိ ဓာတ်ဆီလက်လီဈေးနှုန်းများ လျှော့ချရန်အတွက် ဓာတ်ဆီလက်ကားရောင်းချသူများကို တစ်လကြာ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးမည် ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ရင်းမြစ်။ https://japantoday.com.နှင့်https://www.japantimes.co.jp.

## ပြည်ပသို့ မော်တော်ကားတင်ပို့မှုအစီးရေ (၁) သန်းအထိတိုးပွားလာဖွယ်ရှိခြင်း

ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industries (FTI)က ကိုဗစ်-၁၉ ၏ သက်ရောက်မှုနှင့် ဆီမီးကွန်ဒတ်တာများ ပြတ်လပ်မှုတို့ကြောင့်အကန့်သတ်များရှိနေသော်လည်း မော်တော်ကား ပြည်ပတင်ပို့မှုအနေဖြင့် ယခုနှစ်တွင် အစီးရေ (၁) သန်းအထိ(၂)နှစ်အတွင်း ပထမဆုံးအနေဖြင့် တိုးပွားလာဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၌ ၂၀၂၀ ခုနှစ် ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ဒဏ်ကို ခံစားခဲ့ရချိန်တွင် မော်တော်ကားထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်တွင် ရှိခဲ့သော အစီးရေ(၁) သန်းမှ (၇၀၄,၆၂၆) စီးသို့ ကျဆင်းခဲ့ကြောင်း၊ ယမန်နှစ်က အစီးရေ (၉၅၆,၅၃၀) စီးသို့ ပြန်လည်တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။



ယခုနှစ်တွင် မိမိတို့အနေဖြင့် မော်တော်ကား ပြည်ပတင်ပို့ရန်အတွက် ကားထုတ်လုပ်မှုကို (၄.၅၄%)တိုးတက်စေရန်နှင့် အစီးရေ (၁) သန်းခန့် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း ဒုတိယဥက္ကဋ္ဌ နှင့် မော်တော်ကားကလပ်အသင်း၏ ပြောရေးဆိုခွင့်ရှိသူ Surapong Paisit-patanapong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ၎င်းက ပြည်ပဝယ်လိုအား တိုးလာနိုင်သည်ဟု ယူဆကြောင်း၊ ထိုင်းနိုင်ငံနေဖြင့် မော်တော်ကား အဓိကထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် ပစ်ကပ်မော်တော်ကားများဖြစ်ကြောင်း ၎င်းကပြောကြား ခဲ့ပါသည်။

ယမန်နှစ်က စုစုပေါင်း ကားထုတ်လုပ်မှုအနေဖြင့် (၁.၆၈) သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ ခုနှစ်ကထက် (၁၈.၁၂%) တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့အတက် အစီးရေ (၇၂၉,၁၇၅) စီးမှာ ပြည်တွင်း အရောင်းအတွက်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် အတွက် စုစုပေါင်းထုတ်လုပ်မှုအနေဖြင့် (၁.၅၅-၁.၆) သန်းခန့် ထုတ်လုပ်သွားရန် အစောပိုင်းက ရည်မှန်းထားကြောင်း သိရှိရပါသည်။

မော်တော်ကားကလပ်အသင်း အနေဖြင့် ယခုနှစ်တွင် စုစုပေါင်း မော်တော်ကားထုတ်လုပ်မှုသည် အစီးရေ (၁.၈) သန်းသို့ ရောက်ရှိနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ အစီးရေ (၈) သိန်းမှာ ပြည်တွင်းအရောင်း အတွက် ဖြစ်ကြောင်းနှင့် အစီးရေ (၁) သန်းမှာ ပြည်ပသို့ တင်ပို့ရန်ဖြစ်ကြောင်း သိရှိရပါသည်။ ပြည်ပတင်ပို့မှုသည် ယခုနှစ်အတွက် ကောင်းမွန်အကျိုးရှိလိမ့်မည် ဟု ထင်မြင်ကြောင်း၊ သို့ရာတွင် ဆီမီးကွန်ဒတ်တာများ ပြတ်လပ်မှုကို မဖြေရှင်းနိုင်ပါက ပြည်ပပို့ကုန်အတွက် ထုတ်လုပ်ရေးအတွက် အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုများဖြစ်ပေါ်နိုင်ကြောင်းနှင့် နိုင်ငံများတွင် Lockdown အစီအမံများ ပြန်လည်ချမှတ်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

FTI အနေဖြင့် ဆီမီးကွန်ဒတ်တာ ချစ်ပ်များ ပြတ်လပ်မှုသည် နောက် (၂) နှစ်ခန့်အကြာတွင် အဆုံးသတ်နိုင်သည်ဟု ယုံကြည်ကြောင်း၊ အကြောင်းမှာ ဂျပန်နိုင်ငံ၏ ချစ်ပ်ပြားထုတ်လုပ်သည့် စက်ရုံအသစ်မှ မော်တော်ကားများအတွက် လိုအပ်သော ဆီမီးကွန်ဒတ်တာချစ်ပ်ပြားများကို ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်ခြင်းကြောင့် ဟု FTI က ပြောကြားပါသည်။ အစောပိုင်းတွင် ကားကုမ္ပဏီများအနေဖြင့် ဆီမီး ကွန်ဒတ်တာများ ပြတ်လပ်မှုကြောင့် လျှပ်စစ် မော်တော်ကားများ အပါအဝင် ကားမော်ဒယ်အချို့၏ ထုတ်လုပ်မှုများ နှောင့်နှေးခဲ့ရကြောင်းနှင့် မော်တော်ကား ထုတ်လုပ်မှုအပေါ် ပြန်လည်ချိန်ညှိခဲ့ရကြောင်းသိရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ တစ်လတည်းတွင် မော်တော်ကားထုတ်လုပ်မှုသည် နှစ်အလိုက်တွင် (၇.၈၉%) တိုးတက်ခဲ့ကြောင်းနှင့် အစီးရေ (၁၅၄,၃၆၈) စီးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုမှာလည်း နှစ်အလိုက်တွင် (၆.၃၄%)တိုးတက်ခဲ့ပြီးအစီးရေ(၂၁၇,၄၂၃)စီးရှိခဲ့ကြောင်း သိရှိရပါသည်။

မော်တော်ကား ကလပ်အသင်းအနေဖြင့် ကိုဗစ်-၁၉ ဘေးကင်းစေရေး စိုးရိမ်မှုများကြောင့် အများသူငါ စီးနင်းကြသည့် ပို့ဆောင်ရေးအစီအစဉ်များကို ရှောင်ရှားနိုင်ပြီး မော်တော်ကားများကို ဝယ်ယူလာနိုင်သည့်အတွက် ယခင်နှစ်နောက်ဆုံးလတွင် ကျင်းပခဲ့သည့် Thailand International Motor Expo ပွဲတွင် ကြိုတင် မှာယူမှု အစီးရေ (၃၀,၀၀၀) ခန့် ရရှိလိမ့်မည်ဟု မျှော်လင့်ခဲ့ကြောင်း သိရှိရပါသည်။

ရင်းမြစ်။ Bongkok Post

## ဆော်ဒီဈေးကွက်သို့ ဟာလာကြက်သားတင်ပို့နိုင်ရေးအာရုံစိုက်လျက်ရှိ

အရှေ့အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် ဆယ်စု နှစ်(၃) ခုကျော် သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ပြီး လွန်ခဲ့သည့် သီတင်းပတ်တွင် သံတမန် ဆက်ဆံရေး အပြည့်အဝ ပြန်လည်ရရှိပြီးသည့်နောက် ကြက်နှင့် ဟာလာအစားအစာများ တင်ပို့မှု မြှင့်တင်နိုင်ရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်နေကြောင်းသိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေး ညွှန်ကြားရေးမှူးချုပ် Phusit Ratanakul Sereoengrit က ၎င်း၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနနှင့် Jeddah ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေးရုံးတို့အနေဖြင့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များနှင့် အမှုဆောင် အရာရှိများကို ဆော်ဒီအာရေဗျနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ထံ ယခုနှစ်အတွင်း စေလွှတ်၍ အလားအလာရှိသော ပို့ကုန်များမြှင့်တင်ရေးနှင့် ထိုင်းထုတ်ကုန်များကို ဆော်ဒီအာရေဗျဈေးကွက်တွင် အရောင်းမြှင့်တင်ရေးတို့အား ဆွေးနွေးသွားရန်ဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပသည့် Saudi Food Expo ကဲ့သို့သော ကုန်စည်ပြပွဲများသို့ ထိုင်း စီးပွားရေး လုပ်ငန်းရှင်များအား ဦးဆောင်ခေါ်ဆောင်သွားရန် စီစဉ်ထားကြောင်းသိရှိရပါသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် ထိုင်းအစားအစာ ထုတ်ကုန်များ၊ ဟာလာအစားအစာများ၊ စက်မှုထုတ်ကုန်များနှင့် အလှအပဆိုင်ရာ ထုတ်ကုန်များအား အွန်လိုင်းချယ်နယ်များမှတစ်ဆင့် အများပြည်သူများနှင့် ဆက်ဆံရေးကို မြှင့်တင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ Saudi Vision 2030 အောက်တွင် ဆော်ဒီစားသုံးသူများ၏ အမူအကျင့်များ ပြောင်းလဲသွားစေရန် နီးနှောဖလှယ်ပွဲများအား ကျင်းပသွားရန်လည်း ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

Saudi Vision 2030 သည် နိုင်ငံ၏ ရေနံ အပေါ် မှီခိုနေမှုများကို လျှော့ချရန်၊ ၎င်း၏ စီးပွားရေးကို ချဲ့ထွင်ရန်နှင့်ကျန်းမာရေး၊ ပညာရေး၊ အခြေခံ အဆောက်အဦ အပန်းဖြေမှုနှင့် ခရီးသွားလုပ်ငန်းတို့ကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ မဟာဗျူဟာ မူဘောင်တစ်ခုဖြစ်ပါသည်။

Mr. Phusit ၏ အဆိုအရ ၎င်း၏ အပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အနေဖြင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် အရှေ့အလယ်ပိုင်း ဈေးကွက်တစ်ခုလုံးနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို ဆက်လက်၍ ပံ့ပိုးသွားမည်ဟု ကတိပြုထားကြောင်း သိရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အနေဖြင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၇.၃၀) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းမှာ ယမန်နှစ်ကရှိခဲ့သော အမေရန်ကန်ဒေါ်လာ (၅.၅၃) ဘီလီယံထက် (၃၁.၈%) မြှင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်းပမာဏတွင် ထိုင်းနိုင်ငံမှ ပို့ကုန်တင်ပို့မှု အနေဖြင့် အမေရိကန်ဒေါ်လာ (၁.၆၃) ဘီလီယံရှိကြောင်းနှင့် သွင်းကုန်တင်သွင်းမှုမှာ အမေရိကန် ဒေါ်လာ (၅.၆၆) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ အဓိကတင်သွင်းသော ထုတ်ကုန်များတွင် ရေနံစိမ်း၊ ဓာတုဗေဒပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ဆီချောနှင့် သတ္တုတွင်းထွက်များ ပါဝင်ကြောင်း သိရှိရပါသည်။ ဆော်ဒီအာရေဗျဈေးကွက် မှာ Saudi Vision 2030 ကို ကြေညာလိုက်ပြီးနောက် သိသိသာသာ တိုးတက်လျက်ရှိသည့် ဈေးကွက်တစ်ခုအဖြစ် မှတ်ယူထားကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ဆော်ဒီအာရေဗျအနေဖြင့် သွင်းကုန် တင်သွင်းမှု

အမြောက်အများ လိုအပ်နေကြောင်း၊ အထူးသဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများအတွက် ဖြစ်ကြောင်း၊ ၎င်းက ထိုင်းလုပ်ငန်းရှင်များ အထူးသဖြင့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သော လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်း တစ်ခုဟု ယူဆနေကြောင်း Mr.Phisit ကပြောကြားခဲ့ပါသည်။

ထိုင်းလုပ်ငန်းရှင်များအနေဖြင့် သတိထားရမည့် ကိစ္စများမှာ ဆော်ဒီအာရေဗျနိုင်ငံမှ ချမှတ်ထားသော အမျိုးမျိုးသော သွင်းကုန်တားဆီးမှုများနှင့် ဘဏ္ဍာရေး ထိန်းချုပ်မှုဥပဒေများဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းကုန်သည်ကြီးများ အသင်းဥက္ကဌ Sanan Angubolkul က ဆော်ဒီအာရေဗျသို့ တင်ပို့မှုမှာစုစုပေါင်း ပို့ကုန်တင်ပို့မှု တန်ဖိုး၏ (၂.၂%) အထိ တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံနှင့် ကုန်သွယ်မှု ပြန်လည် စတင်ပါက ယမန်နှစ်ကရှိခဲ့သော စုစုပေါင်းတင်ပို့မှု၏ (၀.၆%) သို့မဟုတ် အမေရိကန်ဒေါ်လာ (၁.၅) သန်းခန့် တိုးတက်လာမည်ဟု ခန့်မှန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တိုင်းပြည်၏ ပြန်လည်ဖွင့်လှစ်မှုနှင့် သင့်လျော်သော ဈေးကွက်ချဲ့ထွင်မှုများကြောင့် ဆော်ဒီအာရေဗျနိုင်ငံမှ ထိုင်းနိုင်ငံသို့ လာရောက် လည်ပတ်သူ အရေအတွက်မှာ တစ်နှစ်လျှင် (၁၅၀,၀၀၀) ခန့်အထိ ရှိလာနိုင်ပြီး ဝင်ငွေအနေဖြင့် ဘတ်ငွေ (၉) ဘီလီယံအထိ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အဆိုပါခန့်မှန်းချက်မှာ ၂၀၁၉ ခုနှစ်တွင် ဆော်ဒီဧည့်သည် တစ်ဦးလျှင် ဘတ်ငွေ (၉,၀၀၀) ပျမ်းမျှအသုံးစရိတ်အပေါ် အခြေခံထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ နိုင်ငံတကာမှ လာရောက် လည်ပတ်သူ သန်း(၄၀) နီးပါးရှိခဲ့ပြီး (၇၀၀,၀၀၀) သည် အရှေ့အလယ်ပိုင်းမှ ဖြစ်ကြောင်း၊ (၃၆၀,၀၀၀) မှာ ဆော်ဒီအာရေဗျမှဖြစ်ကြောင်း သိရှိရပါသည်။

ဆော်ဒီအာရေဗျသည် အရှေ့အလယ်ပိုင်းရှိ ထိုင်းအလုပ်သမားများအတွက် အကြီးမားဆုံးဈေးကွက်ကြီး ဖြစ်ကြောင်း၊ ၁၉၇၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်များအတွင်း ဆော်ဒီအာရေဗျတွင် တရားဝင်နှင့် တရားမဝင် အလုပ်လုပ်ကိုင်သည့် ထိုင်းအလုပ်သမား (၂၀၀,၀၀၀) ခန့်ရှိကြောင်း၊ ၎င်းတို့၏ နေရပ်ပြန်ပို့သည့်ငွေမှာ ဘတ်(၉) ဘီလီယံခန့်ရှိကြောင်း သိရှိရပါသည်။

Bongkok Post

ရင်းမြစ်။ https://www.bangkokpost.com/business/2256151/focus-on-chickwn-halal-for-saudi-market



# ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေး အပေါ် စိုးရိမ်မှုများ မြင့်တက်လာ

ယူကရိန်းနယ်စပ်တစ်ဝိုက်တွင် ရုရှား၏ စစ်ရေးအင်အား တိုးချဲ့မှုစတင်ခဲ့သည့် အချိန်မှစ၍ သွင်းကုန်အပေါ် အဓိကအားထားနေရသည့် ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်း စီးပွားရေးအပေါ် သက်ရောက်လာနိုင်မှုကို စိုးရိမ်မှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားနှင့် ယူကရိန်း အကြား စစ်ပွဲဖြစ်ပွားမှုကြောင့် ရေနံစိမ်းနှင့် ကုန်ပစ္စည်း ဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းကြပါသည်။

ရုရှား-ယူကရိန်းပြဿနာသည် တိုကျိုစတော့ ရှယ်ယာဈေးကွက်အပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေပြီး လတ်တလောရှိခဲ့သည့် နစ်ကေးရှယ်ယာအညွှန်းကိန်း ၂၇,၀၀၀ ၏ အောက်သို့ ကျဆင်းကာ ၂၆,၀၀၀ ခန့်တွင် ရပ်တည်နေနိုင်ကြောင်း စတော့ရှယ်ဆောင်ရွက် သူများက ခန့်မှန်းထားပါသည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ရုရှားအား တုံ့ပြန်သောအားဖြင့် ဓာတ်ငွေ့၊ ရေနံနှင့် အခြားစွမ်းအင်ထောက်ပံ့မှုများကို ဖြတ်တောက်ရန် တွန်းအားပေးသည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ပထဝီနိုင်ငံရေး တင်းမာမှုများသည် မကြာသေးမီ က ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့်ဖြစ်သည်ဟု Mitsubishi UFJ Morgan Stanley Securities Co, မှ အကြီးတန်း ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာဆိုင်ရာ သုတေသီ Norihiro Fujito က ပြောကြားခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် ဂျပန်ကုမ္ပဏီများ၏ အမြတ်အစွန်းရရှိမှုသည် ကျဉ်းမြောင်းသွားနိုင်ပြီး ကုန်ပစ္စည်းဈေးနှုန်းများ တိုးမြင့်ရေးနှင့်ပတ် သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလာနိုင်ကြောင်း၊ ယူကရိန်း အကျပ်အတည်းသည် လာမည့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင်စတင် မည့် ဘဏ္ဍာနှစ်အသစ်တွင် ဂျပန် ကုမ္ပဏီအချို့အား ၎င်းတို့ အမြတ်အစွန်း အလားအလာများကို ပြန်လည် သုံးသပ်ရန် တွန်းအားပေး စေလိမ့်မည်ဟု Norihiro Fujito က သုံးသပ်ခဲ့ပါသည်။

အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့အကြား သဘောထားတင်းမာမှုများကြောင့် အရှေ့အလယ်ပိုင်းဒေသမှ အနာဂတ်ရေနံစိမ်းဈေးနှုန်းများသည် ၁ ကီလို မီတာလျှင် ယန်း ၆၂,၉၂၀ (အမေရိကန်ဒေါ်လာ ၅၅၀ ခန့်) အထိ တိုကျိုကုန်စည်ဈေးကွက်တွင် ယခု ဖေဖော်ဝါရီလ၀က်ခန့်တွင် စတင်မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရပါသည်။

ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီနှင့် လောင်စာဆီ ဈေးနှုန်းများ သိသိသာသာမြင့်တက်မှု မှ ကာကွယ်ရန် ကြိုးပမ်းမှုအဖြစ် ဂျပန်ဝန်ကြီးချုပ် Fumio Kishida ဦးဆောင်သည့် အစိုးရအဖွဲ့ သည် ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်ကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ် အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း ဂျပန်နိုင်ငံမှ ရေနံအသင်းအနေဖြင့် ရုရှား- ယူကရိန်းစစ်ပွဲ၏ သက်ရောက်မှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ထပ်မံမြင့်တက်လာမည်ကို စိုးရိမ်နေပြီး အစိုးရအား ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်ကို ထပ်မံဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ ပါသည်။

ဂျပန်အနေဖြင့် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို ၄ % ခန့်သာတင်သွင်းနေသော်လည်း ဂျပန်နိုင်ငံရေနံအသင်း၏ အကြီးအကဲဖြစ်သူ Tsutomu Sugimori က ကမ္ဘာ့ရေနံစိမ်း၏ ၁၀ % ခန့်သည့် ရုရှားနိုင်ငံမှ တင်ပို့နေခြင်းဖြစ်သဖြင့် ရုရှားနိုင်ငံအပေါ် ကုန်သွယ်မှုနှင့် ရောင်းလိုအား ကို ကန့်သတ်လိုက်မည်ဆိုပါက ဈေးနှုန်းအပေါ် များစွာ သက်ရောက်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

ထို့အပြင် ယူကရိန်းနိုင်ငံသည် ဂျုံနှင့် ပြောင်း အပါအဝင် ကောက်ပဲသီးနှံများကို ထိပ်တန်း ထုတ်လုပ်တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ရုရှား- ယူကရိန်းစစ်ပွဲ၏ အကျိုးဆက်ကြောင့် ကမ္ဘာ့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများ အဖြစ် သက်ရောက်စေနိုင်သည်ဟု စီးပွားရေးသုတေသီများက သုံးသပ်ကြပါသည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ယူကရိန်းနိုင်ငံရှိ မြေယာများ၏ ၇၀ % ခန့်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုဆောင်ရွက်နေကြောင်း သိရပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရေနံစိမ်းနှင့် ဂျုံတင်သွင်းမှုအပေါ် အဓိကမှီခိုနေရသည့်အတွက် အဆိုပါ ကုန်ပစ္စည်းများ ဈေးတက်လာခြင်းသည် ဂျပန်ကုမ္ပဏီများအပေါ် တိုက်ရိုက်ထိခိုက်စေမည့် သက်ရောက်မှုများ ရှိလာမည်ဟု သုတေသီ Norihiro Fujito ကပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံ၌ Cup Noodle နှင့် အခြား ခေါက်ဆွဲခြောက်ထုတ်ကုန်များ ထုတ်လုပ်သည့် Nissan Food Products Co. သည် လာမည့် ဇွန်လ ၁ ရက်နေ့မှစ၍ ၎င်း၏ ထုတ်ကုန်များ၏ ဈေးနှုန်းကို ယန်း ၁၈၀ ခန့် တိုးမြှင့်မည်ဖြစ်ကြောင်း ယခုလ အစောပိုင်းတွင် ကြေညာခဲ့ပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်ကတည်းက ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းမြင့်တက်လာမှု များကြောင့် အိမ်ထောင်စုများ၏ အသုံးစရိတ်များ လျော့ကျသွားစေနိုင်မည့် အလားအလာ ရှိကြောင်း Nomura Securities Co. မှ Maki Sawada က သုံးသပ်ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ https://japantoday.com/






# ရုရှား-ယူကရိန်း ပဋိပက္ခက ဩစတြေးလျ၏ လယ်ယာစိုက်ပျိုးမှုစရိတ်များ တရှိန်ထိုးမြင့်တက်လာမှုအပေါ် ဖိအားများတိုးလာနိုင်

ဩစတြေးလျ စိုက်ပျိုးရေးကဏ္ဍက ယခုနှစ်ကို ယင်း၏အမြတ်အစွန်း အများဆုံး နှစ်များထဲမှ တစ်ခုဟု ကြေညာထားသော်လည်း ယူကရိန်းနိုင်ငံရှိ ပဋိပက္ခနှင့် ရုရှားအပေါ် ပိတ်ဆို့ အရေးယူမှုများသည် လယ်ယာ စိုက်ပျိုးမှုစရိတ်များကိုဖိအားများပိုမိုတိုးလာနိုင်ကြောင်း မျှော်လင့်ရသည်။ လယ်သမားများ အနေဖြင့် တွေ့ကြုံ ခံစားနေရလျက်ရှိသည့် ဓာတ်မြေဩဇာ ဈေးနှုန်းမြင့် တက်ခြင်းနှင့် ပေါင်းသတ်ဓာတုဆေး၊ ဒီဇယ်လောင်စာ ဆီပါဝင်သည့် ယူရီးယားကဲ့သို့သော ထုတ်ကုန်များ ပြတ်တောက်မှုများနှင့်အတူ ထောက်ပံ့မှုကွင်းဆက်မှာ ခက်ခဲသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ရုရှားနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင် တန်ဖိုးနည်း မြေဩဇာများကို အဓိက ပံ့ပိုးပေးနေသည့် နိုင်ငံဖြစ်ပြီး၊ သီးနှံနှင့် ထွက်ကုန်များအတွက် အဓိကအာဟာရ ဖြစ် သည့် ပိုတက် ဓာတ်မြေဩဇာ (Potash) ဒုတိယအကြီး ဆုံး ထုတ်လုပ်သူဖြစ်သည်။ ဓာတုဗေဒနှင့် ဓာတ်မြေ ဩဇာများ ဈေးတက်ခြင်းနှင့်အတူ လယ်သမားများ သည် ကြီးမားသော စိုက်ပျိုးစရိတ်နှင့် ရင်ဆိုင်ရလျက် ရှိပြီး၊ ဩစတြေးလျအရှေ့ပိုင်း လယ်သမားများသည် ပိုမိုကောင်းမွန်သော ရာသီဥတုကြောင့် ကြီးမားသော ဆောင်းသီးနှံ အထွက်နှုန်းအတွက် ပြင်ဆင်နေသော် လည်း စိုက်ပျိုးစရိတ်က မြင့်မားဆဲဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကတည်းက အပင်ဖျန်း ပေါင်းသတ်ဆေး Glyphosate ဈေးနှုန်းမှာ ၃ ဆခန့် မြင့်တက်ခဲ့ကြောင်းနှင့် (၁၂) လတာ ကာလအတွင်း ဓာတ်မြေဩဇာ ဈေးနှုန်းမှာ ၇၅ % မှ ၈၅ % အထိ တက်လာခဲ့ပြီး၊ လောင်စာဆီမှာ ၅၀ % နီးပါး တက်လာ ခဲ့ကြောင်း သိရှိရသည်။ စိုက်ပျိုးရေးကုန်ကျစရိတ်မှာ ၃၀ % ခန့်မြင့်တက်လာခဲ့ရာ နိုင်ငံအဝှမ်းရှိ စိုက်ပျိုးသူ များအတွက် စရိတ်စကကြီးလာကြောင်း သိရှိရသည်။ နိုက်ထရိုဂျင် မြှင့်တင်ပေးသည့် ဓာတ်မြေဩဇာယူရီး ယား၏ ကုန်ကျစရိတ် မြင့်တက်လာခြင်းသည် ဂျုံ၊ ပြောင်းနှင့် ပဲပုပ်များအတွက် နိုင်ငံတကာဈေးနှုန်း ကြီး မြင့်မှုတို့က အစပိုင်းတွင် တွန်းအားဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ထောက်ပံ့မှု အကျပ်အတည်းဖြစ်ပေါ် စေခဲ့သည်။

တရုတ်နိုင်ငံက ပို့ကုန်များအပေါ် ကန့်သတ်ထား ပြီး၊ အီးယူနိုင်ငံများ၏ သဘာဝဓာတ်ငွေ့ အကျပ် အတည်းကြောင့် ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်ခြင်း က ယူရီးယားထုတ်လုပ်မှုကို သက်ရောက်စေသည်။ Glyphosate ထောက်ပံ့မှုနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံ အသီးသီးက တရုတ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုရ လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ glyphosate ထုတ်လုပ်မှု စုစုပေါင်း၏ ၆၅ % ခန့်ကို ထုတ်လုပ် လျက်ရှိပြီး၊ ကျန် ၃၅ %ကို အမေရိကန်နိုင်ငံက ထုတ် လုပ်ခြင်းဖြစ်သည်။ သို့သော် အမေရိကန်နိုင်ငံမှာလည်း ထုတ်လုပ်မှုအတွက် ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ တင်သွင်းရလျက်ရှိကြောင်း သိရှိရသည်။ တရုတ်နိုင်ငံ တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော စွမ်းအင်အကျပ် အတည်းအပြင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် မီးခိုးမြူ အဆင့်များ လျှော့ချရာတွင် အကူအညီဖြစ်စေ ရန် တရုတ်အစိုးရက စက်ရုံများကို ပိတ်ပစ်ခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ကမ္ဘာလုံးဆိုင်ရာ ဂျုံ ထောက်ပံ့မှုအတွက် ကြီးမားသော အင်အားကြီးနိုင်ငံ များဖြစ်ကြပြီး၊ ယူကရိန်း၏ အလယ်ပိုင်းဒေသများတွင် ကောက်ပဲသီးနှံ အများစုကို စိုက်ပျိုးသော်လည်း ပို့ကုန် အတွက် အရေးကြီးဆုံးဒေသမှာ တောင်ဘက်ရှိ ဆိပ် ကမ်းများ ဖြစ်ကြောင်း သိရှိရသည်။ ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးသည် ကမ္ဘာလုံးဆိုင်ရာ မုယောစပါး၊ ဂျုံ၊ ပြောင်းနှင့် နေကြာဆီ ထောက်ပံ့မှုအတွက် အရေးပါ သည်ဖြစ်ရာ စားနပ်ရိက္ခာဈေးများ တက်လာနိုင်ဖွယ်ရှိ ကြောင်း သိရှိရသည်။

လယ်ယာစိုက်ပျိုးမှုစရိတ်စကများ မြင့်တက်လာ သည်နှင့်အမျှ ဩစတြေးလျ စိုက်ပျိုးသူများက ဓာတု ဗေဒ ပစ္စည်းများနှင့် ဓာတုဓာတ်မြေဩဇာများအပေါ် မှီခိုအားထားမှုကို လျှော့ချ နိုင်မည့် နည်းလမ်းများကို ပိုမိုရှာဖွေလာကြကြောင်း သိရှိရသည်။

ရင်းမြစ်: www.abc.net.au

# အပြုသဘောဆောင်သောအချက်များက ပို့ကုန်တိုးတက်မှုအတွက် တွန်းအားဖြစ်စေခြင်း

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ ကွန်တိန်နာ မလုံလောက်မှုနှင့် ကုန်သွယ်မှု မြင့်တင်ရေး တို့အတွက် သက်ဆိုင်ရာများ၏ ဆောင်ရွက်ချက်များကြောင့် ထိုင်း ပို့ကုန်များ အနေဖြင့် ၎င်းတို့၏ တိုးတက်မှုအရှိန်အဟုန် ကို ထိန်းသိမ်းထားလျက်ရှိကြောင်းနှင့် ယခုနှစ် ဇန်နဝါရီ လတွင် နှစ်အလိုက်၌ ပို့ကုန်တိုးတက်မှု (၈%) ရရှိခဲ့ ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၏ ၂.၃.၂၀၂၂ ရက်နေ့ ထုတ်ပြန်ချက်အရ အကောက်ခွန် ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၁.၃ ဘီလီယံ ရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာ လည်း ၂၀.၅ % တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃.၇ ဘီလီယံ ရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂.၅၂ ဘီလီယံရရှိခဲ့ကြောင်း သိရှိရ ပါသည်။

ကွန်တိန်နာ မလုံလောက်မှုသည် အထူးသဖြင့် လန် ချာဘန်ဆိပ်ကမ်း၊ ဗန်ကောက်ဆိပ်ကမ်းနှင့် အမေရိကန် ဆိပ်ကမ်းများတွင် လျော့ပါးသွားခဲ့ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အားလပ်ရပ်များတွင် အလုပ်ချိန်တိုးမြှင့် ရန်နှင့် ညပိုင်းအလုပ်ချိန်တိုးမြှင့် ဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း သိရှိရပါသည်။

ရုရှားနှင့် ယူကရိန်းတို့အကြား ပြင်းထန်သော ပဋိပက္ခများကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာ ခြင်းကဲ့သို့ အန္တရာယ်ရှိသည့် အချက်များရှိနေသော်လည်း ဝန်ကြီးဌာနအနေဖြင့် ၎င်းတို့ ပို့ကုန်တိုးတက်မှုရည်မှန်း ချက်ကို ယခုနှစ်အတွက် ၃-၄ % တွင် ဆက်လက်ထိန်း သိမ်းထားလျက်ရှိနေကြောင်း သိရှိရပါသည်။

ဝန်ကြီးမစ္စတာ ဂျူရင် က ဝန်ကြီးဌာန၏ အကြီး တန်းအရာရှိများနှင့် ပုဂ္ဂလိကများအကြား ပူးတွဲတွေ့ဆုံ မှုအပြီးတွင် ယူကရိန်းပဋိပက္ခမှာ ထိုင်းကုန်သွယ်မှုအပေါ် များစွာ သက်ရောက်မှုမရှိသေးကြောင်း ပြောကြားခဲ့ပါ သည်။ အဆိုပါအစည်းအဝေးသို့ ထိုင်းကုန်သည်ကြီး များ အသင်းနှင့် ထိုင်းအမျိုးသား ကုန်စည်ပို့ဆောင်ရေး ကောင်စီ တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ယူကရိန်းနှင့် ရုရှားသို့ ထိုင်းပို့ကုန်များ တင်ပို့မှုမှာ သိပ်အရေးမပါလှဟု ယူဆရကြောင်း၊ ယမန်နှစ်က ရုရှားသို့ တင်ပို့မှုမှာ စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ဝ.၃၈ % (သို့မဟုတ်) အမေရိကန်ဒေါ်လာ ၁.၀၂ ဘီလီယံ ခန့်သာရှိကြောင်း၊ ယူကရိန်းသို့ ပို့ကုန်တင်ပို့မှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၅ သန်း (သို့မဟုတ်) ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှု စုစုပေါင်း၏ ဝ.ဝ၅% သာရှိကြောင်း သိရှိရပါသည်။ ရုရှားနှင့် ယူကရိန်းနိုင်ငံ များသို့ တင်ပို့မှုများအနက် တာယာများ၊ ပြုပြင်ထား သော အစားအစာများ၊ ကျောက်မျက်နှင့် အလှကုန် များ တင်ပို့မှုတွင် သက်ရောက်မှု အနည်းငယ်ရှိနိုင် ကြောင်း သိရှိရပါသည်။

ရေရှည်တွင် ရုရှားနှင့် ယူကရိန်း ပဋိပက္ခကြောင့် ရေနံဈေးကြီးမြင့်ခြင်း၊ ငွေကြေးလွှဲပြောင်းမှုနှင့် ကုန် စည်ပို့ဆောင်မှုကုန်ကျစရိတ်များကို ထိခိုက်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါ ပဋိပက္ခ၏ သွယ်ဝိုက်သက် ရောက်မှုကြောင့် ထိုင်းနိုင်ငံအနေဖြင့် စွမ်းအင် ဈေးနှုန်း မြင့်မားမှု (သို့မဟုတ်) သံဖူးများနှင့် ဆောက်လုပ်ရေး ပစ္စည်းများအတွက် တင်သွင်းလာသော သံမဏိဈေး နှုန်းများ မြင့်မားလာနိုင်ကြောင်း မစ္စတာဂျူရင်၏ အဆို အရ သိရှိရပါသည်။

တိရစ္ဆာန်အစာအတွက် တင်သွင်းသော ဂျုံနှင့် ပြောင်းတင်သွင်းမှု ဈေးနှုန်းများ မြင့်တက်လာနိုင် ကြောင်း၊ ရုရှားနှင့် ယူကရိန်းမှာ ကမ္ဘာ့အကြီးဆုံး ဂျုံ ထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူများဖြစ်ကြကြောင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့်အရှေ့အလယ်ပိုင်း၊အာဖရိက နှင့်လက်တင်အမေရိက ကဲ့သို့သော အစားထိုးဈေးကွက် သစ်များ ရှာဖွေခြင်းဖြင့် အဆိုပါ သက်ရောက်မှုများကို ထေမိစေရန် စီမံချက်များကို ပြင်ဆင်ထားပြီးဖြစ် ကြောင်း ဝန်ကြီးမစ္စတာ ဂျူရင်က ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ Bangkok Post

# ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်သူများအတွက် "အထွက်နှုန်း မြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" ဆောင်ရွက်လျက်ရှိ

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကောက်ပဲသီးနှံစိုက်တောင်သူများသည် နိုင်ငံအဆင့် ပျမ်းမျှ စိုက်ပျိုးမှုထက် ငါးဆခန့်ရှိသော ဂျုံသီးနှံအမြောက်အမြားကို စိုက်ပျိုးသည့် အလေ့အထရှိပြီး၊ မကြာသေးမီနှစ်များအတွင်း ဂျုံသီးနှံအထွက်နှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ တောင်ပိုင်းဩစတြေးလျပြည်နယ် Rendelsham တွင် ဂျုံအထွက်နှုန်းမှာ တစ်ကေလျှင် ၁၁.၇ တန်ရရှိနေပြီး၊ ယင်းသို့ အထွက်နှုန်း မြင့်တက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ "အထွက်နှုန်း မြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" ၏ ပံ့ပိုးမှုကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ကောက်ပဲသီးနှံ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်ပိုရေးရှင်း၏ ရန်ပုံငွေဖြင့် သုတေသနပြုထားသည့် နေရာသည် မိုးရွာသွန်းမှု မြင့်မားသော ဒေသများ၏ အလားအလာကို အမြင့်ဆုံးဖြစ်စေရန်အတွက် ရည်ရွယ်ပါသည်။ ဩစတြေးလျနိုင်ငံ တစ်ဝှမ်းရှိ နေရာ(၅) ခုတွင် မိုးရွာသွန်းမှု မြင့်မားသော သီးနှံစိုက်ပျိုးသည့် ဒေသများ၏ အလားအလာကို မည်သို့မည်ပုံ မြှင့်တင်ရန် သုတေသနပြုလျက်ရှိကြောင်း သိရှိရသည်။


စီမံကိန်းဦးဆောင်သူ၏ ပြောကြားချက်အရ ဒေသအတွင်း အထွက်နှုန်းအများဆုံး၊ ဈေး အသက်သာဆုံး၊ ရေရှည်တည်တံ့မှုအရှိဆုံး စိုက်ပျိုးနိုင်သော မျိုးစိတ်များကို ရှာဖွေရန် ဂျုံနှင့် မုယောစပါး စမ်းသပ်စိုက်ပျိုးထားသည့် အကွက် (၁၀၀၀) ခန့် ရှိကြောင်း သိရှိရသည်။ စီမံကိန်း၏ ဦးစားပေး လုပ်ဆောင်ရမည့် အချက်မှာ အအေးပို၍ စိုစွတ်သောရာသီဥတုနှင့် လိုက်ဖက်သော မျိုးကွဲများကို ရှာဖွေရန်ဖြစ်သည်။

သုတေသီများသည် ရာသီဥတုနှင့် ကိုက်ညီသော ဥရောပမျိုးကွဲများကို စိုက်ပျိုးထားကြပြီး၊ ယခုနှစ် ပထမဆုံးအကြိမ် စမ်းသပ်မှုတွင် ပြင်သစ်မုယောစပါးသည် တစ်ကေလျှင် (၁၀) တန်နှင့် ဂျုံအထွက်နှုန်း တစ်ကေလျှင် (၁၂) တန်ကျော် ထွက်ရှိကြောင်း သိရှိရသည်။ စီးပွားဖြစ် မထုတ်လုပ်ရသေးသော်လည်း စိုက်ပျိုးသူများအနေဖြင့် အားတက်စရာရလဒ်များကို မြင်တွေ့နေရပြီဖြစ်သည်။

ထို့အပြင် ကုန်ကျစရိတ်လျှော့ချခြင်းသည် အထွက်နှုန်းမြင့်မားသော သီးနှံစီမံကိန်း၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်။ အထွက်နှုန်းတိုးရန် နိုင်ထရိုဂျင် ပမာဏများစွာကို အသုံးပြုရသည်ဖြစ်ရာ ဓာတ်မြေဩဇာဈေးများကြီးမြင့်လာသည်နှင့်အမျှ ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်တက်လာနိုင်သည်။ စိုက်ပျိုးသူ အများစုသည် ၎င်းတို့အနေဖြင့် ကိုင်တွယ်နိုင်ရန် ကောက်ပဲသီးနှံအပင်များကို တိုတောင်းပြီး၊ သန်မာစေရန် အပင်အားတိုးဆေးများ ဖြန်းသည့်အပြင် မှိုသတ်နည်းမျိုးစုံကိုလည်း အားကိုးလျက်ရှိကြောင်း သိရှိရသည်။

ကောက်ပဲသီးနှံစိုက်ပျိုးသူများ အမှန်တကယ် လိုအပ်သော အထွက်နှုန်းမြင့်မားခြင်း၊ ရောဂါခံနိုင်ရည်ရှိရုံသာမက ရေရှည်ရပ်တည်နိုင်စွမ်းတို့ကို ယခုဆောင်ရွက်လျက်ရှိသော "အထွက်နှုန်း မြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" မှ ရရှိရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

ရင်းမြစ်: www.abc.net.au



# ဩစတြေးလျစိုက်ပျိုးမွေးမြူရေးတန်ဖိုးသည် ၂၀၂၁–၂၀၂၂ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ ၈၁ ဘီလီယံ စံချိန်သစ်ရရှိနိုင်

ဩစတြေးလျ စိုက်ပျိုးရေးနှင့် အရင်းအမြစ် စီးပွားရေး နှင့် သိပ္ပံဗျူရို (Australian Bureau of Agricultural and Resource Economics and Sciences –ABARES) က လယ်ယာ စိုက်ပျိုးရေးတန်ဖိုးသည် ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဩစတြေးလျဒေါ်လာ ၈၁ ဘီလီယံအထိ ရောက်ရှိရန် မျှော်လင့်ထားပြီး၊ ယင်းမှာ ယမန်နှစ်က သတ်မှတ်ထားသော ယခင်စံချိန်ထက် ဒေါ်လာ ၁၂ ဘီလီယံကျော် မြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စံချိန်တင် ကောက်ပဲသီးနှံ ရိတ်သိမ်းမှုနှင့် ဩစတြေးလျ ထုတ်ကုန်များအတွက် ၃၂ နှစ် အတွင်း အမြင့်ဆုံးဈေး ရရှိမှုကြောင့် တန်ဖိုးမြင့်တက်လာခြင်း ဖြစ်သည်ဟု ABARES က ယူဆထားသည်။ ABARES အမှုဆောင်ဒါရိုက်တာ Jarred Greenville က ယမန်နှစ်က ထူးခြားသော နှစ်ဖြစ်ခဲ့ပြီး၊ ယခုနှစ်က ဩစတြေးလျ လယ်ယာစိုက်ပျိုးရေးအတွက် ပိုမိုထူးခြားသော နှစ်ဖြစ်ကာ ၂၀၂၁–၂၀၂၂ ခုနှစ်အတွက် ပျမ်းမျှ လယ်ယာဝင်ငွေသည် ယခင်နှစ်ထက် သိသိသာသာ မြင့်မားလာမည်ဟု ပြောကြားခဲ့သည်။

ပျမ်းမျှအားဖြင့် လယ်ယာတစ်ခုလုံး၏ ဝင်ငွေမှာ ဩစတြေးလျဒေါ်လာ ၂၇၈,၀၀၀ အထိ ၃၄ % မြင့်တက်ခဲ့ပြီး၊ နို့နှင့် နို့ထွက်ပစ္စည်းမှာ ဩစတြေးလျ ဒေါ်လာ ၃၃၇,၀၀၀ အထိ ၃၅ % နှင့် ကောက်ပဲသီးနှံမှာ ဩစတြေးလျဒေါ်လာ ၅၇၂,၀၀၀ အထိ ၄၀ % မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ထုတ်လုပ်မှုစံချိန်တင် အမြင့်ဆုံးနှင့် အမြင့်ဆုံး ဈေးနှုန်းများနှင့် ဝင်ငွေ တိုးတက်မှုတို့က လောင်စာဆီ၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းများနှင့် အလုပ်သမားစသည့် သွင်းအားစု ကုန်ကျစရိတ်၏ ဖိအားထက် သာလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၁–၃–၂၀၂၂ ရက်နေ့ထုတ်ပြန်သည့် ယင်း၏နှစ်စဉ် ကုန်စည်မျှော်မှန်းချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် ABA–RES က ဆောင်းရာသီ သီးနှံထုတ်လုပ်မှုသည် ၂၀၂၁–၂၀၂၂ ခုနှစ်အတွက် စံချိန်တင်တန်ချိန် ၆၁.၉ သန်းအထိ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ နိုင်ငံတစ်ဝှမ်းရှိ တောင်သူလယ်သမားများသည် ၎င်းတို့၏ထွက်ကုန် ဈေးနှုန်း ကြီးမြင့်မှုကြောင့် အကျိုး ခံစားလျက်ရှိကြောင်း၊ ယခုအချိန်တွင် ကျွဲ၊ နွားဈေးသည် ထူးထူးခြားခြားဖြစ်နေပြီး၊ ကောက်ပဲသီးနှံဈေးမှာ အလွန်အားကောင်းလျက်ရှိသည့်အပြင် သိုးမွှေးဈေးနှုန်းမှာ ကပ်ရောဂါအစကတည်းက ခိုင်မာလျက်ရှိကာ သိုးဈေးကိုလည်း ထိန်းထားနိုင်ခဲ့ကြောင်း သိရှိရသည်။

သို့သော် ဈေးနှုန်းနိမ့်ကျပြီး ထုတ်လုပ်မှုနည်းခြင်းကြောင့် စပျစ်ဝိုင်ထုတ်လုပ်မှုတန်ဖိုး ၂၈ % ကျဆင်းသွားခဲ့ရာ ဩစတြေးလျဝိုင်အပေါ် တန်ပြန်စုပုံတင်သွင်းခွန်စည်းကြပ်ရန် တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်ကြောင့် ကျဆင်းသွားခြင်းဖြစ်သည်ဟု ABARES က ယူဆထားသည်။

Dr. Greenville က လယ်ယာကဏ္ဍသည် ကောင်းမွန်သောအချိန်များကို အကန့်အသတ်မရှိ မမျှော်လင့်နိုင်ကြောင်းနှင့် လာမည့်နှစ်တွင် ဈေးနှုန်းများအားပျော့လာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ လာမည့်ဘဏ္ဍာရေးနှစ်တွင် လယ်ယာထွက်ကုန် စုစုပေါင်းတန်ဖိုးသည် ဒေါ်လာ ၇၆ ဘီလီယံအထိ ၆ % ကျဆင်းရန် မျှော်မှန်းထားကြောင်းနှင့် ယင်းသည်စံချိန်တင် ဒုတိယတန်ဖိုးအမြင့်ဆုံးနှစ် ဖြစ်လာမည်ဖြစ်ပြီး၊ ၂၀၃၀ ပြည့်နှစ်တွင် ဩစတြေးလျ စိုက်ပျိုး မွေးမြူရေးကဏ္ဍမှ ဝင်ငွေ ဩစတြေးလျဒေါ်လာ ဘီလီယံ ၁၀၀ ရရှိရန် အစိုးရမှ အတည်ပြုထားသော လုပ်ငန်းကဏ္ဍ ရည်မှန်းချက်ထက် လျော့နည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကွင်းစလန်ပြည်နယ် အရှေ့တောင်ဘက်နှင့် နယူးဆောက်ဝေးလ် ပြည်နယ်မြောက်ပိုင်းတို့တွင် ရေလွှမ်းမိုးမှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုကို တွက်ဆရန် စောလွန်းသေးကြောင်း၊ သို့သော် ဥရောပအရှေ့ပိုင်းရှိ ဖြစ်ရပ်များသည် စိုက်ပျိုးရေး၏ အခြေခံ

အချက်အပေါ် သက်ရောက်မှု ရှိနိုင်ဖွယ်ရှိကြောင်း Dr. Greenville က ပြောကြားခဲ့သည်။

ကောက်ပဲသီးနှံ ဈေးကွက်တွင် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဂျုံတင်ပို့မှု၏ ၃၀ % ခန့်နှင့် မုယောစပါးတင်ပို့မှု၏ ၂၀ % ခန့်ရှိပြီး၊ လောလောဆယ်တွင် အမေရိကတွင် မိုးခေါင်ရေရှား အခြေအနေကြောင့် ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း သိရှိရသည်။ မြေသြဇာနှင့် စွမ်းအင်သွင်းအားစု ဈေးနှုန်းများသည် ယခုအချိန်တွင် မြင့်မားနေပြီး၊ ဆက်လက်၍ ကြာရှည်စွာ ဆက်လက်တည်ရှိနေနိုင်သည့် ပဋိပက္ခများနှင့် အနှောင့်အယှက်များ ရှိနေနိုင်သည်ဖြစ်ရာ စိုက်ပျိုးမွေးမြူရေး ကဏ္ဍအပေါ် အဓိကသက်ရောက်မှု ဖြစ်လာနိုင်ကြောင်း သိရှိရသည်။

ရင်းမြစ်။ www.abc.net.au



**စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၂.၃ ရာခိုင်နှုန်းရှိပြီး၊ ယင်းအရေအတွက်တွင် နိုင်ငံသား ၆၇,၉၀၀ ဦးခန့်ပါဝင်**

စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၂.၃ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့သဖြင့် ကပ်ရောဂါ မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း လူ့စွမ်းအားဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် မတ်လ အတွင်း၌ သတင်းထုတ်ပြန်ခဲ့ပါသည်။

အလုပ်လက်မဲ့နှုန်းသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ၂.၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၂.၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံသား အလုပ်လက်မဲ့နှုန်းမှာ ဒီဇင်ဘာလတွင် ၃.၄ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ရာမှ ဇန်နဝါရီလတွင် ၃.၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် စင်ကာပူနိုင်ငံသားနှင့် အမြဲတမ်းနေထိုင်ခွင့်ရှိသူ (PR) စုစုပေါင်း၏ အလုပ်လက်မဲ့ဦးရေမှာ ၇၅,၀၀၀ ဦးခန့်ရှိခဲ့ပြီး၊ ၎င်းတို့ အနက် ၆၇,၉၀၀ ဦးသည် စင်ကာပူနိုင်ငံသားများဖြစ်ကြောင်းနှင့် လူ့စွမ်းအားဝန်ကြီးဌာနသည် ယခင်က အလုပ်လက်မဲ့နှုန်းများကို (၃) လ တစ်ကြိမ်သာ စာရင်းထုတ်ပြန် ခဲ့ရာမှ ၂၀၂၂ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ လစဉ် ထုတ်ပြန်လျက်ရှိကြောင်း သိရှိရပါသည်။

ရင်းမြစ်။ The Business Times

## တောင်ကိုရီးယားနိုင်ငံအခြေစိုက် Hyundai Motor ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၊ Deltamas စက်မှုဇုန်၌ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံအသစ်ကို စတင်ဖွင့်လှစ်ခဲ့

တောင်ကိုရီးယားအခြေစိုက် Hyundai Motor သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၏ အရှေ့ဘက် (၄၀) ကီလိုမီတာအကွာ Cikarang အနီးရှိ Deltamas စက်မှုဇုန်၌ ၎င်း၏ အရှေ့တောင်အာရှဒေသရှိ ပထမဦးဆုံးသော မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံတည်ဆောက်ပြီးစီးမှုအတွက် ဂုဏ်ပြုအခမ်းအနားကို ၁၆-၃-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။




အဆိုပါအခမ်းအနားသို့ အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတ Joko Widodo သည် နိုင်ငံ၏ ထိပ်တန်းအစိုးရအရာရှိကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး၊ သမ္မတက ဂုဏ်ပြုစကားပြောကြားရာတွင် Hyundai မှ IONIQ 5 သည် အင်ဒိုနီးရှားနိုင်ငံ၏ လျှပ်စစ်ကား (Electronic Vehicle –EV) ဂေဟစနစ်ဖွံ့ဖြိုး တိုးတက်ရေးတွင် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်လာပြီး ပိုမိုအဆင့်မြင့်သည့် လျှပ်စစ်ကားဂေဟစနစ်ကို ပိုမို အရှိန်မြှင့်ရန် မျှော်လင့်ကြောင်း၊ စက်ရုံတည်ဆောက် ပြီးစီးမှုနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ပထမဆုံးလျှပ်စစ်ကား (EV) ဖြစ်သည့် IONIQ 5 ကိုစတင်ထုတ်လုပ်ခြင်းအတွက် ဂုဏ်ယူပါကြောင်းဖြင့် ထည့်သွင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် Hyundai Motor Group ၏ဥက္ကဋ္ဌ Mr. Chung Euisun က "ကမ္ဘာ့စတုတ္ထ လူဦးရေအများဆုံးနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်းကုမ္ပဏီ၏ အနာဂတ် မော်တော်ယာဉ် ထုတ်လုပ်ရေး မဟာဗျူဟာအတွက် အဓိက အချက်အချာဒေသ ဖြစ်ပါကြောင်း၊ ဤစက်ရုံသည် မော်တော်ယာဉ် ထုတ်လုပ်ရေးကဏ္ဍ အထူးသဖြင့် လျှပ်စစ်ကားများ ထုတ်လုပ်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ Hyundai Motor သည် လက်ရှိ တည်ဆောက်နေသော ဘက်ထရီစက်ရုံနှင့် ပေါင်းစပ်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ လျှပ်စစ်ကား ဂေဟစနစ် ထူထောင်ရေးအတွက် ဆက်လက်ပံ့ပိုး ကူညီသွားမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံအား ကမ္ဘာ့လျှပ်စစ် မော်တော်ယာဉ် ထုတ်လုပ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာစေရေးကို မြှင့်တင်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဤ Hyundai Motor ၏ စက်ရုံအသစ်ကို အင်ဒိုနီးရှားနိုင်ငံတွင် ဖွင့်လှစ်နိုင်ခြင်းဖြင့် ပြိုင်ဘက်ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူအများစုက လွှမ်းမိုးထားသော အရှေ့တောင်အာရှ ဈေးကွက်အတွင်းတွင် Hyundai Motor ကုမ္ပဏီ၏ ရပ်တည်မှုကို ချဲ့ထွင်နိုင်ရန် ခြေကုပ်တစ်ခုရရှိခြင်းပင်ဖြစ်ပါကြောင်း" ထည့်သွင်း ပြောကြားခဲ့ပါသည်။

Hyundai Motor သည် အင်ဒိုနီးရှားနိုင်ငံရှိ စက်ရုံ၏ နှစ်စဉ် မော်တော်ယာဉ် ထုတ်လုပ်နိုင်မှု စွမ်းရည်ကို (၂၅၀,၀၀၀) စီးအထိ တိုးမြှင့်ရန် အမေရိကန်ဒေါ်လာ (၁.၅၅) ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း၊ စက်ရုံအသစ်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလကတည်းက Creta Subcompact Crossover SUVs ကားများကို ထုတ်လုပ်ခဲ့ပြီး ၁၆-၃-၂၀၂၂ ရက်နေ့ အခမ်းအနားအပြီးတွင် IONIQ 5 EVs ကို စတင်ထုတ်လုပ်ခဲ့ကြောင်း၊ ၎င်းသည် ယခု ၂၀၂၂ ခုနှစ်၏ ပထမနှစ်ဝက်တွင် Santa Fe SUVs ကားများအပြင် အရှေ့တောင်အာရှဒေသရှိ မော်တော်ယာဉ် သုံးစွဲသူများအတွက် အံဝင်ခွင်ကျရှိစေမည့် ဘက်စုံသုံးယာဉ်ငယ်များကို စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူညီချက်များ (ASEAN Free Trade Area agreements)

နှင့်အညီ အခြားအာဆီယံနိုင်ငံများသို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် မော်တော်ယာဉ်များကို တင်ပို့နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အင်ဒိုနီးရှားအစိုးရသည် EV ဂေဟစနစ်ကို ချဲ့ထွင်ရာတွင် ဦးဆောင်နေလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် အစိုးရပိုင်မော်တော်ယာဉ် အစီးရေ (၁၃၀,၀၀၀) ကို EV မော်တော်ယာဉ်များအဖြစ်သို့ ပြောင်းလဲရန် စီစဉ်လျာထားရာ Hyundai Motor သည် LG Energy Solutions နှင့်ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံ၊ Karawang မြို့တွင် ဘက်ထရီဆဲလ် စက်ရုံတစ်ခုကို ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် အပြီးသတ် တည်ဆောက်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၂၄ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ရန် လျာထားကြောင်း သိရှိရပါသည်။ အဆိုပါစက်ရုံမှ အရည်အသွေး ကောင်းမွန်သည့် ဘက်ထရီဆဲလ်များကို EV စက်ရုံသို့ ထောက်ပံ့ပေးနိုင်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ EV မော်တော်ယာဉ်သို့ ကူးပြောင်းသည့် ကာလတွင် ကောင်းစွာ ပံ့ပိုးပေးနိုင်ရန် မျှော်လင့်ထားကြောင်း ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။

Hyundai Motor သည် အင်ဒိုနီးရှားနိုင်ငံနှင့် အခြားသော အရှေ့တောင်အာရှနိုင်ငံများမှ မော်တော်ယာဉ်များ ဝယ်ယူလို၍ မှာယူသည့်အခါ ပါဝင်ကုန်ပစ္စည်း သတ်မှတ်ချက်ဆိုင်ရာ Product Specification များကို Customer စိတ်ကြိုက် Customized ပြုလုပ်၍ ရွေးချယ်နိုင်ပြီး ကုန်ကျစရိတ်ကိုလည်း တတ်နိုင်သမျှ အနည်းဆုံးဈေးဖြင့် ဆောင်ရွက်ပေးမည့် ဝယ်ယူသူဗဟိုပြုစနစ်ကိုလည်း ထုတ်လုပ်မှုနှင့် ရောင်းချမှုစနစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ Hyundai Motor ၏ "Click-to-Buy" online platform သည် Customer များအား မော်တော်ယာဉ် ဝယ်ယူခြင်းကို Online အသုံးပြု၍ နေအိမ်မှပင် အလွယ်တကူဝယ်ယူနိုင်စေရန်နှင့် လုပ်ငန်းစဉ် အဆင့်အားလုံးကို Online မှပင် အလွယ်တကူ ပြီးမြောက်စေရန် အကောင်အထည်ဖော် ဆောင်ရွက် ထားကြောင်း သတင်းများအရ သိရှိရပါသည်။

ရင်းမြစ်။ The Korea Times



## စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရန်အတွက် အစိုးရမှ စင်ကာပူဒေါ်လာ သန်း ၅၀၀ နီးပါး ဆက်လက်ပံ့ပိုးပေးမည်ဖြစ်

စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ၎င်း၏ နယ်စပ်ဝင်ပေါက်များကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံခြားခရီးသည်များအား ဆွဲဆောင်ရန် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် စင်ကာပူဒေါ်လာ သန်း ၅၀၀ နီးပါး ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း ၆-၄-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ညီလာခံ၌ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr Alvin Tan က ပြောကြားခဲ့ပါသည်။

ဤရန်ပုံငွေကို ခရီးသွားလုပ်ငန်းကဏ္ဍရှိလုပ်သားများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်၊ လုပ်ငန်းများ၏ ကုန်ကျစရိတ်များကာမိစေရန်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်များအား တိုးချဲ့လုပ်ဆောင်သွားနိုင်ရန် အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ ဤသို့ထောက်ပံ့ပေးခြင်းဖြင့် နိုင်ငံတကာခရီးသွား လုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး၊ ခရီးသည်များအတွက် ဆန်းသစ်သော ခရီးသွားအစီအစဉ်များနှင့် အတွေ့အကြုံသစ်များကိုဖန်တီးပေးနိုင်ရေးတို့အတွက် ကူညီပေးနိုင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများမှလည်း ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများကိုအသွင်ကူးပြောင်း ဆောင်ရွက်ရန်နှင့် စွမ်းဆောင်ရည်အသစ်များဖြင့် ဖွံ့ဖြိုး တိုးတက်လာစေရန် အစိုးရ၏ ပံ့ပိုးမှုအစီအစဉ်များကို အသုံးချဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း Mr Alvin Tan က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ထို့ပြင် စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အာရုံစိုက်ရမည့် နယ်ပယ်များမှာ ကျန်းမာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ လုပ်ငန်းနယ်ပယ်များ ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးခရီးသွားလုပ်ငန်း ဈေးကွက်သည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂၀ ဘီလီယံ ကျော်ရှိခဲ့ပြီး၊ လာမည့် (၅) နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁.၁ ထရီလီယံအထိ တိုးတက်လာမည်ဟု Global Wellness Institute မှ ခန့်မှန်းထားရှိကြောင်း၊ဤသို့သောအခြေအနေတွင်စင်ကာပူ အားမြို့ပြကျန်းမာရေး စောင့်ရှောက်မှုနေရာ တစ်ခုအဖြစ် ရပ်တည်လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူစွာပင် စင်ကာပူအား ရေရှည်တည်တံ့သောခရီးသွားလာရေး နေရာတစ်ခု ဖြစ်လာရန် မျှော်မှန်းထားရှိသည့်အတွက် ခရီးသွားလုပ်ငန်းများ၏ ရေရှည်တည်တံ့ ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် ပံ့ပိုးကူညီပေးနိုင်မည့် Tourism Sustainability Program အစီအစဉ်ဖြင့်ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားလာမှုနေရာတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်လာနိုင်စေရန်အတွက်လည်းစီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသည်များကို ဦးစားပေးဆွဲဆောင်သွားမည်ဖြစ်ပါကြောင်း၊လက်ရှိ နိုင်ငံတကာခရီးသွားလုပ်ငန်းကဏ္ဍ၏ အလားအလာမှာကောင်းမွန်လာသည်ဟု မျှော်လင့်ရသော်လည်း ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်ထားသင့်ပါကြောင်းဖြင့် Mr Alvin Tan က ပြောကြားခဲ့ပါသည်။

စင်ကာပူအစိုးရသည် လွန်ခဲ့သော နှစ်နှစ်အတွင်း ခရီးသွားလုပ်ငန်းများအဖြင့် ၄ားရမ်းခနှင့်လိုင်စင်ကြေးများ ကင်းလွတ်ခွင့်/ လျှော့ပေါ့ခွင့် ရရှိခြင်းကဲ့သို့သော လုပ်ငန်းကုန်ကျစရိတ်များသက်သာမှုရှိစေရေး၊ ဝန်ထမ်းများ၏ အလုပ်အကိုင်တည်မြဲစေရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည် တိုးတက်ကောင်းမွန်လာစေရေးတို့အတွက် စင်ကာပူဒေါ်လာ ၁ ဘီလီယံကျော်အထိ ပံ့ပိုးပေးခဲ့ကြောင်း၊ ထို့ပြင် စင်ကာပူတွင် နေထိုင်သူများအား ပြည်တွင်း၌ လည်ပတ်သွားလာမှုကို တိုက်တွန်း အားပေးနိုင်ရန်အတွက် စင်ကာပူဒေါ်လာ ၃၂၀ သန်း တန်ဖိုးရှိသော SingapoRediscovers ခရီးသွားဘောင်ချာလက်မှတ်များ ထုတ်ပေးသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

စင်ကာပူနိုင်ငံသည် ဧပြီလ ၁ ရက်နေ့မှစ၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူများကို စင်ကာပူသို့ ဆိုက်ရောက်လာချိန်တွင် ရောဂါစစ်ဆေးခြင်းနှင့် quarantine နေထိုင်ရန် မလိုအပ်ဘဲ ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် စင်ကာပူသို့ နိုင်ငံခြားခရီးသည် ၃၃၀,၀၀၀ ခန့်သာ ဝင်ရောက်ခဲ့သဖြင့် သမိုင်း တစ်လျှောက် အနည်းဆုံးအရေအတွက်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ဝင်ရောက်ခဲ့သည့် အရေအတွက်ထက် ၈၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စင်ကာပူသို့ ကာလတိုဝင် ရောက်လာသည့် နိုင်ငံခြားခရီးသည် ၁၂၀,၀၀၀ ဦးခန့်ရှိသည့်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဝင်ရောက်ခဲ့သည့် ၅၇,၀၀၀ ဦးခန့်နှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါး တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

ရင်းမြစ်။ The Straits Times, The Business Times

## ဂျပန်မှ ရုရှားအပေါ် ချမှတ်လိုက်သည့် sanction များသည် ဂျပန်ဆူရှီဆိုင်များအပေါ် သက်ရောက်မှုများ ဖြစ်စေခဲ့

ဂျပန်နိုင်ငံမှ ရုရှားနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှု (Sanction) များကြောင့် ဂျပန်ပြည်တွင်းရှိ ဆူရှီစားသောက်ဆိုင်များနှင့် ရေထွက်ကုန်တင်သွင်းသူများအပေါ်နောက်ဆက်တွဲ အကျိုးဆက်အဖြစ် သက်ရောက်မှုရှိကြောင်း သိရပါသည်။

ဂျပန်ပြည်တွင်းရှိဂဏန်းဈေးကွက် အကျပ်အတည်းအစပြုနေပြီဖြစ်ကြောင်း၊ ရေထွက် ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းဟု ဂျပန်နိုင်ငံတွင် တစ်ချိန်က ကမ္ဘာ့ရေထွက်ကုန်များ အကြီးအကျယ်ရောင်းချသော ဈေးကွက်တစ်ခုဖြစ်ခဲ့သည့် Tsukiji ဈေးဟောင်းရှိ Saito ငါးဆိုင်မှ တာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။

ဆူရှီစားသောက်ဆိုင်ပါ တွဲဖက်ဖွင့်လှစ်ထားသည့် ၎င်း Saito ငါးဆိုင်မှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ဂဏန်းဈေးနှုန်းများသည် ယခုမတ်လ အစပိုင်းမှ စတင်ကာ ၂၀ % အထိ မြင့်တက်လာကြောင်း၊ ၎င်းတို့ဆိုင်တွင် ရောင်းချသည့် ဂဏန်းအများစုမှာ ပြည်တွင်းထွက်ဂဏန်းများဖြစ်ကြသော်လည်း ရုရှားနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှုများ၏ သက်ရောက်မှုကြောင့် ရုရှားနိုင်ငံမှ ရေထွက်ကုန်တင်သွင်းမှုကို ပိတ်ပင်ပြီးနောက် ပြည်တွင်းဂဏန်း ဈေးနှုန်းများပါ မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ဂျပန်နိုင်ငံ၏ ငါးလုပ်ငန်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဂျပန်သို့ တင်သွင်းနေသည့် ဂဏန်းများ၏ ၆၀ % သည် ရုရှားနိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း သိရပါသည်။ အခြားသော ပင်လယ်စာရောင်းချသည့် လုပ်ငန်းငယ်လေးများသည်လည်း အလားတူ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း၊ ငါးဥများကို အသုံးပြုကာ ထမင်းလုံးများနှင့်ဖြစ်စေ၊ စပါကတီအနှစ် ဆော့စ်နှင့်ဖြစ်စေထည့်သွင်းတွဲဖက် စားသုံးနိုင်သော ဂျပန်ရိုးရာ စားသောက်ကုန် Mentaiko ကို အဓိက ထုတ်လုပ်သည့် Fukuya စားသောက်ကုန်လုပ်ငန်းသည် ရုရှားနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို အဓိက မှီခိုနေရပါသည်။

လတ်တလော၌ Fukuya စားသောက်ကုန်လုပ်ငန်းအနေဖြင့် အကျပ်အတည်းများစွာ သက်ရောက်မှု မရှိသေးသော်လည်း ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ သွင်းကုန်များအပေါ် ရေရှည်ကန့်သတ် ပိတ်ပင်မှုများချမှတ်မည်ဆိုပါက ဈေးနှုန်းများ မြင့်တက်လာသည့် သက်ရောက်မှုများ ဖြစ်ပေါ်လာမည်ဟု Fukuya ၏ ကိုယ်စားလှယ်က ပြောကြားခဲ့ပါသည်။

ပင်လယ်ထွက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပင်လယ်ရေတွင် အဆိပ်အတောက်များ ပါဝင်မှု မြင့်တက်လာသည့် ဒီရေနီပြဿနာ (red tide) နှင့် ရုရှား–ယူကရိန်း အကျပ်အတည်း၏ သက်ရောက်မှုကြောင့် ကုန်ကြမ်းများ ပြတ်လပ်လာမှု အခက်အခဲကို ရှောင်ရှားနိုင်ရန် ဂျပန်ဆူရှီ စားသောက်ဆိုင်များ အနေဖြင့် မီနူးအသစ်များ ဖော်ဆောင်ရန် ပြင်ဆင်နေကြောင်း သိရပါသည်။

ပင်လယ်အတွင်း အန္တရာယ်ဖြစ်စေနိုင်သည့် ရေညှိပင်များ ထိန်းမရသိမ်းမရ ပွားများလာခြင်းကြောင့် ဒီရေနီပြဿနာကို ဖြစ်ပေါ်စေပြီး ပင်လယ်နေခရုများ၊ ရေသတ္တဝါများနှင့် ငှက်များကို ထိခိုက်စေနိုင်ပါသည်။ ဟော့ကိုင်းဒိုး ကမ်းရိုးတမ်းတွင် ဒီရေနီပြဿနာနှင့် ရင်ဆိုင်နေရသည့်အတွက် ၎င်းဒေသတွင် ဆော်လမွန်နှင့် အခြားပင်လယ်ရေထွက်ကုန်များ ရှားပါးမှုနှင့် ရင်ဆိုင်နေရပါသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် နော်ဝေးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံ တန်ဖိုးရှိ ကော့ဒ်ငါး၊ ဆော်လမွန်ငါးနှင့် အခြားရေထွက်ကုန်များကို တင်ပို့ခဲ့ပြီး အာရှဒေသ၏ ဝယ်လိုအားမြင့်မားသည့်အတွက် ယခင်နှစ်မှ တင်ပို့မှုထက် ၃၀ % တိုးတက်လာခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါပမာဏသည် နော်ဝေးနိုင်ငံ၏ ကာလတူပင်လယ်စာပို့ကုန် တန်ဖိုးမှတ်တမ်းများတွင် အမြင့်မားဆုံးတန်ဖိုးဖြစ်ကြောင်း နော်ဝေးနိုင်ငံ၊ Seafood Council ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Renate Larsen က ပြောကြားခဲ့ပါသည်။ သို့သော် လတ်တလော ရုရှားနှင့် ယူကရိန်း အကျပ်အတည်းသည် အနာဂတ် ကမ္ဘာ့ရေထွက်ကုန် စီးဆင်းမှုအပေါ် များစွာသက်ရောက်လာနိုင်ကြောင်း၊ ကမ္ဘာ့လေကြောင်း ခရီးစဉ်များသည် ရုရှားနှင့် ယူကရိန်းဒေသတွင်း လေပိုင်နက်အတွင်း ပျံသန်းမှုများလျော့ချထားသည့်အတွက် အာရှဒေသသို့ ကုန်စည်စီးဆင်းမှုများ (အထူးသဖြင့်) လတ်ဆတ်သည့် ကုန်စည်များအတွက် များစွာ သက်ရောက်မှု ရှိမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ https://asia.nikkei.com.

# တရုတ်နိုင်ငံ၏ ကိုဗစ် ၁၉ ထိန်းချုပ်ရေးအစီအမံများကြောင့် အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံ စိုက်ပျိုးတင်ပို့သူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိ

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် တင်းကျပ်သော Zero Covid-19 မူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိသောကြောင့် တရုတ်ဈေးကွက်ကို အဓိကမှီခိုဆောင်ရွက်နေကြသော အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံ စိုက်ပျိုးသူများသည် ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့နေရကြောင်းသိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံများမှ တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်ပို့မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ နီးပါးခန့်ရှိခဲ့ပါသည်။ လက်ရှိအချိန်တွင် ဗီယက်နမ်၊ မြန်မာနှင့် လာအိုတို့မှ တရုတ်နယ်စပ်သို့ ရောက်ရှိလာသော ကုန်တင်ယာဉ်တန်းရှည်ကြီးများသည် နယ်စပ်ဖြတ်သန်း ဝင်ရောက်နိုင်ရန်အတွက် စုပြုံပိတ်မိနေကြပါသည်။ မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်မောင်းများအနေဖြင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ရန်အတွက် ၁၅ ရက် ကွာရန်တင်းနေထိုင်ရမည်ဖြစ်၍ ဖရဲသီးတင်ပို့သူများသည် ၎င်းတို့၏ အသီးများကို နယ်စပ်တွင် စွန့်ပစ်မှုများရှိကြောင်း၊ တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကန့်သတ်ချက်များမှာ အထူးသဖြင့် ဗီယက်နမ်နိုင်ငံမှ နဂါးမောက်သီး စိုက်ပျိုးတင်ပို့သူများအပေါ် ထိခိုက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံရှိ မြို့ ၉ မြို့တွင် ဗီယက်နမ်မှ တင်သွင်းလာသည့် နဂါးမောက်သီးများပေါ်၌ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေး တွေ့ရှိခဲ့ပြီးနောက် တရုတ်အာဏာပိုင်များသည် နဂါးမောက်သီးများ ရောင်းချသော စူပါမားကတ်များကို ပိတ်ခိုင်းခဲ့ပါကြောင်း၊ ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ ပြောကြားချက်အရ ဒီဇင်ဘာလကုန်ပိုင်းတွင် တရုတ်သည် ကြိုတင်အသိပေးခြင်းမပြုလုပ်ခဲ့ဘဲ ဗီယက်နမ်နှင့် နယ်စပ်ကို ပထမဆုံးအကြိမ် ရုတ်တရက်ပိတ်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံရှိ နဂါးမောက်သီး၊ သရက်သီးနှင့် ပိန္နဲသီး စိုက်ပျိုးသူတစ်သန်းကျော်သည် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၃.၂ ဘီလီယံ၏ ၅၅ ရာခိုင်နှုန်းကျော်မှာ တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်အာဏာပိုင်များသည် ဗီယက်နမ်နှင့် နယ်စပ်အား ဒီဇင်ဘာလတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သော်လည်း စစ်ဆေးမှုအစီအမံများကို ဖြေလျှော့ပေးမှုမရှိသေးသည့်အတွက် ဒီဇင်ဘာလကုန်တွင် ကုန်တင်ယာဉ် အစီးရေ ၂၀၀၀ ခန့် နယ်စပ်တွင် ပိတ်မိနေခဲ့ပါသည်။ ဒီဇင်ဘာလလယ်တွင်မူ ကုန်တင်ယာဉ် အစီးရေ ၅၀၀၀ ခန့် ပိတ်မိခဲ့ခြင်းဖြစ်ပါသည်။ ဤသို့သော အခြေအနေများကြောင့် ဗီယက်နမ်အစိုးရပိုင်းမှလည်း လက်ရှိကာလတွင် နယ်စပ်ဖြတ်သန်းတင်ပို့မှုများကို ရှောင်ရှားရန် စီးပွားရေးလုပ်ငန်းများသို့ ပြောကြားလျက်ရှိပြီး၊ အခြားဈေးကွက်များရှာဖွေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် လေကြောင်းနှင့် ရေကြောင်းတို့ဖြင့် အခြားနိုင်ငံများသို့ တင်ပို့ရာ၌ ကုန်ကျစရိတ်ကြီးမြင့်သောကြောင့် တရုတ်နိုင်ငံအပြင် အခြားဈေးကွက်များသို့ ဖြန့်ခွဲတင်ပို့နိုင်ရန်မှာ ခက်ခဲမှုရှိကြောင်းနှင့် အရှေ့တောင်အာရှရှိ သစ်သီးဝလံစိုက်ပျိုးသည့် ဒေသအများစုမှာ လေဆိပ်များနှင့် နီးကပ်မှုမရှိကြကြောင်း ထောက်ပြပြောဆိုကြပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ကျန်းမာရေးဗဟုသုတရှိသော လူလတ်တန်းစားဦးရေ မြင့်တက်လာနေသော အခြေအနေကြောင့် လွန်ခဲ့သော ဆယ်စုနှစ်ကျော်ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံစိုက်ပျိုးသူများသည် ယင်းဈေးကွက်အတွက် ရည်ရွယ်ကာ တိုးချဲ့စိုက်ပျိုးလာခဲ့ခြင်းဖြစ်ပြီး၊ တရုတ်နှင့် အရှေ့တောင်အာရှ နိုင်ငံများအကြား လမ်းနှင့် အမြန်လမ်းကွန်ရက်များ ချိတ်ဆက်မှု တိုးတက် ကောင်းမွန်လာသော အခြေအနေကလည်း ရှိလျက်ရှိပါသည်။

ဒေသတွင်းရှိ သစ်သီးဝလံစိုက်ပျိုးသူများ အနေဖြင့် တရုတ်နှစ်သစ်ကူးကာလအတွက် မျှော်လင့်ချက် ကြီးမားခဲ့ကြကြောင်း၊ သို့သော် တရုတ်နိုင်ငံ၊ ပေကျင်းမြို့

တွင် ကျင်းပလျက်ရှိသော ဆောင်းရာသီ အိုလံပစ်အားက စားပွဲတော် ပြီးဆုံးမည့် ဖေဖော်ဝါရီ၂၀ ရက်နေ့ နောက်ပိုင်း အထိတင်ပို့နိုင်မည့်အခြေအနေ တိုးတက်လာမည်ဟု မမျှော်မှန်းနိုင်ကြောင်းနှင့်နယ်စပ်စစ်ဆေးမှုများကိုပိုမို တင်းကျပ်လာနိုင်ဖွယ်ရှိကြောင်းဖြင့်တင်ပို့သူများကို သုံးသပ်ကြပါသည်။

ထိုင်းနိုင်ငံ ဒူးရင်းအသင်းမှ စျေးကွက်မြှင့်တင်ရေးဆိုင်ရာဒုတိယဥက္ကဋ္ဌကလည်း လာမည့်လများတွင် တရုတ်နိုင်ငံသည် ၎င်း၏ နယ်စပ်ဂိတ်များကို ပိတ်လိုက် ဖွင့်လိုက် ဆက်လက် ဆောင်ရွက်နိုင်ဖွယ်ရှိသဖြင့် ဧပြီလ ဒူးရင်းသီးခူးဆွတ်ချိန်တွင် အသီးထုတ်ပိုးမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ကုန်သေတ္တာများကို ပိုးသတ်ခြင်း လုပ်ငန်းစဉ်များ ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ The Straits Time

## ပြည်ပဆန်တင်ပို့မှုအနေဖြင့် တန်ချိန် ၈ သန်းရှိမည်ဟု ခန့်မှန်းထား

ဘတ်ငွေအားနည်းခြင်း၊ကမ္ဘာ့ဈေးကွက်ဝယ်လိုအား တိုးတက်လာခြင်းကြောင့် ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ပြည်ပ ဆန်တင်ပို့မှုအနေဖြင့် တန်ချိန် ၈ သန်းကျော် ရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း ဝါရင့်ကုန်သည် Chookiat Ophaswongse ၏ အဆိုအရ သိရှိရပါသည်။

ထိုင်းပြည်ပဆန်တင်ပို့မှုများအသင်းဂုဏ်ထူးဆောင် နာယကဖြစ်သူ Mr. Chookiat က ယခုနှစ် ပထမ နှစ်လ တွင် ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၁.၅ သန်းရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူက ရရှိခဲ့သော တန်ချိန် ၉၀၀,၀၀၀ နှင့် နှိုင်းယှဉ်ပါက ပိုမိုတိုးတက် များပြားကြောင်း ပြောကြားခဲ့ပါသည်။

အကယ်၍ ထိုင်းနိုင်ငံအနေဖြင့် တစ်လလျှင် ဆန် တန်ချိန် (၇၀၀,၀၀၀) ပျမ်းမျှတင်ပို့နိုင် မည်ဆိုပါက ယခု နှစ်အတွက် စုစုပေါင်းဆန်တင်ပို့မှု အနေဖြင့် အနည်းဆုံး တန်ချိန် (၈)သန်း လောက်ရှိကြောင်း အသင်းမှ ခန့်မှန်း ထားကြောင်း၊ တန်ဖိုးအားဖြင့်ဆိုပါက ဘတ်ငွေ ၁၃၀ ဘီလီယံခန့်ရှိနိုင်ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကရရှိခဲ့ သော ဘတ်ငွေ ၁၁၀ ဘီလီယံ ထက် ပိုမို၍တိုးတက်လာ ကြောင်း Mr. Chookiat က ပြောကြားခဲ့ပါသည်။

Mr. Chookiat က ဆက်လက်၍ လက်ရှိဖြစ်ပွား နေသော စစ်ပွဲကြောင့် ထိုင်းဘတ်ငွေ ကျဆင်းသွားခြင်း တို့ကြောင့်ယခုအခါ ထိုင်းဆန်တင်ပို့မှုအနေဖြင့် ဈေးနှုန်း မှာ အပြိုင်အဆိုင်ဖြစ်နေကြောင်း၊ ထိုင်းဆန်ဈေးနှုန်းမှာ ဗီယက်နမ် ဆန်ဈေးနှုန်းနီးပါး ဖြစ်နေကြောင်းပြောကြား ခဲ့ပါသည်။

ထိုင်း ဆန်ဖြူ ၅ ရာခိုင်နှုန်း FOB ဈေးနှုန်း အနေဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဖြစ်ပြီး ဗီယက်နမ် ဆန်ဈေးနှုန်းနှင့် တူညီနေကြောင်း၊ အဆိုပါ ဈေးနှုန်းမှာ ယခုလအစတွင် မှတ်တမ်းတင်ထားသည့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ထက် ဒေါ်လာ ၂၀ ပိုများနေ ကြောင်းသိရပါသည်။

ထိုင်း ဆန်ဈေးနှုန်းကို ဗီယက်နမ် ဆန်ဈေးနှုန်းနှင့် ချိန်ညှိသည့်အခါတိုင်း တူညီနေကြောင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော အာရှနိုင်ငံများ မှ ဆန်တင်သွင်းသူများအနေဖြင့် ထိုင်းဆန်ကို ဝယ်ယူ ကြကြောင်း၊ ပို၍အရေးကြီးသည်မှာ အီရန်၊ အီရတ်တို့ ကဲ့သို့သော အရှေ့အလယ်ပိုင်းရှိ ပို့ကုန်ဈေးကွက်ဖြစ် ကြောင်း၊ ဆော်ဒီအာရေဗျမှာ ယခုနှစ်တွင် ဈေးကွက် ထဲ ပြန်လည်ရောက်ရှိလာကြောင်း Mr. Chookiat ၏ အဆိုအရသိရပါသည်။

ဟောင်ကောင်၊ စင်ကာပူတို့၌ ကိုဗစ်-၁၉ ဖြစ် ပွားမှုအပြင် တရုတ်နိုင်ငံ Shenzhen တွင် Lockdown ပိတ်ဆို့မှုများကြောင့် စားသုံးသူများအနေဖြင့် စူပါမား ကတ်များတွင် ထိုင်းဆန်များကို ဝယ်ယူနေကြကြောင်း၊ လက်ရှိဖြစ်ပွားနေသော စစ်ပွဲကြောင့် ဂျုံနှင့် ပြောင်း ဈေးများမြင့်တက်ခြင်းကြောင့် ထိုင်းဆန်ဈေးကို ထိ ခိုက်စေပြီး အနည်းငယ် မြင့်တက်စေခဲ့ကြောင်း ၎င်း ကပြောကြားခဲ့ပါသည်။

မိမိတို့အနေဖြင့် ထိုင်း ဆန်ဈေးနှုန်းမှာ ၅ ရာခိုင် နှုန်းခန့် တက်နိုင်သည်ဟု မျှော်မှန်းထားကြောင်း (သို့ မဟုတ်) ယခုနှစ် ဒုတိယ (၃) လပတ်တွင် ဆန် တစ် တန်လျှင် ဒေါ်လာ (၂၀) ခန့် မြင့်တက်နိုင်သည်ဟု ခန့် မှန်းထားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

အိန္ဒိယတွင် ဆန်လက်ကျန် အဆမတန်များပြား နေကြောင်း ထိုင်းနှင့် ဗီယက်နမ်တို့တွင် ယခုနှစ် ဆန် ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြော ကြားခဲ့ပါသည်။ ၂၀၂၁/ ၂၀၂၂ ခုနှစ် သီးနှံရာသီအတွက် ထိုင်း ဆန်စပါးထုတ်လုပ်မှုအနေဖြင့် စပါးတန်ချိန် (၃၀ -၃၂) သန်းခန့်အထိ တိုးတက်ထွက်ရှိနိုင်သည်ဟု အ သင်းမှ ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ရင်းမြစ်။ Bangkok Post

## စက်မှုထုတ်ကုန်အညွှန်းကိန်းအနေဖြင့် ၄-၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ခြင်း

စက်မှုဝန်ကြီး Suriya Jungrungreangkit က ကမ္ဘာ့စီးပွားရေး ပြန်လည် ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍထုတ်လုပ်မှု အညွှန်းကိန်း MPI သည် ၄-၅ တိုးတက်လာမည်ဟု ယုံကြည်ပြီး ယခုနှစ်အတွင်း စက်မှုကဏ္ဍအနေဖြင့် တောက်ပသောအလား အလာများရရှိ လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ပြည်ပပို့ကုန်နှင့် စီးပွားရေးဆိုင်ရာ နှိုးဆွမှုအစီအမံများက ထုတ်လုပ်သူများအတွက် ဆက်လက်၍ အကျိုးရှိစေလိမ့်မည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၏ GDP အနေဖြင့် ၂.၅ -၃.၅ ရာခိုင်နှုန်းအထိ တိုးတက်လာလိမ့်မည် ဟု မျှော်မှန်းထားကြောင်း Mr. Suriya က ပြောကြားခဲ့ပါသည်။ စားသောက်ကုန် ပြုပြင်ထုတ်လုပ်ခြင်း၊ မော်တော်ကားနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှုနှင့် အတူ အကျိုးအမြတ်ရရှိမည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

တိုင်းပြည်အား ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်း (reopen-ing) က စီးပွားရေးလုပ်ငန်းရှင်များအတွက် အပြုသဘောဆောင်သောအချက် ဖြစ်လိမ့်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားပါသည်။ စက်မှုဆိုင်ရာ စီးပွားရေးရုံး၏ အကြီးအကဲ Thongchai Chawalitpichaet က MPI သည် ယမန်နှစ်ကထက် ၆.၈၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နှစ်အလိုက်တွင် ၁၀၂.၅၉ မှတ်အထိ တိုးတက်ခဲ့ကြောင်း ဆိုပါသည်။

ထိုကဲ့သို့ တိုးတက်လာမှုမှာ Lockdown အစီအမံများအား ပြန်လည်ဖြေလျှော့ပေးခဲ့မှု၏ ရလဒ်ဖြစ်ကြောင်း၊ ၎င်းက စီးပွားရေးလုပ်ငန်းများကို ပုံမှန်ပြန်လည် စတင်စေနိုင်သည့်အပြင်စီးပွားရေးဆိုင်ရာလှုံ့ဆော်မှုများကြောင့်လည်းထိုသို့တိုးတက်လာခြင်း ဖြစ်ကြောင်းသိရှိရပါသည်။

၂၀၂၁ ခုနှစ် တစ်နှစ်လုံးအတွက် ထိုင်းနိုင်ငံ၏ စက်မှုဆိုင်ရာထုတ်လုပ်မှု အညွှန်းကိန်း (MPI)သည် ၅.၉၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးစွမ်းဆောင်နိုင်ရည်မှာ ၆၃.၇၃ရာခိုင်နှုန်းဖြင့်တိုးတက်လာခဲ့ကြောင်း Mr. Thingchai ၏ ပြောကြားချက်အရ သိရှိရပါသည်။

စက်မှုဆိုင်ရာ ထုတ်လုပ်မှု အညွှန်းကိန်း (MPI) အား တိုးတက်စေခဲ့သည့် လုပ်ငန်းများတွင် ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေး၊ မော်တော်ကားများ၊ အီလက်ထရောနစ်ပစ္စည်းများနှင့် ဆားကစ်ပြားများ၊ ချည်ထည်များနှင့် အထည်အလိပ်များ၊ အစားအစာများ၊ တာယာများနှင့် ရာဘာလုပ်ငန်းများ ပါဝင်ကြောင်း သိရှိရပါသည်။ ၎င်းလုပ်ငန်းများအနေဖြင့် ကပ်ရောဂါဖြစ်ပွားနေသော်လည်း စွမ်းဆောင်မှု ကောင်းမွန်ခဲ့ကြောင်း သိရှိရပါသည်။

ဒီဇင်ဘာလတွင် မော်တော်ကား ကဏ္ဍအနေဖြင့် ၉.၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အကြောင်းမှာ ကမ္ဘာ့ဈေးကွက်တွင် မော်တော်ကားဝယ်လိုအား တိုးတက်လာခဲ့ခြင်း ကြောင့်ဖြစ်ကြောင်း၊ ၎င်းက ထိုင်းနိုင်ငံ၏ မော်တော်ကားပြည်ပတင်ပို့မှုကို တိုးတက်စေခဲ့ကြောင်း သိရှိရပါသည်။

ဒီဇယ်နှင့် ဓါတ်ဆီဝယ်လိုအား တိုးလာခြင်းကြောင့် ရေနံလုပ်ငန်းသည်လည်း ၇.၅၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တိုင်းပြည်အား ပြန်လည်ဖွင့်လှစ်ပေးလိုက်ခြင်းက စက်သုံးဆီဝယ်လို အားကို တိုးမြှင့်စေကြောင်း သိရှိရပါသည်။

သကြားထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ လုပ်ငန်းအပေါ် အားရလျက်ရှိနေကြောင်း၊ ကြံစိုက်ပျိုးမှုအတွက် ရာသီဥတု ကောင်းမွန်ခဲ့ခြင်းကြောင့် အထွက်နှုန်းမြင့်မားခဲ့ပြီး သကြား ထုတ်လုပ်မှုသည်လည်း ၃၁.၅၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

အီလက်ထရောနစ်များနှင့် ဆားကစ်ပြားများ ထုတ်လုပ်မှုသည် ဝယ်လိုအား တိုးတက်လာမှုကြောင့် ၁၄.၂၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားမှ မှာယူသော အိမ်သုံး လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်မော်တော်ကားများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ်။ Bahgkok Post

## အီးယူအနေဖြင့် စီးပွားရေးတိုးတက်မှုလမ်းကြောင်းမှ လွဲချော်သွားပါက ၎င်း၏ အဓိကကုန်သွယ်ဖက်ဖြစ်သော စင်ကာပူနိုင်ငံ၏ စီးပွားရေးအပေါ်လည်း ဂယက်ရိုက်ခတ်လာမည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်

ရုရှားနှင့် အာဆီယံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သောပမာဏမှာ နည်းပါးသော်လည်း ရုရှား-ယူကရိန်း ပဋိပက္ခသည် ဥရောပနိုင်ငံများ၏ စီးပွားရေးပြန်လည်ဦးမော့လာသည့် လမ်းကြောင်းမှ လွဲချော်သွားနိုင်သည့်အတွက် အီးယူ၏ အဓိကကုန်သွယ်ဖက်ဖြစ်သော စင်ကာပူနိုင်ငံ၏ စီးပွားရေးအပေါ်လည်း ဂယက်ရိုက်ခတ်လာမည်ဟု စင်ကာပူရှိ Maybank နှင့် UOB ဘဏ်များမှ စီးပွားရေးပညာရှင်တို့က သုံးသပ်ထားကြပါသည်။

ဥရောပသည် ရုရှားနိုင်ငံမှ စွမ်းအင်တင်သွင်းမှုအပေါ် အလွန်အမင်းမှီခိုနေရသောကြောင့် စီးပွားရေး ကျဆင်းမှုအန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိပြီး ၊ အာဆီယံမှာ ရုရှား၊ ယူကရိန်းတို့နှင့် တိုက်ရိုက်ကုန်သွယ်မှု နည်းပါးသော်လည်း၊ကမ္ဘာလုံးဆိုင်ရာပြိုလဲမှုအခြေအနေမှလွတ်မြောက်နိုင်လိမ့်မည်မဟုတ်ကြောင်း ထောက်ပြ ပြောဆိုခဲ့ကြပါသည်။

ရုရှား၏ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်သွင်းမှုအပေါ် အမေရိကန်၏ ပိတ်ပင်မှုအပါအဝင်အနောက် နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများသည် နိုင်ငံအတော်များများ၏ မူလ GDP တိုးတက်မှုခန့်မှန်းချက်များအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ပါသည်။ ယူကရိန်းအပေါ် ရုရှား၏ ရန်စမှုများကို အဆုံးသတ်နိုင်ရန်အတွက် ရုရှားအား ဖိအားပေးနိုင်သောဒဏ်ခတ်ပိတ်ဆို့မှုများကို

ထပ်မံချမှတ်မည်ဆိုပါက ဥရောပ၏ ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ဦးမော့လာနေသည့်အနေအထားအပေါ် ထိခိုက်လာမည်ဖြစ်ပြီး ၎င်း GDP တိုးတက်မှုခန့်မှန်းချက်များကိုလည်း ပြန်လည်သုံးသပ် ပြင်ဆင်သွားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ရုရှားနိုင်ငံသည် အာဆီယံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၀.၄ ရာခိုင်နှုန်းနှင့် အာဆီယံသို့ဝင်ရောက်လာသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDIs) စုစုပေါင်း၏ ၀.၁ ရာခိုင်နှုန်းအောက်သာ ကိုယ်စားပြုပါသည်။ သို့ရာတွင် အာဆီယံမှ ဥရောပသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၂၇ ဘီလီယံ အထိ ရှိသဖြင့် အာဆီယံ၏ ပို့ကုန်ပမာဏစုစုပေါင်း၏ ၉ ရာခိုင်နှုန်း အထိရှိကြောင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် အီးယူနှင့် ထိတွေ့ဆောင်ရွက်မှု အများဆုံးနိုင်ငံများဖြစ်ပြီး အီးယူ၏ ဝယ်လိုအားသည် ၎င်းတို့၏ GDP တန်ဖိုးတွင် ၇.၇ ရာခိုင်နှုန်း၊ ၅.၄ ရာခိုင်နှုန်းနှင့် ၄.၃ ရာခိုင်နှုန်းအထိ အသီးသီးပါဝင်ကြောင်း၊ အီးယူ၏ ဝယ်လိုအား ၁ ရာခိုင်နှုန်းကျဆင်းမှုတိုင်းတွင် စင်ကာပူ ၏ GDP ကျဆင်းမှုသည် ၀.၀၇ ရာခိုင်နှုန်း ဖြစ်ပေါ်နိုင် သည်ဟု ဆိုလိုရင်းဖြစ်ကြောင်း စီးပွားရေးပညာရှင် များက ထောက်ပြပြောဆိုခဲ့ပါသည်။

အီးယူသည် စင်ကာပူ၏ ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်အထိ ကိုယ်စားပြုသည့်အတွက် စင်ကာပူ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပါသည်။ အလားတူစွာပင် စင်ကာပူသည် အာဆီယံတွင် အီးယူ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အီးယူ - အာဆီယံကုန်သွယ်မှုစုစုပေါင်း၏ ၄ ပုံ ၁ ပုံနီးပါးနှင့် အီးယူ - အာဆီယံ ဝန်ဆောင်မှုကုန်သွယ်ရေးပမာဏ၏ တစ်ဝက်ကျော်ကို အီးယူ -စင်ကာပူ အကြားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး ကိရိယာများ၊ ဓာတုဗေဒပစ္စည်းများနှင့် တွင်းထွက်လောင်စာများ၊ မျက်စိစမ်းသပ်စစ်ဆေးမှုနှင့် ဓာတ်ပုံရိုက် ကိရိယာများ၊ အဖျော်ယမကာများကို အဓိကကုန်သွယ်လျက်ရှိပြီး ဝန်ဆောင်မှုကုန်သွယ်ရေးပိုင်းတွင် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့ပြင် အီးယူသည် စင်ကာပူနိုင်ငံ၏ FDI အဓိကရင်းမြစ်တစ်ခုလည်းဖြစ်ကာ ၂၀၁၇ ခုနှစ်တွင် အီးယူ၏ FDI သည် စင်ကာပူ၏ FDI စုစုပေါင်း ၂၄ ရာခိုင်နှုန်းအထိရှိကြောင်း၊ အလားတူစွာပင် ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူသည် အာရှနိုင်ငံများအနက် ဂျပန်နှင့် ဟောင်ကောင်တို့ပြီးလျှင် အီးယူတွင် တတိယအများဆုံး ရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရုရှား - ယူကရိန်း ပဋိပက္ခသည် ဥရောပနှင့် အာရှအကြား ခရီးသွားလာရေးအပေါ်လည်း ထိခိုက်လာနိုင်ပြီး အာဆီယံ၏ ခရီးသွားလာရေးကဏ္ဍ ပြန်လည် ဦးမော့လာနိုင်စွမ်းကို ထိခိုက်လာမည် ဖြစ်ကြောင်း၊ ဥရောပမှ ခရီးသွားဧည့်သည်များသည် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့်နိုင်ငံခြားခရီးသည်စုစုပေါင်း၏ ၁၆.၉ ရာခိုင်နှုန်း ( ၂၀၁၉ ခုနှစ်)၊ အင်ဒိုနီးရှားတွင် ၁၂.၈ ရာခိုင်နှုန်း၊ ဗီယက်နမ်တွင် ၁၂ ရာခိုင်နှုန်းနှင့် စင်ကာပူတွင် ၁၁.၂ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း၊ ဥရောပ၏ စီးပွားရေးကျဆင်းမှုသည် အာဆီယံ၏ ပို့ကုန်၊ FDIs၊ ခရီးသွားလုပ်ငန်းများ တိုးတက်မှုတို့အပေါ် ကြီးမားသော သက်ရောက်မှုများ ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားကြပါသည်။

ရင်းမြစ်။ The Business Times

## ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာ သတင်းအတိုအထွာများ

**ကိုဗစ်အလွန် တရုတ်နှစ်သစ်ကူးတွင် ရွှေနှင့် ကျောက်မျက်ရတနာများ ရောင်းချရမှုမြင့် တက်နိုင်ချေရှိ**

တရုတ်နိုင်ငံ၏ (၁၂) ရာသီခွင်တွင် ပါဝင်သော နဂါးသတ္တဝါပြီးလျှင် ကြောင်အကြီး စားဖြစ်သည့် ကျားသတ္တဝါမှာ ဒုတိယမြောက် ကျော်ကြားသောကြောင့် ယခုနှစ် တရုတ်နှစ်သစ်ကူး ကျားနှစ်တွင် ယခင်နှစ် ဝက်နှစ်ထက် ရွှေနှင့် ကျောက်မျက်ရတနာ လက်လီရောင်းချမှုများ ပိုမိုမြင့်တက်နိုင်ချေရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ ၌ ဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှုန်း မြင့်တက်လာသောကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ပိုမိုတည်ငြိမ်လာနိုင်သောကြောင့် ယခင်နွားနှစ်နှင့် ကြွက်နှစ်ထက် ယခုနှစ် ကျားနှစ်တွင် ရောင်းချမှု မြင့်တက်နိုင်ရန် မျှော်လင့်ထားသောကြောင့် ကျားပုံနှင့်ပြုလုပ်ထားသော ရွှေထည်ပစ္စည်းများ ပိုမိုပြုလုပ်ထားကြောင်း၊ တရုတ်နိုင်ငံ (၁၂) ရာသီခွင် သတ္တဝါများတွင် ကျား၊ နဂါး၊ မြင်းနှင့် နွားတို့မှာ ကံကောင်းခြင်းများ ယူဆောင်လာနိုင်သည့် အတိတ်နိမိတ် ရှိသောကြောင့် အကျော်ကြားဆုံး သတ္တဝါများဖြစ်ကြောင်း၊ နဂါးမှာ ကျန်းမာရေးကောင်းမွန်ခြင်း၊ ကျားမှာစွမ်းအားများနှင့် ခွန်အားများ တိုးတက်ခြင်း၊ နွားမှာဈေးကွက်လည်ပတ်မှု ကောင်းမွန်ခြင်းနှင့် မြင်းမှာ အောင်မြင်ကျော်ကြားခြင်း အစရှိသည့် အယူအဆများရှိကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အစိုးရများမှာလည်း ကျားနှစ်တွင် ရွှေဒင်္ဂါးများ စုဆောင်းလာနိုင်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အကျပ်အတည်း ဆက်လက်ဖြစ်ပွားနေမှုနှင့် ငွေကြေးဈေးကွက် မတည်ငြိမ်မှုများကြောင့် ယခုနှစ် ကျားနှစ်တွင်လည်း ရွှေနှင့်ကျောက်မျက်လက်ဝတ်ရတနာရှယ်ယာများ မြင့်တက်နိုင်ရန်ခန့်မှန်းထားကြောင်းစသည်ဖြင့်ဖော်ပြထားပါသည်။

**ကိုဗစ်-၁၉ကြောင့် ဟောင်ကောင်ဒေသ စီးပွားရေးတိုးတက်မှုအား ခြိမ်းခြောက်လျက်ရှိ**

၂၀၂၁ ခုနှစ်တွင် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ၏ စီးပွားရေး ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဉ္စမလှိုင်း ကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေး ပြန်လည်နာလန်ထူမှုအပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ ဖော်ပြထားပါသည်။

**ဈေးဆိုင်များတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်လျက်ရှိပြီး ကုန်ဈေးနှုန်းမြင့်တက်မှုများနှင့် ဆိုင်ရှင်များ ရင်ဆိုင်ကြုံတွေ့လျက်ရှိ**

ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းအပေါ် လက်လီရောင်းချသူများမှ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖြတ်တောက်မှုကြောင့် ဟောင်ကောင်ဒေသရှိအချို့သော အဓိကကျသည့် စူပါမားကတ်များတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်လျက်ရှိပြီး ကုန်ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း၊ သို့သော် အေးခဲဝက်သား၊ ကြက်နှင့် လတ်ဆတ်သော ကြက်ဥများအပေါ် ရိုက်ခတ်မှု မရှိသေးကြောင်း၊ ဟောင်ကောင်ဒေသ အတွက် အစားအသောက်များမှာ တရုတ်ပြည်မကြီးမှ အဓိကတင်သွင်းခြင်းဖြစ်ပြီး ဒေသသို့တင် သွင်းလာသည့် ဟင်းသီးဟင်းရွက် (၉၂) ရာခိုင်နှုန်းမှာ တရုတ်ပြည်မကြီးမှ တင်သွင်းခြင်းဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ ရေးသားဖော်ပြထားပါသည်။

**ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဟောင်ကောင်ဒေသ၌ ကျင်းပပြုလုပ်မည့် Art Basel အနုပညာနှင့် လက်မှုပညာပြပွဲ ရွှေ့ဆိုင်း**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့်ဟောင်ကောင် ဒေသ၌ ၂၀၂၂ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည့် Art Basel အနုပညာနှင့် လက်မှုပညာ ပြပွဲအား ၂၀၂၂ ခုနှစ်၊မေလသို့ ရွှေ့ဆိုင်း

ကျင်းပပြုလုပ်မည်ဟု Art Basel မှကြေညာခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် South China Morning Post သတင်း စာ၌ ဖော်ပြထားပါသည်။

**ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှု ကာလကြာရှည်နေလျှင် ဈေးဆိုင်ခန်းများ၏ ဈေးနှုန်းများ လျော့ကျသွားနိုင်**

အိုမီခရွန်ဗိုင်းရပ်စ် စတင် ဖြစ်ပွားခဲ့ပြီးနောက် ဆိုင်ခန်းပိုင်ရှင်များသည် ဆိုင်ခန်းဈေးနှုန်းအား (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ ဒေသ၌ တစ်နှစ်ပတ်လုံး ဆက်လက်ဖြစ်ပွားနေပါက ဆိုင်ခန်းဈေးနှုန်းမှာ (၁၅) ရာခိုင်နှုန်းမှ (၂၀) ရာခိုင်နှုန်းသို့ လျော့ကျနိုင်ကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် လက်လီ ရောင်းချမှုများတွင် အဆုံးရှုံးမှုများနိုင်ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လျော့နည်းပြီး နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်လျှင် လူနေအိမ်ခန်းများ ဈေးနှုန်းမှာ (၁၀) ရာခိုင်နှုန်းမှ(၁၅)ရာခိုင်နှုန်းအထိလည်းကောင်း၊ အချက်အချာကျသည့် ဈေးအရောင်း အဝယ်နေရာများတွင် ဆိုင်ခန်းများ၏ ဈေးနှုန်းမှာ (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိ လည်းကောင်း အသီးသီး မြင့်တက်နိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ ဖော်ပြထားပါသည်။








# MIFER.

## A TRUSTED PARTNER OF THE BUSINESS AND DEVELOPMENT COMMUNITY



*Green MIFER*